www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

BURMESE CLASSIC

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### အခန်း(၁)

"ဒါက ... ကိုကျော်စွာ"

"သူက ... ပဖွန့်သက်တင်တဲ့၊ ဒါပေမယ့် ... မခေါ်ပါဘူး၊ နာမည်ကို တစ်ဝက်စီခွဲခေါ်တယ်၊ ပဖွန့် ခေါ်တဲ့အခါခေါ်၊ သက်တင်ခေါ်တဲ့အခါခေါ်တယ်"

ဟိုဘက်ပိုင်းမှာ အမျိုးသားအုပ်စုဖြစ်နေပြီး ကိုယ်တို့ပိုင်းကျတော့ အမျိုးသမီးအုပ်စုဖြစ်နေလို့မို့ကို ပို၍ အသံတိတ်နေပေးထားတာပါ။ ခုခေတ်ယောကျ်ားလေးတွေက ဘာစတန့်မှန်းမသိ၊ ကိန်းကြီးခန်းကြီးကရှိပါဘိ။ "ဥသျှစ် တစ်တင်း နှမ်းတစ်တင်း" တဲ့။ သားရှင်တွေကလည်း ခေါင်း မာလို့မဆုံးဖြစ်နေသော ခေတ်ကြီးမှာ၊ သက်ပုံနှင်းအို့က ဘယ်ယောကျ်ားလေးကိုမှ အထင်မကြီးတာ။ ကြည့်လို့လည်း ... ကိုယ့်ထက်တော်တယ်လည်း မထင်၊ အသကားနေရင်း

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမနောက်ပိုး" ထင်တာတကြလွန်းလို့ကို အထူးတလည် ဆင်ခြင်ပြီးနေခဲ့တာ။

ကိုယ့်ဘက်က အသံလေးနည်းနည်းပါးပါး၊ ကိုယ့်ဘာသာ ပျော်လို့ထွက်လျှင်တောင်၊ သူတို့ကို အသံ ပေးပါပြီ၊ ဘာပြီ၊ ညာပြီဖြစ်မှာစိုးလွန်းလို့ တမင်တကာ တိတ်ဆိတ်ပေးနေတာ၊ ကိုယ့်အုပ်စုက အသံထွက်လာလျှင် တောင် လက်တို့ပြီး "ရှူး" လုပ်ခဲ့သေးသည်။ သူတို့စကား ဝိုင်းကိုလည်း နည်းနည်းကလေးမျှ စိတ်မဝင်စားခဲ့ပါ။

"ယောကျ်ားလေးတွေပဲ၊ ခေါင်းသုံးခေါင်းဆိုင်ရင် အ တင်းပြောမှာပေါ့"

"အဲဒါ ... မိန်းမတွေကိုပြောတာ မဟုတ်ဘူးလား"

"တူတူပေါ့၊ ယောကျ်ားလဲလူ၊ မိန်းမလဲလူ"

အဲသည်လို တိုးတိုးကလေးတွေ ကြိတ်ပြောပြီး ခပ်အုပ်အုပ်ကလေးတောင် ရယ်ဖြစ်ခဲ့ကြသေးသည်။ သို့ပေ မယ့် ... နာမည်တစ်ခုက နားထဲသို့ မဖွင့်ပါပဲ ချဉ်းနင်း ခဲ့ပါ၏။ ပဒ္မနှန်သက်တင်တဲ့။ အဲသည့်နာမည်ကို စတင်ကြား ဖူးကတည်းက မြင်ပြင်းကပ်ခဲ့တာ။ နာမည်ကိုက ကြီးကြီး ကျယ်ကျယ်။ သည်နာမည်ကို စတင်မိတ်ဆက်ပေးခဲ့သူက "ဖေဖေ" လေ။ ကမ္ဘာပေါ်မှာ တစ်ဦးတည်းနှင့်အချစ်ဆုံး သွေးသားရင်းခြာ။ သက်ပုံနှင်းတို့မိသားစုက အချစ်ဆုံးသော လေးယောက်ကို တစ်ကမ္ဘာအဖြစ် ဖွဲ့စည်းထားခဲ့ခြင်းဖြစ် ပါ၏။ ဖေဖေက ဦးတိုးမြင့်၊ မေမေက ဒေါ်ခင်လေးမှု



ပြီးတော့ ... မြင့်မြင့်ခင်လေးနှင့် တိုးတိုးခင်လေးဆိုသော အမြွှာညီအစ်မနှစ်ယောက်။ ဇနီးနှင့်ခင်ပွန်း၊ မိဘနှင့်သမီးတွေ၊ ပြီးတော့ ... ညီအစ်မချင်း၊ အပြန်အလှန် အချစ်လွန် ယု ယမြတ်နိုးကြလွန်းသည်မို့ ဤကမ္ဘာပေါ်က အချစ်ဆုံးလေး ယောက်ဟု ပြောစမှတ်ပြုယူရသည်ထိ။

အဲသည် အချစ်ကမ္ဘာလေးဟာ တစ်ခြမ်းတိ တိ ပဲ့ကျသွားခဲ့ရသည်။

မေမေရယ်၊ တိုးတိုးရယ် နယ်က မေမေ့အမျိုး တစ်ယောက်ဆုံးလို့ မြစ်ဝကျွန်းပေါ်ဖက်သို့သွားရင်းက ... သင်္ဘောနစ်ခဲ့ရတာလေ။ တော်တော်ကြီးပုပ်ပွမှ အလောင်း ကို ပြန်ရခဲ့သည်။ သင်္ဂြိုဟ်ခဲ့ရပါသည်။ ပျောက်ဆုံးစာရင်း ထဲပါမသွားလို့၊ ကိုယ်တိုင် သင်္ဂြိုဟ်ခွင့်ရခဲ့လို့၊ ပြီးတော့ ဘယ်လောက်ပဲပုပ်ပွနေပြီဆိုဆို၊ အဝတ်အစားနှင့် ကိုယ်ပေါ် ရှိပစ္စည်းများ၊ ထင်ရှားသောအမှတ်အသား၊ မျက်နှာကိုက လည်း ဖူးဖူးယောင်နေပြီဖြစ်ပေမယ့် ပင်ကိုယ်ရုပ်ကို မှန်း နိုင်ဆဲကျန်နေသေးလို့၊ ဒါဟာ ... ကိုယ့်အမေ၊ ကိုယ့်ရဲ့ အမြွှာညီမအဖြစ် စိတ်ဒုံးဒုံးချလျက် အမျှဝေနိုင်ခဲ့ပါသည်။

အဲသည်ကထဲက အချစ်ကမ္ဘာလေး တစ်ခြမ်း ပဲ့ခဲ့ရတာ။ တကယ်တော့ ... သက်ပုံထင်နေသော အချစ် ကမ္ဘာလေးဟာ သက်ပုံတို့သားမိသုံးယောက် မိန်းမသားတွေ ဘက်ကသာ စစ်မှန်နေပြီး ဖေဖေ့ဘက်မှာတော့ လုံးဝဥဿုံ မမှန်ကန်ခဲ့တာ၊ မေမေဆုံးပြီးလို့ ဆယ်နှစ်ကြာမှ သိခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပါ။ ဖေဖေ့မျက်နှာက အပြစ်ရှိသလိုခံစားရင်း သက်ပုံနားကို ကြောက်ရွံ့ကြောက်ရွံ့လေးကပ်လာလို့တောင် ထူးဆန်းလွန်းလို့ မျက်လုံးအပြူးသား၊ နှုတ်ခမ်းအပွင့်သားနှင့် ငေးကြည့်ခဲ့ရဖူးသည်။

"ဖေဖေ ... ဖေဖေ့အလုပ်လုပ်နေတဲ့ကုမ္ပဏီပိုင်ရှင် ဒေါ်မြစိမ်းရည်နဲ့ လက်ထပ်ချင်တယ်" ... တဲ့။

တစ်ခြမ်းပဲ့ချစ်ကမ္ဘာလေး သွက်သွက်လယ် ရမ်းခါသွားခဲ့ရသည်။ သို့ပေမယ့် ... ခံစားချက်ကို ချက်ချင်းထိန်းလိုက်နိုင်မှဲ့သည်။ ဒါဟာ ... ဖြစ်ရိုးဖြစ်စဉ်ပါ။ မုဆိုးဖိုဆယ်ယောက်မှာ ကိုးယောက်ဟာ နောက်အိမ်ထောင်ပြုမြဲဆိုတာ၊ သက်ပုံတို့သူငယ်ချင်းတစ်သိုက် စိတ်ဝင်တစား စာရင်းပြုစုထားလို့ကို သေချာပြီးသား။ ဖေဖေဟာ ဆယ်ရာခိုင်နှုန်းထဲမပါပဲ ကိုးဆယ်ရာခိုင်နှုန်းထဲပါတာကို အပြစ်တင်ဖို့မရှိပါ။ သမီးတစ်ယောက်အနေနှင့် နားလည်ပေးနိုင်သင့်ပါသည်။ နားလည်မပေးနိုင်လည်း ပေးကိုပေးရပါမည်။ သက်ပုံ လိုက်ခနဲကြေကွဲသွားသော ဝမ်းနည်းမှုလေးကို မျိုချလိုက်သည်။ ဖေဖေ့ကို ရယ်ကျဲကျဲလေး ကြည့်လိုက်၏။

"မှုအားဖြင့်လက်ခံပါတယ် ဖေဖေ"

"ခွေးမ"

ဖေဖေက အားတက်စွာပြုံး၏။ သက်ပုံ၏ ဦးခေါင်းကို တစ်ချက်ဖွဖွထု၏။

"မြိုင်လေး အရမ်းဝမ်းနည်းသွားမှာ၊ ဖေဖေကစိုးနေ



တာ"

ဖေဖေက သက်ပုံကို မြိုင်လေးဟုခေါ်သည်။ မြိုင်မြိုင်ခင်လေးဆိုတာ ဖေဖေပေးသောနာမည်၊ မှတ်ပုံတင်ထဲကနာမည်၊ ကျောင်းနာမည်၊ လူတိုင်းသိသောနာမည်ဖြစ်ပါ၏။ ပြီးတော့ ... ဖေဖေ အမြဲခေါ်သောနာမည်။ ဖေဖေက ညီအစ်မနှစ်ယောက်ကို မြိုင်လေးနှင့်တိုးလေးဟု ခေါ်သည်။ မေမေပေးသော နာမည်က "သက်ပုံနှင်း" နှင့် "သဲပုံနှင်း" ။

"သက်ပုံကတော့ ထားပါတော့၊ သဲပုံဆိုတာတော့ အိမ်ဆောက်မယ့်သူတွေကြားရင် လာဝယ်မှာစိုးရတယ်"

ဖေဖေက ရယ်စရာပြောတာလိုပေမယ့် ... ကြိုက်ကိုမကြိုက်တာမို့ မြိုင်လေးနှင့်တိုးလေးပဲ ခေါ်ခဲ့သည်။ မေမေခေါ်တာကျတော့ "အသက်" နှင့် "အသဲ" ။ အသက်လေးရေ ... အသဲလေးရေ ... နှင့် တစာစာခေါ်ပြီး ချော့နေတတ်သည့် မေမေ့ကို လွမ်းလှပါသည်။ မေမေရေ သနားလိုက်တာ။ ဖေဖေက မိန်းမယူတော့မယ်တဲ့။ သမီးမှာဖြင့် မေမေ့အသက်ကလေးကဖြင့် လွမ်းလို့တောင် မဝသေးပေမယ့် ... ဖေဖေကတော့ အစားထိုးနိုင်ခဲ့ပြီ မေမေရယ် ... ဟု အော်ဟစ်တိုင်တန်းကာ လူးလောက်အောင် ငိုပစ်လိုက်ချင်ပါရဲ့။ သို့ပေမယ့် ... တစ်ခါတစ်ရံမှာ စိတ်ဆင်တိုင်းကျဲလို့ဖြစ်တာမှ မဟုတ်တာနော်။ နားလည်ပေး

www.burmeseclassic.com



သင့်တာတွေ၊ ကြည်ဖြူပေးသင့်တာတွေတချို့ဟာ လုပ်ချင်တာထက် လုပ်သင့်တာမို့ ... လုပ်ကို လုပ်ပေးရမည့်တာဝန်ကဲ့သို့ပါပေ။

"ဖေဖေလဲ အရွယ်ရှိသေးတော့ ... သားသမီးတို့ဝတ္တရားရှိသည့်အတိုင်း ဖခင်မှဆိုးဖိုကြီးကို"

"မြိုင်လေးနော် ... ဖေဖေ ရှက်လာပြီ"

ဖေဖေက မျက်နှာကြီး ရဲတက်လာ၏။

"မပြောလဲမပြီး၊ မတီးတော့လဲ မမြည်ဘူးမဟုတ်လားမြိုင်လေးရယ်၊ ရှက်ရှက်နဲ့ပဲ ခွင့်တောင်းရမှာ"

"တီးသာတီးပါ ဖေဖေ၊ ဖေဖေတီးဖို့ရှက်နေရင် သမီးတီးပေးပါ့မယ်၊ ဗေထိ ... ဗေထိ"

"တော်ပါသေးရဲ့ သမီးရယ်"

ဖေဖေ အတော်ကြီး စိတ်လက်ပေါ့ပါးသွားပုံ တော်တော်ပျော်သွားပုံနှင့် ရှက်လည်းရှက်နေသေးကာ လက်ဝါးချင်းပွတ်နေခဲ့သည်။

"သူက တစိမ်းသက်သက်ကြီးတော့လဲမဟုတ်ဘူး မြိုင်လေးရဲ့၊ ခင်လေးနဲ့လက်မထပ်ခင်က ... အဲ ..."

"အော် ... အိုးဖလိမ်းလ် Old Flame (ငယ်ချစ်ဟောင်း) ကြီးတွေပေါ့"

"အေး ... အဲဒီလိုပဲကွယ့်"

"ခုထိ အပျိုကြီးဘဝနဲ့ ဖေဖေ့ကိုစောင့်နေဆဲ ဆိုပါတော့"



ဖေဖေ ... ဒီကုမ္ပဏီသို့ အလုပ်ဝင်တာ မကြာသေးပါ။ ရုံးဝန်ထမ်းဘဝမှ ဖေဖေထွက်ခဲ့တာ။ ပြောရလျှင် သက်ပုံတို့မိသားစုက ချောင်လည်လှသည်မဟုတ်ချေ။ မေမေရှိတုန်းက မေမေလည်း အလုပ်လုပ်သည်။ အဲသည်တုန်းက နှစ်ယောက်ဝန်ထမ်းလုပ်စာကို လေးယောက်စားသုံး၊ ဆေးကု၊ ပညာရေးစရိတ်လည်း သုံးနိုင်ခဲ့သည်။ သူဌေးပေါေးကြီးတွေမဟုတ်ပေမယ့် လူလတ်တန်းစားထက်တောင် နည်းနည်းကလေးသာချင်သေးသည်။ မေမေမရှိတော့သည့်နောက်ပိုင်းမှာ သားအဖနှစ်ယောက်ထဲနေရင်းက မလောက်မငဖြစ်ဖြစ်လာ၏။ မေမေ့မိဘလက်ထက်ကပါလာခဲ့သော ရွှေတိုရွှေစလေးတွေ မကြာခဏဆိုသလို စတေးခံကြရသည်။

"ဖေဖေ ကုမ္ပဏီမှာပြောင်းလုပ်တော့မယ်" တဲ့။

အဲသည်တုန်းက သက်ပုံဘာမှလည်း အကြံမပေးတတ်ခဲ့ပါ။ ဖေဖေကောင်းသည်ထင်လို့လုပ်တာ။ လုပ်ပစေ။ ကောင်းလို့နေမှာပေါ့ဟုပဲ တွေးခဲ့သည်။ လုပ်ငန်းကဈေးမဆေးရုံကြီးတစ်ရုံကို တစ်ဦးတည်းပိုင်ဆိုင်ထားသော အခြားစီးပွားရေးလုပ်ငန်းတွေလည်းရှိသေးသော သူဌေးမကြီးထံမှာ မန်နေဂျာပါတဲ့။ သူဌေးမကြီးပြီးလျှင် ဖေဖေက ရာထူးအကြီးဆုံး။ လခလည်းကောင်းမည်။ တာဝန်လည်းများမည်တဲ့။ ဒေါ်မြစိမ်းရည်ဆိုတာသာ ကြားဖူးလိုက်ရပြီး မီးဖိုချောင်ကိစ္စမှလွဲလျှင် ဘယ်တုန်းကမှ ဝင်မစွက်ခဲ့ဖူးသော ဖေဖေ့ကိုယ်ရေးကိုယ်တာကိစ္စကို စိတ်ဝင်တစားကို မရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဝန်ထမ်းနှင့်ကုမ္ပဏီမန်နေဂျာ ... ဘယ်ဟာပိုကောင်းမှန်းလည်းမသိ၊ ပိုက်ဆံပိုရလျှင်တော့ ကြိုက်သည်။ ပိုသုံးရတော့ ပိုပျော်တာပေါ့နော်။

"အပျိုကြီးမဟုတ်ဘူး မြင့်လေးရဲ့၊ တစ်ခုလပ်ဆိုပါတော့"

"ဟင် ... သူ့ယောကျ်ားက တရားစွဲနေပါဦးမယ်"

အဲဒီအကြောင်းက သက်ပုံတို့သူငယ်ချင်းတစ်စုထဲမှာ မခံချင်စွာပြောလေ့ရှိသော ကိစ္စဖြစ်သည်။

"ယောကျ်ားတစ်ယောက်က နောက်မိန်းမထပ်ယူရင် နောက်မိန်းမကို အရင်မိန်းမက လင်ခိုး ... တရားစွဲလို့မရဘူးကွာ ... မိန်းမတစ်ယောက်က နောက်ယောကျ်ားနဲ့လိုက်ပြေးရင် ပထမယောကျ်ားက နောက်ယောကျ်ားကို မယားခိုး ... တရားစွဲလို့ရတယ်တဲ့၊ အဲဒါ ... မတရားဘူးနော်"

အဲဒါကြောင့် ယောကျ်ားယူ၊ မိန်းမယူ ... ဥပဒေတွေကို သိထားခဲ့သည်။

"သူတို့ 'တရားဝင်ကွာရှင်းပြီးပါပြီ၊ စီးပွားရေးပါ လွှဲပြောင်းလက်မှတ်ထိုးပြီးသား၊ ဦးသက်တင်က မြန်မာပြည်မှာလဲမရှိတော့ဘူး၊ ထွက်သွားပြီ၊ ဟိုနိုင်ငံသားအဖြစ်လဲ ခံယူလိုက်ပြီ၊ ဘိလပ်သူနဲ့လဲရနေပြီ"

"ဦးသက်တင်ဆိုတာ ... "

"မြစိမ်းရည်ရဲ့ ပထမယောကျ်ား"



ကိုယ့်ဖခင်ဟာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ တော်ထက်သည်ဖြစ်စေ၊ ညံ့ဖျင်းသည်ဖြစ်စေ၊ ဘာပဲဖြစ်ဖြစ် ပထမနေရာ ရှေ့ဆုံးမှာပဲ ရှိနေစေချင်တာဟာ သားသမီးတွေရဲ့ဆန္ဒပဲဖြစ်သည်။

"မိဘက ကောင်းစားစေချင်လို့ ... "

မိဘတွေရဲ့လက်သုံးစကားဖြစ်သလို စေတနာမှန်လည်းဖြစ်သည်။ အဲသည် စေတနာမှန်မျိုး သားသမီးတွေမှာလည်း ရှိနေပါသည်။ ပြောခွင့်သုံးခွင့် မကြုံလို့သာ မပြောပဲမသုံးပဲ နေခဲ့ကြတာဖြစ်မည်။

"သားသမီးက ကောင်းစားစေချင်လို့" ... ဆိုကာ ကိုယ့်မိဘကို သွားစီစဉ်နေတော့လည်း ဘယ်ကောင်းမှာတဲ့လဲ။ လူကြီးအပေါ် စော်ကားရာရောက်မည်။ သို့ပေမယ့် ... စေတနာမှန်ကတော့ ရင်ထဲမှာရှိသည်သာ။ ကိုယ့်အဖေကို ရှေ့ဆုံးက ထိပ်တန်းကနေရာရစေချင်စိတ်လည်း ရှိသည်။ ဒေါ်မြစိမ်းရည်ရဲ့ ဒုတိယယောကျ်ားဆိုသောအဖြစ်ကြီးက ရင်ကို ကသိကအောက်ဖြစ်စေ၏။

"အပျိုကြီးဆိုရင် ကောင်းမယ်နော် ဖေဖေ"

"ခုလဲ ကင်းကင်းရှင်းရှင်း ပြတ်ပြတ်စဲစဲပါ"

"ဖေဖေက ဒုတိယခင်ပွန်းဆိုတဲ့ နာမည်ကြီးကို ပွေ့ပိုက်ရမှာ မမိုက်ဘူးကွာ၊ အောက်တာပေါ့"

ဦးတိုးမြင့် ရယ်ပါလေတော့သည်။ မျက်နှာရဲဆဲမို့ ရှက်နေသေးပုံလည်း ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားတစ်ယောက်ရှိတယ်၊ ပဒ္မုန်သက်တင်တဲ့"

"အဲဒီနာမည်တော့ ကြိုက်တယ်" ... ဟု ခါတိုင်းလို အဖေနှင့်သမီး နောက်ပြောင်နေကျအတိုင်း ... နောက်လိုက်ဖို့အတွေးက ဖျတ်ခနဲဝင်ပေမယ့် ... ချက်ချင်းပဲ အချိန်မီထိန်းအုပ်လိုက်နိုင်သည်။ တလောကလုံးမှာမှ ဒီအဖေနှင့်ဒီသမီးနှစ်ယောက်တည်းမို့ ဖေဖေဟာ အဖေလည်းဖြစ်၊ အမေလည်းဖြစ်၊ သူငယ်ချင်းဆိုလည်းဟုတ်၊ ဒါကိုပဲ ညီကိုမောင်နှမလိုပြန်ပေါင်းရသေးသည်မို့ ဖေဖေ့ကို နောက်ရဲပြောင်ရဲရှိပါသည်။ ဖေဖေကလည်း ခွင့်ပြုသည်။ တရင်းတနှီး တရောတဝင်နေခဲ့သည်။

"ဟဲ့ ... ကောင်မလေး၊ ရည်းစားထားမယ့်ကြံရင် အဖေကို အရင်တိုင်ပင်အုံး"

... ဟု ထိပ်ပုတ်ခေါင်းပုတ်လုပ်ကာ ပွင့်ပွင့်လင်းလင်းပြောတာတွေလည်း ရှိခဲ့ဖူးပါ၏။

အဲသည်တုန်းကစတင်လို့ ကြားဖူးလိုက်သောနာမည် "ပဒ္မုန်သက်တင်" ဟာ သက်ပုံ အထူးတလည်မှတ်မိရဖို့ဖြစ်နေတော့သည်။ ဖေဖေ့လက်ထပ်ရေးကိစ္စက နည်းနည်းပါးပါး အချိန်ယူကြဦးမှာမို့ သားအဖချင်း နောက်ထပ်ဆက်မဆွေးနွေးဖြစ်ကြသေးပါ။ ဖေဖေက "နီးရင်တော့ မြစိမ်းကို မြိုင်လေးဆီခေါ်လာခဲ့ဦးမယ်" တဲ့။

"ဟာ ... ဖေဖေ၊ သမီးကလိုက်တွေ့ပါ့မယ်"

"ဒါတော့ ... မြိုင်လေးသဘောပဲ၊ မြိုင်လေးက



နာမည်တစ်ခုပြောလာတဲ့အခါကျရင်တော့ ဖေဖေလိုက်မတွေ့နိုင်ဖူးနော်၊ ဖေဖေ့ကိုလာတွေ့ပစေ၊ ဖေဖေက အဖေ"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

သားအဖေ ရယ်မောပစ်လိုက်ကြသည်။

ဒေါ်မြစိမ်းရည်ကို သက်ပုံ လုံးဝမတွေ့ဖူးသေးပါ။ နာမည်တော့ကြားသည်။ "မြစိမ်းရည်" ကုမ္ပဏီဆိုတာ ဟိုရှေးယခင်ကတည်းက "နိုင်ငံခြားကိုယ်စားလှယ်" ရထားတာတွေ အများကြီးဆိုပဲ။ ကုမ္ပဏီတွေထ,ထောင်ကြသည့်ခေတ်မှာ သူက အရှိန်ရပြီးသား စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်နေပြီး "မြစိမ်းရည်ကုမ္ပဏီ" ဆိုသည့် ဆိုင်းဘုတ်ကို ချိတ်ဆွဲလိုက်ရုံသာရှိတော့သည်တဲ့။ ပြီးတော့ ... ယခုလက်ရှိနာမည်ကြီး ပုဂ္ဂလိကဆေးရုံတွေထဲမှာ "ပဒ္မုန်" ဆေးရုံက အရင်ဦးဆုံးစတင်ခဲ့သူဖြစ်[illegible]။ [illegible]တွေ သားဖွားမီးယပ်ကုသဆောင်လောက်သာ အဓိက[illegible]နိုင်ချိန်မှာ မြစိမ်းရည်က ခြောက်ထပ်တိုက်ကြီးဆောက်ပစ်ခဲ့တာ ...။ ဆောက်စရာမြေကြီးကလည်း သူ့မှာ အဆင်သင့်ရှိပြီးသား။

ရွှေတောင်ကြားလိုနေရာထဲမှာ ဟိုယခင် မိဘဘိုးဘွားလက်ထက်ကတည်းက ပိုင်ခဲ့သောမြေတစ်ဧကခွဲကြီးကိုလည်း ဘယ်သူ့လက်ထက်မှာမှ ပိုင်းစိပ်ခွဲခြမ်းရောင်းခဲ့ရပဲ မြစိမ်းရည်လက်ထဲသို့ရောက်လာသည်။ ဆေးရုံကြီးထဆောက်ချင်တော့ သူ့မှာဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ပြီးသားမို့ သူများထက်အဆင်ပြေ၏။ ဆေးရုံပေါ်ဝယ်တင်ရမည့် ဆေးရုံသုံးစက်ကိရိယာပစ္စည်းတွေကို အစကထဲက ဆေးကိုယ်စားလှယ်ဘဝနှင့်လုပ်ကိုင်ခဲ့သော ကုမ္ပဏီကပို့ပေးသည်။ ငွေကို ဟိုနိုင်ငံရောက်နေသော ဦးသက်တင်က အဲသည်မှာပဲ ချေပေးသည်။

"ပဇ္ဇုန်အတွက်အမွေ" ... တဲ့။

အစကတည်းက ဒေါ်မြစိမ်းရည်က ကျိုကျိုဟက်ချမ်းသာခဲ့တာ။ ဦးသက်တင်တို့ တော်တော်ချမ်းသာတာတောင် ဒေါ်မြစိမ်းရည်နှင့်ယှဉ်တော့ နိမ့်ဆင်းသွားရသည်တဲ့။ ဦးသက်တင်က ခေါင်းဆောင်ရှာဖွေသည်ဆိုပေမယ့် အရင်းအနှီးက ဒေါ်မြစိမ်းရည်မို့ လက်ထက်ပွား၊ တိုးတက်လာသောစီးပွားတွေကို ဦးသက်တင်က မြန်မာပြည်မှာပဲ ဒေါ်မြစိမ်းရည်အတွက် ချန်ရစ်ခဲ့သည်တဲ့။ ဦးသက်တင်ကလည်း အာဂပါပေ။ စီးပွားရေးကိစ္စနှင့် ဟိုနိုင်ငံဒီနိုင်ငံကူးသန်းရင်း သူကလည်း ဟိုမှာ အချစ်သစ်ကိုတွေ့ခဲ့တာ၊ အဲဒီအချစ်က အဲဒီနိုင်ငံမှာ မီလျံနာသူဌေးမကြီးတဲ့လေ။ အဲဒါနှင့် လက်ထပ်ဖို့ ဒီနိုင်ငံကထွက်ဖော့ ဇနီးကိုလည်း ကွာရှင်းခဲ့သည်။ သားကိုလည်း မိခင်ရင်းနှင့်နေတော့ဟု ယုံကြည်စိတ်ချစွာ အပ်နှံခဲ့သည်။ အဲသည်အတွက် လျော်ကြေးပဲဆိုဆို၊ သားကိုအမွေပေးပြီး ဖခင်တာဝန်ကျေပြွန်လိုက်သည်ပဲပြောပြော။ "ပဇ္ဇုန်" ခြောက်ထပ်ဆေးရုံကြီးအတွက် လိုအပ်သောစက်ပစ္စည်းတော်တော်များများကို ဦးသက်တင်



က ငွေချေဝယ်ပေးတာလည်းရှိသည်။ ဟိုနိုင်ငံသူဌေးမကြီးမီလျံနာမကြီး၊ ယခု မစ္စစ်သက်တင်က ခင်ပွန်းရဲ့သားအတွက် လက်ဆောင်ဆိုပြီး ဝယ်ပို့ပေးတာလည်းရှိသည်။ ဒေါ်မြစိမ်းရည်ပိုက်ဆံနှင့် ဝယ်ရတာတောင် တော်တော်နည်း၏။ ဒီဆေးရုံမှ ပစ္စည်းမစုံလျှင် ဘယ်ဆေးရုံ စုံတော့မလဲ။

အရင်းအနှီးများပေမယ့် ... လုပ်ငန်းစတင်လည်ပတ်သည်နှင့် ငွေက လိမ့်ဝင်၏။ တစ်နေ့တစ်နေ့ သိမ်းဆည်းရေတွက်ရသောငွေက သိန်းကို ဆယ်ဂဏန်းဖြစ်နေပါသည်။ သိန်းကို ခုဂဏန်းနှင့်ရေတွက်ရသောနေ့ကတောင်ရှားနေသည်။ ဆေးရုံတက်သူ၊ ဆေးရုံဆင်းသူက နေ့တိုင်းရှိသည်။ တစ်ယောက် ... ဆေးရုံကဆင်းသွားပြီဆိုလျှင် ဆေးရုံမှာ အနေကြာလျှင်ကြာသလို၊ ရောဂါအနုအရင့်အလိုက် နှစ်သိန်းသုံးသိန်းဆိုသလို ငွေရှင်းသွားရတော့ တစ်နေ့ကို ဆေးရုံဆင်းသူ ငါးဦးပဲရှိဦး၊ ဆယ်သိန်းကျော်ငွေများကို ရေတွက်ရချေပြီ။

အဲသည်အတွက် အစစ အားကိုးအားထားလို၏။ ဦးတိုးမြင့်ကို အိမ်ဦးနတ်ခန့်ပြီး သားပဇ္ဇုန်သက်တင်ကလည်း အိမ်ရှေ့စံရာထူးမှာထိုင်တော့။

ဒါတွေ ဖေဖေပြောပြလို့ အဲသည်နေ့ကမှ သိလိုက်ရပြီး နောက်ထပ် ဒီအကြောင်းမဆွေးနွေးဖြစ်ခဲ့တာတောင်ကြာပြီ။ ဒေါ်မြစိမ်းရည်ရော ပဇ္ဇုန်သက်တင်ကိုပါ မမြင်ဖူးသေးပေမယ့် ဖေဖေကလည်း အရှုပ်တွေ့များလွန်း

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆုံမပေးနိုင်ခဲ့သေးပါ။ ဟိုဘက်ဝိုင်းမှ ပုဂ္ဂိုလ်လေးဟာ "ပဒ္ဒုန့်သက်တင်" ဆိုတော့ သက်ပုံ စိတ်ဝင်စားသွားရပါတော့သည်။ အခွင့်သင့်လို့ ကြုံကြိုက်တုန်း ... မြင်ဖူးအောင်တော့ ကြည့်ထားလိုက်ရပါမည်။

"ဟော့ ... မွေးနေ့ရှင်က တိတ်ဆိတ်လှချီလား"

ဒီနေ့က သက်ပုံမွေးနေ့၊ သက်ပုံ ဆယ့်ကိုးနှစ်ပြည့်သည့်နေ့။ ဖေဖေကတောင် မွေးနေ့အထိမ်းအမှတ် ဘာလုပ်ချင်လဲ ... မေးခဲ့သေးသည်။

"သူငယ်ချင်းတွေကိုပဲ ဝိုင်တစ်ဆိုင်မှာ ကျွေးလိုက်မယ် ဖေဖေ"

"မြင်လေး ဘာလိုချင်လဲ"

"ဖေဖေက ဘယ်လောက်တန်ထိ ဝယ်ပေးနိုင်လို့လဲ"

"တစ်သောင်း"

"ဟင် ... အကောင်းစားဇာနဲ့ချုပ်ထားတဲ့အင်္ကျီတစ်ထည်တောင် မရဘူး ဖေဖေရဲ့"

"လောက်ငတဲ့အထဲက ဝယ်ချင်တာဝယ်ပေါ့၊ သူငယ်ချင်းတွေကျွေးဖို့ ဖေဖေက သပ်သပ်ပေးပါ့မယ်"

အဲဒါတောင် ... ဖေဖေ၊ မြစိမ်းရည်ကုမ္ပဏီမှာလုပ်နေလို့ ဒီလောက်ပေးနိုင်တာဖြစ်သည်။ ဝန်ထမ်းဘဝတုန်းကဆိုလျှင် တစ်ထောင်လောက်ပေးနိုင်တာ။ အဲသည်နည်းနှင့် ဒီဆိုင်မှာလာစားကြတော့ ... ဘေးဘက်ဝိုင်းက ယောကျ်ားလေးတွေထဲမှာ "ပဒ္ဒုန့်သက်တင်" ဆိုသည့် နာ



မည်ကိုကြားလိုက်ရတာပါပဲ။

"ရှူး"

အချက်ပြပြီး မျက်ဝန်းပါ ဒေါင့်ကပ်ပြလိုက်သည်။

"ဂလိုလား"

"အေး ... ဂလောက်"

ကြိတ်ရယ်လိုက်ကြသည်။ တစ်ဖက်ဝိုင်းမှ ... ယောကျ်ားလေးတွေကသာ ဒီဝိုင်းကို သတိထားမိလျှင် တော်တော်အေးဆေးသည့်မိန်းကလေးတွေဟု ချီးမွမ်းလောက်ပေသည်။ စင်စစ် ... သက်ပုံတို့အုပ်စုသည်လည်း လုပ်လီလုပ်လဲ့လေးတွေတော့မဟုတ်ပါ။ ကိုယ်ကျင့်တရားထိန်းကြပေမယ့် ကိုယ့်စကားသံ လူကြားမှာကို ရှက်ရွံ့စွာ တိုးတိတ်ကြသူများမဟုတ်ပါ။ သက်ပုံ၏အချက်ပြမှုကြောင့် "တစ်ခုခုပဲ" ဟု ဟိုဘက်ဝိုင်းကို အားလုံးစိတ်ဝင်စားသွားကြကာ ဒီဘက်ဝိုင်းက သိသိသာသာကိုပဲ တိတ်ဆိတ်သွားကြတော့သည်။

❀❀ ❀❀

"ပဂေးမို့ ခေါ်ညွှင်းရတာ၊ ရေများရာမိုးရွာတယ်ကွာ၊ ချမ်းသာရတဲ့ကြားထဲ ထီက ဝင်ပေါက်သေးတယ်"

"တွတ်ပါကွ ... ထောင့်ငါးရာထဲရတာ"

"ထောင့်ငါးရာလဲ ပိုက်ဆံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ညှင်းပုံက ဆယ်သိန်းဆုလောက်ပေါက်မှ တန်ကာကျမယ်"

"ဟော့ကောင် ... သက်တင်၊ မင်းအဘွားကြီးက မင်းကို ဆေးရုံလွှဲပေးမလို့ဆို"

"ကွယ်ရာမှာခေါ်နော်၊ ရှေ့တင်ကျတော့ အန်တီခေါ် ရမှာတောင် အားနာသတဲ့"

"ကိုသက်တင်အမေက တော်တော်အရွယ်တင်လို့လား"

ခုမှ မိတ်ဆက်ပေးခြင်းခံရသူက စကားကို တလေးတစား ပြောသည်။

"ဟာဗျာ ... ပစ္စုန်ခေါ်ပါ၊ သက်တင်ဆိုရင် ကိုယ့်ခေါ်မှန်းမသိ၊ အဖေ့ခေါ်မှန်းမသိ"

"ဆောရီး ... ဆောရီး၊ ဒီကောင် ကြည်စိုးက သက်တင်ဆိုလို့"

"သူ့တော့ ပြောမနေနဲ့၊ ဖေဖေရှိတုန်းက သူဖုန်းဆက်တာ၊ သက်တင်ရှိလားဟေ့တဲ့၊ ဖေဖေက ပြောနေပါတယ်ခင်ဗျာတဲ့"

ဟား ... ဟား ... ဆို ဝိုင်းရယ်ကြသည်။

"ဖေဖေ့မှာ ဘကြီးတစ်ယောက်ရှိတယ်၊ ဖေဖေနဲ့မတည့်ဘူး၊ ဖေဖေ့ကိုစိတ်ဆိုးနေတာ၊ နိုင်ငံခြားသွားမယ်ဆိုလို့ ဖေဖေက သူ့ဘကြီးမှတ်လို့ ခပ်ဖြုံဖြုံနဲ့ပြောနေတာ၊ ဒီကောင်ကြည်စိုး ... ဘယ်လောက်ဆိုးလဲဆိုတော့ ယောကျ်ားချင်းလဲဖြစ်တော့ ပေါက်ကရပြောတာပေါ့ ...





"မင်းကို ငါ့နှမက ဗိုက်တစ်လုံးနဲ့ချန်ရစ်ခဲ့လို့ဆို ... တဲ့"

ဝေါခနဲရယ်သံကို ကြားလိုက်ရပြန်သည်။

"ကျောင်းတုန်းထဲက သူတို့သဘောတူတဲ့ကောင်မလေးတစ်ယောက်ရှိတယ်၊ အရပ်က ငါးပေအတိ၊ ကိုယ်အလေးချိန်က တစ်ရာလေးဆယ့်ရှစ်ပေါင်တဲ့၊ စဉ်းစားသာကြည့်၊ အဲဒါလေးကို သူ့နှမလုပ်ပေးထားပြီး ကျွန်တော့်ကို ယောက်ဖခေါ်နေတာ ...

"အဲဒီကောင်မလေး မင်္ဂလာသတင်း၊ သတင်းစာထဲပါလာတာကိုပဲ၊ ကျွန်တော်က ဗိုက်တစ်လုံးနဲ့ ကျန်ရစ်ခဲ့တယ်ပြောတာ၊ ဖေဖေဆိုတာ ဘာမှန်းညာမှန်းမသိပဲ ဦးနှောက်စားလိုက်ရတာ မပြောပါနဲ့တော့"

"ဒီကောင့်နာမည်က ရှည်လဲရှည်တယ်၊ နှစ်လုံးစီခွဲခေါ်တော့လဲ နာမည်ဖြစ်တယ်၊ ဒါကြောင့် ပစ္စုန်ခေါ်လိုက် သက်တင်ခေါ်လိုက်ပဲ၊ စောစောက ကို ကျော်စွာမေးထားတာလေ၊ သူ့အမေက အရွယ်တင်သလားမမေးနဲ့၊ ဒီကောင်နဲ့ သားအမိသာဆိုတယ်၊ အစ်မအကြီးဆုံးနဲ့ မောင်အငယ်ဆုံးလောက်ပဲ ထင်ရတယ် ...

"ကြည့်လိုက်ရင် ... ကွာလှ ဆယ်နှစ်လို့ထင်ရတယ်၊ တကယ်က ဘယ်လောက်ကွာတာလဲ ဟေ့ကောင်"

www.burmeseclassic.com



"နှစ်ဆယ့်သုံးနှစ်ကွာတာ"

"တစ်ဦးတည်းသောသားလား"

"ဟုတ်ကဲ့ ... ကျွန်တော့်အောက်မှာ မိန်းကလေးတစ်ယောက်မွေးသေးတယ်တဲ့၊ ညီမလေးပေါ့၊ အဖတ်မတင်ဘူး၊ အဲဒီတုန်းက ဘွားဘွားလေဖြတ်လို့ မေမေက ကိုယ်ဝန်နုနုနဲ့ ပွေ့ဟယ်ချီဟယ်ပြုစုတာတဲ့၊ စောမွေးတယ်၊ အသက်တော့ပါလာတယ်၊ အဖတ်မတင်ဘူးတဲ့"

"ဟော့ကောင် ... ပဗ္ဗုန့်၊ ငါကြားတဲ့သတင်းတစ်ခုမေးရမလား၊ မေးချင်တယ်၊ လျှာယားနေတယ်ကွ အားလဲနာတယ်"

"မအောင့်နိုင်ရင်မေးပေါ့ကွ၊ အားနာရင် မမေးနဲ့ပေါ့ကွ၊ ပြီးနေတဲ့ဟာကို"

"ငါ ... ချိန်ခွင်တစ်ခုဝယ်လိုက်တယ်"

"ဘာလုပ်ဖို့လဲ"

"အတွေးထဲမှာဝယ်တာ၊ ဘာမှမလုပ်ဘူး"

"ဆိုက်ကိုပဲ"

"ချိန်ခွင်တစ်ခွက်ထဲမှာ လျှာယားတာတွေထည့်တယ် နောက်တစ်ခွက်ထဲမှာ အားနာတာတွေထည့်တယ်"

"လျှာကလဲ ရှည်လိုက်တာ၊ ယားတဲ့ဘက်မှာ ချိန်ခွင်စောင်းနေတယ်မှလား၊ သိချင်တာမေးကွာ၊ ငါ့အမေ နောက်အိမ်ထောင်ပြုမယ့်ကိစ္စမှ ဟုတ်ရဲ့လား"



"အိမ်း"

"အဲဒါ ... ငါ့အမေဘက်က တစ်မျိုးလုံးဝိုင်းတားနေတယ်"

"ဒါဆို ... သတင်းမှန်ပေါ့၊ ဒီလိုလေ ... သက်တင်အဖေ ဦးသက်တင်က နိုင်ငံခြားကို အပြီးသွားတယ်ဗျာ၊ သက်တင်အမေက လိုက်မသွားဘူး၊ ဘယ်နည်းနဲ့မှ မလိုက်ဘူး၊ ဒီမှာလဲ ဆင်းရဲချို့တဲ့နေတာမဟုတ် ...

"မြန်မာပြည်မှာ အချမ်းသာဆုံးသူဌေးကြီး ဆယ်ယောက်စာရင်းကို ပြုစုပါဆိုရင် ... "

"ဟော့ကောင် ... သူများကြား၊ အဟုတ်ထင်နေဦးမယ်၊ ဒီလောက်မချမ်းသာဘူး"

"ပါတော့မပါဘူး၊ အဲဒီနားမှာကပ်နေတယ်ပြောရင်ရလား"

"ငါ အဲဒီလောက်ချမ်းသာနေရင် ... ဦးလေးတော်လိုက်ပါလား ငါ့တူရယ်"

ကြည်စိုးအမေက မောင်နှမ များ၏။ စုစုပေါင်းကိုးယောက်တိတိမှာ ကြည်စိုးအမေက အကြီးဆုံး။ အငယ်ဆုံး ညီမနှင့် အနှစ်နှစ်ဆယ်ကွာသည်။ ကြည်စိုးအမေ၊ ကြည်စိုးကို မွေးတော့ အဒေါ်ပေါက်စက လေးနှစ်သမီးပဲရှိသေးသည်။ အဲသည် အဒေါ်ပေါက်စလေးက ကြည်စိုးထက် လေးနှစ်ထဲပိုကြီးကာ၊ ချောချောနုနု လှလှလေးမို့ ကြည်စိုးသူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေအားလုံးလိုလိုက ဝိုင်းတောင်းကာ ကြည့်စိုးခမျာ "ငါ့တူ" အခေါ်ခံနေရတော့သည်။

"အဲဒါပဲဗျ ... ကျွန်တော့်လဲ ဟိုလူက ငါ့တူ ဒီလူက ငါ့တူနဲ့။ ဦးလေး ကံစမ်းမဲဖောက်နေရတယ်"

စကားကဝေ့ ... ဝေ့သွားသည်မို့ နားစွင့်နေရသူတွေအဖို့မှာ စိတ်မရှည်ချင်ဖွယ်ဖြစ်နေရသည်။

"မေမေနဲ့ အဲဒီလို အဆင်မပြေဖြစ်ပြီး လမ်းခွဲကြတယ်ပေါ့ဗျာ၊ ဖေဖေက ဒိုင်ဗော့စ် Divorce ပေးခဲ့တယ်၊ ဖေဖေလဲ ဟိုမှာလက်ထပ်လိုက်ပြီ၊ မေမေက အခုကျမှ လက်ထပ်ဖို့စီစဉ်တာ"

"အော် ... ခင်ဗျားအမေ ငယ်ဦးမှာပေါ့"

"လေးဆယ့်ရှစ်"

"ငယ်သေးတယ်ပြောလို့ရသလို၊ မငယ်တော့ဘူးပြောလဲရတာပေါ့ဗျာ၊ ခင်ဗျားကြည့်ရတာ မကျေနပ်ဘူးလား"

"ဟင့်အင်း ... ကျေနပ်စရာမှမရှိပဲ"

"ဟင်" ... ဆိုသော အာမေဋိတ်လေးက တိုးတိမ်စွာ ထွက်လာသည်။ သူငယ်ချင်းတွေက သက်ပုံကို ဝိုင်းကြည့်လိုက်ကြ၏။ သက်ပုံ နားစွင့်လို့သာ ဝိုင်းစွင့်လိုက်ကြရသည်။ ဘာကိုစွင့်နေရမှန်းမသိခဲ့ကြ။ ခုတော့ ... ရေးတေးတေးသဘောပေါက်ကုန်၏။ ဦးတိုးမြိုင်အကြောင်းကိုလည်း ကြားပြီးပြီလေ။



"ဘာဖြစ်နေလို့လဲ"

"ဆွေမျိုးတွေကလဲ ဖျက်ကြတယ်၊ ဖျက်တယ်ဆိုပေမယ့် ... မေမေက တစ်ဦးတည်းသောသမီးဆိုတော့ ဝမ်းကွဲတွေပဲရှိတာ၊ ဘကြီးတို့ ကြီးဒေါ်တို့လဲ ရှိတာမဟုတ်ဘူး၊ ဦးလေးတစ်ယောက်နဲ့ အဒေါ်တစ်ယောက်တော့ရှိတယ်၊ ဘွားဘွားလက်ထက်ကထဲက အမွေကိစ္စနဲ့ တော်တော်ကြာကြာစကားမပြောမဆိုဖြစ်ခဲ့ကြသေးတယ်ဗျာ ...

"ဘွားဘွားရဲ့မောင်နှမတွေပေါ့ ... အမွေခွဲတုန်းက တူတူဝေခွဲတာပဲ၊ ဘွားဘွားက ဘိုးဘိုးနဲ့အိမ်ထောင်ကျတော့ ဘိုးဘိုးကချမ်းသာတယ်၊ နှစ်စီးပွားပေါင်းတော့ သူဌေးဖြစ်သွားတယ်ဆိုပါတော့ ...

"မေမေ့ဦးလေးနဲ့အဒေါ်ကတော့ အဒေါ်ယောကျ်ားကဆိုးတယ်၊ ဖြုန်းတယ်၊ ဦးလေးကျတော့ သူ့မိန်းမဘက်က ဆင်းရဲပြီး ညီကိုမောင်နှမများတယ်၊ ဆွေမျိုးတွေအပေါ် ယောကျ်ားမသိအောင်တစ်မျိုး၊ သိအောင်တစ်မျိုး၊ ခိုးပေးတာလဲရှိ ...

"ရှာမလောက်ဘူးပေါ့ဗျာ၊ နှမ်းပါးကြတော့ ဘွားဘွားကိုကြည့်မရဘူး၊ ဘွားဘွားကပြောတော့ သူများချမ်းသာရင် ကိုယ့်တစ်ဝက်ခွဲပေးမှ အကောင်းထင်တတ်တာ၊ ပေးမှ ပုံမှန်၊ ကျေးဇူးတင်စရာမရှိဘူး၊ မပေးရင် လူဆိုး၊ အဲဒီလိုထင်တတ်တာ ဆင်းရဲသားစရိုက်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



"အလကားနေရင်း ဥစ္စာခြောက်၊ သေရင်လဲ ကိုယ့်နောက်မပါ၊ တိုက်နံ့ရဲ့ ဖက်သေလို့ရတာလဲမဟုတ်ပဲနဲ့၊ ဆွေမျိုးထဲမှာ မရှိခိုးနိုးသင်နေတာ သူဌေးဆိုတဲ့ အတ္တတုံးကြီးတွေရဲ့စရိုက်တဲ့၊ မေမေ့ဦးလေးတွေက ပြန်ပြောတာ ..."

"ဘွားဘွားဆုံးပြီးမှ ပြန်ခေါ်ကြတာလေ၊ ဆွေထဲမျိုးထဲ နာရေးဖြစ်တော့လဲ သွေးပြန်စည်းတယ်ပေါ့၊ အဲဒီတော့ ... သိပ်လဲမပြောရဲကြဘူး၊ ပြောလဲ ... မေမေက လက်ခံစဉ်းစားမယ့်ပုံ သိပ်မပေါ်ပါဘူး၊ ပြောသင့်သလောက်တော့ ပြောကြတယ်ပေါ့"

"ပြစ်ချက်က ... "

"ဆင်းရဲလို့"

သက်ပုံမျက်နှာ တွတ်တွတ်ရဲတော့သည်။ ဒေါသတွေ ထောင်းခနဲထွက်လေ၏။

"တော်တော်ဆင်းရဲလို့လား၊ ပညာရော"

ထင်ရက်လိုက်ကြတာ၊ ဖေဖေ့ကိုများ ကလေကချေ၊ ကလေကလွင့်၊ အုတ်ကြားမြက်ပေါက်မှတ်နေကြရော့သလား။

"ဘွဲ့ရပါတယ်"

ဟွန်း ... ပြောပုံက လျှော့လိုက်တာ။

"ရပ်ကွက်ထဲမှာ တိုက်ခန်းလေးတစ်ခန်းပိုင်တယ်ပေါ့ဗျာ၊ ပထမထပ်ဆိုလား၊ ဒုတိယထပ်ဆိုလား"



ပြောရက်လိုက်တာ။ "ရပ်ကွက်ထဲမှာ" ဆိုသည့် စကားကိုက ရပ်ကွက်နေလူတန်းစားကို ခပ်ညံ့ညံ့ စာရင်းသွင်းလိုက်တာပဲမဟုတ်လား။ စင်စစ် ... သက်ပုံတို့တိုက်ခန်းက မြေနီကုန်းမှာပါ။ မြေနီကုန်းတိုက်ခန်းတွေဆိုတာ တိုက်ခန်းလောကမှာတော့ ဈေးကြီးအုပ်စုထဲပါသည်။ လူနေရပ်ကွက်တော့မှန်၏။ လူဦးရေထူထပ်သိပ်သည်းသည်။ မိသားစုများသော ကလေးရှိသော အိမ်ထောင်များဆိုလျှင် ကိုယ့်အခန်းထဲကိုယ် မွန်းကြပ်၍ လမ်းပေါ်သို့ရောက်နေတတ်တာလည်းရှိသည်။ လူသွားလမ်းသည် ဈေးဆိုင်များကြောင့် ဈေးသည် ဈေးဝယ်တွေ၊ လူသွားလူလာတွေ၊ တိုက်တွေပေါ်ကလူတွေနှင့် ပြည့်လျှံကာ ရှုပ်ရှက်ခပ်နေတတ်တာတော့ရှိသည်။

ဒီတိုက်ခန်းကိုပဲ ဖေဖေ့မိတ်ဆွေ ပွဲစားတစ်ယောက်က သုံးဆယ့်ခုနစ်သိန်း ဈေးဖြတ်သည်။ တိုက်ခန်းက ကျဉ်းကျဉ်းကျုတ်ကျုတ်မဟုတ်၊ ကျယ်ကျယ်လွင့်လွင့်ရှိသည်။ တယ်လီဖုန်းပါသည်။ လေအေးပေးစက်တပ်ထားသည်။ အဆင်မြင့်ပြင်ဆင်ပြီးမို့ ... ပွဲစားက သုံးဆယ့်ခုနစ်သိန်းဖြတ်လျှင် သိန်းလေးဆယ်လောက်တော့ တန်နိုင်၏။ သိန်းလေးဆယ်ဆိုသောငွေဟာ နည်းသလား။ သက်ပုံတို့မှာ တစ်သက်လုံး ခြိုးခြံခြစ်ကုတ်ပြီး စုခဲ့ရတာ။ မေမေဆုံးတော့တောင် ဒီတိုက်ပေါ်မရောက်သေးပါ။ မေမေဆုံးပြီးမှဝယ်နိုင်ခဲ့တာ။ ကိုယ်ပိုင်တိုက်ခန်းလေးတစ်ခုရှိနေတော့

www.burmeseclassic.com

www.burmeseclassic.com



သက်ပုံမှာဖြင့် ကျေနပ်အားရဂုဏ်ယူလို့မဆုံးဖြစ်နေရတာ။ အဲဒီနောက်ပိုင်း ... ဖေဖေ အလုပ်ကထွက်ပြီး ... မြစိမ်းရည်ကုမ္ပဏီမှာဝင်တော့ လခကောင်းပြီး အသုံးအစွဲပိုချောင်သွားလို့တောင် ပျော်မဆုံးဖြစ်နေခဲ့ရတာ။

ဒီဘက်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်အတိုင်းအ တာဟာ သူတို့အဖို့တော့ နှိမ့်ချင့်ကြည့်စရာ အခြေအနေတ လား။

“ပြီးတော့ ... မုဆိုးဖို၊ သမီးပျိုတစ်ယောက်ပါတယ်”

“ကော်တာပဲ”

“ဘာလို့ကော်ရမှာလဲ၊ လက်ထပ်ပြီးရင် သူတို့သား အဖက အိမ်ပေါ်တက်လာ ၊ အနေအထိုင်ကျဉ်းကြပ် တာပေါ့ဗျာ၊ တစိမ်းမိန်းမတစ်ယောက်နဲ့ တစ်အိမ် ထဲ တူတူမနေတတ်ပါဘူး”

ပြောတော့ ... ပြောတော့ ... ရွှေကျီးညို ရေ။

“ကျွန်တော်က ... မေမေနောက်အိမ်ထောင်ပြုတာ ကို မှ ... အနေနဲ့ လက်ခံပြီးသားပါ”

“ခင်ဗျား ... တော်တော်နားလည်မှုရှိတဲ့သားပဲ”

“မေမေ့မှာ အဖော်လိုပါတယ်၊ ကျွန်တော်ကလဲ သား ဆိုတော့ နီးနီးကပ်ကပ်မရှိဘူးပေါ့ဗျာ၊ သမီးဆိုမှ တော် သေးတယ်၊ ဒါမှမဟုတ် ... ကျွန်တော် စောစောအိမ် ထောင်ကျပြီး မြေးတစ်ယောက်လောက် မွေးပေးထား



လိုက်ရင်တော့လဲ တစ်မျိုးပေါ့”

“ဟုတ်တယ်ကွ ... ငါ့အဖေလဲ ပြောဖူးတယ်”

သိန်းဦးထွန်းက ဝင်ပြောသည်။

“မိန်းမတွေဟာတဲ့၊ ဘယ်အရွယ်ပဲဖြစ်ဖြစ် သူတို့ရင်ခွင်ထဲမှာ တစ်ခုခုရှိနေမှ ... တဲ့၊ အဲဒါ သဘာဝတရားကြီးက လက်ဆောင်ထည့်ပေးလိုက်တဲ့ မိခင်စိတ်တဲ့၊ သားသမီးဖြစ်ဖြစ်၊ ကိုယ့်အိမ်ဦးနတ်ကိုပဲဖြစ်ဖြစ်၊ ဒါတွေက လွန်မြောက်သွားတော့လဲ၊ မြေး ... ပေါ့ ...

“ရင်ခွင်ထဲထည့်ပြီး ချစ်နေရမှ၊ ပြုစုယုယနေရမှ သူတို့ရဲ့မေတ္တာတရားကို သုံးစွဲလို့ရတယ်တဲ့၊ တစ်ခုခုမှ ယုယမနေရရင် မဖြစ်ဘူးတဲ့၊ ငါ့အဖေဆို အမြဲ နောက်တယ်၊ အိမ်မှာ ...

“ဟေ့ကောင်တွေ ... ငါသေရင် မင်းတို့ မိန်းမယူကြ၊ မြေးမြန်မြန်မွေးပေး၊ မဟုတ်ရင် ... မင်းတို့အမေ နောက်ယောကျ်ားယူမှာတဲ့၊ အမေကလဲ ... ရှင်သာယူမှာ ကျုပ်မယူဘူး၊ ကျုပ်သေသွားရင် မြေးရှိရှိ မရှိရှိ ... ရှင် ရှေ့ဆုံးကယူမှာတဲ့ ...

“မင်းယူမှာ၊ ရှင်ယူမှာနဲ့လေ ... ငါက သေပြချင်လိုက်တာ၊ ကျုပ်က သေပြချင်လိုက်တာနဲ့ ... ပြိုင်တူကြီးတော့ မသေလိုက်ကြပါနဲ့၊ တစ်ယောက်ပြီးမှ တစ်ယောက်လုပ်ပါလို့ ဝင်ပြောတော့၊ ငါ့ပဲ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံးက ဝိုင်းရိုက်တယ်လေ"

အဲဒီဖက်ဆီမှရယ်သံတွေ လွင့်လာပေမယ့် .. သက်ပုံတို့ဝိုင်းကတော့ တိတ်ဆိတ်စွာနားစွင့်ဆဲပဲဖြစ်သည်။

"ဆွေမျိုးတွေကလဲပြောတယ်၊ မေမေက အရွယ်တင်ပြီး လှလဲလှတယ်၊ ချမ်းလဲချမ်းသာတယ်ဆိုတော့၊ ငါးကြော်မြင်လို့မှ မနှိုက်ရင် ကြောင်မိုက်ပေါ့တဲ့။ ဦးတိုးမြိုင်ဆိုတဲ့လူက ... "

ဒီဘက်ဝိုင်းမှ မိန်းကလေးအုပ်စုတစ်စုလုံး ကိုယ်ကလေးတွေ ပြိုင်တူမတ်သွားကြသည်။ မျက်ဝန်းလေးတွေ ကိုယ်စီကျယ်ကုန်ကြသည်။ အကြည့်စူးအားလုံးက အခြေအနေတစ်ခုလုံးကိုသဘောပေါက်စွာ၊ သက်ပုံရဲ့ ခပ်ငုံ့ငုံ့ခေါင်းပေါ်မှ ဆံပင်တွေပေါ်သို့ စုပြုံကျရောက်ကြလေ၏။

"ကြောက်မိုက်မဖြစ်ချင်ဘူးပေါ့ဗျာ၊ လောလောဆယ် မေမေ့မန်နေဂျာလေ... မေမေ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သူအသိဆုံး၊ ကျွန်တော်တောင် သူ့လောက်မသိဘူး၊ နေ့တိုင်းဘဏ်သွားပြီး ငွေအပ်နေရတာ၊ မေမေလက်မှတ်ထိုးပေးတဲ့ချက် ... တွေနဲ့ ငွေချေရတာက သူလေ ...

"မေမေ့လုပ်ငန်းခွဲအားလုံးက စာရင်းချုပ်ကို သူကိုင်တာ၊ မေမေက အားကိုးသွားတယ်ထင်ပါရဲ့ဗျာ"

"ဖြစ်နိုင်တယ်၊ ခပ်ချောချောထဲကလား"

"မေးမကြည့်မိပါဘူး"



"မြင်တောင်မမြင်ဘူးသေးဘူးလား"

"မမြင်ဘူးသေးဘူး၊ အစကတော့ ... ကိုယ့်ဘာသာအေးအေးနေလို့ မမြင်ဘူးတာ၊ ကျောင်းပြီးတော့ ... မေမေက ဝင်မလုပ်ရင်နေ ... အားလုံးတတ်ထားရင်ကောင်းတယ်ဆိုလို့ သင်တန်းတွေလျှောက်တက်နေရတာ၊ မအားပါဘူး ...

"အခု ... ဆေးရုံကဝင်ငွေလဲ အကောင်းဆုံး၊ စာရင်းလဲ အရှုပ်ဆုံး၊ အဲဒါ ... ငါကိုင်တော့တဲ့ကွာ၊ ကျန်တဲ့လေးငါးခုကို မေမေက သူလုပ်မယ်တဲ့၊ နည်းနည်းရှုပ်တာဆိုလို့ ကွန်စထရပ်ရှင် (Construction) ပဲရှိပါတယ်၊ ရက်ပ် (Rep:) တွေကတော့ ရှင်းပါတယ်၊ လုပ်ငန်းခွဲလိုက်တဲ့သဘောပေါ့ ...

"အဲဒါပြောပြီး လက်ထပ်မယ်ဆိုတာပါ တစ်ခါထဲပြောတော့ ... အဲဒီလူကြီးကို သွားလဲကြည့်မနေချင်တော့ပါဘူး"

"သူကရော ... လာမရောဘူးလား"

"မေမေ့မန်နေဂျာဝင်လုပ်တာ တစ်နှစ်ခွဲအတွင်း၊ အိမ်ကိုတစ်ခါမှမလာဘူး"

"အံ့တယ်၊ တစ်နှစ်ခွဲတောင်ရှိပြီ၊ မင်းမတွေ့ဘူးတာ"

"မေမေက အံ့စရာကောင်းလောက်အောင် အလှနိုင်တယ်၊ အဲဒီလူကြီး ကြိုးစားတာလဲပါမှာပေါ့၊ ငါ့မှာတာဝန်မရှိတော့၊ ငါကလဲ အေးဆေး ... နှပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ"

"မင်းက သဘောမတူဘူးလို့ပြောလိုက်လား"

"ပြောလိုက်တယ်၊ မေမေ့ကို တကယ်ကြင်နာတာမျိုးပဲဖြစ်စေချင်တယ်၊ မေမေ့ပိုက်ဆံတွေကို ထိုင်ဖြုန်းချင်တာမျိုးတော့ မဖြစ်စေချင်ဘူးလို့"

တောက် ...

ရင်ထဲမှာ အကျယ်ကြီးခေါက်ပစ်လိုက်သည်။ အသံထွက်မလာအောင် အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်ရတာ သွေးထွက်လုနီးပါး ... ။

"မေမေက ဆေးရုံလုပ်ငန်းနဲ့ ရက်ပ်တွေ ငါ့ကိုနာမည်ပြောင်းပေးတယ်၊ ကျန်တဲ့အလုပ်တွေက ရှုပ်လဲရှုပ်တယ်၊ ပင်လဲပင်ပန်းတယ်ဆိုပြီး မေမေလုပ်ဖို့ချန်ခဲ့တာ၊ မေမေ့နာမည်နဲ့ပေါ့လေ၊ ဦးတိုးမြင့်နာမည်ကို လုံးဝထည့်မပြောင်းပါဘူးတဲ့၊ အလုပ်ရှုပ်တာမို့ ဦးတိုးမြင့်ကို မန်နေဂျာဆက်ခန့်ပြီး လုပ်စေမှာပါတဲ့၊ မေမေက ဖြစ်နိုင်ရင် နားချင်ပြီတဲ့ ...

"အိမ်မှာပဲ အေးဆေးဇနေချင်ပြီတဲ့၊ မေမေ့ကိုစောင့်ကြည့်ပါဦး ပြောထားရတယ်၊ သနားလဲသနားတယ်၊ မျက်နှာလဲပူတယ်၊ မေမေကလဲ ရှက်တဲ့ပုံပါပဲ"

"မင်းက တားရင်တော့ ဇွတ်တိုးမယ့်ပုံမပေါ်ဘူးမဟုတ်လား"

"မတိုးဘူး၊ မေမေ သနားပါတယ်၊ ငါသဘောတူလာ



မယ့်နေ့ကို ထိုင်စောင့်နေရသလိုပဲ၊ ငါတို့မှာလဲ ချစ်စရာ ဒီသားအမိနှစ်ယောက်ထဲရှိတာ"

"မင်းအဖေသိလား ... ဒီကိစ္စ"

"သိတယ်၊ ဖေဖေက နိုင်ငံခြားသားစိတ်ဝင်နေပြီ၊ ဘာမှမပြောဘူး ... အိုကေပဲ"

"နည်းနည်းပါးပါး ... ဟိုဘက်ကလဲ ပစ္စည်းပါတယ်၊ ချမ်းချမ်းသာသာထဲကဆိုလဲ တစ်မျိုးပေါ့နော်"

"ဒါပေါ့ ... ခုတော့ လူထက် ... ငွေကိုပိုမက်တယ်လို့ ထင်ချင်စရာကြီးဖြစ်နေပြီ"

"စောင့်ကြည့်ဦးပေါ့ကွာ"

သဂ်ာပုံ ... မျက်ရည်ပေါက်ပေါက်ကျလေသည်။

"ပိုက်ဆံမက်တယ်လို့အပြောခံရတာ အရမ်းရှက်ဖို့ကောင်းပါတယ် ဖေဖေ"

"ပစ္စုန်က အထင်မှားနေတာပါ မြင့်လေးရဲ့၊ အထင်မှားတယ်ဆိုကထဲက တစ်နေ့မှန်လာရမှာပေါ့"

"ဖေဖေကလဲ စိတ်မဆိုးပဲ ခွင့်လွှတ်နေတာပဲ"

"သူ့နေရာကဝင်ကြည့်ပေးရတော့ ဒီလိုပဲခံစားရမှာလေ၊ ကိုယ်ချင်းစာတာပါ မြင့်လေး"

www.burmeseclassic.com

www.burmeseclassic.com



"သမီးကတောင် မိန်းမသားဖြစ်ပြီး သဘောထားကြီး ပေးရတယ်၊ သူက ယောကျ်ားဖြစ်ပြီး သဘောထား မကြီးနိုင်ဘူး"

"ဒီနေရာမှာ ယောကျ်ားဖြစ်ရဲ့သားနဲ့၊ မိန်းမသားဖြစ် ရဲ့သားနဲ့လို့ ပြောလို့မရဘူး မြင့်လေးရဲ့၊ ပဇ္ဈုန်က ယောကျ်ားပေမယ့် ... သူက မိန်းကလေးရှင်"

ဦးတိုးမြင့်က သိမ့်သိမ့်ရယ်၏။

"မြင့်လေးက ယောကျ်ားလေးရှင်လေ၊ သမီးရှင်နဲ့ သားရှင်မှာ ... သားရှင်ဘက်က စွန့်လွှတ်လိုက်လျော သည်းခံပေးရတာ၊ သမီးရှင်စိတ်တိုင်းကျလုပ်ပေးရ တာ၊ ဖေဖေတို့ မြန်မာ့ထုံးစံလေ မြင့်လေးရဲ့ ...

"ခုတော့ ... သမီးရှင်နဲ့ သားရှင်မဟုတ်ဘူးပေါ့ လေ၊ အဖေရှင်နဲ့အမေရှင်ဆိုတာပဲလဲ သမီးရှင် သားရှင်သဘောပါပဲ၊ မိန်းကလေးရှင်စိတ်တိုင်းကျ ဖြစ် ရှာပါစေ"

"တစ်ခုတော့ပြောပါရစေ ဖေဖေ၊ အဲဒီဖက်က မီးစိမ်း ပြတဲ့ထိ ဖေဖေစောင့်တုန်းမှာ၊ အဲဒီမျက်နှာတွေ သမီး မကြည့်ပါရစေနဲ့"

"နောက်တော့လဲ မြင့်လေးပါလိုက်နေရမှာ"

"ဖေဖေ့ကို အားကိုးတယ်ဆိုရင် ... ဖေဖေ့တိုက် ခန်းလေးထဲကို ဆင်းလာခဲ့ပါစေလား"

"အဲဒါကျတော့လဲ ဝဋ္ဋလိုလို ရုပ်ရှင်လိုလို စိတ်ကူး



ယဉ်ဆန်လွန်းရာရောက်သွားပြန်ရော"

ဖေဖေကတော့ တစ်ဖက်လှူဖြစ်လို့နေပါပြီ။ အ ခ်ကိုမမြင်နိုင်တော့တာ။ ခုထဲက ဒီလောက်ဆိုရင် တူတူ နေလို့ဖြစ်ပါ့မလား။ ဖေဖေ လက်ထပ်သွားတဲ့အချိန်မှာ မြင့် င်ခင်လေးဆိုတဲ့အရွယ် မရောက်တရောက် မိန်းမသား စ်ယောက်အတွက် နိုနားရာအရိပ်တစ်ခုဟာ ဘယ်မှာလဲ။

"မငိုပါနဲ့ မြင့်လေးရယ်၊ ဖေဖေက မြင့်လေးကိုချစ် တာပဲ၊ မြင့်လေးအတွက် ထည့်မတွက်ပဲနေပါ့မလား"

"သိုက်တူးတယ် မနွပ်စွဲရုံတမယ် ပြောနေတာကို ခံပြင်းတာပါပဲ"

"နှစ်ရှည်လများ ... မတူးပဲ နေပြလိုက်ရင် သူ့ ဘာသာ သဘောပေါက်သွားပါလိမ့်မယ်"

အော် ... သူ့ကြည်ဖြူခွင့်လွှတ်မှုအတွက် နှစ် ားတောင်ချီပြီး သည်းခံရဦးတော့မယ်ဆိုပါလား။ ဒီလူ မျက်နှာချင်းမဆိုင်ချင်တာတော့ မဟုတ်၊ ဆိုင်တော့ င်ချင်ပါရဲ့။ ဦးတိုးမြင့်ရဲ့သမီးအဖြစ်နဲ့တော့ မဟုတ်ဘူး း။

•

ဆဆဆဆ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"ဦးသက်တင်နဲ့ပြောချင်ပါတယ်"

ပဒ္မုန် ... မျက်ခုံးနှစ်ခု အတွန့်ကျိုးသွ
သည်။ ဦးသက်တင်နှင့် ပြောချင်ပါတယ်ဆိုတော့ ...
ဖေနှင့်ပြောချင်တာပေါ့။ ဖေဖေနှင့် ဖုန်းပြောချင်သော
ကလေးဟာ ဖုန်းထဲမှစကားသံအရဆိုလျှင် တော်တော်
ရွယ်ပါလိမ့်ဦးမည်။ ကိုယ့်ထက်တောင် ငယ်နိုင်သေးသ
ဒီလောက်ငယ်ငယ် မိန်းမတစ်ယောက်နှင့်ပတ်သက်စရာ
ဖေ့မှာ ဘာအကြောင်းရှိမှာလဲ။ ပြီးတော့ ... ဖေဖေ
ခြားကို ထွက်သွားခဲ့တာကြာပြီ။ နှစ်နှစ်ကျော်လို့ သုံး
တောင်ပြည့်တော့မည်။

လွမ်းမောဖွယ်အဖြစ်ကလေးတွေက ပဒ္မုန်
မှာတိုက်ဆိုင်နေတာလေးတွေ ဂါ့ရ၏။ ပဒ္မုန် နှစ်ဆယ်





နှစ်ပြည့်သော့နေ့က ဖေဖေ ... လေယာဉ်ပျံပေါ်တက်သွားခဲ့တာ။ မေမေက လိုက်မပို့ပဲ အိမ်မှာနေခဲ့သည်။ တစ်ယောက်ထဲ အခန်းတံခါးပိတ်ပြီး ငိုနေမယ်မှန်း ပဒ္မုန် ခန့်မှန်းနိုင်၏။ ဖေဖေနှင့်မေမေတို့က တရားဝင်ကွာရှင်းပြတ်စဲစာချုပ်မှာ လက်မှတ်ထိုးပြီးသည့်တိုင် ဖေဖေက သူငယ်ချင်းကြီးအဖြစ်နှင့် ဒီအိမ်ပေါ်မှာပဲ ဆက်နေခဲ့သည်။

"မြစိမ်းရေ ... " ခေါ်ကာ ဘာညာဂွိဂွမ်၊ ပြောဆိုရယ်မော၊ နောက်ပြောင်၊ ခေါ်မြစိမ်းရည်ဆိုသော အမျိုးသမီးဟာ ဘယ်တုန်းကမှ သူ့ချစ်သူ သူ့ဇနီးမဟုတ်ခဲ့မဖြစ်ခဲ့ဖူးသော ... ငယ်ပေါင်းကြီးဖော်သူငယ်ချင်းကြီးလို ရိုးသားရင်းနှီးစွာနေထိုင်သွားတာ၊ အိမ်ပေါ်မှာ တစ်လကျော်ကျော်။ မေမေကလည်း အေးအေးဆေးဆေး။ သက်သောင့်သက်သာ။ အထူးတလည် တုန်လှုပ်ကြေကွဲ၊ အပူလုံးဆို့နေပုံမရ၊ နည်းနည်းတော့ အခံရခက်သလို ဖေဖေ့လို ဟေးလားဝါးလားမရှိနိုင်ပါ။

လေဆိပ်ကိုသွားဖို့ အိမ်ပေါ်ကအဆင်း၊ နှုတ်ဆက်ချိန်မှာတော့ ဖေဖေ ... နည်းနည်းကလေး ဣန္ဒြေပျက်၏။

"မြစိမ်းကို ကိုယ်ကစိတ်ချပါတယ်၊ ကိုယ့်ကိုကိုယ်ရော သားကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့အမျိုးသမီးတစ်ယောက်အဖြစ်နဲ့ ကိုယ်စိတ်ချသွားခဲ့တယ်၊ အခါအခွင့်သင့်တဲ့အခါတွေ ... ကိုယ့်ဆီလိုက်လည်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကိုယ်က ကိုယ့်တိုင်းပြည်ကိုလွမ်းလို့ ပြန်လာလည်တဲ့အခါမှာလဲ ဒီအိမ်ပေါ်မှာ မိတ်ဆွေတစ်ယောက်အဖြစ် တည်းခိုပါရစေ"

"ရပါတယ်"

"သွားပြီ"

ပဇွန် ပခုံးကိုဖက်၍ ဖေဖေ အိမ်ပေါ်ကဆင်းသည်။ ဘယ်လောက်ပဲ စိတ်ပြတ်ကြသည်ဆိုဆို၊ သံယောဇဉ်သည် တွယ်နှောင်တတ်သည်ပဲဖြစ်၏။ မေမေ့ကိုလှည့်ကြည့်တော့ မျက်ရည်ဝဲနေသည်။ ပဇွန်တို့ကား ထွက်သွားပြီးသည့်နောက်ပိုင်းမှာ အခန်းထဲပြေးဝင်၊ သော့ပိတ်ပြီး မေမေ ချုံးပွဲချငိုကောင်းငိုပါလိမ့်မည်။ ငိုရှာပါစေတော့။ ခုလို ခွဲခွာကြခြင်းဟာ အရွယ်ရင့်လူကြီးနှစ်ဦးရဲ့ နှလုံးသားရော ဦးနှောက်ပါသုံးစွဲပြီး ချမှတ်လိုက်သည့်ဆုံးဖြတ်ချက်မို့၊ ဖေဖေနှင့်မေမေအတွက် အမှန်ကန်ဆုံးမဟုတ်တောင် စိတ်တိုင်းအကျဆုံး၊ ဆုံးဖြတ်ချက်ဖြစ်မှာပါ။ တက်တက်စင်မှားယွင်းခြင်းမျိုးလည်း ဖြစ်နိုင်ဖို့မရှိပါ။ သားဖြစ်သူပဇွန်အတွက်လည်း မကြာမီ ဘွဲ့ရတော့မည့် နှစ်ဆယ့်နှစ်နှစ်အရွယ်ယောကျ်ားလေးမို့ … ကြောင့်ကြစွာ ငဲ့ကွက်နေဖို့မရှိတော့ပါ။

ဖေဖေက လေဆိပ်မှာ ပဇွန်ကို ကျစ်ကျစ်ဖက်လျက် ပါးကို ဘယ်ပြန်ညာပြန်နမ်း၍ မြန်မာဖခင်တစ်ယောက်၏ အချစ်ကိုပြသွားခဲ့သေးသည်။ ပဇွန်ကလည်း



ပြန်နမ်းသည်။ ရင်ချင်းအပ်၊ လက်ပြင်ကို တစ်ချက်နှစ်ချက်ပုတ်ရုံနှင့် ကျေနပ်လိုက်တာမျိုး မဟုတ်ပါ။ ဖေဖေ့ပါးဖောင်းဖောင်းဖွေးဖွေးကြီးကဲ့ အသားထူထူတွေ ပဇွန်နှာခေါင်းပေါက်ထဲ ထိုးသိပ်တိုးဝင်ကုန်သည်ထိကို ရှူရှိုက်ပစ်လိုက်တာပါ။ ပြီးတော့ … ဖေဖေ ပြည်ပထွက်ခွာဆောင်ထဲ ဝင်သွားခဲ့သည်။ ပဇွန် လေယာဉ်ထွက်သည်ထိ အပေါ်ထပ်တက်ပြီးစောင့်၍ လက်ပြတာမျိုးမလုပ်ပဲ အိမ်သို့သာ ပြန်လာခဲ့ပါသည်။

မေမေ့ကို ထမင်းစားခန်းထဲမှာ တွေ့ရသည်။

ပဇွန်ရဲ့နှစ်ဆယ့်နှစ်နှစ်ပြည့်မွေးနေ့ပွဲကို သားအမိနှစ်ယောက်ထဲကျင်းပဖို့ ပြင်ဆင်နေ၏။ မေမေကိုယ်တိုင်လုပ်သော မေမေ့လက်ရာ မွှေးရှည်။ ဖေဖေ အလွန်ကြိုက်နှစ်သက်စွာ အားရပါးရစားတတ်ခဲ့သည်။ နောက်ဆုံးအကြိမ်အဖြစ်တောင် မေမေက မကျွေးလိုက်ပါ။

"သူသွားမယ့်နေ့ဟာ … သား နှစ်ဆယ့်နှစ်နှစ်ပြည့်မွေးနေ့ဆိုတာ သူ့ဘာသာ သတိမရရင် ပြောမနေနဲ့တော့" … တဲ့။

ဖေဖေက မေ့နေပါသည်။

စင်စစ် … ဒီနှစ်မှ မေ့ကာတော့မဟုတ်ချေ။ နှစ်တိုင်းမေ့သည်။ မေမေ့မွေးနေ့လည်း သတိမရ၊ မင်္ဂလာဆောင်နှစ်ပတ်လည်ရက်တွေလည်း သတိမရ။ သူ့မွေးနေ့တော့ သူသတိရစွာ …

www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်းရေ ... ကိုယ့်မွေးနေ့ကျရင် မြီးရှည်လုပ်ပေးကွ" ... ဟု ပြောတတ်သည်။

မေမေကသာ နှစ်တိုင်း စောစီးစွာ ကြိုသတိရပြီး ပြင်ဆင်နေတတ်ခဲ့တာ။ ဒီတစ်နှစ်မှာတော့ နာကျင်ဖွယ်ဖြစ်ရပြီ။ ကြေကွဲရပြီ။ ပဒ္မုန်မွေးနေ့က သားအမိနှစ်ယောက်ထဲ ခြောက်ကပ်နေခဲ့၏။ ယခု ... ပဒ္မုန် ... မကြာမီ နှစ်ဆယ့်ငါးနှစ်ပြည့်တော့မည်။ မေမေက ငွေရတုမွေးနေ့မို့ ထူးထူးခြားခြားလေး စီစဉ်ပေးမည်ဟု ပြောထားခဲ့သည်။ သူငယ်ချင်းတွေ ဖိတ်ချင်ဖိတ်ပါတဲ့။ ခြံထဲမှာ စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင်ဖြစ်စေရမည်တဲ့။ ထူးဆန်းတာက နိုင်ငံခြားထွက်ဖို့ လေယာဉ်ပေါ်တက်မည့်နေ့ဟာ ပဒ္မုန်ရဲ့နှစ်ဆယ့်နှစ်နှစ်ပြည့်မွေးနေ့မှန်း သတိမရပဲ မေ့နေခဲ့သော ဖေဖေက ငွေရတုကျမှ သတိရနေခြင်းပဲဖြစ်သည်။

"သား ... နှစ်ဆယ့်ငါးနှစ်ပြည့်မွေးနေ့လက်ဆောင် ဖေဖေ ... ကားတစ်စင်းပို့လိုက်မယ်" ... တဲ့။

ဖုန်းဆက်၏။

မွေးနေ့က မကြာခင်ကျင်းပရတော့မှာမို့ ... ဖေဖေ ဤနိုင်ငံမှ ထွက်ခွာသွားခဲ့တာ သုံးနှစ်တိတိပြည့်တော့မည်။ ဒီကြားထဲမှာ မကြာမကြာဆိုသလို ဖုန်းဆက်ပါသည်။ ဒေဖေ့မိန်းမကလည်း တစ်ခါ ... တစ်ခါ စကားဝင်ပြောသည်။ နှုတ်ဆက်သည်။ ဖေဖေက မြန်မာအစားအသောက်တွေကို လွမ်းတတ်သည်မို့ ... တာဝန်မကြီးလျှင်



ျူးရူးပြု၍ ပို့ပေးစေလိုကြောင်း ပြောတတ်သည်။ မေမေ
မုန့်ဟင်းခါးခြောက်၊ အုန်းနို့ခေါက်ဆွဲခြောက်၊ ဗာလ
ာင်ကြော်၊ လက်ဖက်၊ ငါးရံ့ခြောက်နှင့် ချဉ်ပေါင်ရွက်၊
ုန်ခြောက်တွေကို ပို့ပေးရသည်။ မေမေလက်ထပ်တော့
ည့်ကိစ္စမှာလည်း ဖေဖေ့ကိုပဲ အရင်းနှီးဆုံးမိတ်ဆွေသဘော
ထား၍ တိုင်ပင်ခဲ့သည်။ ဖေဖေက ဝမ်းသာအားရ အား
း၏။

"အဖော်ဆိုတာ ... လိုတယ်" ... တဲ့။

"ခေါင်းသုံးပြီး စဉ်းစားရွေးချယ်လိုက်တဲ့အဖော်ပဲ ဖြစ်ပါစေ" ... တဲ့။

"ကံကောင်းပါစေ" ... တဲ့။

ပြီးတော့ သားနှင့်ပြောမည်ဆိုကာ ... မိခင်
ာ်အနှောင့်အယှက်ဖြစ်အောင် မလုပ်သင့်ကြောင်း ဒီနေရာ
ာတော့ အနောက်နိုင်ငံသားတွေရဲ့ခံစားမှုက ပိုပြီးသဘောထား
ြီးရာရောက်ကြောင်း၊ ကိုယ်လည်း အရွယ်ရောက်ပြီ၊ ဘွဲ့ရပြီ၊
ိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်
ာတော့မယ့်အခါမှာ အမေကို တစ်ယောက်တည်းထားခဲ့တာနှင့်
ာလျှင် စိတ်ချရသည့်အဖော်ကို ရှာပေးထားခဲ့ခြင်းဟာ မေတ္တာ
ားကို ဖော်ထုတ်ပြသရာတွင် ပို၍ပီပြင်ကြောင်းများ ...
ြန်မာလိုမပြောပဲ အင်္ဂလိပ်လိုပြောသွားသည်မို့ ပဒ္မုန် မှည်း
ာ်ရုံစိုက်၍ လိုက်နားထောင်ခဲ့ရပါသည်။

"ဒီမှာ ... ဘာသံမှလဲ မကြားရဘူး ဖုန်းချသွား

www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ခေါ်ပေးမှာလား၊ ကိုင်ထားရဦးမှာလား
ပြောဦးလေ၊ ယဉ်ကျေးမှုလဲမရှိဘူး"

ပဖွန့် ... ခနတော့ တွေဝေသွားခဲ့သည်။ ဖေဖေ့အကြောင်း တွေးတောရင်း နစ်မျောသွားခဲ့သည်။ တယ်လီဖုန်းကိုင်ထားတာပါလားဆိုတာကို မေ့လျော့သွားခဲ့ပါ၏။

"ဆောရီး ... ခင်ဗျားက ဦးသက်တင်နဲ့ ပြောချင်တာလား"

"ဟုတ်တယ်"

"ဦးသက်တင် ... အမေရိကားကို ထွက်သွားတာ သုံးနှစ်ပြည့်တော့မယ်"

"ကျွတ် ... သူ့သားကိုပြောတာ"

"သူ့သားက ပဖွန့်သက်တင်"

ပဖွန့်နားထဲ ထောင့်သွားရချိန်မှာ သက် မျက်နှာလေးသည် ရယ်ကျဲကျဲဖြစ်သွားရသည်။ ဟိုနေ့က သူ့သူငယ်ချင်းတွေက "သက်တင်" ခေါ်တာ နားထဲစွဲပြီး "ဦးသက်တင်" ခေါ်မိ၏။ မှားပုံက ရယ်ချင်စရာ။ အဲဒါ ကြောင့် ပြုံးလိုက်မိတာ၊ တယ်လီဖုန်းမှာသာ တီဗီပါ သက် ၏ရဲ့မျက်နှာ ... ဟိုဘက်မှာ သွားပေါ်ခဲ့လျှင် ရယ်ကျဲ ကျဲဖြ ်နေတာ ရှက်ဖို့ဘယ်လောက်ကောင်းလိမ့်မလဲ။ သက် မျက်နှာကို ချက်ချင်းပြန်တည်ပစ်သည်။ ပဖွန့်မျက်နှာကလည်း ထန်ထန်တည်တည်ပါပဲ။ ဘယ်ကမုန်းမသိသော ကောင် လေးတစ်ယောက်က စကားပြောပုံမယဉ်ကျေးလိုက်တာ။



"အဲဒီ ... ဦးပဖွန့်ကိုပဲခေါ်ပေး" ... တဲ့။
သူကပဲ အမိန့်ကြီးတစ်ခုလို ချမှတ်လို့လေ။
"ပြောနေတယ်"
ခက်ထန်ထန်ပဲ ပြန်ပြောလိုက်သည်။
"ဟင် ... လေသံကလဲ မာရေကြောရေနဲ့"
"ဒီလိုပဲပြောတတ်တယ်"
"ဘဝင်"
"ခပ်မြင့်မြင့်ထဲက"
"ကျုပ်တို့က ပိုပြီးမာနကြီးသေး"
"ဒါဆို ... ဘာဖြစ်လို့ ဖုန်းလာဆက်နေလဲ"
"ကိစ္စရှိလို့"
"ပြော"
"မနေ့က ... စိန်လျှံမှာဘာပြောခဲ့လဲ"
"အများကြီးပဲ၊ စုံလို့ပဲ၊ မမှတ်မိတော့ဘူး"
"ရှင်တို့ ပိုက်ဆံချမ်းသာတာကို နည်းနည်းလေးမှ အထင်မကြီးဘူးမှတ်ပါ"
"ရတယ်"
"ကိုယ့်လုပ်အားကရတဲ့ ချွေးနီးစာမဟုတ်ရင် ဘယ် သူ့စည်းစိမ်ကိုမှ မတရားရယူလိုစိတ်မရှိဘူး၊ လုံးဝ လုံးဝပဲ"
"ကောင်းတာပေါ့"
"အဲဒါ ... ရှင်သိထားဖို့လိုအပ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝစိတ်မဝင်စားဘူး၊ ဘယ်မိန်းမမှာ ဘယ်စိတ်မျိုးရှိနေလို့မှ ကျုပ်အလုပ်မဟုတ်ဘူး၊ ဘာမှသိထားစရာမလိုဘူး၊ စိတ်ကိုမဝင်စားတာ၊ လုံးဝ ... လုံးဝပဲ"

"ရှင် ... စကားပြောတာ ရိုင်းလှချည်လား"

"မင်းက ... အသားလွတ်၊ ဘလာချီလာကောနေပြီးတော့"

"ဘလိုင်းတော့ဘယ်ဟုတ်ပါ့မလဲ၊ အကြောင်းရှိလို့ပြောရတာ"

"ဘာအကြောင်းမှ စိတ်မဝင်စားဘူး"

"ရှင် ... တော်တော်ကြီးကျယ် ဘဝင်မြင့် မာနကြီးသလောက် အောက်တန်းကျတဲ့လူပဲ"

"ကြီးကျယ်ဘဝင်မြင့် မာနကြီးပြီဆိုကတဲက ကြီးကျယ်ဘဝင်မြင့်မာနကြီးလောက်အောင် ခိုင်လုံတဲ့ပံ့ပိုးပင့်ချီမှုတွေရှိနေလို့ပေါ့၊ အထက်လွှာမှာ တလူလူပဲရှိတော့မပေါ့၊ ဘယ်မှာအောက်တန်းကျပါ့မလဲ"

"ရှင် တော်တော်အောက်ခြေလွတ်ပါလား"

"မွေးကထဲက မြေကြီးပေါ် ခြေတစ်လှမ်းစာမချဘူးတာအမှန်ပဲ"

"အရမ်းမှန်းတာပဲ"

"ရတယ် ... ဒါပဲဆိုရင် ဖုန်းချလိုက်တော့မယ်"

"ခဏနေဦး"



"မင်းကမှရိုင်းဟာ၊ စကားပြောတာ ယဉ်ကျေးသိမ်မွေ့မှုကိုမရှိဘူး၊ ဘယ်လိုမိဘက မွေးထားတာလဲ"

"ရှင် ... သိပ်လူပါးမဝနဲ့၊ မိဘကို ဘာမှထိခိုက်ပြောစရာမလိုဘူး၊ ရှင်သာ ... "

"ဆောရီး ... ဟုတ်တယ်၊ မိဘကို ထိခိုက်ပြီးပြောတာ တို့မှားသွားတယ်၊ မင်းမိဘကတော့ ကောင်းမှာပါ၊ မင်းတစ်ယောက်ထဲ သီးသန့်ရိုင်းစိုင်းနေတာ"

"ရှင့်လို စိန်နားကပ်အရောင်နဲ့ ပါးပြောင်နေတာမဟုတ်ဘူး သိလား၊ အမေချမ်းသာတာ ရှင့်အရည်အချင်းမဟုတ်ဘူး၊ ဘယ်သူမှလဲ အထင်မကြီးဘူး၊ ဘာစည်းစိမ်ချမ်းသာမှ မမက်မောဘူး၊ ထမင်းခြမ်းကို ယပ်ခပ်စားပြီး ရေခဲရေသောက်နေနိုင်တယ် သိလား"

"ရေခဲဘုံးကြီးလဲ ဖင်ခုထိုင်ဦးလေ"

ပဖွန့် ... ကိုယ့်စကားကိုယ်သဘောကျကာ ချင်သွားရသည်။ စောစောတုန်းကတော့လည်း စိတ်ဆိုး လိုလိုအရှိသား။ အားကျမခံ ရန်ပြိုင်ဖြစ်ရင်းက ပျော် ရတော့သည်။ ပျော်တော့လည်း ဒေါသက အလိုလိုပြေ ည်။

"ရှင်ပဲ ထိုင်"

"မသိလို့မေးပါရစေ ... တို့ကို နေရင်းထိုင်ရင်း ဖုန်းဆက်ပြီး ရန်လုပ်တာ အကြောင်းတော့ရှိရမယ်"

www.burmeseclassic.com



"ရှင်က ကိုယ်ချင်းစာပြီး လူတကာ ရှင့်လိုပဲ ပစ္စည်းမက်ငွေမက်ထင်နေတယ်၊ ကျွန်မတို့က လျှာပေါ်မြက်ပေါက်ပစေ၊ သူများပစ္စည်း တစ်ပြားဖိုး အလကားမလိုချင်ဘူး၊ ပစ္စည်းဆိုတာ သခါရ၊ သေတော့လဲ ကိုယ့်နောက် ပါတာမဟုတ်ဘူး၊ ထားခဲ့ရမယ့်ကူတွေ ရှင်တုန်းခိုက်မှာ မကြောင့်မကြလေးနေရရင်ပော်ပြီ ဘာမှလောဘတက်နေစရာမလိုဘူး"

"အဖိုးတန်လိုက်တဲ့စကားတွေဗျာ၊ တရားနာရသလို ပါပဲ"

"ရှင် နောက်စရာများမှတ်နေလား"

"ဟုတ်ကဲ့ ... အချိန်ရှိသေးရင် ဆက်လက်အမိန့်ရှိပါဦး"

တယ်လီဖုန်းချသံအကျယ်ကြီး နားထဲသို့ ဝင်သွားသည်မို့ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားရသည်။ ပြော ပါ ... ဆိုတော့မှ မပြောပဲချသွားသည်။ ထိုမိန်းကလေးမှာ ခံစားချက်တစ်ခုခုရှိထားပုံရသည်။ သူ ... ကိုယ်နှင့်ပတ်သက်ပြီး ဘာကိုများ မကြေမညက်ရှိပါလိမ့်။ ပစ္စည်းဥစ္စာပိုင်းနှင့်ပတ်သက်ရမည်။ သူမက "မမက်မောဘူး" ဆိုတာကို အဓိကထား၍ ပြောသွား၏။ ကိုယ်က ဘယ်သူ့ကို ဘယ်တုန်းက "မက်မောသူ" အဖြစ် စွပ်စွဲပြောဆိုခဲ့ဖူးပါလိမ့်။

မှတ်မိပြီ။



ဖြစ်မှုက လတ်လတ်ဆတ်ဆတ်ကြီးပဲရှိသေး၏။ မနေ့က ... ဟုတ်သားပဲ။ စိန်လျှံမှာ သူငယ်ချင်းတွေနှင့် စုပြီး လက်ဖက်ရည်သောက်သည်။ ပဏာမ စတိ ဟုလည်းဆို၏။ ဒုတိယအဆင့်အနေနှင့် ယုဇနမှာ ဘူဖေးကျွေးရမည်။ ပဖွှုန်ဆေးရုံကြီးကို လက်တွေ့စတင်ကိုင်တွယ်သည့်နေ့ကျတော့ ဆီဒိုးနားမှာမှ စားမည်ဆိုသော ဒွိဟဒွန္တရကပ်မှ လူဖြစ်လာသော သူငယ်ချင်းတွေနှင့် မေမေလက်ထပ်တော့မည့်အကြောင်း ပြောဖြစ်၏။ ဦးတိုးမြင့်က ငွေမက်ဘာဖြစ်နေနိုင်သည်မို့ စောင့်ကြည့်ပါဦးဟု မေမေ့ကို မီးစိမ်းမပြသေးဘဲထားရကြောင်း ပြောခဲ့၏။ ကြည်စိုးနှင့်ပါလာသော ကိုကျော်စွာကိုတောင် ပြောပြနေဖြစ်သေးသည်။ အဲဒီတုန်းက ဘေးစားပွဲမှာ ကောင်မလေးတွေ နန်းကြီးသုပ်သားဘာလားမသိ၊ စားနေကြသည်။ မိန်းကလေးတွေဖြစ်ပါလျက် လက်ပံပင် ဆက်ရက်ပျံသလို ညည်းမနေလို့တောင် စိတ်ထဲ ကျိတ်ချီးကျူးမိလိုက်သား။

ခုပြန်စဉ်းစားကြည့်တော့ ...

အဲဒီ စားပွဲဝိုင်းက အတိတ်ဆိတ်လွန်နေ၏။ မိန်းကလေး ... လေးငါးယောက်စုမိနေတာ၊ ဒီလောက် တိတ်ဆိတ်ဖို့မရှိ။ လက်ပံပင် ဆက်ရက်မကျတောင် ကိုယ့်ကိစ္စလေးတွေကိုယ် အေးဆေးညင်သာ ဆွေးနွေးနေနိုင်သည်။ ဒီဟာကျတော့ ... တိတ်ကိုတိတ်ဆိတ်နေတာကို တစ်ချက်သတိပြုလိုက်မိသည်။ လက်စသတ်တော့ အဲဒီကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုထဲက တစ်ယောက်ဟာ ကိုယ့်စကားတွေ အာရုံစိုက်
နေတာပဲဖြစ်မည်။ ဝေ့ခနဲတောင် တစ်ချက်လှည့်ကြည့်မိသေး
ထင်ပါရဲ့။ မျက်နှာချင်းဆိုင်လည်းရှိ၊ ကျောပေးလည်းရှိ၊ ကိုယ့်
မျက်စိထဲတော့ လှတပတလေးလည်း မမြင်မိလိုက်၊ အား
လုံးဟာ သာမန်ရွက်ကြမ်းရေချိုကလေးတွေပဲဖြစ်သည်။ ကျ
သားတွေကလည်း ဆွတ်ဆွတ်ဖွေးဖွေးကြီးပါပုံမရ၊ သူတို့
အသား ဘာရောင်မှန်းလည်းမသိ၊ မျက်နှာပြင်က ခပ်ပြော
ပြောင်နှင့် အဆီပြန်နေတာလား၊ အဆီတစ်ခုခုသုတ်ထားတာ
လားလည်းမသိ၊ ပြောင်တောင်တောင်နှင့် ကြည့်ချင်စရာ
မရှိ၊ မျက်စိထဲ မစွဲပဲ မှတ်မိသားမိကို မရှိလိုက်ပါ။

သူတို့ထဲက ကောင်မလေးတစ်ယောက်ယော
က မခံချင်စွာဖုန်းဆက်တယ်ဆိုလျှင် မခံချင်နိုင်ဖို့ လုံလော
သောအကြောင်းရင်း ဘာရှိမလဲ။ အော် ... ဦးတိုးမြင့်
သောပုဂ္ဂိုလ်မှာ သမီးတစ်ယောက်ရှိသည်လို့ ကြားဖူးရဲ့။ မေ
မေတောင် မမြင်ဖူးသေးပါတဲ့။ ကန့်ကွက်ရန်မရှိ ... ဆ
ပဲ။ ဖခင် မှဆိုးဖို နောက်အိမ်ထောင်ပြုသောကိစ္စကို ကြည်
ဖြူသတဲ့။ ဒေါ်မြစိမ်းရည်ဆိုတာ ကြည်ဖြူချင်ဖွယ် မိထွေး
ကောင်းကြီးလေ။ ကြည်ဖြူတာ ဆန်းသလား။ မေမေနှ
မေမေ ... မကွဲကွာခဲ့လျှင် ဘယ်လောက်ကောင်းမလဲကွယ်



"ဟင် ... မြစိမ်း ဘာဖြစ်လို့ကျောင်းထွက်ရမှာလဲ"

"မထွက်ရပါဘူး၊ ခဏအမတက်ရမှာ၊ တစ်လလောက်ကြာရင် ပြန်တက်ရမယ်"

"အခု ဘာဖြစ်လို့လဲ"

"ယောကျ်ားပေးစားမလို့"

"မြစိမ်းမယူဘူး"

"အမှားအမှန်ကို မဆုံးဖြတ်နိုင်လောက်အောင် မွန်နေတဲ့ သားသမီးကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မပေးရဘူး၊ မိဘအာဏာသုံးပြီး ချုပ်ကိုင်ရတယ်၊ နောင်တစ်ချိန်ကျမှ ဒီကျေးဇူးကို ကျေးဇူးရှန်းတင်လိမ့်မယ်၊ ကျုပ်က မိဘ ... ညည်းကသမီး ... ကျုပ် ဒီလိုပဲလုပ်မယ် ...

"ညည်းက မိဘဖြစ်ပြီး ... ညည်းသားသမီးကျရင်လဲ ဒီနည်းကိုပဲသုံးလို့ ပြောခဲ့ရလိမ့်မယ်၊ ကျုပ်မမှာလဲ ညည်းသုံးမှာပဲ၊ အခု ကျုပ်ပြောနေတဲ့စကားတွေနဲ့ ကျုပ်လုပ်ရပ်တွေကို ညည်းမိဘဖြစ်လာတဲ့ တစ်နေ့ကျ လုပ်မှာပြောမှာ မုချပဲ ...

"ညည်းမှာ ညည်းလိုမွန်နေတဲ့ သားသမီးတစ်ယောက်ပါလာရင်ပေါ့၊ အဲဒီခါကျရင် ကိုယ်ချင်းစာနိုင်လိမ့်မယ်၊ ကျုပ်မရှိတော့ရင်တောင် ညည်း ... ကျုပ်ကိုတ,ပြီး ငိုလိမ့်မယ်"

မြစိမ်းရည် ရင်ကွဲမတတ် အော်ငိုပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းခြင်းမှာ ဒေါသဖြင့် မခံမရပ်နိုင်ခြင်းက တန်းတူညီပါဝင်သည်။ ရှန်းကန်ဆောင့်အောင့်၍ သောင်းကျန်းသည်။ တစ်အိမ်လုံးမှာတော့ ခြံထဲဆင်းနိုင်သည့် တံခါးပေါက်မှန်သမျှ သော့ခတ်ပြီးသွားပြီ။ ခြံတံခါးကြီးလည်း သော့ခတ်သည်။ သော့တွဲတစ်စုံလုံးကို ဘီရိုထဲထည့် သော့ခတ်ပြီး ဘီရိုသော့ကိုကျမှ မေမေက ကတ္တီပါကြိုးဖြင့်သီ၍ လည်ပင်းမှာဆွဲလိုက်သည်။ မေမေကိုယ်တိုင် အကြိမ်ကြိမ်လှုပ်ရှားပြီးမှ တံခါးတွေပွင့်ပေတော့မည်။

"မစားဘူး ... ပြန်ယူသွား"

မြစိမ်းအခန်းထဲသို့ ရောက်လာသော ထမင်းပန်းကန်ကို မြစိမ်းက တွန်းပစ်၏။ အိမ်ဖော်မလေးက ပျံ့ကျဲဖိတ်စင်နေတာတွေကို ကောက်သိမ်းသွားသည်။ ရေနှင့်ထမင်း၊ ကော်ဖီနှင့် မုန့်ကိုစားချိန်တွေမှာ လာပို့သည်။ တွန်းပစ်လျှင် ကောက်သိမ်းသည်။ မထိမတို့လျှင် ခဏကြာတော့ ပြန်သိမ်းသည်။

"စားလိုက်ပါ သမီးလေးရယ်၊ လိမ္မာပါတယ်"

ဆိုတာမျိုး၊ မေမေ တစ်ခွန်းမျှ လာမပြောပါ။ မြစိမ်းတို့ စိတ်ထက်တယ်ဆိုတာ မေမေ တစ်ရေးနိုး ယောင်သလောက်ပဲရှိမည်။ မေမေက ဒါဆိုဒါ။ ဖေဖေလည်း မေမေ့ဆန္ဒကို မလွန်ဆန်နိုင်ပါ။ ဘယ်သူမှကို မလွန်ဆန်နိုင်တာပါလေ။ မေမေတို့များ ကိုယ့်မိသားစုထဲ ကိုယ်ဗိုလ်ကျရုံဖြင့် အားမရပဲ ဆွေမျိုးတွေကြားထဲ လည်၍ဗိုလ်ကျ၊ စီစဉ်၊ ညွှန်



ကြား၊ ဩဇာပေးသေး၏။ သူ့အမိန့်ကို နာခံမှလည်း ကြိုက်သည်။ နာလည်း နာခံကြရသည်သာ။ မေမေက ... ရောအင့် ... ရောအင့် ... နှင့် တစ်ဆွေလုံးတစ်မျိုးလုံးကို ပြန်ကြည့်သည်။ လူလတ်တန်းစားအသိုင်းအဝိုင်းမှာ ပေါက်ဖွားခဲ့သော မေမေဟာ ဆယ့်ရှစ်နှစ်ကာစလို့ သူ့ဖွမ်းဘူ့စနှင့် စီးပွားရှာပြီး အမျိုးထဲ ထောင်တက်လာခဲ့တာ၊ ဖေဖေနှင့် အိမ်ထောင်ကျတော့ သူဌေးနီးပါးတောင်ဖြစ်နေခဲ့ပါပြီ။

"ကမ္ဘာပေါ်မှာ ညည်းတစ်ယောက်ထဲ ရည်းစားထားဖူးတယ်မထင်နဲ့၊ ကျုပ်လဲထားဖူးတာပဲ၊ ထားမိတဲ့ရည်းစားက အသုံးမကျတော့ တစ်ဘဝလုံးအတွက် လက်မတွဲနိုင်ဘူး၊ ချန်ခဲ့ရတာပဲ၊ ဒါကိုမှ သစ္စာဖောက်တယ် ထ,အော်နေရင်လဲ အော်ရင်းသေပစေ ...

"အချစ်ဆိုတာ သမီးရည်းစားဘဝလေးမှာ ခဏပျော်ရတာ၊ အိမ်ထောင်သည်ဘဝမှာ စားဝတ်နေရေး မဖူလုံရင် ဘာအချစ်မှ လာမဖြစ်ထွန်းဘူး၊ ဗိုက်ဆာလာရင် ကိုယ့်ယောကျ်ားမျက်နှာကြည့်ပြီး ဒေါသထွက်လာမှာပဲ"

ဖေဖေ ခိခနဲရယ်လိုက်တော့ မေမေက မျက်စောင်းလှမ်းထိုးသည်။

"ညည်းအဖေကို ဘာလို့ယူလဲဆိုတော့ ရိုးသားလို့၊ ကြိုးစားလို့၊ လူတစ်ဖက်သား ... ဘယ်သူ့အပေါ် မဆို ညှာတာကြင်နာတတ်တာတွေလို့၊ အပျင်းမထူ

www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဒါပဲ ... ယောကျ်ားတစ်ယောက်ကိုယူဖို့ ရွေ
တော့မယ်ဆိုရင် အခြေခံအဓိကအချက်က အဲဒါတွေ
ပဲ ... ဘာမှရင်ခုန်နေစရာမလိုဘူး ...

"စိန်လက်စွပ်ဝတ်ရရင် ရင်ခုန်တာပဲ၊ ထမင်းငတ်
ရင်တော့ ဗိုက်ပဲအောင့်မယ်၊ ဘာရင်မှမခုန်ဘူး၊ နှလုံး
ခုန်သံတောင် ရပ်သွားဦးမယ်"

ဖေဖေက ပြုံးစိစိလုပ်နေသည်။ ဖေဖေက လူ
ရိုးလူအေး၊ လူကောင်းတစ်ယောက်ဖြစ်သလို တော်လည်း
တော်သည်။ တော်သလောက်လည်း ကြိုးစားသည်။ ဖေဖေ
လည်း သူဌေးနိုးပါး၊ မေမေလည်း သူဌေးနိုးပါးနှင့် အိမ်
ထောင်ပြုခဲ့သော စုံတွဲကလေးဟာ အပြိုင်ကြိုးစားရင်း တ
ကယ့်သူဌေးပဓားကြီးတွေဖြစ်ခဲ့ရတာကိုတော့ လူတကာ အား
ကျချီးကျူးခြင်းခံရပါ၏။

"ကျုပ်က ကွယ်ရာမပြောဘူး၊ ရှေ့တင်ပဲ၊ ကျုပ်ထား
ခဲ့ဖူးတဲ့ ရည်းစားလေ၊ ဘာဖြစ်နေလဲ သိလား၊ မိန်းမ
အကျီချုပ်ခလေး တောင်းပြီး အရက်သောက်နေသေး
ရဲ့၊ အဲဒီပုဂ္ဂိုလ်များယူမိရင် ခုလောက်ဆို ... ညည်း
ပုလင်းလေး၊ ကျွတ်ကျွတ်အိတ်ထဲထည့်ပြီး အရက်
ဆိုင်သွားဝယ်နေရမှာ ...

"ဖအေတွေများ အရက်ကျွန်ဖြစ်ပြီဆိုရင် ကိုယ့်သား
ကိုယ့်သမီးလဲ အရက်ဆိုင်ခိုင်းတာပဲ"

"မင်း စုံစမ်းထားတာလား"





ဖေဖေက တစ်ချက် ဝင်နှောက်သည်။ အတိုင်
အဖောက်ညီသလိုဖြစ်နေသော စကားတွေကို မြစိမ်းကတော့
နားခါးနေပါ၏။

"ယောကျ်ားဆိုတဲ့အမျိုးက တစ်ခုမဟုတ်တစ်ခု ပျင်း
ရမှ! ညည်းအဖေ ... စီးပွားရှာဖို့ မပျင်းဘူး၊ အား
ကြိုးမာန်တက်ရှိတယ်၊ ဒါပေမယ့် ... ညဖက်
ကလေးငိုလို့မှ အိပ်ရေးပျက်ခံပြီး ထ,ထမ်းချော့ဖူး
သလား၊ ပျင်းကိုပျင်းတာ၊ မလုပ်ချင်ဘူး၊ ကျုပ်များ
ဖြင့် စီးပွားဆိုလဲ ယောကျ်ားနဲ့ ဒိုးတူဘောင်ဘက်၊
စားရေးသောက်ရေးစီမံ ...

"ကလေးနေမကောင်းတော့ ပြုစု၊ သားသမီးပညာ
ရေးလဲ ပံ့ပိုး၊ အပျိုလေးဖြစ်လာတော့လဲ ဘယ်ရည်း
စားထားနေပလဲဆိုတာ မျက်ခြေပြတ်မခံခဲ့လို့သိတာ၊
မိန်းမဆိုတာ ဘယ်နေရာမှ ပျင်းမနေနိုင်ဘူး၊ ကိုယ့်
အလုပ်ချည်းပဲ ...

"စီးပွားလေးတစ်ခုရှာရတဲ့ယောကျ်ားက အဲဒီလိုစီးပွား
ရှာဖို့ပါ ပျင်းပြီဆိုမှ ဘယ်နေရာသွားသုံးရမလဲ၊ မီးရှို့
ပြီး အလောင်းပါရေထဲမျှော"

မေမေက မြစိမ်းချစ်သူနှင့် သဘောမတူခြင်း
အကြောင်းက ခိုင်ခိုင်လုံလုံ မရှိပါ။

"ဒီကောင်လေးကို အပြစ်ကြီးကြီးမားမား ကျုပ်ရှာ
မတွေ့ပါဘူး၊ ဒါပေမယ့် ... ဆင်းရဲတယ်၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



အမေက နှာတာရှည်လှမမာ၊ သူ့အဖေက အ
အချင်းမရှိတဲ့ ခပ်ညံ့ညံ့၊ လူမွေးလူတောင် ပြေ
လာဖို့က တော်တော်မလွယ်ဘူး ...

"ဒီကောင်လေးကို မကြိုက်တာက နည်းနည်းရ
မောင်သက်တင်ကို ကြိုက်တာက သိပ်များနေ
အရည်အချင်းရှိတယ်အေ၊ စီးပွားရေးမျက်စိပွင့်တ
လက်ရှိလဲ ချမ်းသာတယ်၊ ထပ်တိုးပွားမလာဘူးဆိ
တောင် လက်ရှိနဲ့တင် ဟန်လှပြီ"

မေမေ .. ဘဝတစ်ခုလုံးကြီးအရေးမှာ မေ
ဆိုတာကို လုံးဝ ဥပေက္ခာပြုလိုက်သလား မေမေရယ်၊
လက်စွပ်ဝတ်ရလို့ ရင်ခုန်တုန်းမှာ ဒူးနဲ့မျက်ရည်သုတ်
တာလည်း တစ်ပြိုင်တည်းဆိုရင်ရော မေမေရယ် ...
မေးချင်သားပါ။

"သူများလို သူဌေးသားမဟုတ်ဘူး၊ ကိုယ်တိုင်သ
မိဘမရှိတော့ ညည်းမှာ ယောက္ခမနဲ့ရင်ဆိုင်
ပြဿနာမရှိဘူး၊ ညီကိုမောင်နှမ,မရှိတော့ ယေ
တို့ ... ခဲအိုတို့ဆိုတဲ့ ပြဿနာမရှိဘူး၊ စင်းလုံး
ကို ရှင်းနေတာပဲ"

အဲဒီလိုမိဘတွေ၊ ညီကိုမောင်နှမတွေ ရှိ
ခြင်းဟာ ကိုယ့်မြေကိုယ့်ရေကို သံယောဇဉ်ပြတ်ဖို့ လုံလေ
သောအကြောင်းရင်းဖြစ်မယ်ဆိုတာတော့ ... မေမေ
မတွေးနိုင်ခဲ့ပါ။ ဆွေမျိုးသားချင်းလောက်သာ ချစ်တ



သို့လူမျိုး၊ ကိုယ့်အမျိုးသားတစ်ရပ်လုံးဆိုတာအထိ မချစ်
တ်ခဲ့လို့လည်း ကိုယ့်တိုင်းပြည်ကို လွယ်လွယ်စွန့်သွားနိုင်
င်းဖြစ်ပါလိမ့်မည်။ ဇနီးခင်ပွန်းဆိုတာကတော့ ချစ်ကြ
... အတုမရှိ။ သံယောဇဉ်ပြတ်ကြစို့ဆို ... တစ်မိမ်း
တွေလေ။ ရေကို ဓားနဲ့ခုတ်လို့ပြတ်ရင် ပြတ်မယ်၊ သွေး
းဆိုတာက မပြတ်နိုင်ဘူးဆိုသည့်ဘောင်ထဲမှာမှ အကျုံး
ငပဲ။

မြစိမ်း ... အိမ်ထဲကအိမ်ပြင်မထွက်ရသော
လအတွင်းမှာပဲ၊ မြစိမ်းတို့ရဲ့ခြံထဲမှာ မင်္ဂလာဧည့်ခံပွဲကို
းပဖြစ်ခဲ့သည်။ ကိုသက်တင်သည် လူကောင်းတစ်ယောက်
ပါ၏။ လူတော်တစ်ယောက်လည်း ဖြစ်သေးသည်။ စီး
ရေးလာဘ်မြင်သလောက် အပျော်အပါး အသုံးအဖြုန်း
ချ။ တစ်ဖက်သားကို ညှာတာကြင်နာတတ်သေးသည်။
ခပ်မများ၊ ဘယ်သူ့ကိုမျှ လွယ်လွယ်နှင့် အပြစ်မမြင်
တ်ခြင်းဟာလည်း ပေါင်းလို့သင်းလို့ကောင်းသော အချက်
င်ချက်ပါပေ။ မိတ်ဆွေအပေါင်းအသင်း လူချစ်လူခင်များ
ခဲ့သလို၊ အိမ်ထောင်ရေးမှာလည်း သာယာခဲ့ပါသည်။
သို့မောင်းမဲကင်းခဲ့ပါသည်။ မြစိမ်းမှာ ချစ်သူရှိခဲ့ဖူးတာ
မယ့်လည်း ဒါကို ပြဿနာကြီးတစ်ခုလုပ်ကာ လက်
ဘထိုးထိုး မရှိခဲ့ပါ။

"ရွှေဘုံပေါ်မှာ စံရတော့ ညည်းပါ မြစိမ်းရယ်၊ ရက်
စက်ခဲ့ရတာကကျတော့ ကျုပ်ပေါ့၊ နှမည်ပျက်ရော

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ ကျုပ်၊ ကောင်းစားတော့ ညည်း"

မေမေက ပီတိလေးတဝေဝေ ဂုဏ်ယူပြောမည်ဆိုလည်း ပြောလောက်ပါပေသည်။ မြစိမ်းအဖို့ရာမှာ ချစ်ဦးသူနှင့်လွဲခဲ့ရခြင်း တစ်ချက်မှအပ အိမ်ထောင်ဒုက္ခ ဘာတစ်ခုမျှ ဆိုးဆိုးဝါးဝါး ရင်မဆိုင်ခဲ့ရသည်မို့လည်း ဖေဖေနှင့်မေမေတို့ အသေဖြောင့်ပါသည်။ စီးပွားရေးလာဘ်မြင်သည်ဆိုသော ဦးသက်တင်၏ မရောင့်ရဲနိုင်မှုများကိုတော့ သိမသွားကြရှာပါ။ ခုလို ... သမီးမြစိမ်းရည်ဟာ သားတစ်ယောက်နှင့် တစ်ခုလပ်ဖြစ်ပြီးကျန်ရစ်မယ်ဆိုတာ၊ ဖေဖေမေမေတို့က နှစ်ပေါင်းများစွာ ကြိုပြီးဘယ်သိနိုင်ခဲ့မှာလဲ။

"ကိုယ်တော့ ဖော်ဝွဒ်ဆုံးဖြတ်လိုက်ပြီ"

သွားတုန်းက ကမ္ဘာ့အရှေ့ခြမ်း၊ အပြန်ကျတော့ အနောက်ဖက်မှ ပတ်ပြန်သည်ဆိုတော့ ... ကမ္ဘာကို တပတ်ပတ်မိသလိုဖြစ်သွားရသည်။ နိုင်ငံခြားတချို့က စက်မှုထွန်းကားပုံ၊ စီးပွားရေးအောင်မြင်ပုံတွေကို အားကျနစ်မြောလာခဲ့သည်။ စီးမျောပါဝင်လိုစိတ် ပြင်းထန်လာခဲ့သည်။ မြန်မာပြည်မှာ ဆက်နေရလျှင်ပဲ လူဖြစ်ကျိုးမနပ်တော့မလိုလို။

"ဒီမှာလဲ သူဌေးစာရင်း ဝင်နေတာပဲရှင်"

"ဒါပေမယ့် ... စက်မှုထွန်းကားပုံချင်း မတူတော့ လူနေမှုအဆင့်အတန်းလဲ ကွာတယ်"

"ကျွန်မတော့ နေနိုင်မယ်မထင်ဘူး"

"ကိုယ်တော့ သွားဖို့ဆုံးဖြတ်ပြီးပြီ၊ မြစိမ်းတို့သား



အမိလည်း လိုက်စေချင်တယ်၊ ဖွတ်တော့မခေါ်ဘူး၊ လူဆိုတာ ကိုယ့်ဆန္ဒနဲ့ကိုယ် လူဖြစ်ရမှ လူဖြစ်ကျိုးနပ်တာ၊ တစ်ဖက်သားဆန္ဒကိုလည်း မစွက်ဖက်ချင်ဘူး"

တစ်ဖက်သားဆန္ဒကို မစွက်ဖက်ချင်ဘူးဆိုတော့ ကိုယ့်ဆန္ဒလည်း စွက်ဖက်ရင်မကြိုက်ဖူးဆိုသည့်သဘောကရှင်းနေသည်။

"မြစိမ်းနေခဲ့မှာ သေချာရင်တော့ မြစိမ်းကို သားနဲ့ပတ်သက်ပြီး အခွင့်အရေးပေးမယ်၊ ခေါ်ချင်စိတ်ရှိရင်ခေါ်ထားပါ၊ ကိုယ်ခေါ်သွားဆိုလဲ ခေါ်သွားမယ်၊ သားလဲ ငယ်တော့တဲ့အရွယ် မဟုတ်တော့ဘူး၊ သူ့ဆန္ဒကိုလဲ ဦးစားပေးရမယ်"

"ကျွန်တော် နေခဲ့မယ်ဖေဖေ၊ မေမေလိုက်ရင်တော့ ကျွန်တော်ပါမယ်"

ပဖွန်က အမေ့သားဖြစ်၏။ မိစုံဖစုံနေချင်သော်လည်း တစ်ဦးတည်းကိုရွေးရမည်ဆိုလျှင်တော့ မေမေ့ကိုပဲရွေးမည်။ စိတ်ဆိုးရန်ဖြစ်ခြင်းမရှိ၊ ရှေ့ရေးကို အေးဆေးဆက်သာ တိုင်ပြင်နှီးနှောပြီး ကွာရှင်းပြတ်စဲကြသည့် ဤဇနီးမောင်နှံမျိုး ရှားပါလိမ့်မည်။ မြစိမ်းက မျက်ရည်သည်းနည်းဝဲသည်။ သို့ပေမယ့် ... မာနဖြင့်ထိန်းနိုင်၏။

"ကိုယ့်မြန်မာပြည်မှာတောင် ယောက်ျားတစ်ယောက်က ကျွေးနိုင်လို့ ထပ်ယူရင် မယားပြိုင်ဖြစ်သေး

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဟိုနိုင်ငံမှာ ရှင်အိမ်ထောင်ပြုတော့ရော ဘာဖြစ်တာမှတ်လို့"

"ဒါတော့ ဒါပေါ့ ... ကိုယ်ကွာရှင်းပေးခဲ့တာက မြစိမ်းအတွက်ပါ၊ မြစိမ်းမှာ အရွယ်ရှိသေးတယ်၊ အဖော်လိုမယ်၊ အဲဒီအခါကျ တရားဝင် ဘောင်ဝင်ဖြစ်အောင်လို့၊ မြစိမ်း စိတ်ရှင်းရအောင်လို့"

ဦးသက်တင် တကယ်ပဲ အမြော်အမြင်ကြီးပါပေသည်။ ခုတော့ ... မြစိမ်းက အိမ်ထောင်သစ်ကို စိတ်ရှင်းစိတ်သန့်စွာ ထူထောင်ဖို့စိတ်ကူးပြီ။ ဦးသက်တင်ဖက်ကတော့ မီးစိမ်းပြ၏။ သားဖြစ်သူက မပြနိုင်။

"ကျွန်တော်သာ ဦးတိုးမြင့်နေရာမှာဆိုရင် ကိုယ်ဆင်းရဲနေတာတစ်ခုတည်းနဲ့တင် ငယ်ချစ်သူဌေးမကြီးကို လက်ထပ်ခွင့်မတောင်းဘူး"

"ဒီလောက်ဆင်းရဲစုတ်ပြတ်နေတာတော့လဲ မဟုတ်ပါဘူး သားရယ်၊ ဝန်ထမ်းဆိုတော့လဲ ရာထူးဘယ်လောက်ကြီးကြီး၊ လလဲကုန် ငွေလဲကုန်ဆိုတဲ့သဘောမှာ လူတန်းစေ့စေ့နေနိုင်ပါတယ်"

"ပြောထားပါရစေ မေမေ ... အဲဒီလူကြီးမှာ သမီးတစ်ယောက်ပါလာမယ်ဆိုလို့ပါ၊ စီးပွားခေါင်းမကွဲအောင်တို့၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်တို့ဆိုတာမျိုးနဲ့၊ ဟိုဘက်ပါနဲ့ ဒီဘက်ပါကိုလဲ ဆက်ပြီးပေးစားဖို့ မစီစဉ်ပါနဲ့"



"သား ခံ့မရှိရင် မေမေက မစီစဉ်ပါဘူး၊ ဒီကောင်မလေး ... မေမေလဲ မမြင်ဖူးသေးပါဘူး၊ မေမေကိုယ်တိုင်ကြည့်လို့ ရချင်မှရမှာပါ၊ ရချင်လဲ ရမပေါ့၊ ခေတ်မိန်းကလေးဆိုတော့ မပြောနိုင်ဘူးလေ"

"ကျွန်တော် ... ကိုယ်ကြိုက်တာ ကိုယ်ယူမယ် မေမေ၊ ဒီတစ်ခုကို လိုက်လျောမယ်ဆိုတာ မေမေကတိပေးထားပါ"

"အေးပါ သားရယ် ... စီးပွားရေးမှာလဲ စိတ်မပူပါနဲ့၊ ရှိပစ္စည်းအားလုံး သားနာမည်နဲ့လွှဲမှာပါ၊ မေမေဘာတစ်ခုမှ မယူပါဘူး"

"ကြည့် ... ခုထဲကစလို့ မေမေဆင်းရဲပြီ"

"ပိုင်ဆိုင်ခွင့်တွေမရှိတော့ပေမယ့် အနေအထားလျော့သွားမှာမှမဟုတ်တာ သားရဲ့"

သားသမီးက မိဘ.မကြည်ဖြူတာလုပ်ချင်တော့ ကြည်ဖြူပါမည့်အရေးကို မျက်နှာချိုသွေးရ၏။ မြစိမ်းလည်း နည်းတူ၊ သားဖြစ်သူထံမှာ မျက်နှာချိုသွေးရသလိုဖြစ်နေသည်။

"မေမေရာ ... သားသမီးမပါတဲ့ မုဆိုးဖိုတို့ လူပျိုကြီးတို့များ သူဌေးထဲကရှာယူပါတော့"

"မေမေ့ကို ဒီလိုမပြောပါနဲ့ သားရဲ့"

"ကန့်တော့ မေမေ ... ကျွန်တော် စကားရိုင်းသွားရင်ခွင့်လွှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ပဒ္ဒုန် လက်အုပ်ချီ၍ တောင်းပန်၏။ အဖေ့သားမို့ အဖေ့လိုပဲ စည်းစိမ်ချမ်းသာမှာ ရောင့်ရဲခြင်းမရှိတာလား၊ အဘွားမြေးမို့ ဆင်းတောင့်ဆင်းရဲကို မကြည်ဖြူနိုင်တာလား မသိပါ။ ဦးတိုးမြင့်ခမျာလည်း သနားဖို့အလွန်ကောင်းပါ၏။ မြစိမ်း အပျိုတုန်းကကျတော့ မြစိမ်းအမေက သဘောမတူခဲ့ပါ။ မြစိမ်း တစ်ခုလပ်ဖြစ်ပြန်တော့ မြစိမ်းသားက သဘောမတူပြန်ချေ။ မြစိမ်းနှင့် သဘောတူကြည်ဖြူပါသည်ဆိုသောအဖြစ်သို့ မည်သည့်မျိုးဆက်ထိများစောင့်စားရမည်နည်း။

"မေမေက အိမ်ထောင်ပြုချင်တာမဟုတ်ပါဘူး သားရယ်၊ ငယ်သံယောဇဉ်ကို မဖြတ်နိုင်တာပါ၊ သား ဒီလောက်ငြင်းဆန်နေရင် မေမေ ရှေ့မတိုးပါဘူး"

"ကိုမြင့် ... ဟိုတုန်းကလဲ မေမေ့ကြောင့် မြစိမ်း ရှေ့မတိုးခဲ့ဘူး" ... ဟု ပြောချင်၏။ "ခုလဲ ... သားကြောင့် ရှေ့မတိုးနိုင်ပြန်ပါဘူး ကိုမြင့်ရယ်" ... ဟု ပြောရပါဦးမည်။

## အခန်း(၃)

ပထမဆုံး စတင်လုပ်ကိုင်ရသောအလုပ်က အင်တာဗျူးစစ်ဆေးခြင်းပင်ဖြစ်၏။ "ပဒ္ဒုန်ဆေးရုံကြီး" လုံးဝ ဘွဲ့ပြောင်းတာဝန်ယူလိုက်ချိန်မှာပဲ၊ ဧည့်ကြိုမိန်းကလေးနှစ်သာက် အလုပ်ထွက်တာနှင့်ကြုံသည်။

"ဒီလိုအလုပ်မျိုးဆိုတာ ကုမ္ပဏီအလုပ်သဘောပဲပေါ့ သားရဲ၊ အလုပ်သမားတွေကလဲ ဒီ့ထက်လစာပိုကောင်းတဲ့နေရာရှိရင် ပြောင်းမှာပဲ၊ အလုပ်ရှင်ကလဲ မကြိုက်ရင်ဖြုတ်မှာပဲ၊ ဘယ်သူ့ ... ဘယ်သူ့မှာမှ အာမခံချက်မရှိဘူး ...

"အစိုးရရုံးတွေမှာကတော့ ပင်စင်နဲ့ ပရိမိုးရှင်းနဲ့ဆိုတော့ မက်လုံးရှိတယ်၊ တော်ရုံသည်းညည်းကိုခံတယ်၊ ကုမ္ပဏီမှာတော့ ဘယ်သူ့ဘယ်သူမှ သည်းညည်းမခံ

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"အလုပ်လုပ်တာ မျောက်လွှဲကျော်လိုပဲ၊ ဟိုခုန်ဒီခုန်နဲ့"

"ဒါ ... တိုးတက်ရာရှာကြတာပဲ၊ ခွင့်လွှတ်ရမယ်သားရဲ့"

ဦးတိုးမြိုင် အဆင်သင့်လုပ်ပေးခဲ့သော လျှောက်လွှာပုံကြီးကိုကြည့်၍ အင်တာဗျူးကို စတင်ရသည်။

"အန်ကယ်လ်နေပေးရဦးမလား ကိုပဖျုန်"

"ရပါတယ် အန်ကယ်လ် ... နေပါစေ"

"ဒါဖြင့် ... အန်ကယ်လ်ပြန်မယ်"

"ကောင်းပါပြီ"

ဦးတိုးမြိုင်ကို ပထမဆုံးမြင်ဖူးပြောဆိုဖြစ်လိုက်ခြင်းပဲဖြစ်၏။ လူချောကြီးပဲ ... ဟု မှတ်ချက်ချကာ၊ ရင်ထဲတော့ သိပ်မကြည်လင်လှပါ။ မိကောင်းဖခင်သားသမီးအနေနှင့် ရိုင်းပျရာမရောက်အောင်တော့ ထိန်းသိမ်းပြောဆိုဆက်ဆံလိုက်ပါသည်။ သို့ပေမယ့် ... ဖော်ဖော်ရွေရွေကြီးမဟုတ်လှတာကို ဦးတိုးမြိုင် သိမှာပါပဲ။

"ခေါ်ရတော့မလား ကိုလေး"

"အေး ... ဒီလျှောက်လွှာပုံအတိုင်း တစ်ယောက်ပြီးတစ်ယောက်ခေါ်"

ဖိုးဆွေက ဖေဖေ့မွေးစားသားလို့တောင် ပြောလျှင်ရသည်။ ဖေဖေ့မိဘတွေလက်ထက်တုန်းက ဖိုးဆွေရဲ့



အဘိုးက ကားမောင်းခဲ့သည်တဲ့။ ဖေဖေ့လက်ထက်မှာ ဖိုးဆွေအမေက အပြင်ထွက်ပြီး တခြားစီးပွားရေးလုပ်သည်။ ဖေဖေ့ဆီမှာ မမှီခိုတော့။ သို့ပေမယ့် စီးပွားရေးက ပြေလည်လှသည်မဟုတ်၊ သားသမီးတွေကများ ... ဆိုတော့၊ ဖိုးဆွေတစ်ယောက် ဖေဖေ့အိမ်ရောက်လာသည်။ ဖိုးဆွေသည် ပဖျုန်နှင့် ငယ်ငယ်ကထဲက ဆော့ကစားပေးရသော တပည့်တပန်းဖြစ်လျက် ပဖျုန်ထက် နှစ်နှစ်သုံးနှစ်လောက်ငယ်သည်။ ပဖျုန်သွားရာ ဖိုးဆွေပါ၏။ ပဖျုန်ရှိသည့်အရပ်မှာ ဖိုးဆွေရှိသည်။ ဖေဖေ နိုင်ငံခြားအပြီးထွက်သွားစဉ်က လူးလိမ့်နေအောင်ငိုသည့် တစ်ဦးတည်းပုဂ္ဂိုလ်မှာ ဖိုးဆွေတည်း။

"အရင်က ဘယ်မှာလုပ်ခဲ့ဖူးသေးလဲ"

"ဒီဆေးရုံမှာ ဘာကြောင့်လုပ်ချင်စိတ်ဖြစ်တာလဲ"

ဘာတွေမှန်းမသိ၊ ပါးစပ်ထဲတွေ့ရာ လျှောက်မေးပြီး ... ဘယ်သူ့ခန့်ရမှန်းမသိဖြစ်တော့သည်။ လိုအပ်သူက နှစ်ယောက်၊ လျှောက်လွှာက ဆယ့်ခုနှစ်ဆောင်။ ဒါတောင် အဆက်အသွယ်နှင့်သိပြီး လာလျှောက်ကြတာ၊ သတင်းစာထဲထည့်ပြီးများ လျှောက်လွှာခေါ်လိုက်ရရင် လာလိုက်ကြမယ့် လျှောက်လွှာတွေ ... ဦးနှောက်ခြောက်ဖွယ်။

"သက်ပုံနှင်း" တဲ့။

နာမည်ကစလို့ စိတ်ဝင်စားဖွယ်ဖြစ်သွားရ၏။ လာလျှောက်ကြသူမိန်းကလေးတွေနာမည်က ခင်ခင်နုတို့၊ သန်းသန်းရီတို့၊ မေသဇင်တို့၊ သက်ထားဇော်တို့။ ရိုးရိုးသား

www.burmeseclassic.com

www.burmeseclassic.com



သားဟုခေါ်နိုင်သော နာမည်များ။ အင်္ဂလိပ်နာမည်တချို့လည်းပါသည်။ သက်ပုံနှင်းဆိုသောနာမည်ကကျတော့ ဆန်း၏။ လှ၏။ ဓာတ်ပုံလည်း ကပ်လျက်သားမို့ သူ့ရုပ်ကလေးလှရှာတာလည်း ပေါ်လွင်၏။ အသားကလေးသာဖြူလျှင်တော့ ဆိုဖွယ်မရှိပြီ။

"မိတယ်နော် ကိုလေး"

"မိရအောင် ... ဘယ်သူကဖမ်းလို့လဲ၊ ဣန္ဒြေရရနေစမ်း၊ မိန်းမလှလှမြင်ရင် သွားခေါ်ကြီးက ရှေ့ထွက်ထွက်လာတယ်၊ မျက်နှာပိုးကိုမရှိဘူး"

"ကျွန်တော်က ဆင်းရဲလို့ပါ၊ ဟို ... ဦးစိန်ပန်းဆိုရင် ဆင်းရဲတုန်းက သွားခေါ်ခေါ်ပဲ၊ ကျွန်တော့်လိုပေါ့ ... သူဌေးလဲဖြစ်သွားရော သွားမခေါ်တော့ဘူး"

"ဘာဆိုင်လဲကွ"

"မသိဘူး၊ သွားခေါ်ကြီး မျက်စိထဲမှာ ကန့်လန့်မရှုပ်တော့တာတော့ အမှန်ပဲ၊ ချမ်းသာလာတာနဲ့ အထဲဝင်သွားလား မသိဘူး"

"တိတ်တိတ်နေစမ်းပါ ငပေါရာ"

ဖိုးခွေက တံခါးကို သွားဖွင့်ကာ "သက်ပုံနှင်း" ဟု ခေါ်လိုက်သံကြားရသည်။ ပဇွန် ... လျှောက်လွှာပုံစံကို ငုံ့ဖတ်ရင်း စောင့်လိုက်၏။ ကိုယ့်ရှေ့တည့်တည့်ကုလားထိုင်မှာ ဝင်ထိုင်ပြီးမှန်းသိတော့မှပဲ မော့ကြည့်လိုက်



သည်။ ရှေ့ကကောင်မလေးတွေတုန်းကလည်း ဒီလိုပဲလုပ်ခဲ့သည်။ ကိုယ်က သူတို့ကိုအလုပ်ပေးမည့်သူမို့ အကြည့်ကလေးတစ်ချက်နှင့်တောင် ကြိုဖို့မလိုဟု ခံယူ၏။ ပဇွန် ... နည်းနည်းပါးပါး ဘဝင်မြင့်ချင်တာတော့လည်း အမှန်ပါ။ သဌေးသားလေ။

"အရင်ဘယ်မှာလုပ်ဖူးလဲ"

"ဘယ်မှာမှ မလုပ်ဖူးသေးပါဘူး"

"ဒီမှာအလုပ်ရရင် ဘယ်လောက်ကြာကြာလုပ်မယ်စိတ်ကူးရှိလဲ"

"အဆင်ပြေနေသရွေ့ထိပါပဲ"

ရှေ့ကကောင်မလေးတွေတုန်းက အမြဲလုပ်မှာပါ၊ တစ်သက်လုံးလုပ်မှာပါ၊ ဆေးရုံအလုပ်ကို စိတ်ဝင်စားလို့ပါ ... ဟု ဖြေကြ၏။ ဘယ်သူမှ တစ်သက်လုံးမလုပ်မှာ သေချာပါလျက် တစ်သက်လုံးလုပ်မည်ဆိုတာ အလိမ်အညာစကားပဲဖြစ်သည်။ ဒီတစ်ယောက်ကတော့ အဆင်ပြေသရွေ့ထိပဲဟုပြောတာဟာ အမှန်စကားဖြစ်လေသည်။

"ဘယ်လိုဆိုရင် အဆင်မပြေတော့ဘူးလဲ"

"တခြားမှာ ဒီ့ထက်လခပိုကောင်းတဲ့အလုပ်ရတဲ့အခါ ဒီမှာ ဘယ်အဆင်ပြေပါတော့မလဲရှင်၊ ကျွန်မ ဒီလိုပြောတဲ့အတွက် ခွင့်လွှတ်ပေးပါ"

"ရပါတယ်"

ဘာဆက်မေးရမှန်းမသိပေမယ့် ... ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက်တော့ ထည့်ခန့်မည်ဟု စိတ်ထဲမှာ
ဖြစ်လိုက်သည်။

"သူဌေးက ဦးပဇ္ဇုန်သက်တင်ပါလားရှင်"

"အင်း"

ကိုယ့်ကို သူဌေးခေါ်ပြီး လက်ညှိုးလေး
ချောင်းနှင့် ထိုးညွှန်လိုက်သည်မို့ မျက်နှာကြီး ဖျင်းခဲ
သွားရသည်။

"ကျွန်မ တစ်ခုအစီရင်ခံပါရစေ"

"ပြောကြည့်လေ"

"သူဌေးမှာ အတွင်းရေးမှူး ... အမျိုးသမီးလို
ခဲ့ရင် ကျွန်မ လျှောက်ပါရစေ"

"အတွင်းရေးမှူး ... "

ပဇ္ဇုန် ရေရွတ်ကြည့်လိုက်သည်။

ဒီဆေးရုံအတွက်တော့ ဆေးရုံအုပ်ကြီးတ
ရှိသည်။ M.B.B.S. ဘွဲ့ရဆရာဝန်၊ အသက်က ခြောက်ဆ
ကျော်ပြီမို့ အစိုးရဆေးရုံမှ အငြိမ်းစားယူခဲ့ပြီးသော
သက်ရင့်ဆရာဝန်ကြီးဖြစ်၏။ ဦးကျော်လှဦးတဲ့။ ဦးကျေ
ဦးက ဆေးဝါးကုသမှုထက် အုပ်ချုပ်စီမံရေးအပိုင်းကို
လုပ်ရသည်။ ဆေးဝါးကုသမှုအတွက်က သက်ဆိုင်ရာပ
တွေရှိသည်။ ဦးကျော်လှဦးမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေလ
တော်တော်ရှိနေသည်မို့ ... ဒီဆေးရုံနှင့်ပတ်သက်၍ အ
အရှုပ်ဆုံးပုဂ္ဂိုလ်မှာ ဦးကျော်လှဦးပဲဖြစ်၏။ ရေပျက်မီးပ



ပိုက်ပေါက်၊ မီးချောင်းကျွမ်းတို့လို အသေးအဖွဲ့ကစလို့ ဦး
ကျော်လှဦးတာဝန်ဖြစ်နေ၏။ တော်ရုံနှင့် ပိုင်ရှင်ထံ ပြဿ
နာရောက်မလာခဲ့ပါ။

ဒေါ်မြစိမ်းရည်သည် ဝါသနာပါလို့သာ ဒီစီး
ပွားရေးလုပ်ငန်းကို ထပ်မံတိုးချဲ့ခြင်းဖြစ်သည်။ ဆေးရုံဆောက်
နေစဉ် ပြင်ဆင်နေစဉ်ကသာ ပစ္စည်းကိစ္စ ဘာညာ အလုပ်
ရှုပ်ပြီး၊ ဆေးရုံစတင်လည်ပတ်သည်နှင့် ဒေါ်မြစိမ်းရည်
အလုပ်က မရှိသလောက်ဖြစ်သွားရသည်။ ဒီကြားထဲ ...
ဒေါ်မြစိမ်းရည်၏ မန်နေဂျာ ဦးတိုးမြင့်က တစ်ဆင့်ခံနေ
သေးသည်။ ပဇ္ဇုန်ကတော့ ဦးတိုးမြင့်နေရာမှာဝင်ရမှာဖြစ်
၏။ ဦးကျော်လှဦးနှင့်မပြီးသော ကိစ္စကြီးများကျမှ ပဇ္ဇုန်
ဆီရောက်မှာ။ ဒီတော့ ပဇ္ဇုန်ဟာ အတွင်းရေးမှူးထားရ
လောက်အောင် အလုပ်ရှုပ်မည့်သူလား။

"အတွင်းရေးမှူးမလိုဘူးထင်တယ်၊ ဒီမှာ ဖိုးဆွေ
လည်းရှိတယ်"

ဖိုးဆွေက နေရာတော်တော်များများ အသုံး
တည့်တာလည်း အမှန်ပါ။ ဦးနှောက်မသုံးရသော ကိစ္စမှန်
သမျှ ဖိုးဆွေရသည်ချည်း။

"ဟုတ်ကဲ့ ... လိုအပ်ခဲ့ရင် ကျွန်မက ကြိုလျှောက်
ထားချင်လို့ပါ"

"ဒါဖြင့် ... အတွင်းရေးမှူးမရရင် ရှေ့ကြိုမှာ
မလုပ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်နိုင်ပါတယ်၊ ကျွန်မက အလုပ်လိုချင်နေတဲ့သူပဲ"

"အလုပ်မရရင် အကျေိအခဲတစ်ခုခုဖြစ်မလား"

"ဟုတ်ကဲ့ … စားဝတ်နေရေးပြဿနာပါပဲ"

ပန္နရုန် … သနားသွားမိရသည်။ သူ့ခမျာကလေး ပြောရတာရှက်ရှာမလားဟု တွေးမိ၏။ မရှက်မကြောက်ဝန့်ခံခြင်းဟာ ရိုးသားမှုကိုပြသည်။

"အတွင်းရေးမှူးလျှောက်ခွင့်ရှိရင် လျှောက်ချင်တယ်၊ မရှိရင်လဲ ညှပ်ကြိုးမှာပဲ လျှောက်မယ်၊ ဒီလိုလား"

"ဟုတ်ကဲ့ပါ"

"ဘယ်အလုပ်မှမရဘူးဆိုရင်ရော"

"နောက်ထပ်ရှာရဦးမှာပေါ့၊ လျှောက်လွှာတင်ထားတာတွေ သုံးလေးနေရာရှိပါတယ်၊ အခေါ်စောင့်ရမှာပေါ့"

"တခြားလျှောက်ထားတဲ့ သုံးလေးနေရာလုံးကလဲ ခန့်မယ်၊ ဒီဆေးရုံကလည်း ခန့်မယ်ဆိုရင်ရော … ဘယ်မှာလုပ်မလဲ"

"ပန္နရုန်မှာလုပ်မယ်၊ ဟောတော့ … ကန့်တော့၊ ကန့်တော့၊ ကျွန်မက ဆေးရုံနာမည်ကိုပြောတာပါ"

အင်း … ဒီလိုဆေးရုံနှင့် မှားအခေါ်ခံရမယ့်ပြဿနာမျိုးတော့ ရှေ့လျှောက်ရင်ဆိုင်ရတော့မည်ထင်သည်။ သူငယ်ချင်းတွေ နောက်ခေါ်သလို ကိုယ့်နာမည် သက်တင်





ပဲဖြစ်လိုက်ပါတော့။ အဖေဦးသက်တင် … သား ကိုသက်တင်၊ ကိုယ်မိန်းမရလို့ သားမွေးလာရင် မြေးကို မောင်သက်တင်ပဲမှည့်ပစ်ဦးမည်ဟု စိတ်ပေါက်ပေါက်နှင့် တွေးဖြစ်လိုက်သေး၏။

"ဘာဖြစ်လို့ ပန္နရုန်မှာလုပ်ချင်တာလဲ"

"တခြားအလုပ်တွေက ကုမ္ပဏီစီးပွားရေးလုပ်ငန်းတွေပါ၊ ဒီမှာကတော့ ဆေးရုံလုပ်ငန်းဖြစ်ပါတယ်၊ ကျွန်မမှာ လေဖြတ်ထားတဲ့ ဖခင်အိုကြီးလဲရှိနေသေးတော့ ကျွန်မက ဆရာဝန်သမားတော်ကြီးတွေနဲ့ အမြဲထိတွေ့ နီးစပ်နေရတဲ့အလုပ်မှာ လုပ်ခွင့်ရနေခြင်းအားဖြင့်ပေါ့လေ …

"ဖေဖေ့အတွက် ပိုအကျိုးရှိမယ်ထင်လို့ပါ၊ ဖေဖေ့ကိုပြချင်ရင်တောင် သမားတော်တွေနဲ့ ခင်နေပြီဆိုတော့ ပိုကောင်းတာပေါ့၊ ဂရုစိုက်တာပေါ့"

"ဒီလိုတော့မဟုတ်ပါဘူး၊ ဆရာဝန်ကြီးတွေက ခင်ခင် … မခင်ခင်၊ ဂရုမစိုက်ဘူး ဘယ်ရှိပါ့မလဲ"

"ကျွန်မက နီးနီးစပ်စပ် ရင်းနှီးချင်တာပါ"

ဖခင်လေဖြတ်ထားသည်ဆိုမှ ဖခင်နာမည်ကို ဖတ်ကြည့်ဖြစ်လိုက်သည်။ မြတ်စွာဘုရား … ဦးတိုးမြိုင်တဲ့။ သို့ပေမယ့် … သူ့အဖေက လေဖြတ်ထားသော ဦးတိုးမြိုင်၊ မေမေ လက်ထပ်ဖို့စိတ်ကူးနေသူက လေဖြတ်ဖို့ဝေးမှ၊ မနက်စောစောကပဲ လျှောက်လွှာစာရွက်ထပ်တွေ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ချပေးခဲ့သေးသော ဖူတ်လတ်သွက်လက် ဦးတိုးမြင့်၊ ထပ်တူ ညီမဖြစ်တန်ကောင်းဘူး ထင်ပါရဲ့။

"အဖေနာမည်က ဦးတိုးမြင့်နော်"

"ဟုတ်ကဲ့"

"ဒီစီးပွားရေးလုပ်ငန်းတွေရဲ့ မန်နေဂျာကြီးနာမည်လဲ ဦးတိုးမြင့်ပဲ"

မအောင့်နိုင်စွာ ပြောမိ၏။

"နာမည်တူဖြစ်ပါလိမ့်မယ်၊ ဦးတိုးမြင့်ဆိုတာ လူတော်တော်များများ မှည့်လေ့ရှိတဲ့ ယေဘုယျနာမည်ပဲ"

"ဟုတ်မယ် ... ခင်ဗျားနာမည်ကတော့ ယေဘုယျမကျနိုင်ဘူး၊ ဒီနာမည်မျိုးရှားတယ်"

"အလုပ်ထဲဝင်ခွင့်ရခဲ့ရင် ဒီလိုလူသားမျိုး ရှားတယ်ဆိုတာပါ သူဌေးပိုသိခွင့်ရလာဦးမှာပါ"

"ဆိုပါဦး ... လူတကာနဲ့မတူတာ၊ ပိုတော်တ⸺သလား၊ ပိုညံ့တာလား"

"ကျွန်မက ကိုယ့်ကိုကိုယ် ညံ့တယ်လို့ တစ်ခါမှ မထင်မိခဲ့ဖူးပါဘူး၊ ငါတော်တယ်၊ ငါတော်တယ်နဲ့ တော်တော်လေး အောက်ခြေလွတ်ဘဝင်မြင့်တတ်တဲ့ အထဲမှာ ပါပါတယ်"

"ကောင်းတယ် ... ကောင်းတယ်"

ဘာမှန်းမသိ နှစ်ခွန်းဆင့် ကောင်းပစ်လိုက်မိ



ပြီးမှ ပဇ္ဈုန် ရုက်ပြုံးကို လွှန့်ခနဲတစ်ချက်ပြုံးဖြစ်လေ၏။ ကောင်မလေးက သွက်လက်ချက်ချာသည်။ သူတောင်းဆိုသလို အတွင်းရေးမှူးခန့်ပစ်လိုက်ရ ... ကောင်းမလားတောင် တွေးမိ၏။ မေမေ့ကိုမေးကြည့်ရပါဦးမည်။ အလုပ်သဘောက ဘယ်လောက်ရှုပ်ထွေးပြီး များပြားမလဲဆိုတာ။ မေမေ့တုန်းကတော့ အတွင်းရေးမှူး မထားခဲ့ပါ။ သို့ပေမယ့် ... မေမေ့မှာက သက်စွန့်ကြိုးပမ်း မန်နေဂျာကြီးရှိနေ၏။ မေမေ့အတွက်ဆို သူချည်း ရှေ့ကအပင်ပန်းခံလုပ်ကိုင်ဆောင်ရွက်သွားပေလိမ့်မည်။

"အလုပ်ခန့်တယ်ဆိုရင် အိမ်ကို အကြောင်းကြားပါမယ်၊ ဖုန်းလဲရှိသားပဲ၊ ဖုန်းပဲဆက်ဟော့မယ်၊ အလုပ်ခန့်ရင်ပေါ့"

"ကျွန်မ ထင်ပါတယ်၊ သူဌေး ... ဆက်မှာပါ"

"ပိုင်လှချီလား"

"အဲဒီလိုဆက်ရမယ့်နေရာမျိုးတွေမှာ သူဌေးကိုယ်တိုင်မဆက်ပဲ ကိုယ်စားဆက်ပေးမယ့်သူ ရှိသင့်တာပေါ့၊ သူဌေးကိုယ်တိုင်ဆက်ရတော့ နည်းနည်းပါးပါးအောက်တာပေါ့"

သက်ပုံ မတ်တတ်ထရပ်ရင်း ရယ်၍ပြော၏။

"အတွင်းရေးမှူးတစ်ယောက်က ဖုန်းဆက်ပြောတာ ပိုပြီးသိက္ခာတက်တာပေါ့၊ ဒီလိုကိစ္စမျိုးကျတော့ ဒီကကိုဖိုးခွေထင်တယ်နော် ... စောစောကနာမည်ပြော

www.burmeseclassic.com

www.burmeseclassic.com



သံကြားလိုက်လို့ပါ၊ ကိုဖိုးဆွေနဲ့လဲ သိပ်အဆင်ပြေ မယ်မထင်ဘူး"

"ဘာလို့မပြေရမှာလဲ"

ဖိုးဆွေက ရင်ဘတ်ကော့၍ ရှေ့ထွက်လာသည်၊ အလုပ်လိုချင်သော အမျိုးသမီးဟာ တခြားအလုပ်လျှော် သူတွေလောက်လည်း ကျိုးကျိုးနွံနွံမရှိပါလား။

"ကျွန်မကို ပြန်ခွင့်ပြုပါ"

"ကောင်းပြီ"

ဖိုးဆွေက ဝင်ပြောလိုက်၍ ပဇ္ဇုန်က ရယ်ပ လိုက်သည်။

"ဖိုးဆွေ ... မေမေသိရင်ဆူလိမ့်မယ်၊ တို့အလု လုပ်တာ ကလေးကစားသလိုပဲ၊ ရယ်လိုက်မောလိုက ထင်တိုင်းကျဲနေတယ်"

"ကိုလေးက ဒီအမျိုးသမီးကို အတွင်းရေးမှူးခန့်တော မှာပါ"

"မင်းက အပါးတော်မြဲပါကွ"

"အပါးတော်မှာ မြဲတော့မယ့်ပုံ သိပ်မပေါ်ဘူး၊ ကို ထက်ပိုမြဲမယ့်သူက ပေါ်လာပြီ"

"ကဲပါ ... နောက်တစ်ယောက်ခေါ်ပါ"

အင်တာဗျူးဖြေသူတွေအားလုံးထဲမှာ စကာ အကြာဆုံးပြောဖြစ်သူတစ်ဦးတည်းက "သက်ပုံနှင်း" ပါ



"တော်ပါပေတယ်ဟယ် ... မှတ်ပုံတင်ကစပြီး အ သစ်လုပ်လိုက်တယ်"

"ငါ သတင်းစာထဲမှာ ကြော်ငြာထည့်ရတယ်လေ၊ အဲဒီကြော်ငြာဖြတ်ပိုင်းတွေနဲ့ နာမည်ပြောင်းကြောင်း လူဝင်မှုကြီးကြပ်ရေးပေါ့ဟာ၊ အဲဒီမှာ နိုင်ငံသားစိ စစ်ရေးကပ်အသစ် ထပ်လုပ်လိုက်တာ"

"နင့်အဖေက မဆူဘူးလား"

"တားတယ်၊ ငါက ငိုပြီးအတင်းပူဆာတာ၊ အဲဒီနေ့ က အင်တာဗျူးကို ဖေဖေသာလုပ်ရရင် ငါ့ကိုခန့် မှာမဟုတ်ဘူး၊ သေချာတယ်"

"ခုတော့ ... ပဇ္ဇုန်သက်တင်ဆိုတဲ့ပုဂ္ဂိုလ်ကြီးကို ရင်း နှီးသွားပြီပေါ့"

"ဒုတိယအကြိမ်မြင်ဖူးလိုက်ချိန်မှာပဲ ငါ တော်တော် အကဲခတ်လိုက်နိုင်တယ်"

"ဘာတွေလဲ"

"လူက သဘောကောင်းပါတယ်၊ ဒါပေမယ့် ... တစ်ဦးတည်းသောသားမှလားကွ၊ ဒီအမေနဲ့ဒီသားရဲ့ နီးကပ်မှုက သူများထက်ပိုတယ်၊ အဖေလည်းမရှိတော့ တစ်ကမ္ဘာလုံးမှာ ဒီအမေမှ ဒီအမေဖြစ်ပြီး သူ့အမေ ကို တစ်မိန်းယောကျ်ားလက်ထဲထည့်လိုက်ဖို့ နှမြော နေတဲ့ သားခပ်ပေါပေါပုံစံလောက်ပါပဲ"

"ကြည့်စမ်း ... ဟိုကကြားရင် အလုပ်ခန့်မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး"

"အမေကို တိုက်တာ ... နှမြောတာကို ငါက အပြစ်မတင်ပါဘူး၊ ဒါပေမယ့် ... ဘဝင်မြင့်အောက်ခြေလွတ်ပြီး ငွေဂုဏ်မောက်တဲ့ဖက်က လှည့်ထွက်သွားတာတော့ လုံးဝလက်မခံနိုင်ဘူး၊ သူ့ရဲ့ကာရက်တာက အရမ်း ယေဘုယျဆန်တဲ့ သူလိုငါလို ထူးမခြားနားထဲကပါပဲ"

"ဒါဖြင့် ... ပေါင်းရသင်းရလွယ်မယ်ပေါ့"

"မလွယ်ဘူး၊ ကာရက်တာတစ်ခုခု ထူးနေတဲ့သူမျိုးဆို ... အဲဒီထူးခြားတဲ့အပိုင်းနဲ့ဝင်သွား၊ ပေါင်းရလွယ်တယ်၊ သူလိုငါလို ယေဘုယျကြီးက ခက်တာ"

"အော် ... မထူးခြားခြင်းသည်ပင် ထိုပုဂ္ဂိုလ်၏ ထူးခြားချက်ဆိုပါတော့"

"အေး"

"နင့်အဖေကို ဘယ်လိုပြောထားလဲ"

"သူတို့သားအမိနဲ့ ပေါင်းကြည့်ချင်လို့ပါလို့၊ သမီးအတွက်နဲ့ ဖေဖေ့မှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ မဖြစ်စေရပါဘူးလို့ ... ဖေဖေ့ကို ငွေမက်လို့ သူ့အမေကို ကြိုက်ပါတယ်ပြောတဲ့သူတောင် ဖေဖေ ခွင့်လွှတ်နိုင်သေးရင် ... သမီး ဒီလောက်လုပ်ချင်တာကိုလည်း ခွင့်ပြုသင့်ပါတယ်လို့ ငိုပြောရတာပေါ့ဟာ"

"မျက်ရည်ဘယ်လိုထုတ်လဲ"



"မျက်စဉ်းခပ်တယ်များ ထင်နေသေးလားဟာ ... သူ့အလိုလိုထွက်တာပါ၊ ငါ မငိုချင်ပဲနေပါ့မလား ခွေးစုတ်မရဲ့"

သက်ပုံက နှုတ်ခမ်းကိုဖိကိုက်လိုက်သည်။ သူသာ သူ့အမေကို နှမြောသတဲ့လား။ ကိုယ်ရော ကိုယ့်အဖေကို မနှမြောရတော့ဘူးလား။ ကိုယ်လို မိန်းမသားကတောင် အဖေကို နားလည်ကြည်ဖြူပေးနိုင်လျှင် သူလိုယောကျ်ားသားက အမေကို နားလည်ကြည်ဖြူပေးပါတော့လား။ သူ ငွေဂုဏ်ကိုမောက်တာပါ။

"နင်ကရော ... တကယ်ကြီးမှာ ဘာလုပ်မယ်စိတ်ကူးရှိလို့ အဲဒီအလုပ်ကို လျှောက်တာလဲ"

"မသိသေးဘူး၊ ပညာပေးချင်စိတ်တော့ရှိတယ်"

"အမယ် ... ကြီးကြီးကျယ်ကျယ်၊ ဘယ်လိုပညာမျိုးပါလိမ့်"

"လောကမှာ အရေးအကြီးဆုံးဟာ ငွေမဟုတ်ဘူးဆိုတာပဲ၊ သိစေချင်တယ် ... အဲဒီငွေရှိန်မောက်သူကြီးကို"

"အဲဒီလူကြီး မိန်းမရရင် သားဦးယောကျ်ား တဲ့နှလုံးသားမွေးလိမ့်မယ်"

"ကြံကြံဖန်ဖန် ... နင်က ဘာလို့ ဒီလိုပြောနိုင်ရတာလဲ"

"ငွေရှိန်မောက် ... ဆိုတဲ့ နာမည်ကိုကြိုက်သွားလို့"

www.burmeseclassic.com

www.burmeseclassic.com



သက်ပုံက တွန်းထိုးလိုက်တော့ ပယင်းက
သာသာထိုးထိုးလေး လဲ၍ရယ်၏။

"နင့်အဖေသိနေမှတော့ ဒေါ်မြစိမ်းရည်လဲ သိရေ
ပေါ့၊ သူ့အမေသိပြီး သူ့သားလဲ သိဦးမယ်၊ နင်
ဥစ္စာ ... တုတ်မိုးရုံနဲ့ ဟက်တက်ကွဲရမယ့် မယ
တဲ့အိုးကြီး"

"ဖေဖေ ... လို့၊ ဖေဖေ့အနေနဲ့ ဖွင့်မပြောရင်မကောင်း
လို့ ဒေါ်မြစိမ်းရည်ကို ပြောရမယ်ဆိုရင်လဲ ... သူ့
သားတော့ မသိပါစေနဲ့လို့ ဒေါ်မြစိမ်းရည်ကို တား
ပေးပါလို့ ... နောင်တစ်ချိန်ချိန် တစ်အိမ်ထဲ တူ
တူနေရမယ့်သူချင်း၊ အိမ်းသက်မနေဖို့ ကြိုးစားခြင်း
သာဖြစ်လို့ ခွင့်လွှတ်ပေးပါ ... လို့ ပြောပေးဖို့တော့
ပြောထားတာပဲ၊ ဖေဖေက ငါ့ဘက် ဘယ်လောက်
ပါမယ်မသိပါဘူးဟာ ... ဒေါ်မြစိမ်းရည်ဖက်ကို
ပိုပါသွားနိုင်တာပဲ"

ဒီစကားပြောတော့ သက်ပုံ တကယ်မျက်ရည်
ကျသည်။ ဖေဖေက သူ့ငယ်ချစ်အပေါ်မှာ သံယောဇဉ်ကြီးနေ
မှာပါ။ မိထွေးသူဌေးမကြီးအိမ်ပေါ် တက်ရမယ့်သမီးပို့ (ဟိုမှာ
ကလည်း သားပျိုနှင့်) တစ်ယောက်ရဲ့မျက်နှာဟာ ဘယ်နေ
ထားပြီးနေရမယ်ဆိုတာ တွေးမှပေးရဲ့လား ဖေဖေရယ်။ မေမေ
ရေ ... ဒါကြောင့်များ နှာခေါင်းထဲ ရှုံ့တွေဝင်ပြီး အသက်ရှူ
မွန်းကြပ်စွာ သေပြခဲ့တာလား။



သေဆုံးကြတာခြင်းတူတူမှာ ... တချို့ကျ
တော့ ကံကောင်းစွာ၊ အိမ်နေရင်း၊ ဘုရားရှိခိုးရင်း၊ ဝေဒနာ
မခံစားရပဲ၊ အလုမပျက် သေတတ်လွန်းလို့တောင် သေပန်း
ပွင့်လုချီရဲ့ဟု ပြောကြသည်။ မေမေ့ခမျာတော့ အသက်မရှူ
နိုင်ပဲ မွန်းကြပ်ပြီး သေဆုံးခဲ့ရသည်။ သမီးရဲ့ ရှေ့ရေးဟာ
အသက်ရှူဝနိုင်ဖွယ် မရှိမယ့်သဘောကို ကြိုပြောခဲ့တာလား
မေမေရေ။

သက်ပုံ ... မျက်ရည်တွေကို ကြမ်းကြမ်း
သုတ်၏။

"ဟိုတလောကငါ ... အသုဘတစ်ခု သွားမိတယ်
သိလား၊ မိတ်ဆွေထဲကပါပဲ၊ မိတ်ဆွေဆိုပေမယ့် ...
ငါ့ထက်တော့ကြီးတယ်၊ အမျိုးသမီး ... အသက်
က လေးဆယ်"

"ငါလဲ မသိပါလား"

"ကျောင်းအသိုင်းအဝိုင်းကမှ မဟုတ်တာ၊ အဲဒါ ...
အဲဒီအမျိုးသမီးကလေ ... အသားညိုတယ်ကွာ၊ ညို
ဆို ... တော်တော်ညိုတာ၊ မျက်လုံးမျက်ခုံးလည်း
မလှဘူးကွာ၊ အရုပ်ဆိုးရှာတယ်၊ အသက်ရှင်တုန်းက
ဆိုရင် သနပ်ခါးလိမ်းတော့ အသားညိုပေါ် ဝါစင်း
ကြားနဲ့ မကောင်းဘူး၊ ညိုညိုလိမ်းတော့လည်း မည်း
ပဲ ဖုံပွပွနဲ့၊ အောက်ခံအသားရောင်ကိုက ဆိုးတာ၊
မိတ်ကပ်လိမ်းရင်လဲ ပြာနှမ်းနေတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"သေတော့ကွာ ... ဘယ်သူလက်စွမ်းပြလိုက်တယ် မသိဘူး၊ လှ ... လိုက်တာ၊ သေပန်းပွင့်တယ်ဆို တာ ဒါမျိုးထင်ပါရဲ့၊ သူ့တစ်သက်မှာ ရှင်နေတုန်းက ထက်စာရင် အလောင်းဘဝမှာ အလှဆုံးပဲ ပယင်း ရယ်၊ မျက်နှာလေးကို ပန်းရောင်လေး ... မျက်ခုံး မွေးဆွဲ၊ နှုတ်ခမ်းနီဆိုးရုံတင်မကဘူး၊ မျက်တောင် အတုတောင် ခပ်ပါးပါးအမျိုးအစားတစ်စုံ တပ်ထား လိုက်သေး၊ ငေး ... ကြည့်ရတယ်ကွာ"

"ဘာပေါက်ကရလဲဟ ... ဘာကို မဆီမဆိုင်ထ ပြောတာလဲ"

"ဟီး ... ဆိုင်တာပေါ့၊ ငါက မေမေ့ကို က လိုက် တာ ... မေမေ့ကိုလွမ်းပြီး ငိုလိုက်တာလေ"

"အေးလေ"

"မေမေဟာ သေတော့လဲ သူ့နောက်ဘာမှပါမသွား ခဲ့ဘူး၊ သူ့သွေးသားရင်းခြာဖြစ်တဲ့ ငါ့ကိုတောင်ချန်ထား ခဲ့ရတာပဲလို့ တွေးလိုက်တယ်၊ ဒီတော့ ... သေရင် ကိုယ့်နောက်ဘာမှမပါပါလားဆိုတာ ဆက်တွေးတယ်"

"အင်း"

"သေရင် ကိုယ့်နောက်ပါမှာကျပြီး ... ငွေရှိန်မောက် နေသူတွေကို သတိရလိုက်တယ်"

"မျက်စိထဲမှာ သားအမိနှစ်ယောက်ထဲက ဘယ်သူ့ ကို အလောင်းပုံစံကြီးနဲ့ မြင်လိုက်လဲ"



သက်ပုံက ခိခနဲရယ်၏။ အဲဒီ ပယင်းဟာ ဉာဏ်ကိုပြေးလွန်းသည်။ သူဉာဏ်ပြေးလွန်းလို့ သူတွေးတော ဘတ်နိုင်လွန်းလို့ကို သူ့မသိအောင် ဘာမှလုပ်မရ ... ရှိ တော့သည်။

"ဦးသက်တင်"

"နှင်မှ မမြင်ဖူးလိုက်ပဲ"

"ဟာ ... ဆောရီး ... ဦးပဖွန့်"

"ချောချောလှလှကြီးဖြစ်နေရောလား"

"အင်း"

ဝန်မခံချင်ပဲ ဝန်ခံပစ်လိုက်ရသည်။ ဒီလူတစ် ယောက်ဟာ သက်မဲ့ရုပ်အလောင်းဘဝကို ရောက်ရင်တောင် ချောမောနေဦးမှာ သေချာသည်။ ဒေါ်မြစိမ်းရည်ကိုယ်တိုင် က တော်တော်ချောတာ။ ဦးသက်တင်က အသားကဖွေးဖွေး ဆွတ်အောင်ဖြူသည်ဟု မေမေက ဘာမှုစကားစပ်မိတုန်း ကလဲ မမှတ်မိတော့ ... စကားကြုံလမ်းကြုံ ပြောဖူးသည်။ ဦးပဖွန့် အသားဖြူတာကျတော့ ဖွေးဖွေးဆွတ်မဟုတ်ပါ။ ဝါလွင်သည့်အရောင်က ကြေးနီရောင်ရိပ်ရိပ်လေးပြေးသော သနပ်ခါးရောင်နုနုလေးလိုဖြစ်နေသည်။ "အသားလတ်" ထက် ပိုသော၊ ဖြူသည့်ဘက်လုသော အရောင်မျိုး။ ဘယ်လိုပြော ရမှန်းမသိ ... ယောကျ်ားတစ်ယောက်အနေနှင့် ကြည့်လို့ အကောင်းဆုံး၊ အလိုက်ဖက်ဆုံးအရောင် ဖြစ်နေလေ၏။

"ဒီလူကြီးသေလို့ အလောင်းဖြစ်ရင်တောင် ဆက်

www.burmeseclassic.com

www.burmeseclassic.com



ချောနေဦးမှာပဲလို့ တွေးမိရင်းက ... သေမှ သက်မဲ့ရုပ်အလောင်းဖြစ်မှ တအားချောလှသွားတဲ့ ဟိုအမျိုးသမီးကို တစ်ဆက်ထဲ သွားသတိရလိုက်ပြန်ရော"

"အတွေးဆိုတာ အဲဒီလိုပဲ ဆက်စပ်ပြီးပြေးတတ်တယ်နော်"

"အစစ်ပဲ"

"ငါလဲ နင့်လိုပဲ တွေးလေ့ရှိတယ်၊ တစ်ခါတလေကျ ... အတွေးကဆက်ဆက်သွားလိုက်တာ ဝတ္ထုတစ်ပုဒ်စာလောက်ရှိတယ်၊ ဇာတ်လမ်းကိုဖြစ်လို့"

"စာရေးဆရာမလုပ်မလို့လား"

"စာရေးဆရာမတော့ မဖြစ်ဘူး၊ တွေးတာက အိပ်ရာပေါ်မှာဆိုတော့ အိမ်မှာ အပျင်းကြီးမဘွဲ့တော့ရပြီးပြီ၊ နင့်အကြောင်းလဲ တွေးပြီးပြီ"

"ငါ့အကြောင်း ... "

"အေး ... နင်တို့သားအဖ ... သူဌေးအိမ်ပေါ်ရောက်"

"မျက်နှာကငယ်ငယ်"

"မဟုတ်ဘူး ... အရေးကခပ်ပေးပေး"

"မထင်ပါဘူး"

"ငါ့ဇာတ်လမ်းထဲမှာတော့"

"တွေ့ကရာတွေမပြောနဲ့"

ပဗ္ဗုန်နှင့်သက်ပုံကို စ,တော့မယ်ထင်သည့်မို



သက်ပုံက ကြိုတားထားလိုက်သည်။

"ဦးပဗ္ဗုန်ဆိုတဲ့လူကြီး ... သူ့အမေရှိရာ နိုင်ငံခြားကိုလိုက်သွားမိတာပဲဟာ၊ စိတ်လဲမကောင်းပါဘူး"

ပယင်းက သက်ပြင်းမောကိုချ၏။ သက်ပုံကယ်လိုက်သည်။ အဲဒီလိုဆိုလည်း အေးတာပဲ။

ဖဖ ဖဖ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဆေးတိုက်တစ်တိုက်လုံးဖွင့်ပြီး ဒီလောက်အသေး
စိတ်စီမံထားတာတောင် ဟာကွက်ကရှိဖြစ်အောင်
သေးတယ်ကွာ"

ပန္နက်က ညည်းညူလိုက်၏။ ဘယ်သူ့ကို
ပြောတာမဟုတ်ပဲ ကိုယ့်ဘာသာညည်းတာဖြစ်သည်။

"အဲဒါ ··· ဓာတ်မှန်တော့ဓာတ်မှန်ပဲ၊ ဘာဓာတ်မှ
ခေါ်လဲကွာ၊ ဒီနေရာမှာ ဆရာဝန်တစ်ယောက်လိုတာ
ပဲ၊ ဆေးပညာကိစ္စသိချင်တိုင်း အန်ကယ်ဦးကျော်လှ
ဦးကိုချည်း ပြေးပြေးမေးနေရတာလဲ မကောင်းဘူး
ငါ့အတွင်းရေးမှူးဟာ ဆရာဝန်မဖြစ်ရင်တောင် ဆေး
ပညာဗဟုသုတ တော်တော်များများမှဖြစ်မယ်"



ဖိုးဆွေ ဘာပြောရမှန်းမသိဖြစ်နေ၏။

"အဲဒီဓာတ်မှန်ကို ဓာတ်မှန်ကျွမ်းကျင်သူလောက်နဲ့ ရိုက်လို့မရဘူးတဲ့ကွာ၊ ဓာတ်မှန်ပါရဂူကိုယ်တိုင်ရိုက်ရမယ်၊ သူ့ကိုကူညီပြီး အစစ်(Asist): လုပ်မယ့် ဆရာဝန်တစ်ယောက်လိုမယ်၊ အဲဒီနှစ်ယောက်က သူတို့ကိုယ်ပေါ် ရေးစ်(Rays) တွေဖြတ်မှာစိုးလို့ ဝတ်ဖို့အကျႌလိုတယ်တဲ့ကွာ၊ အဲဒါ ဝယ်ရမယ် ···

"အဲဒါလိုက်ရှာဖို့ အလုပ်ကို အန်ကယ်လ်က မလုပ်နိုင်ဘူး၊ ငါက ပိုင်ရှင်ဆိုပေမယ့် ငါ့မှာ ခိုင်းစရာလူသီးသန့်မရှိရင် ငါကိုယ်တိုင်လိုက်ရှာရမှာပဲကွ၊ ငါလဲ ဘယ်ရှာရမှန်းမသိဘူး၊ တစ်ဆိတ်ရှိ ··· ဖေဖေ့ဆီလှမ်းမှာဖို့ပဲတတ်တာ ···

"ဖေဖေပို့တဲ့ထိလည်း မစောင့်နိုင်တော့ဘူး၊ ဒီကိစ္စက နက်ဖြန်သန်ဘက်လုပ်ရတော့မယ်၊ ဦးတိုးမြင့်ကိုရှာခိုင်းရင်တော့ ရတယ်ကွာ၊ ဒါပေမယ့် ··· ငါမခိုင်းချင်ဘူး၊ မင်းဆိုတဲ့ကောင်ကလည်း နည်းနည်းပါးပါး အသုံးကျတာမဟုတ်ဘူး၊ တစ်နေ့တစ်နေ့ ···

"အဝတ်အစားထုတ်ပေးမယ်၊ ရုံးရောက်ရင် ကော်ဖီဖျော်တိုက်မယ်၊ ကားမောင်းမယ်၊ ဒီထက်ပိုသုံးလို့မရတော့ဘူး၊ စိတ်ကုန်တယ်"

တစ်သက်လုံးက ··· ဖိုးဆွေ ဒီလောက်ပဲအသုံးကျလာခဲ့တာ၊ ခုမှ အပြစ်ကြီးဖြစ်လို့ ··· ဟူ၍ ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ဆွေက ရှုံ့မဲ့နေ၏။ ဆေးရုံမှာ လိုအပ်သောပစ္စည်းကို ပဒ္မ
ကိုယ်တိုင် လိုက်မရှာနိုင်ပါ။ သူက ဆေးရုံမှာ အချိန်ပြ
ရှိနေရမည့်သူဖြစ်၏။ ပဒ္မနှင့် ဦးကျော်လှဦးတို့နှစ်ယော
စလုံး ရှိနေမှကိုဖြစ်၏။ ဆေးဝါးကိစ္စနှင့်ပတ်သက်သမျှ
ကျော်လှဦးက အဆုံးအဖြတ်ပေးသည်။ အုပ်ချုပ်မှုပိုင်း၊
ခန့်ခွဲရေး၊ ဝယ်ခြမ်းရေး၊ ပစ္စည်းဖြည့်ဆည်းထောက်ပံ့ရေ
အပိုင်းက ပဒ္မအပိုင်းဖြစ်၏။

"ဖိုးဆွေ"

"ဗျ"

"ရီဆက်ပရှင် Reception မှာ လောလော
နှစ်ယောက်ရှိနေတယ်မဟုတ်လား၊ တစ်ချိန်ကိုနှ
ယောက်"

"ဟုတ်"

"အဲဒီနှစ်ယောက်ထဲမှာ သက်ပုံနှင်းပါလား သွားကြ
ရှိရင်ခေါ်ခဲ့"

"ဟုတ်"

ကိုယ့်မှာ ခိုင်းစရာရှိလာလို့ သတိရလိုက်
ပဲဖြစ်ပါလိမ့်မည်။ ဒီကောင်မလေးကို သတိတရရှိနေ
တော့ အမှန်ပါပဲ။ ဆေးရုံဆိုတာ ပိတ်ထားလို့ရသည့်
မဟုတ်။ နှစ်ဆယ့်လေးနာရီ လည်ပတ်နေရသည်မို့ ဝန်ထ
များက သူ့အပိုင်းနှင့်သူ နှစ်ဆယ့်လေးနာရီလုံးရှိနေမှရသ
ဆရာဝန် ဆရာမ,ရှိနေရုံနှင့်လည်း မပြီးပါ။ အခြားဝန်ထ





အားလုံးလည်းရှိနေရသည်မို့ ... ဆေးတိုက်မှာ "နေ့" ဆို
တာမရှိ။ "ည" ဆိုတာမရှိ။ တစ်ချိန်လုံးမှာ မျက်စိဖွင့်၍
ပြေးလွှားလှုပ်ရှားနေကြရသည်ပင်။

"အော် ... အေး ... အေး၊ လာအုံး ... မင်း
ပစ္စည်းဝယ်တတ်လား"

သက်ပုံ ... မတ်တတ်ကလေးရပ်နေ၏။

"ထိုင်လေကွာ ... ပြောပါဦး၊ မင်းပြောသလိုပဲ ...
မင်းကို ငါ အတွင်းရေးမှူးခန့်မှဖြစ်တော့မယ်"

"ကျေးဇူးတင်ပါတယ် ဦးဖုန်"

"ဟင်"

ဦးဖုန် ... တဲ့။ သူ့ဒွေးမဟုတ်တော့ပါလား။
ပဒ္မ ရယ်မောပစ်လိုက်သည်။ စိတ်ထဲမှာလည်း ပေါ့ပါး
သွက်လက်သွားသည်။ အလုပ်ရှုပ် စိတ်ရှုပ်ချိန်မှာ လိုအပ်
သော သက်ရှိပစ္စည်းဖြစ်နေပါလားကွယ်။

※※※

"ဦးပဒ္မနဲ့လား"

"ဟုတ်ပါတယ်"

"ဘာလုပ်နေလဲ၊ ငွေပုံပေါ်တက်ထိုင်ပြီး ငွေရှိန်တွေ

www.burmeseclassic.com

www.burmeseclassic.com



မောက်နေလား"

"အော်"

ဒီအသံကြားဖူးပါတယ်လို့တော့ ထင်သား။ ဟို
တစ်ခါ ဖုန်းဆက်ပြီး အသားလွတ် ကောသွားသည့်ကောင်
မလေးပဲ။ အသံကိုမှန်းပြီး အသက်ကို ခန့်မှန်းရလျှင်တော့
ဒီကောင်မလေး ကိုယ့်ထက်ငယ်နိုင်၏။ သူ့အသံက ရှုး
အစ်အစ်မှာ နှာသံကလေး နည်းနည်းပါသည်။ တမင်ကာ
လုပ်ပြောနေတာဖြစ်နိုင်သည်။ ဒါမှမဟုတ် ... မွေးကတ
နှုတ်ခမ်းကွဲလေးကိုပဲ ပြန်ချုပ်ထားလေရော့သလား။ အဲ
လူတွေ စကားပြောလျှင် ထွက်လေ့ရှိသောအသံမျိုး ဖြစ်
သည်။ သူမကလေး ... ကိုယ့်နှာခေါင်းကိုယ် လက်
ညှစ်ပြီး ပြောနေတာလည်း ဖြစ်နိုင်သေးသည်။

ထူးဆန်းတာက ဒီကောင်မလေး ကိုယ့်ဆ
လူလာဖုန်းနံပတ်ကို ဘယ်ကရပါလိမ့်။ ဟိုတစ်ခါဆက်တုန်း
က အိမ်ဖုန်း။ သူငယ်ချင်းတွေနှင့်စကားပြောလျှင် အိပ်
ထဲမှာအိပ်ပြီး ကျကျနနပြောချင်လို့ အိပ်ခန်းထဲမှာ လိုင်း
ခွဲထားခဲ့သည်။ အိမ်ဖုန်းကို အိပ်ရာထဲမှပြောခဲ့၏။ ခု
က ဆယ်လူလာဖုန်း။ ဆေးတိုက်မှာထိုင်မှ ဒီဖုန်းကို
ခဲ့သည်။ ခု ... ဒီကောင်မလေးက ဆက်နိုင်ပြီဆိုတော့
ကောင်မလေးဟာ ကိုယ့်အနီးအနား ပတ်သက်ရာပတ်သ
ကြောင်းတွေထဲကများလား။

"စာရင်းတွေတွက်နေတယ်၊ ကိုယ်ပိုင်ပိုက်ဆံ



ဘယ်လောက်များနေသလဲလို့"

"မေဖလားဝါးမှာ ဘယ်လောက်၊ အာရှစနမှာ ဘယ်
လောက်၊ ရိုးမဘဏ်မှာ ဘယ်လောက် ... "

"နိုး ... နိုး၊ အဲဒီလောက် ဘယ်ကျဉ်းမြောင်းပါ့
မလဲကွာ၊ ဆွစ်ဇာလန်ဘဏ်မှာ၊ အင်္ဂလန်မှာ၊ ဘရူ
နိုင်းမှာ"

"အကြွား"

"ကမ္ဘာပေါ်မှာရှိသမျှ နာမည်ကြီးဘဏ်တွေထဲမှာ တို့
ပိုက်ဆံတွေရှိတယ်၊ အပ်ထားတယ်၊ ကမ္ဘာပတ်မလား၊
လက်ပိုက်ထွက်သွားရုံပဲ၊ ရောက်တဲ့နိုင်ငံမှာ ပိုက်ဆံ
ထုတ်သုံးလို့ရတယ်"

"မရှက်ဘူးလား"

"ချမ်းသာတာ ရှက်စရာလား"

"ကြွားနေတာ၊ ယောကျ်ားဖြစ်ပြီးကြွားနေတာ"

"အော် ... ယောကျ်ားဆို မကြွားရဘူးလား၊ ကြွား
တယ်ဆိုတာ မိန်းမတွေအလုပ်ပေါ့ ... ဟုတ်လား၊
ဒါဆို ... မင်းလဲကြွားလေ၊ တို့မှာ အချိန်နည်းနည်း
ရှိပါတယ်၊ နားထောင်ပေးမယ်"

"ရှင့်လို သူဌေးမိဒွေးမရှိလို့ မကြွားနိုင်ပါဘူး"

"သူဌေးမိဒွေး ... ဟုတ်တာပေါ့၊ တို့အဖေလက်
ထပ်လိုက်တဲ့ အမေရိကန်မကြီးက အဲဒီမှာ မီလျံနာ
တဲ့။ ကုန်တိုက်ကြီး ဘယ်နှစ်ခုပိုင်တယ်ဆိုလား၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ရတနာကုမ္ပဏီဆိုလား၊ တော်တော်ချမ်းသာတာ နော်၊ နယ်နယ်ရရ မမှတ်နဲ့"

"မမှတ်ပါဘူး၊ အထင်လဲမကြီးပါဘူး"

"ကောင်းတယ် ... အထင်မကြီးနဲ့၊ အထင်ကြီးရင် မက်မောသွားတတ်တယ်၊ အဲဒါနဲ့ ချူရင်ကောင်းမ လား၊ ချိုင်ရင်ကောင်းမလားတွေ ဖြစ်ကုန်ရော"

"ရှင် တော်တော်ပါးစပ်စည်းကမ်းမရှိတဲ့လူပဲ"

ပဖူနု်န် ကြိတ်ရယ်လိုက်သည်။ ဒီလို ကလေး ကလားအလုပ်မျိုး မလုပ်ဖြစ်တာကြာပြီ။ ကျောင်းပြီးတဲ့ နောက်ပိုင်း ဟိုသင်တန်းတက်ရ၊ ဒီသင်တန်းတက်ရနှင့်။ ကျောင်းတုန်းက အုပ်စုတွေကွဲကုန်ပြီး လူသစ်တွေပေါင်းရ တော့ ငယ်သူငယ်ချင်းတွေမဟုတ်ကြပါ။ တစ်ယောက်နှင့် တစ်ယောက် ပြောမနာဆိုမနာအဆင့်သို့မရောက်၊ ပြောလျှင် ဆိုလျှင် နာကြမှာမို့ သိပ်မပြောမဆိုပဲ ထိန်းသိမ်းနေဖြစ်ခဲ့ သည်။ ပဖူနု်သည် တော်ရုံနှင့် စိတ်ဆိုးတတ်သူမဟုတ်ပါ။ ပင်ကိုယ်ကိုက သဘောကောင်းသည်။ အထူးတလည် သည်း ခံနေရတာမျိုးမဟုတ်ပဲ ... စိတ်တိုမလွယ်သောသူဖြစ်၏။

သူများကိုလည်း စ,ချင်သည်။ ကိုယ့်လာစ လှ၍ ရယ်နေလိုက်၏။ အမေ့သားမို့ အမေကိုချွဲဖို့လောက် ပဲ စိတ်ထဲမှာထားလျက် ကိုယ့်ကိုကိုယ် ... တစ်ခါတစ်ခါ ကျ ကလေးသာသာထင်မိသေးသည်။ ဒါကြောင့်လည်း ... မေမေ့ကို နောက်အိမ်ထောင်ပြုခွင့်ပေးဖို့ နှမြောနေတာဖြစ်



သည်။ မေမေက ဒါကိုသိလို့ ဆေးတိုက်ကြီးတစ်တိုက်လုံး ပြီး လူကြီးလုပ်ခိုင်းတာထင်ပါရဲ့။

"တို့ကို ပါးစပ်စည်းကမ်းမရှိဘူးသာပြောတယ်၊ တယ် လီဖုန်း စ,စဆက်နေတာက မင်းပါလား၊ မင်း ... တို့ဟင်းဒ်ဖုန်း Hand Phone နံပတ်ဘယ်ကရလဲ"

"မစုံစမ်းပါဘူး၊ အလိုအလျောက်သိလာရလို့"

"တို့ဆီဆက်တဲ့အဓိပ္ပါယ်က ... "

"အမြင်ကတ်လို့"

"အော် ... အမြင်ကတ်ရင် မိတ်ဆက်ရသလား၊ ဒီလိုဆို ပြည်သူချစ်အနုပညာရှင်တွေဆီ ပရိသတ်က မိတ်ဆက်နေတာ အမြင်ကပ်လို့ပေါ့၊ သနားစရာပဲ၊ အနုပညာရှင်တွေ တော်တော်လူမုန်းများတယ်နော်"

"ရှင့်ကိုလေ၊ ပိသလေးနဲ့ဘေးထုသလို နစ်နာသွား အောင်ပြောပစ်လိုက်ချင်တယ်၊ တကယ်တမ်းကျတော့ ရိုင်းရိုင်းစိုင်းစိုင်းပြောမထွက်ဘူး၊ ကျွန်မက မိကောင်း ဖခင်သားသမီး"

"ဒါပေါ့ ... ယဉ်ကျေးသိမ်မွေ့တာကောင်းတာပေါ့ ကွယ်"

"ရှင် ... လူတတ်ကြီးလုပ်ပြီးပြောနေပြန်ပြီ၊ ကျွန်မ က ရှင်ဆတ်ဆတ်ခါနာသွားမယ့်စကားလုံးတွေ ပြော ချင်တယ်"

"ဘယ်သူ့အတွက် အကျိုးရှိမှာမို့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက်ပဲ ... ရှင် ထွန်ထွန်လူးသွားမှ ကျွန်မ ကျေနပ်နိုင်မယ်"

"တို့ကို အာဃာတ တစ်ခုခုရှိလား"

ပဇ္ဈုန် စကားကို အတည်ဖက်သို့ရွေ့၏။ ဒီကောင်မလေးဟာ အပျော်ဆက်နေတာ၊ သာမန်ဆယ်ကျော်သက်တွေလို ဖုန်းနံပတ်တစ်ခုရလို့ ကောက်ဆက်နေတာမျိုး ထက်မကပြီဟု တွေးလိုက်နိုင်၏။

"ရှိတယ်"

"တို့ ... ဘယ်လိုအပြစ်မျိုး၊ တစ်ခုခုလုပ်ထားမိလဲ၊ ဥပမာ ... မင်းကို ချစ်တယ်ကြိုက်တယ်များပြောဖူးသလား"

"ရှင် လူပါးမဝနဲ့"

နောက်ချင်စိတ်ပေါက်လာပြန်၍ အရွှန်းပြောမိပြန်တော့ ကောင်မလေးက နာရှာ၏။

"မင်းဘယ်သူလဲ၊ မင်းနာမည်ပြောနိုင်မလား"

"မြိုင်မြိုင်ခင်လေး"

"ဘာ"

"မြိုင်မြိုင်ခင်လေး ... ဦးတိုးမြိုင်ရဲ့သမီး၊ တစ်ဦးတည်းသောသမီး ... ဒီကမ္ဘာမှာ အချစ်ဆုံးသားအဖနှစ်ယောက်ထဲကတစ်ယောက်"

မြိုင်မြိုင်ခင်လေး ... ဆိုကတည်းက သိလိုက်ပါပြီ။ "ဘာ" ... ဆိုတာ မကြားလိုက်လို့မဟုတ်



ပါ။ မမှတ်မိလို့မဟုတ်ပါ။ အံ့သြအာမေဋိတ်သာလျှင်ဖြစ်လေ၏။

မြိုင်မြိုင်ခင်လေး ... ဆိုပဲ။ သူက အာဃာတနှင့်တဲ့၊ ငွေရှိန်မောက်သည်ဟု စွပ်စွဲခဲ့ဖူးသည်။ သူက ဘာကို တစ်ပြန်စီးမကျေနပ်နေရတာတဲ့လဲ။ မြိုင်မြိုင်ခင်လေးဆိုတဲ့အတွက် စောစောကလောက် ဒီကောင်မလေးအပေါ်မှာ မကြည်လင်နိုင်တော့ပါ။ ဘယ်ကမှန်းမသိ ဖုန်းဆက်နေသောကောင်မလေးတွေ၊ ပဇ္ဈုန် ကျောင်းမပြီးခင်ကဆိုဘော်တော်များသည်။ အဲသည်တုန်းက ငယ်ကြသေးသည်။ သူတို့လည်း ငယ်ငယ်၊ ကိုယ်လည်း ခပ်ငယ်ငယ်၊ ဆယ်ကျော်သက်မကတော့ပေမယ့် ... ကျောင်းသူကျောင်းသားဆိုတာ ထမင်း ... အိုးထဲကထွက်သည်၊ ပိုက်ဆံ ... မိဘအိတ်ထဲကထွက်သည်၊ အဝတ် ... ဘီရိုထဲရောက်လာတတ်သောအရာဖြစ်သည်ဟု ထင်မှတ်ကာ အရာရာသည်ပျော်ရွှင်ဖွယ်ရာချည်း။ ကြည်နူးဖွယ်ရာချည်း။ အလေးအနက်ခံစားမှုမရှိ။ ပေါ့ပါးလန်းဆန်းလို့နေကြ၏။

ကျောင်းပြီးတာနှင့် ကျောင်းသားဘဝကရခဲ့ဖူးသော ပေါ့ပါးလန်းဆန်းမှုလေးတွေ ပျောက်ကုန်သည်။ ဘယ်လောက်ချမ်းသာသော သူဌေးသားသမီးပဲဖြစ်ဖြစ် အတိုင်းအတာတစ်ခုထိတော့ လျော့ကျကုန်ဆုံးသွားရတာပါပဲ။ အလုပ်ထဲ မဝင်ရသေးသည့်တိုင် လူကြီးတစ်ပိုင်းလိုလို ဘာလိုလိုနှင့် လေးလေးပင်ပင်ကြီးဖြစ်သွားခဲ့ကြရသည်။ အဲသည်အချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ မိတ်ဆက်စကားသံလေးက ဆယ်ကျော်သက်ဆီပြန်ပို့သလိုလိုနှင့် ပျော်ရမလိုရှိသေး။ မြိုင်မြိုင်ခင်လေးဆိုတော့ ... ဦးတိုးမြိုင်သမီးဆိုတော့ သူမ,မှာ ခံစားမှုအခုအခံတစ်ခုက ရှိနှင့်ပြီးပေပဲ။

"မင်း မြိုင်မြိုင်ခင်လေးဆိုရင် တို့ကိုဘာပြောချင်လို့လဲ၊ ပြောစရာရှိရင် ပြောနိုင်တယ်"

"ဖေဖေနဲ့ ရှင့်အမေနဲ့ လက်ထပ်မယ့်ကိစ္စကို ရှင်က သဘောမတူဘူးဆိုတော့ ကျွန်မတို့အပေါ် စော်ကားလွှန်းရာရောက်တယ်"

"ဘာလို့ရောက်ရမှာလဲ၊ တူချင်မှတူမှာပေါ့၊ ဒါဟာ သီးသန့်ခံစားချက်ပဲ"

"ကျွန်မအဖေက ပစ္စည်းမ[illegible]ပြီး လက်ထ[illegible]ချင်တာ မဟုတ်ဘူး၊ သူ့တို့ချင်း ငယ်ရည်းစားဆိုတာ ရှင်သိရဲ့လား၊ ရှင့်ဘွားက ရှင့်အမေကို အိမ်ထဲကအိမ်ပြင်ထွက်ခွင့်မပေးတော့ပဲ တစ်လအတွင်းမှာ အိမ်ထောင်ချပေးလိုက်လို့ ရှင့်အဖေနဲ့ရကြတာဆိုတာရော ရှင်သိရဲ့လား"

"ကိုယ့်ကိုလာကြိုက်နေတဲ့သူငယ်ချင်း သဘောကောင်းကို သိပ်လဲ ပြန်မကြိုက်ပဲနဲ့ မိန်းမရပြီးရောဆိုပြီး မင်းအဖေက မင်းအမေကို ယူလိုက်တဲ့အဆင့်ထိသိတယ်"

ပဒ္မုန် ဒေါသနည်းနည်းထွက်သည်။ သဘော[illegible]ကောင်းကောင်းထဲက[illegible]မို့ တော်ရုံနှင့်စိတ်မဆိုးတတ်ပါဘူးဆို[illegible]မယ့် ... မေမေ့ကိစ္စဆိုလျှင် •မျက်နှာပြင်တစ်ခုလုံး ရဲ[illegible]က်လာရသည်ချည်း။ ရှက်စိတ်ကြောင့် ဒေါသထွက်ဖြစ်[illegible]သည်ချည်း။

"ဒါ ... ရှင့်အမေ တစ်ဖက်သတ်ပြန်ပြောထားတဲ့စကား"

"တို့အမေကို တစ်လတိတိ အိမ်တံခါးသော့ခတ်လိုက်တယ်ဆိုတာလဲ မင်းအဖေပြန်ပြောထားတဲ့စကားပဲပေါ့၊ မေမေ့ကို အရခိုးဖို့လာရင်းက မင်းအဖေ အချုပ်ထဲမှာ တစ်ညအိပ်ရတာရော သိသေးလား"

"ဒါဆိုရင် ... အာဃာတက ပိုကြီးသွားပြီ"

"အဖေကို တားပါလား၊ မင်းဟာက မဆိုင်တဲ့အပေါက်ကို ဂလိုင်နဲ့လာခေါက်နေတယ်၊ တို့ဆို ... ကိုယ့်အမေကိုယ် မီးဝါပြထားလိုက်တယ်၊ လိုအပ်ရင် မီးနီဆက်ပြမယ်၊ မင်း ... တို့ကို ရန်လာတွေ့နေမယ့်အစား မင်းအဖေမင်း ... မီးနီပြပါလားကွ၊ မဆီမဆိုင် ဒီမှာလာရမ်းရသလား၊ ပြီးတော့ ... မင်းက ယောကျ်ားလေးရှင့်"

သက်ပုံ ... ဒေါသတွေ လျော့ခနဲကျချင်[illegible]ားရသည်။ ရယ်ချင်လို့ပါ။ "ယောကျ်ားလေးရှင့်" တဲ့။ [illegible]ယ့်အဖေကို ကြည့်ရှုနေရာချထားရမည့် တာဝန်ရှိသမီး၊ [illegible]ယောကျ်ားလေးရှင်ကြီးပါတကား။ ပဒ္မုန်ဟာ သူ့အမေကို

www.burmeseclassic.com



နမြောတွန့်တိုတာက အဓိကဆိုတာကြီးကို သိလိုက်ရသည်။ ဖေဖေကကျတော့ ဆင်းရဲလို့၊ သူ့အမေလောက် မချမ်းသာလို့၊ ဒါကို ပြစ်ချက်တစ်ခုလိုထောက်ပြနေပေမယ့် ... သူ့အမေနှင့်တန်းတူ ချမ်းသာသောသူဌေးဖြစ်နေလည်း တခြားအကြောင်းတစ်ကြောင်းကြောင်းကို ထောက်ကွက်လုပ်ပြီး မီးဝါပြထားဦးမည့်သူပါပဲ။ ဖေဖေက ဒါကို ခွင့်လွှတ်နေတာ ထင်ပါရဲ့။

ဒါပေမယ့် ... ဦးပဇ္ဇုန်ရယ်၊ သိုက်တူးသမား အထင်ခံရတာတော့ ကျွန်မတို့ဖက်က နစ်နာပါတယ်။

"ကျွန်မ ရမ်းတယ်ဆိုတာက ရှင်နဲ့ ကျွန်မနဲ့နှစ်ယောက်ထဲပဲသိပါတယ်၊ ရှင်ရမ်းခဲ့တာက လူပုံအလယ်မှာ၊ ရှင့်ဘော်ဒါတွေက ကျွန်မအဖေကို သိုက်ဆရာထင်ကုန်ကြပြီ၊ ကျွန်မတို့ သိက္ခာဘယ်လောက်ကျသွားရသလဲ၊ ပြီးတော့ ... ဖေဖေ့မှာ သမီးပျို ကျွန်မတစ်ယောက်လုံးရှိနေသေးတယ် ..."

"သူ့အဖေက သိုက်ဆရာ၊ သိုက်ဆရာရဲ့သမီးလည်း သိုက်သမားလေးပဲ၊ တူးဦးမှာပဲ အထင်သေးအမြင်သေးခံရရင် ဘယ်လောက်နစ်နာလဲ"

"ဆောရီး ... ကိုယ်မှားသွားတယ်"

"ရှင်ဟာ ... တစ်ခါတစ်ရံမှာ လွယ်လွယ်နဲ့ အလျှော့ပေးလွန်းတယ်"

"အဲဒါ ... ယဉ်ကျေးမှုပဲ၊ စိတ်ဓာတ်မခိုင်မာတာ



မဟုတ်ဘူး"

"လျှော့ပေးရမယ့်နေရာတွေမှာ တလွဲခိုင်မာနေတာကျတော့ ဆိုးတယ်"

"မင်းသဘောက ... မင်းအဖေနဲ့ သဘောတူပေးရမယ်ပေါ့၊ ဒီလိုလား"

"မပြောမိပါလား၊ ရှင်ထင်သလို မဟုတ်ကြောင်းနဲ့ ငွေရှင်ပီပီ ငွေမျက်နှာတစ်ခုထဲမမြင်ဖို့ သတိပေးတာ"

"ပျော့ကျချင်သလိုလိုဖြစ်သွားတဲ့ စိတ်ဓာတ်လဲ မင်းကြောင့်ပဲ ပြန်ခက်ထန်သွားရပြီ၊ တော်ပြီကွာ ... တို့ ဒီနေ့ ဆေးတိုက်မှာပင်ပန်းခဲ့တယ်၊ အိပ်တော့မယ်"

"ရှင် နှစ်ပြားတစ်ပဲဖို့ ပင်ပန်းဖို့အတွက် ကျွန်မအဖေက သိန်းချီတန်ဖိုး ပင်ပန်းပေးခဲ့လို့ ... ဒီနေ့ ရှင် နှစ်ပြားတစ်ပဲဖိုးပင်ပန်းနေရတာပါ၊ တကယ်ဆိုတော့ ကျွန်မအဖေက လခလေး တစ်ပဲခြောက်ပြားနဲ့ ရှင်တို့သားအမိ ငွေပုံမြင့်လာအောင်၊ ထွားလာအောင် ကျွန်ခံပေးနေတာပါ"

"မင်းစကားတွေ လွန်လာပြီနော်"

"ဟုတ်တာပြောတာ"

"အဲဒီလိုလုပ်ပေးရလို့လဲ မေမေ ဘယ်လောက်ချမ်းသာတယ်ဆိုတာ မင်းအဖေအသိဆုံးဖြစ်ပြီး အပိုင်သိမ်းချင်စိတ်ပေါက်တာပေါ့ကွ၊ ဒီမှာ သားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လုံး ကန့်လန့်ခံနေလို့"

"ရှင့်စကားတွေလွန်လာပြီ"

"မင်းက စ,လွန်တာ"

"နှုတ်သီးကောင်းလှချည်ပါး၊ မိန်းမကောင်းရန်တွေ့"

"ယောကျ်ားမှာလဲ ပါးစပ်ပါတယ်"

"တော်ပြီ"

"တော်သင့်တာလဲ ကြာပြီ၊ နောက်လဲ ဘယ်တော့မှ မဆက်သင့်ဘူး"

သက်ပုံ ... တယ်လီဖုန်းခွက်ကို ပစ်ချ လိုက်၏။ ဒီလူနှင့်စကားပြောရတာ မြွေလိမ်မြွေကောက်နှ လှသည်။ ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်ဖြစ်၏ ဒေါသဒီဂရီ မြင့်လိုက်နိမ့်လိုက်ရှိ၏။ ပင်လယ်ကမ်းခြေမှာ လှိုင်းစီးရသလို မူးမူးရီရီ ခံစားရသည်။ ခံစားမှုတွေက သ တန့်ရောင်စဉ်လို အရောင်တွေယှက်သန်း၏။ သို့ပေမယ့် ပေါ်လွင်သောခံစားမှုမှာ "အခံရခက်ခြင်း" တည်း။

သက်ပုံ ... တယ်လီဖုန်းကို မ,ပြန်၏ ဂဏန်းစုစုပေါင်း ခုနစ်လုံးတိတိနှိပ်ရသည်။ သူ့ဘက်က ဆ လူလာလေ။

"ဟယ်လို"

"ရှင်ယောကျ်ားဆိုရင် ကျွန်မပြောတဲ့စကားတွေ ရှ အမေနဲ့ ကျွန်မအဖေဆီ ပြန်မပေါက်ကြားပါစေ ဒါပဲ"



စကားပြောခွက်ကို ချက်ချင်းချပစ်လိုက်သည်။ ဟိုဖက်မှာ အသည်းယား၍ ကျန်ရစ်မှာ သေချာ၏။ သူက မကျေနပ်လျှင် ပြန်ဆက်လို့ရတာမှမဟုတ်ပဲ။ ကိုယ့်ဖုန်းနံ ပတ်ကို သူမသိနိုင်ဘူးထင်သည်။ ဒီအချိန်ဆို သူ့အမေလည်း မအိပ်သေးဘူးဆိုလျှင်တောင် အိပ်ရာထဲတော့ ရောက်နေ လောက်ပြီမို့ ... အိပ်ရာထဲက အမေကို ဒုက္ခပေးပြီး ဖုန်း နံပတ်တစ်ခု မေးလောက်အောင် မသိမ်ဖျင်းဘူးထင်ရတာ ပဲလေ။ ဧည့်ခန်းထဲမှ ထ,လာခဲ့သည်။ သက်ပုံ ... ဒီလို ဖုန်းဆက်တာ ဖေဖေ မသိပါ။

ဖေဖေက ... ခုတလော ညညဆို ... ဆရာ ဝန်က ဒိုင်ယာဇီပင်နှင့် အိပ်ခိုင်းသည်။ ဖေဖေ့ခမျာ သွေး တိုးစပြုပြီ။ ဖေဖေ့အတွက် ဆေးပေးမီးယူဆိုသလို၊ နေရာ ခပ်သိမ်း သက်ပုံ လိုက်ပြုစုနိုင်ကာတွေအတွက် "အဖော်" ဆိုတာ လိုကိုလိုအပ်ကြောင်း မိန်းမသားက နားလည်ပေး နိုင်ပါလျက် ... ယောကျ်ားသားဖြစ်လျက် နားလည်မပေး နိုင်သည့် ယောကျ်ားသားကြီးကိုပဲ မုန်းမိ၏။ သူက သူ့ ကိုယ်သူ မိန်းကလေးရှင် ... တဲ့လေ။ ရယ်စရာတော့လည်း အကောင်းသား ... ။

သက်ပုံက အိပ်ခန်းထဲသို့လာခဲ့၏။ သက်ပုံတို့ ပိုင်သော တိုက်ခန်းက ဟောင်ကောင်ပုံစံမို့ နှစ်လွှာရှိသည်။ အပေါ်ထပ်မှာ ဝရံတာတွင် ဘုရားခန်းပြုလုပ်၍ ဦးတိုးမြင့် တစ်ခန်း၊ သက်ပုံတစ်ခန်း၊ ပြီးတော့ အိမ်သား ရေချိုးခန်းပဲမို့

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်လွန့်လွန့်ရှိ၏။ အောက်ထပ်မှာလည်း ဧည့်ခန်း ထမင်းစားခန်း၊ မီးဖိုခန်း၊ အိမ်သာရေချိုးခန်းသာရှိပြီး အိပ်ခန်း ထည့်မဖွဲ့ထားသောကြောင့် ကျယ်ပြန့်ပါ၏။ ဧည့်ခန်းမှာ တယ်လီဖုန်းရှိတော့ မိမိအိပ်ခန်းသို့လာရာ၌ လှေခါးတစ်ထပ်စာ တက်ခဲ့ရသည်။ အိပ်ခန်းထဲဝင်၏။ အိပ်ရာပေါ် ပှဲချလိုက်သည်။ မျက်စေ့ကိုပိတ်ကြည့်သည်။ မရပဲ ကန်ပွင့်၏။ မျက်ဝန်းတွေရှမှာ လတ်ဆတ်ကြည်လင်နေသော မျက်နှာတစ်ခုကို မြင်သည်။

ဆံပင်က မတိုလွန်းပေမယ့် ရှည်လည်းမရှည်ပါ။ တော်ရုံသင့်ရုံပဲမို့ လူကြီးလူကောင်းဆန်သည်ဟု ပြောလို့ရသည်။ လူလိမ္မာလူငယ်ပုံလည်း ပေါက်၏။ ကလေကချေ ဂျပိုးပုံစံမဟုတ်တာ သေချာနေသော သူ့မျက်နှာသွင်ပြင်ကြောင့်ရော ...,သူ့လှုပ်ရှားဟန်တွေကြောင့်ပါ သူဟာ တော်တော်ကြည့်လို့ကောင်းသော ယောကျ်ားတစ်ယောက်ဖြစ်နေ၏။ လုပ်ငန်းခွင်ထဲဝင်ပြီဆိုတော့ ... သူ ပိုပြီး လူကြီးဆန်သွားဖို့ပဲရှိသည်။ သို့ပေမယ့် ရွှေလင်ပန်းနှင့်အချင်းဆေးခဲ့ရသော ဇာတိဂုဏ်ကလေးကို မချနိုင်ပဲရှိပုံကတော့ အမြင်ကပ်ဖွယ်။ မုန်းစရာကောင်းလှပါဘိ။

"ဟော"

အောက်ထပ်ဧည့်ခန်းမှ တယ်လီဖုန်းမြည်လာသည်။ သန်းခေါင်တောင်တိုင်ခဲ့ပြီ။ အချိန်မတော်ကြီး ဘယ်ကဖုန်းပါလိမ့်။ အပေါ်ထပ်အခန်းတွေက မျက်နှာကြက်ထိ



ကာရံ လုံလဲမနေလို့သာ အောက်ထပ်က တယ်လီဖုန်းသံ ကြားလို့တော်သေး။ ဒီအချိန် ဘယ်သူမှ ဆက်လေ့လည်း မရှိ။ ဘာပဲဖြစ်ဖြစ် ... အိပ်မပျော်သေးသော သက်ပုံက ဖေဖေလည်း ကြားပြီးနိုးသွားမှာစိုးစိတ်ဖြင့် ပြေးဆင်းခဲ့ရတော့သည်။

"ဟယ်လို ... အမိန့်ရှိပါရှင်"

"အမိန့်ရှိမလို့ပါပဲ"

"ဟင် ... ရှင်"

ကြည့်စမ်း ... ဟိုလူ ... သူ ... ဖုန်းနံပတ် ဘယ်ကရသွားပါလိမ့်။ ဒီအချိန်ကြီး သူ့အမေကိုတော့ နှိုးပြီး မမေးတန်ကောင်းပါဘူး၊ သူ့ဘာသာ ဦးတိုးမြိုင် အိမ်ဖုန်းနံပတ်ကို ရအောင်ရှာတာဆိုလျှင်လည်း တော်တော်ဝီရိယစိုက်လိုက်သားပါပဲ။

"မင်း အိပ်မပျော်သေးဘူးမဟုတ်လား"

"ပျော်နေပြီ"

"မညာပါနဲ့၊ တို့အကြောင်းကို သိုင်းဝိုင်းဖွဲ့နဲ့ပြီး တွေးတောနေတယ်မဟုတ်လား"

"ရှင် ဖုန်းနံပါတ်ကို အစောကြီးထဲ သိတာလား"

"တကြည့်ခန်းတစ်ခုလုံး ပြောင်းဆန်အောင် မွှေနှောက်ပြီး တို့အလုပ်သမားတွေရဲ့ ကိုယ်ရေးဖိုင်တွဲတွေလှန်လှောပြီး ဦးတိုးမြိုင်ဖုန်းနံပတ်ကို ရှာရတာ"

"ရှင် ... ဇော်ကားပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစော်ကားလို့လဲ"

"ရှင့်အလုပ်သမားတွေဆိုတော့ ဖေဖေဟာလဲပဲ ရှင်တို့ရဲ့အလုပ်သမားလို့ နှိပ်ကွပ်လိုက်တာ၊ ထင်ရှားစေလိုက်တာမဟုတ်ဘူးလား"

"မဟုတ်လို့လား" ... ဟု ပြောလိုက်ချင်၏။

ဒီဘက်က ကိုယ်လုပ်သည့်အလုပ်အတိုင်း မှန်ရာကန်ရာပြောဆိုတာကို သူမက တွေးချင်ရာ "ဆွယ်" တွေးပြီး နာကြည်းချက်ရှာတွေ့သွားသည်။

"တို့ပြောချင်တာက"

ဟု မပြောမိဖို့ကြိုးစားထိန်းသိမ်းလိုက်ရသည်။ မေမေဟာ ဦးတိုးမြိုင်ဆိုသော လူကြီးနှင့် လက်ထပ်နိုင်ဖို့အတွက် အများအမြင်လည်း တင့်တယ်အောင် ကြိုးစားပြင်ဆင်နေခဲ့သည်။ ဒီကိစ္စဟာ တစ်နေ့မှာ အကောင်အထည်ပေါ်သွားနိုင်သည်။ အဲသည်အခါကျ ... မျက်နှာချင်းမဆိုင်လို့မရ၊ တစ်အိမ်ထဲ တူတူနေရမည့်သူချင်း ... ခုထဲက အလွန်အမင်း မုန်းတီးနေလို့မဖြစ်ဘူးလေ။

"မင်း ဖုန်းဆက်တဲ့အကြောင်း မင်းအဖေမသိစေချင်တာ ဘာသဘောလဲ၊ အဲဒါကိုသိချင်တယ်"

"ရှင့်အမေလဲ မသိစေချင်ဘူး"

"အဲဒါရော ဘာသဘောလဲ၊ နစ်ခုဖြေပေါ့"

"ရှင်းနေတာပဲ၊ ဒီလောက်မှ နားမလည်ဘူးလား၊ ဖေဖေ စိတ်ဆင်းရဲမှာစိုးလို့ပေါ့၊ ဖေဖေ့ဆန္ဒတစ်ခုကို





သမီးလိမ္မာတစ်ယောက်အနေနဲ့ မဆန့်ကျင်ချင်ဘူး၊ မကန့်ကွက်ချင်ဘူး၊ ဒီသဘောပဲ၊ ရှင်သာ ရှင့်အမေကို တားဆီးဆန့်ကျင်တာတောင် တစ်ဖက်သားကို မျိုးဖွဲ့နှိပ်ကွပ်ပြီးတားတာ"

"ငါ့အမေမသိစေချင်တာကရော"

"ရှင်စကားပြောတာ ရိုင်းတယ်၊ ကိုယ့်ကိုကိုယ် ငါတဲ့၊ ကျွန်မကို ... မင်းတဲ့၊ ရှင့်ကိုရှင် အထက်စီးကယူပြီးပြောလိုက်တာ ကျွန်မ အရမ်းနာကြည်းတယ်"

"ခင်ဗျား ... ကျွန်တော့်ထက်ငယ်မယ်ထင်လို့ပါ"

"ပေါ့ပြန်ပြီ"

"အကောင်းပြောလဲ အကောင်းမထင်ပါလား"

"ရှင်က ကျွန်မအဖေကို ဆင်းရဲသလေး၊ စုတ်ပြတ်သလေး ... "

"ဟို ... ဘယ်တုန်းကမှ စုတ်ပြတ် ... ဆိုတာ ထည့်မပြောခဲ့ဘူး"

"လူကိုမကဲ့တာမဟုတ်ပဲ ငွေကိုမကဲ့တာလို့ ရှင့်ပါးစပ်အကျယ်ကြီးကိုဖွင့်ပြီး ပြောခဲ့တာ"

"ထားပါတော့"

"ရှင်သာ ရှင့်အမေကို ဆန့်ကျင်တာ၊ ကျွန်မက ကျွန်မအဖေကို ဘယ်တုန်းကမှ ဆန့်ကျင်ခဲ့တာမဟုတ်ဘူး၊ ရှင် ဘယ်လောက်ပဲဂျိကျ၊ ဂျိကျ ... စိတ်ချ၊ တစ်နေ့တော့ ရှင့်အမေနဲ့ ကျွန်မအဖေဟာ ပေါ့ပွဲမသွေ

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကြမှာပဲ၊ အဲဒီအခါကျ ... ရှင့်အမေကို
မျက်နှာပူစရာကြီးဖြစ်နေမှာစိုးလို့ ကျွန်မက လိမ္မာ
ယဉ်ကျေးသူပီပီ ကြိုတင်ကာကွယ်တာ၊ ဖေဖေသိမှာ
ကျတော့ ... ဖေဖေ စိတ်ဆင်းရဲမှာစိုးလို့၊ ဒါပဲ
တခြားဘာရည်ရွယ်ချက်မှမရှိဘူး၊ ကြောက်လို့လဲ
မဟုတ်ဘူး၊ ရှင့်လဲ မကြောက်ဘူး"

"ဘာလို့ အလကားနေရင်း လာစွာနေရတာလဲ"

"စွာတယ်ဆိုတာ စော်ကားနှိပ်ကွပ်တာနဲ့စာရင် အလွန်
ပေါ့တိမ်တဲ့ အသေးအဖွဲ"

"မင်းအဖေနဲ့ ငါ့အမေကို မလွဲမသွေလက်ထပ်ဖြစ်
မယ်လို့ မင်းက ဘာကြောင့်ပြောနိုင်ရတာလဲ"

"ရှင် ရိုင်းလာပြန်ပြီ"

"စကားမလွှဲနဲ့ကွ၊ မင်းစကားထဲမှာ ဇာတိပြနေတယ်"

"ဘာဇာတိလဲ"

"လက်မထပ်ဖြစ်ထပ်ဖြစ်အောင် ကြိုးစားတော့မယ်
ဆိုတာ ပေါ်လွင်နေကထဲက မင်းတို့ဘက်က မရိုး
သားဘူး"

"လူတကာကို ရှင့်စိတ်နဲ့နှိုင်းမနေနဲ့"

"မေမေက လက်ထပ်ဖြစ်မယ်ဆိုရင်တောင် ရှိပစ္စည်း
အားလုံး တို့နာမည်နဲ့လွှဲခဲ့မှာ၊ လက်ချည်းဗလာ ကျန်
မယ့်မေမေ့ကို မင်းတို့သားအဖက ရွှေဝါနဲ့ပင့်မှာ
လား"



"ဦးပဇ္ဇုန် ... ကိုယ့်အမေ ကိုယ်နှမြောရင် တစ်ဖက်
သားကို မပုတ်ခတ်တဲ့စကားနဲ့ လှည့်တားပါလား၊
ရှင်တင် ရှင့်အမေကိုနှမြောတာမဟုတ်ဘူး၊ ကျွန်မ
လဲ ကျွန်မအဖေကို နှမြောတာပဲ၊ မိဘတွေတင် သား
သမီးတွေကို နှမြောတယ်မထင်ပါနဲ့၊ သားသမီးက
လဲ မိဘကို နှမြောတာပဲ၊ ဒါပေမယ့် ... အဖေကို
ချစ်လွန်းလို့ မတားခဲ့တာ၊ သိလား"

"တို့ကတော့ ... ချစ်လွန်းလို့တားတာ ... နောင်
တစ်ချိန် မေမေစိတ်ဆင်းရဲမှာလည်းစိုးတယ်၊ မင်းတို့
ထင်သလို ဘာပစ္စည်းမှပါမလာခဲ့ရင် မေမေ့ကို နှိပ်
နှိပ်စက်စက်လုပ်မှာစိုးတယ်၊ အဲဒီခါကျ တို့က သား
တစ်ယောက်အနေနဲ့ ကြည့်နေနိုင်မလား"

"ကျွတ် ... သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ၊ ပိုက်ဆံ
ပိုက်ဆံ ... ဆိုတဲ့အတွေးကလွဲရင် တခြားအတွေး
မတွေးတတ်တော့ဘူးလား၊ ဝမ်းဝပြီး ခါးလှနေရင်
စိန်တွေ၊ ရွှေတုံးတွေကို မြေတိုက်ခန်းထဲ အပြည့်
ထည့်သိပ်ထားဖို့မလိုပါဘူး၊ ဒါတွေ ... သေတော့
လဲ ကိုယ့်နောက်ပါတာမဟုတ်ဘူး"

"ကြည့်စမ်း ... တို့အိမ်မှာ မြေအောက်ခန်းရှိတာ
တောင် မင်းသိနေပြီ၊ မေမေက တို့ကိုတောင် ပြော
ပြတာမကြာသေးဘူး၊ မင်းအဖေကို ပြောလိုက်ပြီ
တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သေချင်တာပဲ ... ကျွတ်၊ စကားအဖြစ်ပြောလိုက်တာက သွားတိုက်ဆိုင်တာ၊ အထင်သေးနေတဲ့သူ အတွက် ထပ်သေးဖို့ဖြစ်ပြန်ပြီကွာ၊ အရမ်းစိတ်ပျက်တယ်၊ ကျွန်မတို့က ပါးစပ်တစ်ပေါက်အတွက် ရှာစားတတ်တယ်၊ ဒီအပြင် ဘာမှမမက်ဖူးဆိုတာ ရှင် ယုံ"

ပဇ္ဇုန် ဖုန်းချတာ တစ်စက္ကန့်လောက်ပဲ စော သွားသည်။ သူမ ချပစ်တော့မည်ဆိုတာ သိလို့ကို ... ပဇ္ဇုန်က အရင်ချပစ်လိုက်ခြင်းဖြစ်၏။ စောစောက ... မခံချင်စိတ်ဖြင့် ဘယ်လီဖုန်းနံပတ်ကို လိုက်ရှာဖြစ်ခဲ့သည်၊ သူက ကိုယ့်ဖုန်းနံပတ်ကျတော့ ဆယ်လူလာလဲ လိုက်သိ နေပြီး၊ ကိုယ်ကမသိရတာ မကျေနပ်လို့ရှာခဲ့တာ။ နံပတ် တော့ ဆက်ဖြစ်၏။ ဂလဲ့စားချေလိုစိတ်ဖြင့် ကိုယ်က ဖုန်း အရင်ချပစ်လိုက်သည်။ နည်းနည်းတော့ ကျေနပ်သလိုရှိ သည်။

သို့ပေမယ့် ...

ဒီကမ္ဘာမှာ ဦးတိုးမြိုင်တို့သားအဖဆိုတာ ရှိ မနေလျှင် အကောင်းဆုံးပါပဲလေ။ မေမေ့ကို နောက်အိမ် ထောင် နှင့် မမြင်မကြည့်နိုင်ပါဘူး။ ဒီကြားထဲ ... အား ကိုးရနိုင်ဖွယ်မရှိသော ချိုချိုတဲ့တဲ့ယောကျ်ားနှင့်မို့ကို ပိုလို့ မကျေမနပ်ဖြစ်ရသည်။ မျက်နှာချင်းဆိုင်ပြီး ငြင်းဆိုတာ မြစ်ဖို့ကျတော့လည်း ရှက်နေရသေးသည်။ မေမေက ဆွေး



နွေးချင်ပုံရပေမယ့် စကားမစပ်ဖြစ်အောင် ရှောင်နေခြင်းဟာ အဓိက.ကတော့ ဒီကိစ္စမဖြစ်မြောက်စေချင်လို့ပါပဲ။

✽✽ ✽✽

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဖိုးဆွေ မပါဘဲ ကားကိုကိုယ်တိုင်မောင်းရတာ အရသာတစ်မျိုးရှိသလိုလို။ စင်စစ် ... ပဗ္ဗန်က ကားမောင်းရတာ သိပ်ကြိုက်သည်။ ကားရှေ့ခန်း စက်ခေါင်းဖွင့်ပြီး ဟိုနှိုက်ဒီနှိုက်လုပ်ရတာပျော်သည်။ ကားမှမဟုတ်ပါ။ အသေးအဖွဲ့ဖြစ်ဖြစ် ကြီးကြီးမားမားဖြစ်ဖြစ်၊ စက်ကိရိယာလေးတွေကို ဖြုတ်လုပ်တပ်ဆင်၊ ကလိနေရတာကိုကြိုက်တာ၊ သီချင်းဝါသနာပါသူ ပါးစပ်နှင့်သီချင်း မပြတ်ငြီးနေသလို၊ ဝတ္ထုကြိုက်သူ စာအုပ်နှင့်မျက်နှာ မခွာတမ်းဖတ်နေရတာ ပျော်သလို၊ ပဗ္ဗန်က မည်သည့်စက်ကိရိယာ လျှပ်စစ်ပစ္စည်းနှင့်မဆို ထိတွေ့အပ်စပ်နေရတာ ပျော်သည်။ ကိုယ့်ဝါသနာနှင့်ကိုယ် ... ။



သို့ပေမယ့် ...

"ကားမမောင်းပါနဲ့သားရယ်၊ ကား ... ကားချင်းထိမိခိုက်မိလို့ကတော့ သူမှားမှား ကိုယ်မှားမှား၊ ဘယ်လောက်လျော်မှဆိုလဲ ဘယ်လောက်ပဲလျော်ရလျော်ရ၊ မေ့သားလေးကို ခြစ်ရာပွန်းရာလေး တစ်စင်းအထင်မခံရရင်ပြီးတာပဲ၊ မေမေ လျော်နိုင်ပါတယ် ...

"လူကို တိုက်မိလာလို့ကတော့ သွားပြီ သားရယ်၊ မေမေ့စည်းစိမ်ပုံပြီး လျော်လဲ ဟိုဘက်ကကျေနပ်ချင်မှကျေနပ်မှာ၊ မေမေ ကယ်နိုင်မှာမဟုတ်ဘူး၊ ပိုက်ဆံရှိပေမယ့် တခြား ဘာကျောထောက်နောက်ခံမှ ရှိတာမဟုတ်ဘူး၊ ကားမမောင်းတာ အကောင်းဆုံးပါပဲ" ... တဲ့။

ဖိုးဆွေတို့က တခြားသော အသုံးမကျလျှင်နေသည်။ ကားမောင်းတော့ကျွမ်း၏။

"ဒရိုင်ဘာလခတွေက မိုးထိုးနေတာ၊ မငှားပါနဲ့၊ ကျွန်တော်မောင်းမယ်" ... တဲ့။

"အေးကွ ... ယာဉ်မောင်းတစ်ယောက်ရဲ့လခဟာ အရာရှိကြီးတစ်ယောက်လစာရဲ့ ငါးဆလောက်ဖြစ်နေပါလား၊ ဒါတောင် ထမင်းတစ်နပ်ကျွေးရသေးတယ်ထင်တယ်"

"တရားခံရှာထားတာလေ ကိုလေးရဲ့၊ သူဌေးတွေကိုယ်တိုင်မောင်းလို့ တစ်ခုခုဖြစ်ရင် မခက်ဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ကိုယ်တိုင်မမောင်းကြတာ၊ ယာဉ်မောင်းနဲ့ဆိုတော့ ဖြစ်စရာရှိလဲ ယာဉ်မောင်းပဲ"

ပဖွားနှင့် ကားမမောင်းခဲ့တာကြာပြီ။ ဒီနေ့မှ ပြန်မောင်းဖြစ်၏။ အမိက,ကတော့ ဖိုးဆွေကို မခေါ်ချင်လို့ပါ။

"ကားမမောင်းတာကြာတော့ မောင်းလို့ကောင်းလိုက်တာ၊ မြို့ပြင်ထွက်လို့လဲ မောင်းလို့ကောင်းတာဖြစ်မယ်"

"ဦးဖုန်ကို ကျေးဇူးတင်လိုက်တာ"

"ရပါတယ်၊ တို့ကလဲ နားချင်နေတာ၊ ကားမောင်းပစ်လိုက်ရတာ အနားရသလိုပဲ"

"ဆန်းတယ်နော်"

"တို့ဖေဖေရဲ့ မိတ်ဆွေတစ်ယောက်ဆိုရင် အသက်ကခြောက်ဆယ်၊ သစ်ခွစိုက်တယ်၊ ကိုယ်တိုင် ဆေးပုံးလွယ်ပြီး မြေသြဇာဖြန်းတယ်၊ အဲဒါ ... နားတာတဲ့၊ အံ့ရော"

ပဖွားနှင့် ရယ်လိုက်၏။ သက်ပုံလည်း လိုက်ရယ်သည်။ ရယ်ရင်း ... ကားမောင်းနေသော ပဖွားနှင့်မျက်နှာကို ငေးနေ၏။ ရှင်းသန့်စိုပြည်သော ယောကျ်ားချောတစ်ယောက်ရဲ့မျက်နှာဆိုတာ ... ဒါပဲ ... ဟု ပြောနိုင်သောကျက်သရေကို ခံစားခွင့်ရနေသည်။ ပဖွားနှင့်က သက်ပုံ သူ့ကို တစ်လမ်းလုံး ငေးကြည့်ပါလာတာကို သတိထားမိ၏။ ဒီကောင်မလေးဟာ ပဖွားနှင့်ရဲ့ အနုအတာကို တော်တော်ရှာ၏။ အလိုက်သိ၏။ သူ့ကို ခေ့ါကြုံမှ အဲ့ထုတ်ပြီး ကိုယ်



နားခေါ်ထားလိုက်တာမှာ တော်တော်လေး အလုပ်အကိုင်အဆင်ပြေသွားသည်။ သူ့, မသိတာ၊ မတတ်တာ၊ မလုပ်နိုင်တာတွေကို ဟိုပြေးဒီလွှား မေးမြန်းပြီး ဖြစ်အောင်လုပ်သွားသည်မို့ အဆင်ချောရတာတွေလည်း အများကြီးရှိခဲ့ပြီးပြီ။

"ဖေဖေက မြန်မာပြည်မှာ ရတနာကုမ္ပဏီလာဖွင့်မလို့တဲ့ကွာ၊ သူ့မိန်းမအလုပ်ပေါ့၊ အဲဒီကိစ္စ ... မေမေက တို့ကို လုံးဝလွှဲတယ်၊ စကားတောင် အစပ်မခံဘူး၊ ဖေဖေ့ရည်ရွယ်ချက်က မြန်မာပြည်ကို သွားလိုက်လာလိုက်လုပ်ရင်း သားနဲ့ မကြာခဏတွေ့နေချင်တာလဲပါတယ်"

"ဒီလိုတော့လဲ ချစ်သားနော်"

"မင်းက မချစ်လို့ပစ်သွားတယ်ထင်လို့လား၊ ဖေဖေက ရည်ရွယ်ချက်ကြီးမားတယ်၊ အမြင့်မှန်းတယ်၊ ဘယ်နေရာရောက်နေလို့မှ မတင်းတိမ်ဘူး၊ တိုးတက်အောင် အမြဲလုပ်နေမယ့်သူ"

"လောကီမှာတော့ ချီးကျူးဖွယ်လူသားပေါ့နော်၊ သံသရာအတွက်ကျတော့ ... လောဘ"

"အောင်မယ် ... ကြီးကျယ်လို့"

ပဖွားနှင့်က ချစ်စနိုးနှင့် လှည့်မာန်ပစ်လိုက်ရသည်။ သူမ ... ပြောနေပုံလေးက ရိုက်ချင်ဖွယ်။ ကြီးကြီးကျယ်ကျယ်စကားကို ပြုံးပြုံးလေးလုပ်၍ လူတော်ကြီးစကားကို ပြောနေတာလေ။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ထူထောင်ခြင်းဆိုတာကို ဘဝခရီးကြီးကိုလျှောက်တဲ့အခါမှာ လိုအပ်တဲ့အဖော်နဲ့ လက်တွဲခြင်းလို့ပဲ သတ်မှတ်တယ်"

"အသည်းနှလုံးက စကားမပြောဘူးပေါ့နော်"

"အင်း ... သံယောဇဉ်တို့ မေတ္တာတို့တော့ ရှိတာပေါ့၊ ဖေဖေဟာ ... နိုင်ငံခြားမထွက်ခင်အချိန်ထိ မေမေ့အပေါ်မှာ တကယ့်လင်ကောင်းသားကောင်းကွ၊ သိပ်နားလည်မှုရှိတာပဲ၊ အရာရာမှာ ခွင့်လွှတ်ကြည်ဖြူတယ်၊ ပိုက်ဆံသုံးမလား၊ ခရီးထွက်မလား၊ စိတ်ချမ်းသာအောင်နေတာကို ခွင့်ပြုတယ်၊ လူမှုရေးမဖောက်ပြန်ရင်ပြီးရော၊ သူလဲ မဖောက်ပြန်ဘူးပေါ့လေ"

"ဘာပဲဖြစ်ဖြစ် တစ်မျိုးကြီးပဲ"

"မြန်မာမဆန်သလိုပဲနော်၊ ငယ်ငယ်ကထဲက မစ်ရှင်ကျောင်းမှာနေပြီး အင်္ဂလိပ်လိုပဲ တရွတ်ရွတ်ပြော၊ စာတတ်လာတော့လည်း အင်္ဂလိပ်ဝတ္ထုဖတ် ... ဆိုတော့ အနောက်စိတ်ဝင်နေတာလဲ ဖြစ်နိုင်ပါတယ်၊ Ladies First လေဒီးစ်ဖတ်စ်ပေါ့နော်၊ အားနွဲ့သူ ဦးစားပေးစိတ်လဲ ရှိတယ်"

"အဲဒါကျတော့ ကောင်းပြန်ရော"

"ဖေဖေ ဟိုမှာလက်ထပ်တယ်ဆိုတာလဲ သူ လမ်းသစ်ဖောက်ချလိုက်တဲ့ ဘဝခရီးအတွက် အဖော်သစ်ရှာတာပဲ၊ အဲဒီအဖော်အပေါ်မှာလဲ ဖေဖေက အဖော်



ကောင်းဖြစ်အောင် နေပေးမှာ"

"ဦးဇုန်မှာလဲ အဲဒီစိတ် နည်းနည်းရှိလားမသိဘူးနော်"

"မရှိလို့ ... မေမေ့ကို နောက်အိမ်ထောင်ပြုခွင့်မပေးပဲထားတာပေါ့၊ ကိုယ်တို့အမေအကြောင်း မင်းသိလား၊ လူပြောများပါတယ်၊ သိမှာပါ"

"ဟုတ်ကဲ့"

"ကိုယ်အမြင်မှာကျတော့ မေမေက အိမ်ထောင်ပြုဖို့မလိုတော့ဘူးကွာ၊ ကိုယ့်ရှိတဲ့စည်းစိမ်ကို ထပ်တိုးအောင်ရှာပေးမယ့် ယောကျ်ား မလိုပါဘူး၊ ဒီအသက်ဒီအရွယ်မှာ ကိုယ့်ဘာသာ သားတစ်ယောက်နဲ့နေလည်းတင့်တယ်ပါပြီ၊ ဆယ်ကျော်သက် မုဆိုးမ တစ်ခုလပ်ဆိုလည်း တစ်မျိုးပေါ့ ...

"အဖော်ဆိုတာလည်း မလိုတော့ပါဘူးကွာ၊ ကိုယ့်အပေါင်းအသင်း အသိုင်းအဝိုင်းနဲ့ အဖော်လုပ်လို့ရတာပဲ၊ ပျော်ပွဲစားထွက်မလား၊ အလုပ်ကိစ္စတိုင်ပင်မလား၊ ဘန်ကောက်လောက်ကို ထွက်မလား၊ အားလုံးလုပ်နိုင်တာပဲ၊ ရိပ်သာစခန်းဝင်ချင်ရင်လဲ မိန်းမဖော်တွေရှိတယ်၊ ယောကျ်ားတစ်ယောက်ကို ခင်ပွန်းအဖြစ်လက်ထပ်ပြီး ဘဝခရီးဖော်အဖြစ် လက်တွဲဖို့ကို မလိုတော့တာ ...

"ပြီးတော့ ... ဒီယောကျာ်းက ကိုယ့်ပစ္စည်းဝိုင်းသုံးမယ့်ယောကျ်ား၊ ကိုယ်က တစ်ခုလပ်ဖြစ်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလည်း မပြေလည်ဘူးဆိုရင်တော့ ရှာဖွေလုပ်ကိုင်ကျွေးမွေးမယ့် ယောကျ်ားကို ထမင်းရှင်အဖြစ် အိမ်ထောင်ပြုရမှာကတစ်မျိုး …

"မေမေ့မှာကျတော့ ဘာမှမလိုဘူးကွာ၊ အားလုံး ပြည့်စုံတယ်၊ သားလဲအရွယ်ရောက်ပြီ၊ အဲဒါလေး တစ်ချက်ပေါ့နော်၊ ကိုယ်က သူ့ပစ္စည်းမသုံးရပဲ သူက ကိုယ့်ပစ္စည်းလာသုံးမှာကတစ်ချက်၊ အဲဒီနှစ်ချက်ကြောင့် မေမေ့ကို မီးစိမ်းကို မပြဘူး …

"မေမေ ဇွတ်စီစဉ်ရင် ဖေဖေ့ဆီလိုက်သွားမယ်လို့ ခြိမ်းချောက်ထားတယ်"

"တကယ်သွားမှာလားဟင်"

"မေမေ တကယ်ဆိုရင် တကယ်သွားမှာ"

"ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ"

"ဦးဇုန်သွားရင် ကျွန်မ အလုပ်ပြုတ်ပြီပေါ့"

"ဒီသူငယ်မကလဲ တစ်မျိုး၊ မေမေက ချက်ချင်းထပြီး လက်ထပ်မှာကျလို့"

"ဦးဇုန်မေမေကိုကျတော့ ဦးဇုန်က မတားဘူးလား"

"ဟင့်အင်း … တားလို့လဲရမှာမဟုတ်ဘူး၊ မေမေက သူ့အတွက် အကောင်းဆုံး ဆုံးဖြတ်ချက်တွေ သူ့ဘာသာချတတ်တယ်၊ ချပြီးရင်လည်း ဘယ်သူ တားလို့မှ မပျက်ဘူး"



"ဦးဇုန်မေမေချတဲ့ ဆုံးဖြတ်ချက်ဟာလဲ သူ့အတွက်တော့ အကောင်းဆုံးဖြစ်မှာ"

"ယောကျ်ားနဲ့မိန်းမ … မတူဘူးလေကွာ၊ သဘာဝတရားကြီးက သူ့အကန့်နဲ့သူ ခြားနားထားတယ်"

"အဲဒီထဲမှာ ယောကျ်ားတွေဘက်ကို မျက်နှာလိုက်ထားတာပါမှာပါ"

"မင်းက … မေမေ့ကို အိမ်ထောင်ပြုဖို့ဖက်ကလား"

"ဟင့်အင်း … မဟုတ်ပါဘူး၊ ဦးဇုန်စိတ်တွေ ခက်ထန်နေလို့ ပျော့ပျောင်းသွားအောင်ပြောပေးတာ"

"ကျေးဇူးတင်တယ် သက်ပုံနှင်း … ဒါပေမယ့် မေမေ့ကိစ္စမှာ ကိုယ့်စိတ်ထားမပြောင်းနိုင်ဘူး … အင်း … ပြောစကားတောင်ပြတ်သွားတယ်၊ ဖေဖေက နောက်အိမ်ထောင်ပြုပေမယ့် သူဘယ်လိုအနောက်တိုင်းဆန်တယ်ပြောပေမယ့် အမေဟာ အဖေပဲကွာ၊ သားကိုချစ်တဲ့နေရာမှာတော့ မြန်မာသန့်တဲ့အဖေရယ် ဘိုဆန်တဲ့အဖေရယ် …

"မေတ္တာချင်းကျတော့ တူတူပဲ၊ သူဘယ်လောက် အလုပ်များများ၊ ကိုယ့်ကို မကြာခဏတွေ့လိုစိတ်ရှိတယ်၊ တစ်ပတ်တစ်ခါ ဖေဖေကချည်း ဖုန်းဆက်တာပဲ"

"ဟိုကအမျိုးသမီးက ကြည်ဖြူတယ်နော်"

"ကိုယ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးက သည်းခံစိတ်နဲ့ ခွင့်လွှတ်ကြည်ဖြူပေးကြတာ၊ သူတို့လူမျိုးကတော့

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုကိုက ဒါမျိုးကို ဂရုမစိုက်တာ၊ သည်း ခံခွင့်လွှတ်ပေးရတဲ့အဆင့်ထိ မရောက်ဘူး"

အဓိက,ကတော့ မြန်မာပြည်မှာ ရတနာကုမ္ပဏီ တစ်ခု လာဖွင့်မည်။ ဒီကုမ္ပဏီက ကျောက်မျက်ရတနာပြ ပွဲမှာ စောင့်ဝယ်ပြီး ဟိုကိုပို့ပေးရမည်။ အလုပ်က တစ်ခါ တစ်ခါမှရှိမည်မို့ ပဖွူနု်လုပ်နိုင်ပါသည်။ ဦးသက်တင်က ကျောက်မျက်ရတနာပြပွဲသို့ ရတနာကုန်သည်ကြီးအဖြစ် ‌ ဖန်ရံခါလာမည်။ သားနှင့်တွေ့မည်။ အဲသည်အခါကျလျှင် ရန်ကုန်မြို့ပေါ်မှာ မနေချင်၊ အလွန်တိတ်ဆိတ်သော တော ရိပ်မြိုင်ဇွန်းလေးလိုနေရာမှာ သားအဖနှစ်ယောက် တဝနား ချင်သည်တဲ့။ အဲသည်အတွက် ပဖွူနု်က မြေဝယ်။ နေဒိ ချစ်ဖွယ်အိမ်လေးဆောက်၊ အိမ်လေးကသေးရင် သေးပစေ သစ်သားတွေကို အလုံးလိုက် များများသုံးပါတဲ့။

လျှပ်စစ်ပစ္စည်းအပြည့်အစုံ ဖြည့်ဆည်းထား ပါတဲ့။ ခြံကလေးထဲမှာ လေသိမ်းတိုင်း ယိမ်းထိုးလှုပ်ရှား နေမည့် မည်းမည်းစိမ်းစိမ်း အုပ်အုပ်ဖားဖားအပင်ကြီးတွေ ပါပစေတဲ့။ ရာသီအလိုက်ပန်းကလေးတွေ ပွင့်နေပစေတဲ့။ ကောင်းမယ်ထင်လျှင် စိတ်ကူးကို ကြိုက်သလောက်ယဉ်ပြီး ငွေကုန်ချင်သလောက်ကုန်ပစေ၊ ဆောက်ထားပါတဲ့။

ဒီသူငယ်မနှင့် အဲသည်လောက်ထိ တရင်းတ နှီး ဆွေးနွေးဆင့်ရောက်ခဲ့ခြင်းဟာ ဒီကောင်မလေး လိမ္မာ လွန်းလို့ပါပဲ။ လိမ္မာသည် ... ဆိုသောစကားကိုပဲ သုံး



ချင်၏။ ဒီကောင်မလေး ... ကလေးဆန်သည်။ အမြဲရွှင် လန်းတက်ကြွလျက် မြူးတူးနေတတ်သည်။ ကိုယ်မေ့လျော့ ခဲ့ပြီဖြစ်သော လတ်ဆတ်မှုအပျော်လေးတွေ သူ့ဆီမှာတွေ့ ရ၍ ကိုယ့်ဆီကူးစက်၏။ ကလေးဆန်ပေမယ့် ... အရည် အချင်းကျတော့ လူကြီးဆင့်မီ၏။ သူ့ကိုခိုင်းလိုက်တိုင်း မဖြစ် မြောက်တာမရှိ။ မေးလိုက်တိုင်း မဖြေနိုင်တာမရှိ။ သူဖြေနိုင် လုပ်နိုင်အောင် ဗဟုသုတတွေ ရှာဖွေသိမှီးထားသည်။ လေ့ လာဆည်းပူးထားသည်။

ပြီးတော့ ... ဦးဖုန်ပုခေါ်ကာ အရေးပေး သည်။ အလိုက်သိသည်။ လေးစားသည်။ အောက်ကျို့ဆက် ဆံသည်။ ရံဖန်ရံခါဆိုသလိုမှာ သူမကလေး၏မျက်ဝန်းတွင် အားကိုးနှစ်လိုခြင်းများကို တွေ့ရသေးသည်။ ခုလည်းကြည့် လေ ... ကားမောင်းနေသည့် ပဖွူနု်ကို သူမကလေး ငေး ကြည့်၍ပါလာ၏။ ဒီနေ့က ... ဖေဖေ့အတွက်ဝယ်ပေးမည့် ခြံက မှော်ဘီမြို့အဝင်ဝမှာမို့ ဝိုင်းကြည့်ပေးဖို့၊ သူမကိုခေါ် ခဲ့ရတာလေ။ သူမကလေးက ဟုတ်တာမဟုတ်တာ နောက် မှဆုံးဖြတ်တော့ ... လောလောဆယ်မှာတော့ မဖြစ်ညစ် ကျယ် အကြံဉာဏ်လေးတွေပေးတတ်သည်မို့ မရှိမဖြစ်ကောင် မလေးဖြစ်ခဲ့ရပြီ။ ဖိုးဆွေကိုတော့ လူကြီးလူကောင်းခန့်ပြီး ဆေးတိုက်မှာထားခဲ့ရ၏။ အရေးကြီးလျှင် ဖုန်းလှမ်းခေါ် သေတော့။

"ဟော့ ... ဘာပြောချင်လို့ ဒီလောက်ကြည့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရတာတောင် စိတ်မဖြောင့်လက်မဖြောင့်ဖြစ်လာသည်။ ကိုယ့်ကို တခြားလူတစ်ယောက်က ဒီလောက်စိုက်ကြည့်နေတာကို ဘယ်သူက လိပ်ပြာသန့်စိတ်ရှင်းစွာ နေနိုင်မှာတဲ့လဲ။

"အစ်ကိုတော်ချင်လို့"

"တော်လေ ... ရတာပဲ"

"အရင်းဖြစ်ချင်တာ၊ ဒေါ်မြစိမ်းရည်ရဲ့ဗိုက်ထဲက ထွက်ချင်တာ"

"အဟား ... မေမေ့ကိုပြန်ပြောရဦးမယ်၊ အင်း ... တို့သားအမိလည်း မျက်နှာချင်းမဆိုင်ဖြစ်တာကြာပြီကွာ"

"မပြောလိုက်နဲ့နော် ... ဦးဇုန်၊ ကျွန်တော့်ကို ကတိပေးပါ၊ လူကြီးတွေဆိုတာ လူငယ်တွေနဲ့ အမြင်ချင်းမတူပဲ အမြင်စောင်းသွားရင် ကျွန်တော့်မှာ မိန်းမသားသိက္ခာကျတယ်၊ မပြောနဲ့နော် ... ကတိပေးပါ၊ ရှစ်ကြီးခိုးပါရဲ့"

"အေးပါ ... အေးပါ"

"ကျွန်တော် ... လွတ်ခနဲ့ ကျွန်တော်လို့သုံးမိတယ်၊ အဲဒါ ရင်းနှီးတဲ့သူတွေနဲ့မှသုံးတာ၊ ငယ်ငယ်ကထဲက ကျွန်တော် နှုတ်ကျိုးခဲ့တယ်၊ ကျွန်မဆိုတာ လူထဲသူထဲ အလုပ်ထဲရောက်မှ ကြိုးစားပြီးပြောရတာ၊ ကျွန်တော်လို့ ပြောရမလားဟင်"





"ပြောပါ ... ကောင်းပါတယ်"

စင်စစ် ... သူဌေးနှင့်အလုပ်သမားမလေး။ အတွင်းရေးမှူးပဲခေါ်ခေါ်၊ စာရေးမပဲပြောပြော၊ သက်ပုံရသောလခက ခုနစ်ထောင်မို့ ညှိကြိုစာရေးမလေးလခထက်နည်းနည်းကလေးသာပေမယ့် အတွင်းရေးမှူးလခတော့လည်း မဟုတ်ပေ။ သက်ပုံဟာ ဒီဆေးတိုက်မှာ သူဌေးဦးပဇွန်သက်ဘင်ဆီမှာ ဘာရာထူးမှန်းလဲ ... လည်း မသိတော့ပါ။ ခိုင်းသမျှလုပ်ရသည့်သာ။ ဘာရာထူးပဲဖြစ်ဖြစ် သက်ပုံသည် အလုပ်သမားသာလျှင်ဖြစ်၏။ သူဌေးနှင့်အလုပ်သမားတို့ ဒီလောက်ရင်းနှီးလေ့ရှိသလားမရှိဘူးလား မသိ၊ ပဇွန်နှင့်သက်ပုံတို့ကတော့ ရင်းနှီးကြသည်။ ဒါဟာ ... ရိုးသားပြီး ကလေးဆန်သော သက်ပုံကြောင့်ပဲဖြစ်၏။

"ကော်တာပဲ၊ ပြောမယ်၊ ကျွန်မပြောကာနီးတိုင်း စကားထစ်နေတာ၊ လူမသိဘူး၊ လျှာက သွားနောက်မှာ ကြိတ်ထစ်နေတယ်၊ ကျွန်တော်ဆိုမှ လျှောလျှောလျူလျူထွက်တာ၊ ဦးဇုန် ... ဦးဇုန်အခမေနဲ့ ဘာဖြစ်လို့မတွေ့တာကြာသလဲဟင်၊ တစ်အိမ်ထဲ တူတူနေပြီးတော့"

"အိမ်ထောင်ရေးကိစ္စ မဆွေးနွေးချင်လို့ပေါ့ကွာ၊ မေမေလဲ ရက်ရှာမှာပေါ့၊ သနားပါတယ်၊ တို့က ယမိပြတ်တားလိုက်မှာလဲ စိုးတယ်ထင်ပါရဲ့၊ မေမေရောက်လာရင်တော့ မေမေက တို့ကိုနားချမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဇုန်ဖေဖေက လာကာနီးပလား"

"ကျောက်မျက်ရတနာပြပွဲအမီဆိုတော့ ငါးလ ခြောက်လလောက်လိုဦးမယ်၊ အဲဒါ ... ဖေဖေက မေမေ့ဆီမှာ မတည်းချင်တော့လို့ တို့က အမြန်အိမ်ဆောက်ပေးရမှာ"

"ဟော်တယ်တည်းလဲ ရသားပဲ"

ပဒ္မုန်က ကားမောင်းလျက်မို့ သက်ပုံဖက်သို့ လှည့်မကြည့်ပဲ စကားပြောလာ၏။ သူက ကိုယ့်ကို လုံးဝ လှည့်မကြည့်မှာ သေချာသည်မို့ သက်ပုံက သူ့ကို စိတ်တိုင်းကျငေးကြည့်ခွင့်ရ၏။

"ဦးဇုန် ... ခုလေးတင် ရေချိုးလာသလား" ဟု မေးယူရလောက်အောင် ပဒ္မုန်၏ အသားအရည်က စိုပြည်လတ်ဆတ်သည်။ လန်းဆန်းသည်။ သန့်ပြီးတောက်ပြောင်နေသည်ဟု ပြောလျှင်ရ၏။ ရေမိုးချိုးပြီးစလို လတ်ဆတ်လွန်းလို့ သူ့ကိုယ်ပေါ်မှာ ရေတွေမှ စင်သေးရဲ့လား၊ ကိုယ့်ကို ရေစက်လာစင်မလားထင်ရလောက်အောင်ကို စိုပြည်လတ်ဆတ်၏။ ဒါဟာလည်း ဘဝပေးကုသိုလ်တစ်မျိုးပဲဖြစ်ပါလိမ့်မည်။ ပဒ္မုန်မှာ အဖေနှင့်အမေ တကွဲတပြားစီဖြစ်နေတာကလွဲလို့ ကုသိုလ်အကျိုးပေးကောင်းလွန်းပါပေ၏။

"ရတော့ရတာပေါ့၊ ဒါပေမယ့် ... ဖေဖေက ဟိုမှာ ... စက်မှုထွန်းကားတဲ့နိုင်ငံမှာနေရတော့ ဓာတ်



မြေက တောရိပ်တောင်ရိပ်တွေကို လွမ်းတယ်ထင်ပါရဲ့၊ မြို့နဲ့ဝေးဝေးတဲ့"

"မော်ဘီနားထိဆိုတော့ မဝေးလွန်းဘူးလား"

"ဟိုနိုင်ငံမှာတော့ အဲဒီလောက်ခရီးကို ဝေးတယ်မခေါ်ဘူးကွ၊ မနက်သွားညနေပြန် အလုပ်ဆင်းတဲ့သူတွေ၊ ကျောင်းတက်တဲ့သူတွေရှိတယ်၊ အေးဆေးပဲ၊ မြေအောက်ရထား နှစ်နာရီခရီးကို အသာကလေး မြေအောက်ရထား နှစ်နာရီဆိုတာ မိုင်တစ်ရာနီးပါးတော့ အေးအေးလေး ဝေးတာပေါ့ ...

"တို့ဆီမှာတော့ ဘတ်စကားတိုးစီးရတာ ပင်ပန်းတော့ လေးငါးမိုင်ခရီးလဲ ဝီခေါ်နေတာပေါ့ကွ၊ ဟိုမှာတော့ ရီးနေပြီ၊ ကျောက်မျက်ပွဲရှိတဲ့နေ့လဲ ... မနက်စောစောထလာရင် ရတာပဲ"

"လမ်းမှာ ကားတွေဘာတွေပျက်ရင် ဘယ့်နှယ်လုပ်မလဲ"

"မပျက်မယ့်ကား စီးမှာပေါ့"

"ကားပဲ ... မပျက်မယ့်ကားရယ်လို့ ရှိမလား ... သူပျက်ချင်ပျက်မှာပေါ့"

"အသစ်စက်စက်ဆိုရင် ဘယ်ပျက်ပါ့မလဲကွာ၊ ဖေဖေက သူ ရန်ကုန်လာရင်စီးဖို့ မာစီဒီးစ်တစ်စင်းပို့လိုက်ပြီ၊ ဖေဖေမရောက်ခင် ကားက အရင်ရောက်နှင့်မယ်၊ ဖေဖေပြန်သွားတော့ တို့စီးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဇုန် ပျော်နေလား"

"မာစီးဒီးတစ်စင်းလုံး အလကားရတာ မပျော်ပဲ ရှိမလား"

"ကိုယ့်အဖေဆီကရတာမို့ပေါ့နော်၊ သူများဆီက အ လကားရတာဆိုရင် ဘယ်ပျော်မလဲနော်"

"ဘယ်လိုသူများလဲ"

"ဥပမာ ... ဦးဇုန်ရဲ့မိတ္တေး"

"ပျော်မှာပဲ၊ ပိုပြီးပြီလေ၊ ကားတစ်စီး အမေရိကန် မိတ္တေးကပို့တာ၊ တိုယိုတာမဂျက်စတာ၊ ဂိုဒေါင်ထဲ မှာ ခြင်ထောင်ချထားရတာများနေတယ်၊ အဲဒီကား ကိုထုတ်စီးရင် မေမေ နည်းနည်းမျက်နှာပျက်လို့"

"ကျွန်တော်ဆိုရင်တော့ မိတ္တေးဆီကရတာ မပျော်ပါ ဘူး"

"ဘာဖြစ်လို့လဲ"

"အထင်သေးမှာပေါ့"

"ဘာလို့သေးရမှာလဲ၊ ကားကို သူ့ပို့မှစီးနိုင်တဲ့သူ မဟုတ်တာ၊ သူမပို့လဲ အမေတစ်စီး သားတစ်စီး စီးနေတာပဲ၊ ကိုယ်ကမစီးနိုင်လို့ မျှော်ကိုးရတယ်ဆို ရင်တော့ တစ်မျိုးပေါ့"

အော် ... ဟု ရင်ထဲမှာ ကြေမွသွားရသည်။ သက်ပုံတို့က စီးမှမစီးနိုင်တာ။ မိတ္တေးတော်ရမည့်အမျိုးသမီး ကြီးက သဘောကောင်းလို့ စေတနာပိုလို့ သက်ပုံအတွက်



မွေးနေ့လက်ဆောင်ဆိုပြီး ဆွဲကြိုးနှင့် မိုးစက်ပုံစိန်လော့ကက် ကလေးပေးတုန်းက ဖေဖေကတစ်ဆင့်မို့ သက်ပုံမယူပဲ ငြင်း ပစ်လိုက်ပါသည်။ တကယ်ဆို ... မွေးနေ့လက်ဆောင်ဆို တာ မွေးနေ့ရှင်ကို လက်ဆောင်ပေးသူက ကိုယ်တိုင်ကိုယ် ကျလာပေးသင့်တာပေါ့။ ဒီလိုမှမဟုတ်ရင် နိုပ်ကွပ်ရာ၊ နှိမ့် ချဆက်ဆံရာရောက်သည်ပေါ့။

"သူက မြိုင်လေးနဲ့လာတွေ့ရမှာ ရှက်နေသေးလို့ပါ၊ သူ့အဖေကို လိုချင်လို့ ... သူ့သမီးကို မျက်နှာလုပ် တယ်တင်မှာစိုးတယ်တဲ့၊ တကယ်တော့ သူက စေတ နာနဲ့ပေးချင်တာပါ မြိုင်လေးရဲ့"

"ဘာပဲဖြစ်ဖြစ် ဖေဖေရယ် ... သမီးက ဒီကိစ္စကို ကန့်ကွက်တဲ့သူမဟုတ်ပါဘူး၊ သူ့သားက ပစ္စည်း မက်လို့ ချူပါတယ်ပြောနေတုန်း ... တန်ဖိုးကြီး လက်ဆောင်ကို မယူတာကောင်းပါတယ်၊ မယူပါ ရစေနဲ့ ... သမီးက လက်အုပ်ချီပြီး ပြန်ပေးတယ် ပြောပါ ဖေဖေ၊ သမီး လေးစားစွာကန်တော့ပြီးမှ ပြန်ပေးတာပါလို့ ... သမီးဖက်မှာ သမီးအကြောင်း နဲ့သမီးမို့ပါလို့ ... စေတနာကို စော်ကားတာလဲ မဟုတ်ပါဘူးလို့ ...

"ဖေဖေတို့ကိစ္စကို မကြည်ဖြူလို့လဲမဟုတ်ပါဘူးလို့၊ နော် ... ဖေဖေ၊ ပြောပေးပါ"

"အေးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အားနာပုံပေမယ့် သက်ပုံကို အလျှော့ပေးသွားခဲ့ပါသည်။ ပဒ္ဒုန်က တိုယိုတာမဂျက်စတာကားတစ်စီးရတာကို ပျော်ဖို့ လိပ်ပြာသန့်နေသည်။ သက်ပုံကကျတော့ တစ်သိန်းခွဲ နှစ်သိန်းလောက်တန်မည့် စိန်လော့ကက် ခပ်သေးသေးကို ယူဖို့ လိပ်ပြာမသန့်ဖြစ်နေ၏။ သူ ပြောတော့လည်း အရှင်းသား။

"မဝယ်နိုင်တာမှမဟုတ်တာ၊ ဝယ်စီးနိုင်တာပဲ" တဲ့။

သက်ပုံတို့ကတော့ ဝယ်ကိုမဝယ်နိုင်တာပါ။ မေမေ့မိဘလက်ထက်မှ ပါလာခဲ့သော စိန်ပေါက်စသေးသေးတချို့လည်း ... မေမေလည်းမရှိတော့တာမို့ သက်ပုံကလည်း ဝတ်ရမှဆိုသည့် မက်မောမှုမရှိတာမို့ တိုက်ခန်းနှစ်လွှာ ဝယ်စဉ်က ထုခွဲထည့်သွင်းခဲ့ပြီးပြီ။ သက်ပုံမှာ ရွှေဆိုလို့ နားထဲမှာ ပုလဲတစ်လုံး နားကပ်လေးရှိသည်။ ပုလဲနှစ်လုံးလက်စွပ်ကလေးရှိသည်။ ဆွဲကြိုးမျှင်မျှင်နှင့် ပုလဲသုံးလုံးလော့ကက်ကလေးရှိသည်။ စုစုပေါင်း ပုလဲခုနစ်လုံးပိုင်ရှင် "ပဂေး" မလေးအဖြစ် ကိုယ့်ကိုကိုယ်တော့ ကျေနပ်ပျော်ရွှင်နေသည်သာ။

ဒေါ်မြစိမ်းရည်ပေးသော စိန်လော့ကက်ကိုယူလျှင် မဝယ်နိုင်လို့ သူတစ်ပါးပေးသောပစ္စည်းကို မက်မောသူ ဖြစ်ရပါလိမ့်မည်။ လောကကြီး၏ လူတွေသတ်မှတ်ထားသော အယူအဆတွေက မတရားလိုက်တာ။

"ကိုယ်က မစီးနိုင်လို့ မျှော်ကိုးရတယ်ဆိုရင်



...တော့ တစ်မျိုးပေါ့" ... တဲ့။ ဦးဇုန် ပြောရက်လိုက်တာ။ ...နှမသာ ရှင့်အမေလက်ဆောင်ကို ယူထားလိုက်ရင် "တစ်...ျိုး" စာရင်းဝင်တော့မှာပါလား။

"ရှေ့လမ်းချိုးရောက်ရင် ဘယ်ကွေ့ပြီး တော်တော်ဝင်ရဦးမယ်"

"ခေါင်လိုက်တာ"

"ဒါမှ ပျော်မှာပေါ့"

"ဟင် ... ဘယ်သူမှမရှိတာ၊ ဘာမှမရှိတာ ပျော်စရာလား"

"ဘယ်သူတွေ ဘာတွေအများကြီးထဲမှာ နစ်မွန်းစိတ်ပျက်နေရတဲ့သူ၊ လူတွေ၊ စက်ကိရိယာတွေ၊ ပစ္စည်းတွေ၊ စာရွက်စာတမ်းတွေ၊ တယ်လီဖုန်းတွေကြားထဲမှာ ဗျာများနေရတဲ့သူဟာ ဘယ်သူမှမရှိပဲ၊ ကိုယ်ကလွဲရင် အိမ်မြှောင်စုတ်ထိုးသံလောက်သာ ကြားနိုင်တဲ့ဘဝမျိုးမှာ ယာယီပျော်ချင်တယ်၊ အဲဒါ ... အနားယူခြင်းတစ်မျိုးခေါ်တယ်"

"ယာယီပျော်ချင်တယ်ဆိုတော့ ... အမြဲတော့မပျော်နိုင်ဘူးပေါ့နော်"

"ဒါမျိုးကြီး ကြာလာတော့လည်း ပျင်းတာပေါ့ကွ၊ လူဆိုတာ လူကြားထဲနေရမှ ပျော်မှာပေါ့"

"စောစောကတော့ အိမ်မြှောင်စုတ်ထိုးသံပဲ ကြားချင်တယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်စီပေါ့ကွာ၊ ဒါများလာတော့ ဟိုဟာ၊ ဟိုဟာ
များလာတော့ ဒါ၊ အပြောင်းအလဲကလေး"

"စိတ်ဓာတ်ကလဲ မတည်ငြိမ်လိုက်တာ" ဟု
ဝေဖန်လိုက်ချင်၏။ သူက ကိုယ့်အလုပ်ရှင်မို့ အောင့်အည်း
သည်းခံလိုက်ရတော့သည်။

"ဒီနေ့ ... ဘယ်သူတွေလာမှာလဲဟင်"

"အာခီတက် Architect တစ်ယောက်၊ စစ်ဗစ်
Civil တစ်ယောက်၊ ကန်ထရိုက်တာ Contractor
တစ်ယောက်၊ သူတို့အဖွဲ့မှာ လိုအပ်တဲ့သူ နှစ်ယောက်
သုံးယောက်လဲပါမှာ၊ ပြီးတော့ ကိုယ်တို့ရှေ့နေ၊ သူ
ရုံးချိန်းရှိလို့ ရုံးပြီးမှလိုက်လာမယ်၊ မြေရောင်းမယ့်
ရှင်ပါမယ်၊ အားလုံး ယောကျ်ားတွေချည်းတဲ့မှာ အခါ
တက်ခ်က မိန်းကလေးမို့ တမင် ... မင်းကိုခေါ်
လာတာ၊ သူ့အတွက် မိန်းမဖော်ရအောင်"

အော် ... မိန်းမချင်း အဖော်ဖြစ်စေချင်
ကိစ္စမှာတောင် ကိုယ်ကသာ သူ့အတွက် အဖော်ဆိုတော့
ကိုယ်ဟာ အသုံးချခံပစ္စည်းကြီးဖြစ်နေပါပေါ့လား။ လော
ကြီးမှာ ဂုဏ်နောက်ငွေနောက်လိုက်ပါခြင်းဟာ မကောင်း
ဘူး ... ဘယ်လိုပြောပြော၊ လူတိုင်းဟာ ငွေနဲ့ ဂုဏ်
ဦးစားပေးရိုးထုံးစံကြီးက မြဲစွဲလို့ပဲလေ။ တကူးတကဆု
ကိုင်ထားဖို့မလို ... အမှတ်မထင် အရိုးစွဲနေသောအကျ
အဖြစ်၊ ဂုဏ်ရှိသူ ငွေရှိသူတို့ ဦးစားပေးအဆင့်တစ်မှာ



နေကြတာပဲ။ ဒါကြီးကို သက်ပုံ တိုက်ဖျက်ချင်လှပါ၏။

ဆွတ်ပျံ့သာယာမှုက စိတ်ကို ကြည်နူးစေ၏။
ဝန်ခံရပါလျှင် ပဒ္မနှံ ... မကြီးမငယ်နှင့် ရင်ခုန်နေ၏။
ဆောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်လျက် ဟိုသည်လျှောက်
ရင်း စိတ်က ဂနာမငြိမ်ဖြစ်နေ၏။ တရားခံကတော့ ခြံပိုင်
ရှင်အဘိုးကြီး ဦးကွန်းတည်း။

ဖြစ်ပုံက ... ရန်ကုန်မှလာကြသော အင်ဂျင်
နီယာအဖွဲ့က အချိန်မီရောက်လာသည်။ မိန်းကလေးတစ်
ယောက်ပါလာ၍ သက်ပုံက အဖော်လုပ်ပေးရသည်။ ခြံရှင်
အဘိုးကြီး ဦးကွန်းလည်း ရောက်လာသည်။ ရောက်မလာ
သူက ပဒ္မနှံရှေ့နေ ဦးမြင့်စိန်။ သူက အင်ဂျင်နီယာအဖွဲ့
နှင့် မှာလိုက်သေးသည်။

"ဆက်ဆက်လာဖြစ်အောင်လာမယ်၊ နည်းနည်းစောင့်
ပါ"

ပဒ္မနှံက ခြံကို တော်တော်ကြိုက်၏။ မျက်
စိတတ်သော အင်ဂျင်နီယာအုပ်စုက ပိုကြိုက်၏။ ခြံကို
သဘာဝတောတောင်စိမ့်စမ်းမျိုးဖြစ်အောင် ပြုပြင်ခြင်းလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရလျှင် အလွန်လှပသာယာသွားမည့်နေရာဟုဆို၏။ မြေ အကျယ်က တစ်ကေခွဲကျော်ကျော် နှစ်ကေနီးပါးရှိသည်။ မချစ်စု သရက်ပင်၊ မြကျောက်သရက်ပင်၊ မရန်းချိုပင်တို့ သာမက ရန်ကုန်မှာ အစိုက်နည်းသော ကြက်မောက်သီးပင်၊ ကော်ဖီစေ့ပင်၊ ကိုကိုးပင်၊ ပန်းအနေနှင့်ကျတော့ ကံ့ကော်ပင်၊ ခရေပင်၊ ပိတောက်ပင်၊ ငုပင်၊ ငုစပ် ချယ်ရီပင်နှင့် စိန်ပန်း ပင်တွေကို ပိုင်ရှင်ဦးကွန်းက သူ တကူးတကစိုက်ပျိုးခဲ့တာ ပါတဲ့။

မြေကြီးက ပြင်ညီမဟုတ်လို့ကို ပိုလို့လှပနေ သည်။ တောင်ကုန်းပုကလေးလောက် မြင့်သည့်နေရာကမြင့် ချိုင့်ဝှမ်းငယ်လို နိမ့်သည့်နေရာကနိမ့်။

"ဒီချိုင့် ချိုင့်လမ်းကြောင်းလေးက မိုးတွင်းမှာ ရေ စီးတာလား အဘ"

အာကီတက်ခ်အမျိုးသမီးက ပိုက်ဆံရှိလျှင် သူ ပိုင်ဝယ်ပစ်လိုက်ချင်သည်အထိ ထွန့်ထွန့်လူး ကြိုက်နေသည်။

"ဟုတ်တယ် ... ဟိုဘက်ကုန်းက စီးလာတာ"

သူပြောသည့် ဟိုဘက်ကုန်းဆိုရာသို့ ငေးမျှော် ကြည့်တော့ မြဝတီရုပ်မြင်သံကြားအဆောက်အဦးကြီးကို ဟိန်း ဟိန်းမားမားတွေ့နေရသည်။ တမျှော်တခေါ်တော့ ဝေး၏။

"တချို့အပင်တွေတော့ ခုတ်ပစ်ရမယ်"

အာကီတက်ခ် အမျိုးသမီးက အပိုင်ပြောနေ သည်။ စိတ်ကူးထဲမှာ ပုံဖော်ပြီး အတော်ကြီးပျော်နေပုံရ၏။



"ကိုယ်ပိုင်မီးစက်တစ်လုံး အသံမပြည်တဲ့ဟာတစ်ခု ဝယ်ပေါ့"

ပဒ္မနုန်က ပခုံးတွန့်ပြလိုက်သည်။ ဈေးစကား ပြောကြ၏။ ဆစ်ကြဆွက်ကြနှင့် ဈေးတည့်သည်။ တစ်ခါ တည်းကြည့် တစ်ထိုင်ထဲဆစ်ပြီး တစ်ချီတည်း ဈေးတည့် သွားတာမို့ ရောင်းသူရော ဝယ်သူပါ ဒီအရောင်းအဝယ်ကို မပျက်ချင်ကြပါ။ စရံကိုပေးရမည့်သူကလည်း ပေးချင်သည်။ လက်ခံရမည့်သူကလည်း ရချင်သည်။ ရှေ့နေကိုစောင့်မှဖြစ် မည်။ သူလာမှ စာချုပ်စာတန်းတွေပါမည်။ ဦးကွန်းပြသော စာချုပ် စာရွက်စာတန်းတွေ တရားဝင်မဝင်၊ အရှုပ်အရှင်း ကင်းမကင်း၊ သူမှသိမည်။ ကြည့်နိုင်မည်။ အင်ဂျင်နီယာ အဖွဲ့က မစောင့်နိုင်ပဲ ပြန်၏။ ဦးကွန်းက ဗိုက်ဆာလို့ အဲ သည်နှစ်ကေနီးပါးနှင့် တစ်ဆက်တည်း သူပိုင်ယာတဲလေး သို့ ပြန်၍ ထမင်းစားမည်။ ခဏကြာ ပြန်လာမည်။ ပဒ္မနုန် နှင့် သက်ပုံတို့က ခြံထဲမှာပဲ စောင့်နှင့်ကြ။ ဦးကွန်း ယာ တဲလေးက လှမ်းကြည့်လျှင် မြင်နေရသည်။

"ရှေ့သွားနောက်လိုက်သိပ်ညီတာပဲ၊ မင်္ဂလာဆောင် တာ မကြာသေးဘူးထင်တယ်၊ ဒါ ... မယားလေး ကိုချစ်လို့ ဝယ်ပေးတာပေါ့ ... ဟုတ်လား"

ဟာ ... ။ ပဒ္မနုန်မျက်နှာကြီး ရဲတက်သွားရ သည်။ ရှေးရိုးကြီးမို့ ခပ်ရိုးရိုးရှင်းရှင်းပဲ သူထင်ရာသူပြော ချရာတွင် ယဉ်ကျေးသောစကားလုံးကို လှည့်သုံးမသွားခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ပဒ္မြန်မျက်နှာကြီးပုကာ သက်ပုံကို လှည့်မကြည့်ရဲအောင်ဖြစ် တော့သည်။ သက်ပုံမျက်နှာ ဘယ်လိုဖြစ်သွားမည်မသိ။

"ဒါ ... ကျွန်မသူဌေးပါ"

အသံတုန်ကလေးထွက်လာ၏။

"သူဌေးမို့ ဝယ်နိုင်တာပေါ့၊ သူဌေးကို [illegible]င်တော်ရတာ နည်းတဲ့ကုသိုလ်လားကွယ်"

"မှားနေပါပြီ ဘဘရယ်"

ငိုသံကလေးပါလာ၏။

"အော် ... မင်္ဂလာမဆောင်ရသေးဘူးလား၊ ဘာထူးလဲ၊ နောက်ဆောင်လဲရတာပဲ၊ အဘ ... ထမင်းသွားစားဦးမယ်၊ ဟင်းမကောင်းလို့ ခေါ်မကျွေးတော့ဘူး"

ဦးကွန်းထွက်သွားရာနောက်သို့လည်း လိုက်မကြည့်ရဲ။ ဦးကွန်းစကားကြောင့် နှစ်ယောက်ထဲနေခဲ့ဖို့လည်း ခက်၊ မျက်နှာကြီးတွေပူ၊ အားတွေနာ၊ ဦးကွန်းကလည်း ပြောချင်ရာပြောပြီး ထွက်သွားပြီ၊ သူ့နောက်ပြေးလိုက် ဖမ်းဆွဲပြီး ရှင်းပြရကောင်းမလား၊ ဒီတိုင်း ငုတ်တုတ်ကျောခိုင်းကြီးတွေ တိတ်ဆိတ်စွာ ငူငေါင်နေရမှာလည်း ကြာလေဆိုးလေ။ ရင်ထဲက ဝုန်းဒိုင်းကျဲလို့ ဆတ်ဆတ်ခုန်။ ဒီလောက်စကားလေးနှင့် ရင်ခုန်ရလောက်အောင် မရင့်ကျက်သည့်အရွယ်ကိုလည်း ကျော်ခဲ့ပြီ။ သို့ပေမယ့် ... ရင်ထဲမှာ ယိမ်းထိုးလှုပ်ရှားခြင်းကို ကိုယ်တိုင်ခံစားနေရသည်။ လည်တိုင်ချေမှာ တလှပ်လှပ်နှင့် တဲတွေးမျိုခက်သည်ထိ ခြောက်



[illegible]သွ့အက်ကွဲသွားအောင် လောင်မြိုက်သွားခဲ့တာ၊ ဘယ်လို[illegible]ပူရှိန်မျိုးပါလိမ့်။

နှစ်ယောက်ထဲ ကျန်ရစ်သည် ... ဆိုသော[illegible]သိစိတ်က ရင်ကိုဖိစေသည်။ ရိုးသားစိတ်ခံရှိခဲ့လျှင် ရင်[illegible]ခွယ်မဟုတ်ဘူးထင်သည်။ ကိုယ်ဟာ ... ကိုယ့်တပည့်မ[illegible]လေးလို ခင်မင်ရင်းနှီးနေသူအပေါ်မှာ မရိုးသားခဲ့ဘူးလား။[illegible]သူနှင့် သွားအတူလာအတူ လှုပ်ရှားခဲ့သမျှဟာ သာယာမှု[illegible]တွေနှင့်လား။ ရည်းစားထားချင်လျှင် တက္ကသိုလ်ကျောင်း[illegible]သားဘဝထဲက ရနိုင်ပါဘိ ဒုနှင့်ဒေး။ ဘယ်သူ့ကိုမျှ မချစ်[illegible]ဖူးတာ အမှန်ပါ။ ခုတော့ ... သံယောဇဉ်က အချစ်[illegible]ဘစ်ခုကို ဖန်ဆင်းလိုက်ပြီ ထင်ပါရဲ့။ ကိုယ် ဒီလောက်[illegible]ဆောက်တည်ရာမရဖြစ်သွားခဲ့သော ဝါကျတွေကို သက်ပုံ[illegible]ဆိုသော မိန်းကလေး [illegible]ယ်လိုရင်ခိုင်ခံစားနေသလဲ သိချင်[illegible]လှပါဘိ။ လှည့်ကြည့်ဖို့လည်း [illegible]၊ [illegible]ပြောရမှန်းမသိ။[illegible]ဘယ်လိုဝါကျမျိုးဟာ သူငယ်မလေးအ[illegible] သက်သောင့်[illegible]သက်သာဖြစ်စေမလဲ။

ပြောပေးချင်လှသည်။ ဒီအတွေးတွေဝင်ပြီး ဒီ[illegible]လောက် ... ရင်ခွင်ထဲ မုန်တိုင်းမွှေသလို ဖြစ်သွားခဲ့တာ၊[illegible]ကိုယ့်ဓာတ်ခံကြောင့်ပဲဆိုတာ ကိုယ့်ဘာသာသိလိုက်ရသည်။[illegible]ဦးကွန်းဆိုသော ခြံရှင်ကြီးသည် ကိုယ့်နှလုံးသားကို လုံးလုံ[illegible]ဆုပ်ထားသည့် မှန်ကြည်သားပါးပါးလေးကို ဆွဲခွာပေးခဲ့သည်[illegible]နှင့်တူ၏။ သူနှင့်ကိုယ့်ကြားက မှန်တံခါးပါးပါးလေးကို ဖွင့်

www.burmeseclassic.com



ပေးခဲ့သည်နှင့်တူ၏။ တူရူသို့ တွေဝေစွာငေးနေသော ကိုယ့်
ရှေ့မှာ မှန်တစ်ချပ်ကို လာထောင်ပြသွားသည့်နှင့်တူ၏။ ကိုယ်
သည် ကိုယ့်မျက်နှာပြင်ကို ထင်ရှားစွာတွေ့လိုက်ရသလို ကိုယ့်
အသည်းနှလုံးကိုလည်း ကိုယ်မြင်လိုက်နိုင်စွမ်းသည်။

ကိုယ် ... သူ့ကိုချစ်နေပါပြီ။

ဖြဖြ

## အခန်း(၆)

ပဖှုန် ... စီးကရက်တစ်လိပ်ထုတ်လိုက်သည်။
ာလုပ်ရမှန်းမသိသောအခါတွေမှာ စီးကရက်မီးညှိသောက်
ိုက်ခြင်းဟာ အလုပ်မရှိအလုပ်ရှာခြင်းဖြစ်သလို၊ လုပ်စရာ
လုပ်တစ်ခုရသွားပြီး တည်ငြိမ်ခြင်းကိုလည်း ပေးတတ်
၏။ စီးကရက်သောက်မည်ကြံကာမှ မီးခြစ်ကို ရှာမရ။
ဟာလည်း အလွန်ရိုးနေပြီဖြစ်သော ဖြစ်ရပ်ပါ။ ပဖှုန်က
ာရက်ကို ဖွဲဖွဲမြဲမြဲသောက်သူမဟုတ်ချေ။ စီးပွားရေးလုပ်
းနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရာတွေမှာလောက်သာ
လုပ်မရှိ အလုပ်ရှာပြီး သောက်သည်။ သူ့ငွေးဆိုသော
ာ်ကလေး နည်းနည်းပေးချင်သည်မို့ လူကြီးဟန်ပီအောင်
ာ့းဟု စတိုင်ထုတ်ပြီး သောက်သည်။ ကျန်အချိန်တွေ
 သောက်လေ့မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"မသောက်တတ်ပဲနဲ့ ဘာဖြစ်လို့သင်တာလဲဟင် ··
ဆရာလုပ်တာမဟုတ်ပါဘူးနော်၊ သိချင်လို့မေးတာပ

သက်ပုံမေးခဲ့ဖူး၏။ စင်စစ် ··· မသော
စေလိုခြင်းဟာ အဓိကဆိုတာ သက်ပုံ ကိုယ့်ကိုကိုယ်သိသည
ဆေးလိပ်သောက်တတ်ကျင့် စွဲမြဲခဲ့ပြီဆိုလျှင် ဖြတ်ရခက
ဘိ။ မစွဲမြဲသေးဘူး မသောက်တတ်သေးဘူးဆိုလျှင် အက
မလုပ်သင့်ဟု သက်ပုံထင်သည်။ ဆေးလိပ်သောက်ခြင်း သ
မသောက်ခြင်းနှင့်စာလျှင် မကောင်းဘူးဆိုတာ လူတ
လက်ခံသော အချက်တစ်ရပ်ပင်ဖြစ်၏။ ပန္နုန်ကို မသော
စေလိုခြင်းမှာ စေတနာဖြစ်လေ၏။

"လူကြီးတွေနဲ့ ဆက်ဆံတဲ့အခါမှာ တစ်ခါတ
ကိုယ်က ငချွတ်ဖြစ်နေတယ်ကွ၊ နည်းနည်းပါး
ရင့်ကျက်မလားလို့ စတိုင်ထုတ်တာ"

"ဆေးလိပ်သောက်တာနဲ့ ရင့်ကျက်တာ
ခြားစီ" ··· ဟု ပြောချင်သား။ သို့ပေမယ့် ··· ေ
ရဲပါ။ ကိုယ်က သူ့အလုပ်သမားလေ။ ဒူးနေရာဒူး။ ေ
နေရာတော်။ ကြည့်ရှုစားမှ အမျက်လွတ်မှာမဟုတ်လ

"မီးခြစ်"

ဆေးလိပ်သောက်ကာနီးတိုင်း သူ ··· မီး
ပျောက်နေတတ်သည်။

"စွဲသွားမှာစိုးလို့လား၊ စိတ်ချ ··· လောက
ဘာကိုမှမစွဲဘူး၊ ဖေဖေလဲ တစ်ခါတစ်ရံ ဆေး





သောက်တာပဲ၊ မစွဲပါဘူး၊ မသောက်ပဲနေလို့လဲရတယ်၊
တို့က ပိုမစွဲသေးတယ်၊ စွဲမှာစိုးလို့ကို တက္ကသိုလ်မှာ
ရည်းစားမထားခဲ့တာ၊ ကိုယ့်ကို ပိုင်စိုးလွှမ်းမိုးနေမယ့်
ဟာကြီးတစ်ခုခု ရှိနေမှာသိပ်ကြောက်တာ"

အဲဒီလိုပြောပြီး ဟိုကြည့်ဒီကြည့်လုပ်သည်မို့
သက်ပုံက မီးခြစ် ထ,ရှာပေးရသည်ချည်း။ ခုလည်း ···
စီးကရက်တစ်လိပ် နှုတ်ခမ်းမှာကောက်တပ်ပြီး ဟိုဒီကြည့်
နေပြန်ပြီ။ ဘောင်းဘီအိတ် ပုတ်လိုပုတ်၊ ရှပ်အင်္ကျီအိပ်ထဲ
နှိုက်လိုနှိုက်၊ ကားဆီလည်း လှမ်းကြည့်သည်။ စီးကရက်ဗူးကျ
တော့ ဆောင်ထားပြီး မီးခြစ်ကျမှ မဆောင်တတ်သည့် သူ
ဟာ ဆေးလိပ်မသောက်သင့်ဘူးထင်သည်။ သူ့ဝါသနာက
တစ်ဖက်သားဒုက္ခပေးဖို့ကြီး။ သို့ပေမယ့် ··· သက်ပုံ မနေ
နိုင်ပါ။ ခါတိုင်းလည်း မီးခြစ်ရှာပေးနေကြပါ။ မီးခြစ်ကို
ခြစ်ပြီး သူ့နှုတ်ခမ်းက စီးကရက်ကို သွားညှိပေးတာမျိုး
တော့ မလုပ်ခဲ့ဖူးပါ။ အတွင်းရေးမှူးမိန်းကလေးဟာ ဒီ
လောက်ထိလုပ်ပေးစရာ မလိုဘူးထင်သည်။ သူများတွေလုပ်
ပေးလား မလုပ်ပေးလားလည်းမသိ။ သက်ပုံဟာ အတွင်း
ရေးမှူးစစ်စစ်လည်းမဟုတ်၊ သူခိုင်းလို့စေလို့ကောင်းလို့ အခ
နားခေါ်ထားပြီး မှုလရသောလခထက် နည်းနည်းပိုပေးထား
တာပဲဖြစ်သည်။

သက်ပုံ ··· ကားဆီသို့ လျှောက်သွားမိ၏။ သူ့ကို ကျောပေး၍လျှောက်လာခဲ့မိက်မှာ သူ ···

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို လိုက်ကြည့်နေမလားဟု ထင့်ခနဲတစ်ချက် တွေး သည်။ မကြည့်ဖြစ်ဖို့များသည်ဟု ချက်ချင်းထင်၏။ သူ ဘာကိုမှန်းမသိ ... ယောက်ယက်ခပ် လှုပ်ရှားပြီး အနေ ခက်နေချိန်မို့ ... အထူးသဖြင့် ရင့်ကျက်တည်ငြိမ်အောင် ကြိုးစားနေမှာပဲဆိုတာ ကြိုသိနှင့်လိုက်၏။ ကားထဲမှာ မီး ခြစ်ကိုတွေ့ပါသည်။ ဇစ်ပို ... ဆိုသော စာလုံးလေးများ က မြတ်နိုးဖွယ်ဖြစ်နေ၏။ ဒါဟာ ... သူ့အသုံးပြုတဲ့ မီးခြစ်ပေါ်မှာရှိနေတဲ့ စာတန်းလေးမို့များ သံယောဇဉ်ဖြစ် မိတာလား။ ရင်ခွင်သည် ရှန်းရင်းဆန်ခတ်နှင့် လှိုင်းထ နေတာတော့ အမှန်ပါပဲ။

"သက်ပုံ"

သူ ... သက်ပုံနှင်း ... ဟု ခေါ်ကျင့်ရှိ၏ "နှင်း" တစ်လုံးကျန်ခဲ့ခြင်းအတွက် ရင်ထဲမှာ မဆီမဆိုင် ဒိတ်ခနဲမြည်၏။ သက်ပုံက မီးခြစ်ကို လှမ်းပေးလိုက်ချိန် မှာ သူမော့ကြည့်ပြီး ခေါ်လိုက်ခြင်းပါပဲ။ ပဒ္မုန် ထိုင်နေ တာက သရက်မြစ်ကြီးပေါ်မှာ။ မချစ်စုပင်ကြီး။

"ဒီအပင်ကြီးတစ်ပင်တော့ ... ဝယ်ကထဲကပါတာ ကျုပ်လက်နဲ့စိုက်တာမဟုတ်ဘူး" ... တဲ့။

ဦးကွန်း ပြောသွားသည်။ သက်တမ်းအိုလှ ဖြစ်သော သရက်ပင်ကြီးရဲ့ အခြေတစ်ဖက်မှာ မြေနိမ့်လိုဖြင့် ပြီး၊ အဲဒီဖက်မှာ မိုးရွာလျှင် ချောင်းဖြစ်ဟန်တူ၏။ ရေစ တိုက်စားမှုဖြင့် အမြစ်ကြီးပေါ်နေသည်။ လူ တမင်ဖန်တီးထား



လျှင်တောင် ဒီလောက်မလှနိုင်ပါ။ အဲသည်ပေါ်မှာ ပဒ္မုန် ထိုင်နေသည်။ သက်ပုံက မတ်တတ်ရပ်နေ၏။

"ခဏထိုင်ပါလား"

သက်ပုံ ... ဘယ်မှာထိုင်ရမလဲ ကြည့်သည်။ သရက်မြစ်ပေါ်ပဲ ထိုင်မည်ဆိုလျှင် ... သူနှင့်ဘေးချင်းယှဉ် ဖြစ်တော့မည်။ ဘာပဲဖြစ်ဖြစ် ... ကိုယ်က သူ့အလုပ်သ ားမို့ တစ်ဆင့်နိမ့်သာ ခစားလိုပါသည်။ မြေကလည်း ဒီ နေရာမှာ အမြင့်အနိမ့် မညီပါ။ သရက်မြစ်ဖက်ခြမ်းက နိမ့်နေသည်။ သရက်မြစ်အမြင့်ကကျတော့ တစ်ဖက်ခြမ်း နှင့် ပြင်ညီမို့နေ၏။ သက်ပုံ ... မြေပြင်ပေါ်မှာပဲ ဖိနပ် ကလေးချွတ်၍ ထိုင်လိုက်၏။ ပန်းသီးတံဆိပ် သားရေပြောင် ဖိနပ်ပါးလေးမို့ ... ထိုင်ရလွယ်ပါသည်။ မြေညီပေါ်မှာ ထိုင်သော သူသည် သရက်မြစ်ပေါ်မှာထိုင်သောသူထက် တစ်ပေလောက် နိမ့်ကျနေတော့သည်။ သက်ပုံ ... လှစ် ခနဲ ခိုးမော့ကြည့်လိုက်သည်။ ပဒ္မုန်က မျက်စိကိုမှေး၍ ဝေးကရက်မီးညှိနေသည်။ သက်ပုံအကြည့်ကို ချက်ချင်းပြန် ငြိမ်းသည်။ တိတ်ဆိတ်ခြင်းဖြင့် မရိုးသားစွာ ရင်ခုန်ကြ ခြင်းကို ပေါ်လွင်စေနိုင်၏။ ခါတိုင်းလို စကားတွေ ဖောင် ဖောင်ကျဲဖို့ စဉ်းစားလိုက်သည်။

ဘာစကားပြောရမလဲ။ စကားဆိုတာ ပြော ခြင်းလွန်းလို့ အစရှာကာမှ တစ်လုံးမှ ပြောစရာမရှိတတ် သော အရာတည်း။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစကားပုံတွေ တော်တော်များများ ကြားဖူး လား"

ပဇွန်က သက်ပုံကို ကြည့်၍မေး၏။ မငြင်း မဆိုင်။ ဘာအဓိပ္ပါယ်လဲ။

"တချို့တော့ကြားဖူးတာပေါ့"

"တို့က သိပ်မကြားဖူးဘူး၊ ကြားဖူးတာတစ်ခုရှိတယ် ချော်လဲရောထိုင်တဲ့၊ အဲဒါ ဘာအဓိပ္ပါယ်လဲ"

"အစကထဲက ထိုင်ချချင်နေတာ၊ ချော်လဲတာနဲ့အ တော်ပဲဖြစ်သွားပြီး ... ထိုင်နေလိုက်တာကို ပြော တာနေမှာပေါ့"

သက်ပုံ မျက်ခုံးတွန့်တွန့် စိတ်ခပ်ရှုပ်ရှုပ်နှင့် ဖြေ၏။

"တို့လဲ အစကထဲက ထိုင်ချင်နေတာဖြစ်မယ်၊ အခု ချော်လဲတယ်ကွာ ... မထတော့ပဲ ရောထိုင်လိုက်ဖို့ စိတ်ကူးရှိတယ်၊ ဒါပေမယ့် ... ချော်လဲရောထိုင် ဆိုတဲ့ဟာထက်တော့ ပိုပြီးလေးနက်တယ်"

"ဟင် ... ဦးဇုန် ဘယ်တုန်းကချော်လဲသွားလို့လဲ နာသွားသေးလား"

"တို့ ... မင်းကိုချစ်တယ်လို့ပြောတာ"

"ဟင် ... ဆိုင်လဲမဆိုင်ဘူး"

လွှတ်ခနဲပြောပြီး လှစ်ခနဲရယ်လိုက်မိပြီးမှ ... မျက်နှာကြီး ဖျင်းခနဲပူကာ ရှက်ဖို့သတိရစွာ ... ခေါင်း



ကိုင့်လိုက်ရတော့သည်။ ခု ရင်ခုန်တာက စောစောကရင် ခုန်တာထက် ပိုဆိုးပြီလေ။

"ဦးကွန်းကြီး အစ်ဖော်ပေးသွားလို့ ပြောဖြစ်တယ် ထင်မှာစိုးလို့ပြောတာ၊ အဲဒီထက် ပိုလေးနက်တယ်၊ တို့အလုပ်ကပြန်ရင်လဲ အိမ်မှာ မင်းကိုပဲ သတိရ နေတယ်၊ တစ်ရက်လောက် အလုပ်တွေကိုပစ်ပြီး မင်း နဲ့လျှောက်လည်ပစ်ဖို့ အမြဲစိတ်ကူးတယ်၊ မပြောရဲ လို့ မပြောဖြစ်ခဲ့ဘူး ...

"တို့က စွဲရမှာကြောက်လွန်းလို့ တက္ကသိုလ်မှာတောင် ရည်းစားမထားခဲ့ဘူးလို့ မင်းကိုပြောဖူးတယ်၊ အဲဒါ တကယ်၊ ဒါပေမယ့် ... မင်းကိုတော့ တို့စွဲပြီ၊ တို့မှာ မိန်းကလေးသူငယ်ချင်းလည်း ရှားတယ်၊ ဆယ်တန်းထိ ယောကျ်ားလေးကျောင်းမှာနေခဲ့တာ၊

"တက္ကသိုလ်ရောက်မှ အတန်းထဲမှာ မိန်းမတွေနဲ့ တူတူထိုင်ဖူးတာ၊ နေတောင်မနေတတ်ဘူး၊ တို့က လူပေါင်းသူပေါင်းမဆန့်တာလည်းပါမယ်၊ သူငယ် ချင်းတချို့ကတော့ ပြောတယ်၊ တစ်ဦးတည်းသော သားမို့ ဝကျတယ်တဲ့ ...

"ပေါင်းသင်းဆက်ဆံရေး ညံ့တယ်တဲ့၊ အဲဒါကြောင့် တို့မှာ မိန်းကလေးသူငယ်ချင်းသိပ်မရှိဘူး၊ မျက်မှန်း တန်းရုံလောက်ပဲ ရှိခဲ့တယ်၊ ရည်းစားလည်း တစ် ခါမှမထားဖူးဘူး၊ ထားရလောက်အောင်လည်း မနီး

www.burmeseclassic.com

www.burmeseclassic.com



စပ်ခဲ့ဘူး ...

"မင်းဟာ ကိုရဲ့ ပထမဆုံးချစ်သူပဲ၊ နောက်ဆုံးချစ်သူလည်းဖြစ်တယ်၊ မင်းငြင်းရင် ... တို့တစ်သက်မှာ ဘယ်တော့မှ ချစ်သူဆိုတာ ရှိမှာမဟုတ်တော့ဘူး"

စီးကရက်ဖွာခြင်းကပဲ နှုတ်ကိုသွက်စေသလားမသိပါ။ သက်ပုံ ကြားဖူးတာကတော့ အရက်ကို အာဝဇ္ဇန်းရွှင်အောင်သောက်ကြသည်တဲ့။ ခုတော့ ... ဦးဇုန်က စီးကရက်နှင့် အာဝဇ္ဇန်းရွှင်နေသည်။ သူ့စီးကရက်ကလည်း ကုန်မြန်လိုက်တာ။ တစ်လိပ်ကုန်ကာနီးလို့ အစိခံနားတောင်ရောက်ပြီ။ သူ ... နောက်တစ်လိပ်ထပ်ညှိဦးမှာလားမသိ။ ဒါဆိုလျှင်တော့ များပြီ။ သူ့စံနှုန်းက တစ်ခါသောက် တစ်လိပ်ပဲဟာ။

"သက်ပုံ ... တို့ကို တစ်ခုခုပြန်ပြောလေ"

"ဘာမှမပြောစရာမရှိပဲ"

"တို့ကို လက်ခံတာလား"

"ဟင့်အင်း ... ကိုယ့်သူဌေး အလုပ်ရှင်ကပြောတဲ့စကားဆိုတာ အလုပ်သမားက နားထောင်နေရတာပဲလေ"

"ဘာကွာ ... ခုဟာက မင်းကိုချစ်တယ်လို့ပြောနေတာ"

ပဖျုန်က လက်ထဲမှ စီးကရက်ကို တောက်ထုတ်ပစ်လိုက်သည်။ ကြည့်လို့ကောင်းသား။ တကယ့် စီး



ကရက်ဂျိုးကြီးတွေလိုလည်း လုပ်တတ်သား။

"ချစ်တယ်ပြောလည်း နားထောင်နေရမှာပေါ့၊ နားပိတ်ထားရင် ရိုင်းမှာပေါ့"

"မင်း ... ကိုယ့်ကို နည်းနည်းကလေးမှ စိတ်မဝင်စားဘူးလား"

"ဝင်စားတာပေါ့၊ ဦးဇုန်ရဲ့ လုပ်ရည်ကိုင်ရည် စီးပွားရေးလာဘ်မြင်တာတွေ၊ ညညကျ ပြန်တွေးပြီး အလွတ်မှတ် အတုခိုးနေရတာပါ"

"သက်ပုံ ... ပညာမပြပါနဲ့၊ ဒါတွေနဲ့မဆိုင်ဘူး၊ မင်းသိပါတယ်၊ မင်းက အချစ်ကိုနားမလည်တဲ့ သူငယ်နှပ်စားမှမဟုတ်တာ"

သက်ပုံ ... ကိုယ့်ကိုကိုယ် ကျေနပ်အားရနေ၏။ ဒီလိုဖြစ်လာရမယ်၊ ဖြစ်လာလျှင် ဘယ်လိုတုံ့ပြန်ယ်ဆိုတာမျိုးကို ကြိုတင်စီစဉ်ခဲ့တာတော့ မဟုတ်ပါ။ အနီးာပ်နေ၍ သက်ပုံတို့စိတ်ထားကို တစ်နည်းနည်းဖြင့် သိအောင်ပြသပြီးမှ သူ သံသယရှင်းသွားချိန်မှာ ကိုယ့်ဘက်ာ အသာစည်းတစ်ခုခုရှိခဲ့လျှင်လည်း နည်းနည်းပါးပါးညာပြန်ပေးဖို့ထိ ရည်ရွယ်သည်။ သူ့မှာ ချစ်သူရှိလာခဲ့လျှင်လည်း "အချစ်" ဆိုတာကို ကိုယ်ချင်းစာတတ်ဖို့ပြောချင်သည်။ ဘယ်လိုအခွင့်အရေးမှ မရခဲ့လျှင်တောင် ...ဆးတိုက်ကြီးတစ်ခုမှ ဧည့်ကြိုစာရေးမလေးက ပိုင်ရှင်သူငွေးကို ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အမေနဲ့ ကျွန်မအဖေကို သဘောမတူနိုင်ပါဘူး" ဆိုတာကို ပြောခဲ့မည်။ သူ ဆတ်ဆတ်ခါနာပါစေ။ ဒီလိုအတွေးတွေထဲမှာ ... သူက ကိုယ့်ကို ချစ်လာပါစေ၊ ချစ်လာစေအောင် ကိုယ်က ဆွဲဆောင်ညှို့ငင်မည်။ အဲသည်နေ့ကျမှ အနိုင်နှင့်ပိုင်းလိုက်မည်ဆိုသော အတွေးမျိုး မပါဝင်ခဲ့ပါ။ သူ့ကို အနီးကပ်တာဝန်ကျေပြခြင်းဟာလည်း အားနာလောက်အောင် ရင်းနှီးလာစေချင်လို့ဖြစ်သည်။ သူ အားထားရသော အလုပ်သမားကောင်မလေးတစ်ယောက်ဟာ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ စကားနှင့်ပြောရလျှင် ...

"သူများလို တို့ ကိုင်းတာယ် ...
တိုင်းသိပါရဲ့" ... ဆိုတာ ...နှင့် သူ့ကို ပညာပေး အရှက်ရစေလိုခြင်းသာဖြစ်သည်။ ခုတော့ ... မမျှော်လင့်သော ရင်ခုန်ခြင်းက ကိုယ့်ရင်ထဲမှာ မွှေနှောက်ညွှင်းဆဲသည်ထက် သူ့မှာပိုပြီ ထင်ပါရဲ့။ သူကချစ်ပါသည်ဟုပြောလာသည့်အချိန်မှာ ... အရေးမစိုက်သလိုလုပ်ပြ နေပြနိုင်ဖို့ကို အားခဲရင်း ... အဲသည်အဖြစ်မှာ ကျေနပ်ပီတ်ခံစားလိုက်ရပါ၏။

"နားလည်ဖို့ဆိုတာ အလွှာချင်းညီမှ၊ အဆင့်အတန်းချင်းတူမှသာ တစ်ယောက်သဘောကို တစ်ယောက်ကနားလည်ခံစားနိုင်မှာပေါ့"

"ဘာဆိုင်လဲကွာ ... စကားကို ကပ်မပြောပါနဲ့"



"ကျွန်ုတော်က ... ဦးဇုန်ရဲ့အလုပ်သမားပဲ"

"ဒါပေမယ့် ... ကိုယ်ချစ်တယ်"

"ကျွန်တော်က ဦးဇုန်တို့နဲ့စာတော့ အရမ်းဆင်းရဲပါတယ်၊ ကျွန်တော့်အကြောင်းကို ဦးဇုန် ဘယ်လောက်သိလို့လဲ"

"ဟုတ်တယ် ... သိပ်မသိသေးဘူး၊ ပြောပြမလား"

"ပြောရင်းနဲ့ စိတ်ပျက်စရာတွေပါလာမှာ"

"ကိုယ်ကျင့်တရားနဲ့မပတ်သက်ရင်တော့ စိတ်မပျက်ဘူး"

"ကျွန်တော့်မှာ မိဘမရှိဘူး"

"ဆုံးကုန်ပြီလား"

"မရှိတာက မရှိလို့ပဲပေါ့၊ ဆုံးချင်လဲဆုံးမယ်၊ မဆုံးချင်လဲ မဆုံးဘူး"

"မင်းဒလှျာက်လွှာထဲက ဦးတိုးမြိုင်ဆိုတဲ့ မင်းအဖေရော"

ဒီနာမည်ကို သူ မှတ်မိနေသည်ပဲ

"ကျွန်တော် ... တစ်ယောက်ထဲ၊ အဆောင်မှာနေတာပါ၊ အဆောင်ဆိုပေမယ့် ... တကယ့်ဘော်ဒါဆောင်ကြီးလည်းမဟုတ်ဘူး၊ ပိုင်ရှင်က နိုင်ငံခြားမှာ၊ ဒီတိုင်းထားရင် အိမ်ပျက်မယ့်တူတူ ... လူစောင့်ရှိ မနည်းဘူး၊ အိမ်ငှားလည်းမတင်ချင်ဘူးဆိုတော့ သူ့တူမကို သူငယ်ချင်းသုံးလေးယောက်နဲ့တူတူ နေ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတာပါ၊ ကျွန်တော်က တစ်ယောက်သောသူငယ်ချင်းအဖြစ် နေခွင့်ရထားတာပါ ...

"ကျွန်တော်တို့ ရွယ်တူမိန်းကလေး .. လေးယောက်၊ လူကြီးသူမအုပ်ထိန်းသူလည်း မရှိဘူး၊ ကျွန်တော်က ဦးဇုန်ဆေးတိုက်မှာလုပ်တယ်၊ အိမ်ရှင်ရဲ့တူမက စာသင်တယ်၊ ကျောင်းမှာတော့ မလုပ်ဘူး၊ အိမ်ပေါ့မှာ ကျူရှင်လိုက်ပြတယ်၊ နောက်နှစ်ယောက်က ... ကုမ္ပဏီတွေမှာပဲ ...

"ဘယ်သူမှ ထမင်းချက်မစားပဲ ချိုင့်ဆွဲစားကြတယ်၊ တံမြက်စည်းဆိုတာ စိတ်ပါမှလှည်းတယ်၊ စိတ်မပါရင် ဘယ်လောက်ဖုံထူထူ၊ ဖူးခနဲမှုတ်ပြီး အိပ်ကြတာပဲ၊ မိန်းမသားအရည်အချင်းဆိုလို့ တစ်ကွက်မှ မရှိကြဘူး၊ အပိုးမကျိုးဘူး၊ လူကြီးကြိုက်မျက်စိထဲ ဘယ်သူမှဝင်ဖို့မရှိဘူး ...

"ဒါပေမယ့် ... ဘယ်သူမှ ဘယ်ယောကျ်ားလေးတွေနဲ့မှ ရှုပ်ရှုပ်ယှက်ယှက်မရှိဘူး၊ အဆောင်ကို ... ယောကျ်ားဧည့်သည် လာခွင့်မရှိဘူး၊ ဧည့်သည်လုပ်လောက်အောင်ခင်တဲ့ ယောကျ်ားမိတ်ဆွေကို မထားတာ၊ ကျွန်တော့်အကြောင်းက ဒီလောက်ပါပဲ"

"ဘာမှမကြိုက်စရာမရှိဘူး ... ကြိုက်တယ်"

"ဦးဇုန်က ကျွန်တော့်ကိုချစ်တယ်ဆိုတာ လက်ထပ်ဖို့ရောရည်ရွယ်လို့လား"



"မိန်းကလေးတစ်ယောက်ကို လက်မထပ်နိုင်ပဲ အပျော်တွဲရုံ ပေါ့လျှပ်လျှပ်ယောကျ်ားထဲမှာ တို့ပါမယ်ထင်လို့လား"

"ဦးဇုန်အမေက သဘောမတူနိုင်ပါဘူး"

"ဒါက ညှိလို့ရတဲ့ကိစ္စပါ"

"မညှိပါနဲ့ ဦးဇုန် ... ညှိရမယ်ဆိုရင် ဦးဇုန် တားဆီးခဲ့တဲ့လမ်းပေါက်တစ်ခုကို ဖွင့်ပေးမှရမှာပေါ့"

"တစ်မျိုးစီပဲ"

"ဦးဇုန်အမေရဲ့အမြင်မှာ ကျွန်တော်က ဆင်းရဲသားပဲ၊ ဦးဇုန်ပစ္စည်းတွေကိုမက်ပြီး ပြန်ကြိုက်တာလို့ထင်မှာပေါ့"

"မင်းက ပြန်ကြိုက်ပြီလား"

"ဘာလို့ကြိုက်ရမှာလဲ"

ပစ္စုန် ရယ်မောလိုက်သည်။ ဒီကောင်မလေး သဘောထား၊ ကိုယ့်အပေါ်မှာ ခါးခါးသီးသီး မရှိနိုင်ဟုယုံလိုက်၏။ ဒီဘက်မှာ အတွေ့အကြုံမရှိပေမယ့် ... ဒီလောက်တော့ လူကဲခတ်မညံ့ဘူးဟု ကိုယ့်ကိုကိုယ်ထင်သည်။ ပြီးတော့ ... အတ္တပဲဆိုဆို၊ သက်ပုံဟာ ကိုယ့်လိုလူမျိုးကို ငြင်းလောက်ဘူးထင်၏။ သက်ပုံမှမဟုတ်ပါဘူးလေ။ ချစ်သူရည်းစားရယ်လို့ စွဲမြဲပြီးသားမရှိသေးသော မိန်းမသား တစ်ရာမှာ တစ်ရာလုံး ဦးနှောက်ကိုသာသုံးလျှင် ကိုယ့်ကို ဘယ်သူငြင်းဆန်မှာတဲ့လဲ။ ကိုယ်ဟာ မိန်းမသားတို့ ငြင်း

www.burmeseclassic.com



သန့်ဖို့မသင့်သော အိမ်ဦးနတ်ကောင်း အလောင်းအလျာထဲ မှာပါဝင်သည်ဟု ကိုယ့်ကိုကိုယ် အထင်ကြီးစွာ ယုံကြည် ထားမိတာကို သက်ပုံသိလျှင်တော့ စိတ်ကောက်နိုင်ပါ၏။ ခွင့်လွှတ်ရမည်ပေ။

"တို့အကြောင်းကိုပြောပြမယ်"

"သိပြီးသားတွေချည်းပါ"

"ပြောချင်သေးတယ်ကွာ"

"ခုခေတ်မှာလေ ... ဘာနေ့ညာနေ့ ... အမေနေ့ လိုမျိုးပေါ့၊ နေ့တွေတပ်ပြီး သတ်မှတ်လာကြတယ် နော်"

"ချစ်သူများနေ့ သတ်မှတ်ဖို့လား၊ ရှိပြီးပြီလေ"

"ဟင့်အင်း ... ကိုယ်ရည်သွေးနေ့ဆိုတာများ သတ် မှတ်ဖြစ်ခဲ့ရင် ... အဲဒီနေ့မှာ ဦးဇုန် စာတန်းတင် ပါလို့ပြောချင်လို့"

"ကြည့်စမ်း ... နှုတ်သီးကောင်းလှချာပါးမလေး၊ ရန် တွေ့လည်းဖြစ်သား"

"ရန်တွေ့တယ်ထင်ရင် ကန်တော့နော်၊ တော်ကြာ အလုပ်ပြုတ်နေဦးမယ်"

"ကိုယ်နဲ့လက်ထပ်ဖြစ်ရင်တော့ အလုပ်ဖြုတ်ရမှာ ကိုယ်က မိန်းမတွေစီးပွားထွက်ရှာတဲ့စနစ်ကို မကြိုက် ဘူး"

"အဲဒါကိုက အတ္တပဲ"



"ယောကျ်ားရှာတာနဲ့ မလောက်ရင်တော့တစ်မျိုးပေါ့၊ လောက်ရင် ... မိန်းမကို အိမ်မှာပဲနေစေချင်တယ်"

"မိန်းမကျတော့ ဖျင်းစေ နုံစေ၊ လောကကြီးနဲ့ အဆက်ပြတ်စေပေါ့၊ ဒါလဲ အတ္တပဲ"

"အိမ်ထဲမှာနေတိုင်း ပျင်းရရောလား၊ စီးပွားထွက် မရှာပေမယ့် လုပ်စရာအလုပ်တွေ ပြည့်လို့"

သက်ပုံက ဘာမှပြန်မပြောတော့ပဲ ခေါင်းကို ငုံ့လွဲလိုက်သည်။ မျက်နှာပြင်က ထူအမ်းပြီး နည်းနည်း လည်း ပူပါ၏။ သို့ပေမယ့် ... လောကကြီးကို ကျေနပ် နေသည်။ ရင်ခုန်စည်းချက်က သိပ်မမြန်ပေမယ့် ... အ ရှိန်တော့ပြင်း၏။ အဲဒါဟာလည်း ကျေနပ်စရာတစ်မျိုးပဲ ဖြစ်၏။

"ခုလောက်ဆို ဆေးကိုက်မှာ ဘာပြဿနာတွေပေါ် နေမလဲမသိဘူး"

"တစ်နေ့တလေလေး ... အနားရသလိုပြုံးတာ ပျော် လိုက်စမ်းပါကွာ"

"ကျွန်တော်ကတော့ ... အခု ... ဦးဇုန်ရှေ့မှာ ထိုင်နေတာဟာ အလုပ်လုပ်နေတာပဲ"

"ဘာ ... "

"ဟုတ်တယ်လေ ... ဒါ ကျွန်တော့်အလုပ်ချိန်ပဲ ဦးဇုန်ရဲ့၊ ညနေငါးနာရီဆိုရင်တော့ ပြန်မယ်"

သက်ပုံ နာရီလေးကိုမြှောက်ကြည့်ရင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အလုပ်ဝတ္တရားလို့ သဘောထားနေရင်လဲ ငါးနာရီထိ မစောင့်ပါဘူး၊ ခုပဲပြန်ပါ့မယ်"

ပဒ္မုန် နည်းနည်းပါးပါး အောင့်သက်သွားရသည်။ ဒီ မလောက်လေးမလောက်စား ကောင်မလေးဟာ ကိုယ့်လိုလူကို အလဲထိုးနိုင်စွမ်းရှိနေတာကိုပဲ ခံရခက်လှသည်။ သူ့မရှေ့မှာ ကိုယ်ကျရှုံးခဲ့ပြီဆိုတာကို သိလိုက်ရ၏။ သို့ပေမယ့် ဝမ်းမနည်းပါ။ ကျရှုံးခြင်းကိုပဲ ပဏ္ဏာတစ်ခုလို ဆက်သချင်နေသေးသည်။ ထူးခြားသလောက် ဆန်းသစ်ပြီး ... ကိုယ့်အတွက်တော့ စိမ်းသက်သောခံစားမှုပါပေ။ သို့ပေမယ့် ဒီခံစားမှု ရင်ခုန်လှိုင်းမှာ ကိုယ်က အကြိမ်ကြိမ်နစ်မွန်းလို စိတ် ပြင်းထန်ခဲ့ပြီသာ။

"ပြန်ကြစို့"

ပဒ္မုန် အရင်မတ်တတ်ထရပ်၏။

"ဦးကွန်းကို မစောင့်တော့ဘူးလား"

"မစောင့်တော့ဘူး"

"ဦးမြင့်စိန်ကို မစောင့်တော့ဘူးလား"

"မစောင့်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ရင်ထဲမှာတစ်မျိုးပဲ၊ ခံစားမှုအစိမ်းတစ်ခု ဝုန်းဒိုင်းကျဲနေတယ်"

"ဦးဇုန် ဝယ်ချင်နေတဲ့ ဒီမြေကွက် လက်လွတ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"လွတ်ပစေတော့"

"ဦးဇုန်ဖေဖေလာရင် နားနေဖို့ အိမ်အဆင်သင့်မဖြစ်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဟိုတယ်တစ်ခုခုပေါ် တင်ပေးလိုက်မယ်"

"စီစဉ်စိတ်ကူးတွေ ပျက်မကုန်ဘူးလား"

"ပျက်ပစေ"

"ခု ... ဘာလုပ်မလို့လဲ"

"မင်းကိုလိုက်ပို့ပြီးရင် အိမ်ပြန်မယ်၊ ကိုယ် ... တစ်ယောက်ထဲ ခဏနေချင်တယ်"

"ဆေးတိုက်ကို လာဦးမှာလား"

"ဒီနေ့အဖို့တော့ မလာတော့ဘူး၊ လာပါ ... ပြန်ကြစို့၊ မင်းက အလုပ်လုပ်နေတာဆိုတော့ ... မင်းရဲ့အလုပ်ရှင်က မင်းကို အိမ်ပြန်ခိုင်းနေတယ်"

ပဒ္မုန်က ရှေ့မှသွားနှင့်၏။ သက်ပုံ နောက်မှ လိုက်ပါလာရင်း အကြောင်းမဲ့စွာ ငိုချင်လာသည်။ လူကြီးလူကောင်းကြီးလုပ်ပြီး စိတ်ကောက်တာလားလည်းမသိတော့ပါ။

"ဦးဇုန်"

သက်ပုံ နောက်ဖက်မှခေါ်လိုက်တော့ ပဒ္မုန် လှည့်ကြည့်သည်။ ငိုချင်မျက်နှာကို သဘောမပေါက်စွာငေး၏။

"ကျွန်တော့်ဆီမှာ အဖြေမတောင်းတော့ဘူးလား"

"စဉ်းစားချိန်ပေးတာပါ"

F - 10 (A)



www.burmeseclassic.com

www.burmeseclassic.com



"အဖြေကရှိနေပြီ"

"ဒါဆိုလဲ ဖြေပါ ... တို့ဝမ်းသာချင်ပါတယ်"

"မတူမတန်လို့ ငြင်းပါတယ်၊ ကျွန်တော်သူဌေး တဲ့လူတန်းစားကို မယုံကြည်လို့ ကိုယ့်ထက်တစ် ပိုချမ်းသာရင်တောင် အဲဒီလိုလူကို မယူပါဘူး"

"အော်"

ရင်ညွန့် ဆောင့်ကန်ခံလိုက်ရသလို ... တစ်ကိုယ်လုံး ပက်လက်ပစ်ကျမတတ် ခံစားလိုက်ရသ ဖြေပုံက သင်း၏။ ကြိုးရှည်ရှည်နှင့်လှန်တာလည်းမဟု ငြင်းကိုငြင်းတာ ...။ အကြောင်းပြချက်က မခိုင်လုံလ မယ့် ... သူ့အယူအဆနှင့်သူပေါ့လေ။ ပဇ္ဇုန် ကား သို့တက်သည်။ အလာတုန်းကကဲ့သို့ပင် ... သက် ရှေ့ခန်းမှာပဲထိုင်သည်။ ကိုယ့်သူဌေးတစ်ယောက်လုံး သောကားကို နောက်ခန်းမှာ အလုပ်သမားက စတိုင်နှင့် စီးဖို့မဖြစ်ပါ။

"တို့ ... ဘာဖြစ်လို့ ထ,ပြန်သလဲဆိုတဲ့ အ အချက်ကို မင်းသိအောင်ပြောချင်တယ်၊ ပတ် ကျင်က သိပ်ပုံပိုးတယ်၊ တို့ ... မင်းကို အိမ် မပို့ပဲထားလိုက်မိမှာစိုးလို့၊ ယောကျ်ားတစ်ယော သိက္ခာနဲ့ မိန်းမသားတစ်ယောက်ရဲ့သိက္ခာ ...

"အဲဒီနှစ်ခုကို တန်ဖိုးထားပြီး ထိန်းသိမ်းလိုက် ဒါကို မင်းက အတ္တလို့မြင်ချင်မြင်ပါ၊ အတ္တဆို





ကြီးမားလွန်းရင်လဲ မကောင်းဘူး၊ မရှိပြန်ရင်လဲ ကြီး စားမှုလျော့လျဲတတ်တယ် ...

"တို့ကတော့ အတ္တရှိသင့်သလောက်ရှိကယ်၊ ဝန်ခံ တယ်၊ ဒါပေမယ့် ... ကိုယ့်အတ္တက သူများအတ္တ ကို အနှောင့်အယှက်မဖြစ်အောင် ထိန်းတယ်၊ တို့ ချမ်းသာလို့ငြင်းတယ်ဆိုတာ အကြောင်းပြပါ၊ အခ ကအကြောင်းက တခြားဖြစ်မှာပါ"

"ဘာဖြစ်နိုင်မယ်လို့ ဦးဇုန်ထင်လဲဟင်"

"မချစ်နိုင်တာ အခါကပေါ့၊ လူတစ်ယောက်ဟာ ချစ် ချင်စရာအရည်အချင်းတွေနဲ့ ပြည့်လျှံနေပေမယ့် အချစ် ဆိုတာ ဖြစ်ထွန်းချင်မှာဖြစ်ထွန်းမယ်ဆိုတာ တို့ သ ဘောပေါက်သွားပြီ ...

"အစကတော့ ကိုယ့်ကိုကိုယ် အထင်ကြီးခတ်ခံရှိ တယ်၊ မင်းပြောတဲ့အတ္တပေါ့၊ ခုတော့ ... မင်းရိုက် ချိုး ဆုံးမလို့ ပုံရွှဲ့ကျိုးကြေသွားပါပြီ၊ ဘာပဲဖြစ်ဖြစ် မင်းကိုကျေးဇူးတင်ပါတယ်"

ကားမောင်းထွက်ခဲ့သည်။

ပဇ္ဇုန် မျက်စိမျက်နှာပျက်၏။ မျက်နှာထား ဆန်သည်။ သတိရတိုင်း ပြန်လျော့ပုံရ၏။ မကြာခဏ လျော့ကျပေမယ့် ... မကြာခဏ ပြန်လည်ခက်ထန်သည် ချည်း။ စကားမပြောဖြစ်ကြ။ သက်ပုံကလည်း မပြောဖြစ် ပါ။ သို့ပေမယ့် ... မျက်နှာထားတင်းတင်းနှင့် ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



သား၏ ရွှန်းတင့်အသရေကို အားတိုက်ငေး၍ လိုက်ပါ
ခဲ့သည်။

ဒီလောက်အခွင့်အရေးတော့ ရပါရစေ။

※※

## အခန်း(၇)

"တို့က မင်းနဲ့စာတော့ လူကြီးပါ၊ စိတ်ကောက်ရမယ့်အရွယ်လဲမဟုတ်ဘူး၊ နောက်ပြီး ... တို့ငယ်ငယ်ကထဲက စိတ်မကောက်တတ်ဘူး၊ စိတ်ဆိုးဒေါသထွက်တာမျိုး ရှိဖူးပါတယ်၊ ခုဟာက ... စိတ်ဆိုးဒေါသထွက်တာလဲမဟုတ်ဘူး ...

"စိတ်ကောက်တာလဲမဟုတ်ဘူး၊ ဒါပေမယ့် ... မင်းကို နာရီနဲ့အမျှ မျက်နှာချင်းဆိုင်နေရဖို့ တို့ ဝန်လေးရပြီ၊ မျက်နှာလည်းပူတယ်၊ ဒါကိုထားပါ၊ ရင်ထဲမှာ ခံစားနေရတာကို ရင်မဆိုင်နိုင်တာက အဓိကပဲ၊

"အဲဒါကြောင့် ... မင်းကို ညီကြိုပြန်ပို့မယ်၊ ဘယ်လိုမှသဘောမထားပါနဲ့၊ လခကိုလဲ ခုတိုင်းဆက်ပေးပါမယ်၊ တို့ဆန္ဒကို မင်းငြင်းဆိုတဲ့အတွက် မင်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ စိတ်ဆိုးစိတ်ကွက်ခြင်း လုံးဝမရှိဘူး ...

"မင်းက အလုပ်ကိုရှေ့တန်းတင်တော့ အလုပ်စကား ပြောရရင် ... ဒီကိစ္စအတွက် မင်းအလုပ်ကို မထိခိုက်စေရပါဘူး၊ တို့ရင်ထဲမှာသာ မခံစားနိုင်လို့ မင်းကို ဧည့်ကြိုပြန်ပို့တာ၊ တို့ကိုနားလည်ပေးပါ"

ပဖွားနု် ... သက်ပုံကို မကြည့်ပဲ မျက်နှာလွှဲ၍ပြောသည်။ မျက်စိမျက်နှာပျက်နေပုံက တော်တော်ညှိုး၏။ သူက ဘာမှမဖြစ်ပါဘူးဆိုပေမယ့် သက်ပုံ ... ဧည့်ကြိုပြန်ရတာကတော့ မျက်နှာငယ်သည်ပင်။ တစ်ဆင့်မြင့်သလို တိုးလုပ်လိုက်ရသော အလုပ်မှာမနိုင်လို့ ... အဲဒီအလုပ်ကို ကိုယ့်အရည်အချင်းက မမီလို့ ပြန်ချခံရခြင်းနှင့်တူ၏။ သို့ပေမယ့် ... သူက အလုပ်ရှင်။ သူဌေး။ သူပိုင်သည့်လုပ်ငန်းမှာ သူ့လခစားတွေကို သူထားချင်သည့်နေရာမှာ ထားပစေပေါ့။ သို့ပေမယ့် အကြောင်းမဲ့စွာ ငိုချင်နေမိသည်။ သက်ပုံဆိုတာ မျက်ရည်ခိုင်သော အမျိုးအစားထဲကပါ။ ခုတော့ ... ရင်ထဲမှာ ကြေကွဲနေသည်။ ဆို့ဆို့နင့်နင့်ခံစားမှုကြောင့် ဦးခေါင်းတစ်ခုလုံး မှုန်ထူ၏။ ပြင်ရန်ခက်ခဲနေသောမျက်နှာကို ကြိုးစားပြုပြင်မနေတော့ပါ။ ခပ်ပျက်ပျက်နှင့်ပင် ဧည့်ကြိုသို့ပြန်ခဲ့တော့သည်။

"သူ ... တခြားတစ်ယောက်များ ခေါ်ဖို့ရှိလား"

အတူတူလုပ်ခဲ့သော ဧည့်ကြိုစာရေးမလေးက သက်ပုံကိုခေါ်သွားကထဲက နှုတ်ခမ်းစူပြီး ကျန်ရစ်ခဲ့တာပါ။



"အပြုံးတစ်ခုကို မျက်နှာဖုံးလိုစွပ်ထားရမယ်"

... ဟု ပဖွားနု်က စည်းကမ်းချထားသည်။

"ကိုယ့်ဆီလာတဲ့သူတွေဟာ ... ပိုက်ဆံပေါလို့ ဈေးလာဝယ်ကြတဲ့သူတွေမဟုတ်ဘူး ... သူတို့မှာ ပိုက်ဆံပေါချင်ပေါမယ်၊ ရှားချင်ရှားမယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကျန်းမာရေးအတွက် သောကနဲ့အားကိုးပြီး မလာမဖြစ်လို့လာကြရတာ ...

"ဘယ်သူမှ အပျော်မလာဘူး၊ လူနာကိုယ်တိုင်ဆိုလဲ ခံစားနေရတယ်၊ လူနာနဲ့ပါလာတဲ့သူတွေဆိုလဲ ပူပန်နေကြတယ်၊ အပူသယ်တွေ၊ သောကတွေနဲ့၊ အဲဒီလူတွေကို အပြုံးရေအေးဆီးတိုက်ပြီး အင်တိုက်အားတိုက်ကူညီရမယ် ...

"ကိုယ်နဲ့မဆိုင်သလို ရှောင်ဖယ်ဖယ်လုပ်နေတာတွေ့ရင် ငွေပိုလစာမပေးပဲ အလုပ်ကရပ်စဲခြင်းခံရမယ်"

ဟု ပဖွားနု် ပြောထားခဲ့သည်။ ဝန်ထမ်းတွေလုံး ပြုံးပျော်ရွှင်မြူး၊ သွက်လက်ဖျတ်လတ်နေကြသည်။ ကို အရသွင်းလျက် လှုပ်ရှားမှုကစလို့ နေးတိနေးကန်နေကြရပါ။

"ဟော့ ... ယူ့မျက်နှာက သိပ်မကောင်းဘူး၊ သူဌေးမြင်သွားလို့ အလုပ်ပြုတ်နေဦးမယ်"

သစ်သစ်ညိုက ဧည့်ကြိုစာရေးမလေးဖြစ်၏။ က သက်ပုံရယ်၊ သစ်သစ်ညိုရယ် ဧည့်ကြိုလုပ်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



သက်ပုံက အပေါ်ထပ် ရုံးခန်းရောက်သွားတော့ သက်ပုံ နေရာမှာ မာလာရီကို ထပ်ခန့်ခဲ့၏။ သက်ပုံ ပြန်ရောက်လာတော့ သုံးယောက်ဖြစ်နေပြီ။

"ညှော်ကြိုမှာက ကပ်စတမ်မာ Customer တွေက မေးချင် သိချင်တာတွေများတယ်၊ အလုပ်ရှုပ်တယ်၊ နှစ်ယောက်နဲ့မနိုင်လို့ သက်ပုံနှင်းကိုပြန်ပို့တာ၊ သူ့ ပြန်မထားရင် နောက်တစ်ယောက်ထပ်ခန့်ရမလိုဖြစ်နေလို့"

ဆေးရုံအုပ်ကြီး ဦးကျော်လှဦးက သစ်သစ်ညို နှင့်မာလာရီတို့ရှေ့မှာ ပြောပေးပေမယ့် ... အစကထဲက သက်ပုံ အပေါ်ထပ်ရုံးခန်းရောက်သွားလို့ နှုတ်ခမ်းစူခဲ့သော သစ်သစ်ညိုကတော့ သက်ပုံ ဘုံကြီးပြုတ်ကျလာသည်ဟု ဝမ်းသာကဲ့ရဲ့လို၏။

"နေမကောင်းဘူးကွာ"

သက်ပုံက မရိပ်မိသလို ပြောပေမယ့် ... သစ်သစ်ညိုက ဒါကိုပဲ ပေါ်လွင်စေချင်နေ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့၊ အလုပ်ပြုတ်တာမှမဟုတ်တာ"

"ကိုယ် ... စိတ်မကောင်းဘူးလို့ ပြောမိသလား သ ်၊ နေမကောင်းဘူးလို့ပြောတာ"

သက်ပုံ လေသံမာသွားသည်။

"ကိုယ်က မင်း ဘုံကြီးပြုတ်သလို ပြန်ကျလာတဲ့



အတွက် စိတ်ညစ်နေတယ်မှတ်လို့ စုတ်သတ်ပေးတာ"

"သိတယ် ... လူတွေဟာ တစ်ဖက်သားကို ... ကျွတ် ... ကျွတ် ... ကျွတ်ဆိုပြီး စုတ်သတ်ပေးရတာ သိပ်ဝါသနာပါကြတယ်၊ အဲဒါ စေတနာမဟုတ်ဘူး၊ တစ်ဖက်သားကို မကောင်းစားစေချင်တာ ... မကောင်းစားတာကို စုတ်သပ်ပေးချင်တာ ... အဲဒါ စိတ်ပုပ်လို့ခေါ်တယ်"

"သက်ပုံနှင်း ... ရှင် စကားပြောတာရင့်လွန်းတယ်"

"ကျုပ်ကို စပ်စပ်စုစုလာပြီး နှိပ်ကွပ်မနေနဲ့၊ မကြိုက်ဘူး"

"ဒါတော့ ... စေတနာဟာ ဝေဒနာဖြစ်တာပဲ၊ မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနဲ့ အာတာဖြစ်မှာပေါ့"

"သစ်သစ် ... ညို"

သက်ပုံ ရင်ဆိုင်ပစ်လိုက်သည်။ မာလာရီက သစ်ခနဲထွက်ပြေး၏။ ဆေးရုံအုပ်ကြီးလက်အောက်မှ မန်နေဂျာမမ ဒေါက်တာ ဒေါ်ခင်ကြည်ဖြူတာ ရောက်လာသည်။ သူ့ကိစ္စနှင့်သူ အားနားမှုဖြတ်လျှောက်သွားသော စကားသံဆွေက ကြားသင့်သလောက်ကြားသွားသည်။ ပစ္စုန်ကိုယ်တိုင် ရုံးခန်းမှ ဆင်းလာခဲ့လေ၏။

"ကျွန်မ ... ညှော်ကြိုကိုပြန်ရောက်တဲ့အတွက် ဘုံကြီးပြုတ်ကျလာတယ်လို့ပြောပါတယ် ဆရာ၊ ညှော်ကြိုမှာ သုံးယောက်မှလုံလောက်မယ်ဆိုရင် တခြား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အစား ထိုးပေးပါ၊ ကျွန်မ ... ဆရာ့ရုံးခန်းမှာ ပြန်လုပ်ပါရစေ၊ ကျွန်မ ကျန်းမာရေးကောင်းအောင် ကြိုးစားပါ့မယ်၊ ညနေကျလာမယ့် သမားတော်ကြီးတွေထဲက တစ်ယောက်ယောက်နဲ့ ပြလိုက်ပါ့မယ်၊ ခေါင်းမူးတာ မျက်စိကြောင့်လဲဖြစ်နိုင်ပါတယ်"

သက်ပုံက ဆက်တိုက်ကြီးပြောချလိုက်သည်။ ကျန်းမာရေးကြောင့်ဟု ဆွယ်ပြောလိုက်တာ ဦးဇုန် နားလည်ကောင်းပါရဲ့။

"သစ်သစ်ညိုနဲ့မာလာရီ .. ညှော်ကြိုမှာ နှစ်ယောက်ထဲနဲ့နိုင်လား"

"နိုင်ပါတယ်ဆရာ"

"တို့က မလောက်မှာစိုးလို့ ... အတွေ့အကြုံများတဲ့ သက်ပုံနှင်းကို ပြန်ပို့ပေးတာ၊ တို့နားမှာ အလုပ်သမားများတော့ ... သူ နည်းနည်းလည်းနေမကောင်းတဲ့ခိုက်မှာ နားစေချင်လို့ ... နိုင်တာသေချာလား"

"သေချာပါတယ်ဆရာ"

"ဆက်ဆံရေးကအစပေါ့ ... မနိုင်မနင်း ဘာဘာညာညာပြဿနာ နောက်မှမကြားချင်ဘူး၊ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ဆရာ"

"သက်ပုံနှင်း ရုံးခန်းပြန်လုပ်ပေါ့၊ ခေါင်းလဲ ဒီလောက်



မူးနေတာ ... ဒီနေ့တစ်ရက် နားချင်နားပါ"

"ကျေးဇူးတင်ပါတယ်ဆရာ"

တကယ့်ကို ကျေးဇူးတင်လိုက်ပါသည်။ သူ
းလည်စွာကယ်တင်လိုက်ခြင်းဖြစ်ပါ၏။ သက်ပုံ ... သူ့
ချည်းလေးတွေကောက်သိမ်းသည်။ ဒီနေ့တော့ ဘယ်လိုမှ
ရတော့ပါ။ အိမ်ပြန်မှကုံ ဖြစ်မည်။ မျက်နှာက ပျက်ချင်
ိုင်းပျက်ပြီး ဘယ်လိုပြန်ပြင်လို့မှ ရနိုင်ဖွယ်မရှိ။ ပြီးတော့
က ငိုချင်နေသည်။ လက်ကလေးတစ်ချက်တို့ရုံနှင့် မျက်
ည်က ကျတော့မည်။ ဘယ်သူမှမရှိသောအရပ်မှာ ကိုယ့်
ာသာတစ်ယောက်ထဲနေတာ အကောင်းဆုံးပါ။ ဖေဖေက
အမေရဲ့ အယ်လုပ်ငန်းတွေမှာ ဆောင်ရွက်နေရသည်မသိ၊
ဖေ့ခမျာ အိမ်ပြန်နောက်ကျရရှာပါ၏။

သက်ပုံ အိမ်ပြန်လာခဲ့၏။

"သက်ပုံနှင်း ... နေမကောင်းရင် ဆေးတိုက်ကကားစီစဉ်ပေးရမလား"

သံယောဇဉ်မပြတ်နိုင်သော ဦးဇုန်ရဲ့စေတနာ
သင်းတန်းကြီးကိုတွေ့ရပေမယ့် ... ခေါင်းခါခဲ့ရပါ၏။
စ်သက်လုံးနေလာခဲ့သော ကိုယ့်အိမ်ကိုယ့်ယာသည် ဒီနေ့
တိတ်ဆိတ်လွန်းနေသည်။ ဘာသံမှမကြားရခြင်းကြောင့်
ာ ပို၍သွေးပျက်၏။ တုန်လှုပ်ချောက်ချား၏။ ဘာ
တွက် ဒီလိုခံစားနေရသလဲဆိုတာ အဖြေပေါ်ပါပြီ။ သက်
... သူ့နားမှမခွာနိုင်ခြင်း၊ သူနှင့်အနီးဆုံးအရပ်မှာ ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေလိုခြင်းနှင့် သူ့အချစ်မှာ နစ်မွန်းကြည်နူးလိုခြင်းပဲဖြစ်ပါသည်။ အချစ်ဟူသည် ဆန်းကြယ်စွ။ လူတစ်ယောက်ကို သက်ပုံ ဘယ်လိုချစ်မိသွားရတာတဲ့လဲ။ ချစ်မိဖို့ စိတ်ကူးမရှိသလို သူချစ်လာအောင်လည်း သိမ်းငင်ဆွဲဆောင်ခြင်း မပြုလုပ်ခဲ့ပါ။

သို့ပေမယ့် ...

သူနှင့်ကိုယ့်ကြားမှာ အချစ်တစ်ခု ဖြစ်ထွန်းခဲ့ပြီတည်း။ ကိုယ့်ကိုချစ်နေသော လူကောင်းတစ်ယောက်ကို ကိုယ်ကလည်း ပြန်ချစ်မိပါပြီဆိုလျှင် အချစ်ခရီးသည် ပျားရည်မြစ်ကို ဖြတ်သန်းဖို့ပဲရှိ၏။ သို့ပေမယ့် ... ပျားရည်မြစ် ခန်းခဲ့ပြီ။

"ကျွန်တော် မှားသွားပြီ ဦးဇုန်၊ ဘွားခဝေ၊ 'ရစေ၊
ကျွန်တော့်ကို ဒုတိယအကြိမ် ချစ်ရေးဆိုပါ"
လို့ ပြောလို့ဖြစ်တဲ့ ကိစ္စလားကွယ်။

လူတိုင်းမှာ အတ္တရှိကြသည်။ ပန်းရှန်သက်တင်က လူတကာထက်များ နည်းနည်းပိုသလားဟု ကိုယ့်ကိုကိုယ်လည်း ဝေဖန်ဖူးပါသည်။ အတ္တဟူသည် အကျိုးသက်ရောက်မှုမှာ လောဘနှင့် နည်းနည်းဆင်သည်ဟု ပန်းရှန်ထင်၏။ မှန် မမှန် မသေချာပါ။ လောဘသည် မရှိအပ်



သောအရာ။ သို့ပေမယ့် ... လောကီရေးမှာ လောဘနည်းသူတွေ အောင်မြင်မှုလျော့ပါး၍ မထင်မရှားရှိကြရသည်ချည်း။ လောဘများလွန်းလျှင် လူ့ဘောင်စည်းကမ်းများကို ကျော်လွန်ကာ ဥပဒေကို ဖောက်ခြင်းထိဖြစ်နိုင်သည်။ ထို့ကြောင့် လောဘဆိုတာကို ရှိသင့်သလောက် အတိုင်းအတာတစ်ခုထိတော့ထားမှ ကြိုးစားလိုစိတ်ရှိမည်။ အောင်မြင်ဖြစ်ထွန်းမည်။ လူပုံအလယ်မှာ ဝင့်ထယ်မည်။ ဒီသဘောတရားကို လောကုတ္တရာခရီးမှ သူတော်စင်တွေကတော့ လက်ခံမည်မဟုတ်ပါ။ လူကြားထဲမှာ လူလုပ်နေဦးမည်ဆိုလျှင် ဒီအချက်ကို လက်ကိုင်ထားရဦးမှာပဲဟု ပန်းရှန် ယူဆ၏။ ပန်းရှန်မာနကြီးသင့်သလောက် ကြီးပါသည်။ လောဘရှိသင့်သလောက်ရှိပါသည်။ အတ္တစွဲသင့်သလောက် စွဲရှိပါသည်။ အဲဒါတွေကြောင့် ကိုယ့်ကိုကိုယ် အထင်ကြီးသည်။

ငါတော်သည်။ ငါကောင်မြက်သည်။ ငါကြိုးစားသည်။ ငါအောင်မြင်သည်။ ငါချမ်းသာသည်။ ငါသည် ကိုယ်ကျင့်တရားထိန်း၍ မဟုတ်တာ မမှန်တာ မလုပ်သောလူဖြောင့်ဖြစ်သည်။ စီးပွားရေးလုပ်ကိုင်နေပေမယ့် သမာအာဇီဝသာလျှင်ဖြစ်သည့်အတွက် ဝိသမလောဘသမားမဟုတ်၊ ငါ့လိုလူမျိုး လောကမှာ ရာခိုင်နှုန်းအားဖြင့် နည်းပါးနေလိမ့်ဦးမည်။ အဲဒါကြောင့် ငါသည် ရှားပါးအုပ်စုထဲမှာပါဝင်၏။ ငါနှင့် လက်ထပ်ခွင့်ရမည်ဆိုလျှင် မိန်းကလေးရှင်တစ်ရာမှာ တစ်ရာလုံးက ငြင်းဆန်မည့်သူမရှိနိုင်၊ မိန်းက

www.burmeseclassic.com



လေးတွေကိုယ်တိုင်ထဲမှာတော့ မိုက်မဲရာနွံနှန်းကို လျှောရမည်
ငါ့အချစ်ကို ဦးနှောက်နှင့်သာ စဉ်းစားပါက ငြင်းဆိုမည်
မိန်းမသားရှိမည်မဟုတ်၊ ဦးနှောက်မသုံးပဲ ငြင်းဆိုခဲ့မည်
ဆိုလျှင်လည်း ထိုသူမသည် မိန်းမမိုက်တည်း။

ပဋ္ဌာန်း၏ ယခင်ခံယူချက်များဖြစ်၏။ သို့ေ
မယ့် သူ့မာနသည် မိန်းမမိုက်ကလေးတစ်ယောက်၏ ထဲ
မှောက်ဝယ် အပိုင်းပိုင်းကျိုးပြတ်ခဲ့ရပြီ။ သူ့အတွေ့တွေ စိ
ညက်ညက် ကြေမွခဲ့ပြီ။ ပဋ္ဌာန်သက်တင်ဆိုသော "ဆိုဖွယ်
မရှိပုဂ္ဂိုလ်" တစ်ဦးတစ်ယောက်သည် သာမန်မိန်းကလေး
တစ်ယောက်ထံမှာ ကျရှုံးခဲ့ရပြီ။ အဲဒါ ဘာကြောင့်ပါလဲ
စင်စစ် ... အချစ်တည်း။

"ကျေးဇူးတင်ပါတယ် ဦးဇုန်"

နောက်တစ်နေ့မှာ သက်ပုံ အလုပ်ပြန်ဆင်း၏။
"မင်းက ကျေးဇူးတင်ပေမယ့် တို့ဘက်မှာတော့ မချ
မဆန့်ပါပဲ၊ မနေ့က မင်းအိမ်ပြန်သွားသလို တို့လဲ
ပြန်သွားခဲ့တယ်၊ အလူးအလဲပဲ"

"ဦးဇုန်ရဲ့ အတွေ့ကြီးနဲ့ တည့်တည့်တိုးသွားလို့ပါ"

"တို့ မငြင်းပါဘူး၊ ဒါပေမယ့် ... ခံစားရချက်
သိပ်ပြင်းတယ်"

"ကြေကွဲတာထက် မခံချင်တာ၊ အခံရခက်တာက
ပိုမှာပါ"

"အမှန်ကို ဝန်ခံရရင် နားမလည်နိုင်ဘူး၊ မင်း ဘာ



ကြောင့်ငြင်းလဲဆိုတာကို စဉ်းစားမရဘူး၊ ဒါပေမယ့်
စဉ်းစားလို့ရပါတယ်၊ တို့စကားက အရှုံးစကားဖြစ်
နေလားတော့မသိဘူး၊ မင်း ... အချစ်တစ်ခုတည်း
ကြောင့် မျက်စိမှိတ်ပြီး ငြင်းတာပဲ၊ မင်း တို့ကို
နည်းနည်းကလေးမှ အချစ်မဖြစ်ထွန်းလို့ ငြင်းတယ်
လို့ သဘောပေါက်ပါတယ်"

"ကြောက်တာလဲ ပါနိုင်တာပေါ့ ဦးဇုန်ရယ်"

"ဘာကိုကြောက်တာလဲ"

"ဦးဇုန်မေမေက ... ကျွန်တော်ဟာ ဦးဇုန်ကို ပစ္စည်း
မက်လို့ အရချိုင်တယ်လို့ စွပ်စွဲနိုင်တယ်"

"ကျွန်တော်" ... ဆိုတာလေးအတွက် လှစ်
ခနဲပြုံးမိ၏။ အောက်ထပ် ညှိကြိုကောင်တာမှာတုန်းက
တော့ သူမ ... ကျွန်မဟု သုံးခဲ့သည်။ ကျွန်တော် ...
ဆိုတာ ရင်းနှီးမှသုံးသတဲ့။ မကျွန်နိုင်သည့်ပိုင် ရင်းနှီးမှု
လေးတော့ ရှိသည်ပေါ့။

"မဟုတ်ရင်ပြီးတာပဲ"

"ဦးဇုန်ကိုယ်တိုင်ကလဲ ထင်နိုင်တာပဲ"

"မဟုတ်ရင်ပြီးတာပဲ"

"ဟုတ်ချင်လဲဟုတ်နေမှာ"

"ဟုတ်ချင်ဟုတ်နေပစေပေါ့၊ သက်ပုံ ... မင်းက
ကိုယ့်ကိုမချစ်ဘူးပဲထား၊ စည်းစိမ်ချမ်းသာခံစားချင်
စိတ်နဲ့ လက်ခံလိုက်တယ်ပဲထား၊ ဘယ်လိုနည်းနဲ့ပဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ... ကိုယ်ချစ်ခွင့်ရနေရင် ကျေနပ်ပြီ၊ မင်းဆီက
အချစ်ကိုပြန်ရချင်ရ၊ မရချင်နေ၊ ရတဲ့အခါမှာလည်း
ဘယ်ပုံစံနဲ့ပဲရရ ... အဓိကက ကိုယ်ချစ်တာ ...
ကိုယ်က မင်းကိုချစ်နေချင်တာ ... ပြန်အချစ်ခံ
ခြင်းဟာ ဒုတိယအဆင့်၊ ကိုယ်က ချစ်ခွင့်ရနေခြ
ဟာ ပထမအဆင့် ...

"ဒုတိယအဆင့်ထိရောက်လဲ ကြိုက်တယ်၊ မရောက်
လဲ ပထမအဆင့်နဲ့ တင်ကိုယ်ပျော်ပါပြီ သက်ပုံရယ်"

ပဖွန် ... သက်ပုံကို လှည့်မကြည့်ပဲ မျက်
နှာလွှဲ၍ပြော၏။ ဒီမျက်နှာလေးဟာ လှည့်ကြည့်စရာမ
ပဲ ကိုယ့်မျက်ဝန်းမှာ စွဲထင်ရစ်ပြီးဖြစ်နေသည်။ မနေ့
အိမ်ပြန်ပြီး တစ်ယောက်ထဲ အလူးအလဲခံစားရစဉ်မှာ ဘ
လောက်ထိ မချိတင်ကဲဖြစ်ခဲ့ရတာ ကိုယ့်ဘာသာသိပြီးပါပြီ
သက်ပုံဆိုသော မိန်းမသားကို ကိုယ်မခွဲနိုင်ပြီ။ ရာသက်
အဖော်အဖြစ် တစ်သက်တာ တွဲတူနေချင်၏။ ရင်ခွင်
ထွေးပွေ့လို့ထားချင်သလို သူမရဲ့ရင်ခွင်မှာလည်း ခေါင်း
၍ ကြည်နူးချင်၏။ သူမကို ယုယချင်သည်။ သူမရဲ့အ
အယမှာ ကြည်မွေ့ချင်သည်။ သူမအတွက် ထာဝရပေး
ရင်း သူမထံမှ ပြန်လည်ရရှိမည့် အကြင်နာပန်းပွင့်
တွေကို မျှော်လင့်သည်။ ဒါကို အချစ်ဟု ကိုယ်ခံယူသ

အဲသည်အတွက် ... သူမသည် ကိုယ့်အတွ
မရှိမဖြစ် အဖော်ဖြစ်တော့သည်။



"ကျွန်တော် တစ်ခုပြောပါရစေ ဦးဖုန်"

ပဖွန်က သက်ပုံကို လှည့်ကြည့်၏။

"ကျွန်တော် ပစ္စည်းမက်ပြီး လက်ခံလိုက်တာဆိုရင်
လဲ ဦးဖုန် ကျေနပ်တာပဲလား"

ပဖွန် ခေါင်းညိတ်၏။

"ဘာဖြစ်လို့လဲလို့ ထပ်မမေးနဲ့၊ ကိုယ်က မင်းကို
ပေးဆပ်ပေးဆက်လိုခြင်းများစွာနဲ့ ချစ်မိသွားလို့"

"ဦးဖုန် ... ကန်တော့နော်၊ စိတ်မဆိုးပါနဲ့ ...
ကြိုပြီးတောင်းပန်ထားပါတယ်၊ စိတ်ဆိုးပြီး ရိုက်
ချင်လဲရိုက်ပါ၊ ဒီလိုလေ ... ဦးဖုန်ရင်ထဲကအချစ်
မျိုး ဦးဖုန်ရဲ့မေမေဆီမှာလည်း ရှိချင်ရှိနေမှာပေါ့"

ပဖွန် မျက်နှာကွက်ခနဲပျက်လေသတည်း။

"ကိုယ်စီကိုယ်င လူကြီးမိဘတွေရဲ့စကားကို နား
ထောင်ခဲ့ရပေမယ့် ... ငယ်ကချစ်တော့ အနှစ်တရာ
ပဲ ဦးဖုန်ရယ်၊ ရေစက်မကုန်လို့ ပြန်ဆုံရတဲ့အချိန်
မှာ ရင်ထဲကခံစားချက်လေး ပြန်လည်ရှင်သန်တယ်
ဆိုရင် ဦးဖုန် နားလည်ပေးသင့်တယ်"

"တူတော့မတူဘူးပေါ့ သက်ပုံရယ်"

"ဘယ်လိုမတူတာလဲဟင်"

"အခု ကိုယ်တို့ကိစ္စမှာ ကိုယ်က 'ချစ်နေလို့ ...
သက်ပုံကို ပေးဆပ်ပေးဆက်ချင်တာ၊ သက်ပုံကို မှီ
ခိုသူအဖြစ်နဲ့ တယုတယထားချင်တာ၊ သက်ပုံက



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသား၊ ကိုယ့်နေရာမှာ မေမေဆိုတော့ကာ …
"ယောကျ်ားသားကြီး တစ်ဦးတစ်ယောက်ကို မှီခိုသူ
အဖြစ်နဲ့ တာယုတာယထားပေးရမှာ သင့်ရဲ့လား၊ ဟို
ယောကျ်ားသားကြီးကလဲ အားနွဲ့နေမယ်တဲ့လား"
"နွဲ့ချင်နွဲ့မှာပေါ့၊ စည်းစိမ်ဥစ္စာပါမလာပေမယ့် …
ဦးနှောက်ပါလာတယ်၊ လက်မောင်းလက်ရုံးပါလာ
မယ်ဆိုတာမျိုးလဲ ဖြစ်နိုင်တာပဲ၊ အဲဒါနဲ့အတူ အရေ
တွေလဲ အများကြီးပါလာနိုင်သေးတယ်၊ လူ့ဘဝ
တဲ့ ကာလခရီးတစ်ခုကို နှစ်တွေအများကြီး ချိုမြိန်
စွာ ကျော်ဖြတ်နေနိုင်ကြဦးမယ်၊ အဲဒါ မဖြစ်သင့်
တဲ့ကိစ္စလား"
"ဒီကိစ္စက ကိုယ်တို့ကိစ္စနဲ့ ဘယ်လိုပတ်သက်နေသလဲ"
"မပတ်သက်ပါဘူး၊ စေတနာပါ၊ ကျွန်တော် …
ဦးဇုန်ကို လက်ခံခြင်း … ငြင်းဆိုခြင်းဟာ ဦးဇုန်
မေမေကိစ္စနဲ့ မဆိုင်ပါဘူး၊ ကျွန်တော်က … ဦးဇုန်
တို့သားအမိကြားထဲကပြဿနာကို ပြေလည်စေချင်
တဲ့စေတနာပါ"
"ဒါကိုထားလိုက်စမ်းပါကွာ"

သက်ပုံက ပဇွန်ရဲ့စားပွဲဘေးမှာရှိသော စား
ငယ်နောက်မှာထိုင်နေ၏။ ခါတိုင်းဆို အခန်းထဲမှ ဆ
တီတစ်လုံးလုံးပေါ်မှာ ဖိုးဆွေရှိနေတတ်သည်။ ဒီနေ့ကတော့
ဖိုးဆွေရှောင်ပေးနေတာ ဖြစ်နိုင်သည်။ ပဇွန်က သူ့စား



ပေါ်မှာ သူထိုင်၍ ဆယ်လူလာဖုန်းရော၊ စားပွဲပေါ်မှ တယ်
လီဖုန်းတွေကိုပါ ပိတ်ထားသည်။ ဒီအချိန်မှာ ဝင်လာသော
တယ်လီဖုန်းကို ပြန်ဖြေပြီး ကိုယ့်ပြောလက်စ ဝါကျလေး
များကို အပျက်အစီးမခံနိုင်ပါ။

"ဦးဇုန် … ကျွန်တော်က လူကိုမချစ်ပဲ ပစ္စည်းမက်
တာဖြစ်နေရင် ဘယ်ကောင်းမလဲ"

သက်ပုံက ကိုယ့်အကြောင်းကိုယ် ပြန်ဆက်
ပြော၏။

"မက်ပစေ … မက်တာ မမက်တာ မင်းဘက်က၊
ကိုယ့်ဘက်ခြမ်းမှာ မင်းဟာ ကိုယ့်အနားမှာရှိနေရင်
ကိုယ်ရောင့်ရဲပြီ"
"ဦးဇုန်ပစ္စည်းတွေကို သုံးစွဲမှာပေါ့"
"သုံးလေ … ကိုယ်ရှာတာဖွေတာတွေဟာ ကိုယ့်
ဇနီးနဲ့ကိုယ့်သားသမီး ကိုယ့်မိသားစုသုံးစွဲဖို့ပဲမဟုတ်
ဘူးလား"
"ကုန်သွားရင်ရော"
"သုံးရုံသုံးလို့ကတော့ မကုန်နိုင်ပါဘူး၊ ဖြုန်းမယ်ဆို
ရင်တောင် တော်တော်ယောဟုယောဟုရမ်းရမ်း ဖြုန်းမှ
ဖြစ်မှာ၊ တော်ရုံနဲ့တော့ မကုန်နိုင်ပါဘူး၊ မင်းလို
မိန်းကလေးဟာ ကုန်းကောက်စရာမရှိအောင် မွဲသွား
တဲ့ထိတော့ မဖြုန်းပါဘူး"
"ကျွန်တော်က သစ္စာရှိချင်မှရှိမှာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်ကအထင်ကြီးတယ်၊ ဒါဟာ ချစ်တာ
နဲ့မဆိုင်ဘူး၊ အထင်ကြီးတာကသပ်သပ်၊ မင်းဟာ
ဦးနှောက်ရှိတဲ့မိန်းကလေးပဲ၊ ပညာတတ်ပဲ၊ မိဘမ
တော့ဘူးဆိုပေမယ့် မိကောင်းဖခင်သားသမီးပဲ၊ ကိုယ့်
ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်ကိုကိုယ်ထိန်းသိမ်း
နိုင်တဲ့ ကိုယ်ကျင့်တရားမျိုးနဲ့ မိန်းကလေးဟာ မ
မှုရေးဖောက်ပြန်မှု မရှိနိုင်ပါဘူး"

"ရှိခဲ့ရင်ရော"

"ကိုယ်နဲ့မှ မနေနိုင်တော့လို့ ခွဲခွာပါရစေဆိုတော့
ကွယ်၊ သံကြိုးနဲ့သော့ခတ်လို့ ရရိုးလား"

"ကျွန်တော်နဲ့ပတ်သက်လို့ အဆိုးဝါးဆုံးတွေဖြစ်
ခဲ့ရင်ရော ... လို့ ဦးဇုန် စဉ်းစားသေးလား"

"မနေ့က စဉ်းစားတယ်၊ မနေ့ကဆို ... စဉ်း
တာမှအစုံပဲ၊ ခေါင်းပူလာလို့ ရေချိုးပြီး ခေါင်းလေ
လျှော်ပစ်လိုက်သေးတယ်"

"ဦးဇုန် ဘယ်လိုလုပ်မှာလဲ"

"သည်းခံခွင့်လွှတ်ရမှာပေါ့လို့ အဖြေထွက်တယ်"

"သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုထိပဲ
မှာပေါ့"

"ဒါပေါ့ ... အတိုင်းအတာကုန်ဆုံးသွားတဲ့အခါ
တော့လဲ စွန့်လွှတ်ဆုံးရှုံးခံရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သည်းခံမယ်လို့ ဦးဇုန်မပြောဘူး



"အဲဒီလိုပြောတဲ့သူမျိုးနဲ့တွေ့ရင်လဲ ... အဲဒီလူ လိမ်
နေပြီဆိုတာ သတိရပါ၊ ကိုယ်က အမှန်တရားကို
ပြောတာ"

"ကျွန်တော်တို့ ဟိုအရင်တုန်းကလေ ... ရပ်ကွက်
ထဲမှာ ပေလေးဆယ်ခြောက်ဆယ်ကျယ်တဲ့ မြေကလေး
နဲ့နေဖူးတယ် သိလား၊ ဘောချင်းကပ်ဝိုင်းကလေ၊ အဲဒီ
ဝိုင်းကို သူ့အစ်မကဝယ်ပေးတာ၊ သူ့မောင်မင်္ဂလာ
ဆောင်လို့ ဝယ်ပြီးလက်ဖွဲ့တာ၊ အဲဒီမောင်နဲ့ယောင်းမ
ပေါ့နော် ... သူတို့နေကြတာ ...

"အဲဒီယောကျ်ားက ကလေးမရနိုင်ဘူး ... အဲ ...
ကန်တော့ ဦးဇုန်"

"ရပါတယ် ... ဆက်ပြော"

သူများအကြောင်းပြောမှပဲ ပဇွန်က သက်ပုံ
ကိုလှမ်းကြည့်ဖြစ်တော့သည်။ ကိုယ့်မျက်စိထဲမှာတော့ အလှ
ဆုံးချစ်သူလေးပဲဖြစ်၏။ သက်ပုံထက်လှတာတွေ လောက
မှာ အများကြီးရှိနိုင်ပေမယ့် ... သက်ပုံကိုပဲ ငေးလို့ကြည့်
နေချင်၏။ သူ့အလှလေးကိုပဲ ကိုးကွယ်ခံစားချင်၏။

"အဲဒီမိန်းမက ... ကလေးမွေးတယ် ဦးဇုန်ရယ်"

"ဖောက်ပြန်တာပေါ့"

"ဟုတ်ကဲ့ ... ဒီယောကျ်ား ကလေးမရနိုင်တာလဲ
ရက်ကွက်ဆိုတော့ တစ်ယောက်ကစ တစ်ရာဆိုသလို
တစ်ရပ်ကွက်လုံးသိနေတယ်၊ ဒီမိန်းမ ကိုယ်ဝန်စရှိ

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက တစ်ရပ်ကွက်လုံးဆိုတာ မိုးလင်းတာနဲ့ မျက်နှာသစ်ရင်း ဟိုဘက်ဝိုင်းနဲ့ ဒီဘက်ဝိုင်း လှ ချင်းဆုံရင် ဒီအကြောင်းပြောကြတယ်"

သက်ပုံက ခိခနဲရယ်လိုက်သည်။ ဒါကို ဓေး စိုက်ရင်း ... ပဇ္ဈန် အတိုင်းမသိ ချစ်မိပြန်၏။ ဘာပြော နေနေ၊ ဘာလုပ်နေနေ၊ သက်ပုံဟာ ချစ်စရာကောင်း၏၊ ချစ်စဖွယ်ကလေးဖြစ်နေ၏။ သက်ပုံရဲ့အချစ်ကိုသာ တင် နေသောအခါမှာ ဖွဲ့ဆုပေါက်ပြီး ရခဲ့လျှင် "ချစ်စဖွယ်" ဟု ခေါ်ဖို့ကိုတောင် တစ်ထိုင်တည်း ဆုံးဖြတ်ချက်ကျသည်။ သက်ပုံဟာ ... ကိုယ့်ကိုမချစ်ရင်သာ နေမည်။ မုန်းတော့ မမုန်းဘူး ... ဆိုတာ သူ့အပြုအမူ အပြောအဆိုကလေး များကြောင့် သိသာပါ၏။

"ဒီမိန်းမ မွေးတော့လဲ ဒီယောကျ်ားက ပြုစုလိုက် တာ၊ နှစ်ခါတောင်မွေးတယ် ဦးဇုန်ရယ်၊ အဲဒီကလေး နှစ်ယောက်ကို သွားလေရာမှာ လက်ဆွဲပြီး တန်တန်း ခေါ်တယ်"

သားသမီးရချင်လို့လည်း ဖြစ်နိုင်သည်။ ကိုယ် က မမွေးနိုင်တော့ ကိုယ့်ချစ်သူ ကိုယ့်ဇနီးရဲ့သွေးဟာ ကိုယ် သွေးပဲသဘောထားလိုက်တာလည်း ဖြစ်နိုင်၏။ သဘော ထားကြီးလွန်းတာတော့ လွန်သည်။ ယောကျ်ားတစ်ထောင် မှာ ဒီလိုလူမျိုးတစ်ယောက် ရှိနိုင်ပါ့မလားမသိ။

"နောက်တော့ ... မိန်းမက ပိုပိုဆိုးလာတယ်သိ



လား၊ သူ့ရဲ့ နောက်ယောကျ်ားကို အိမ်ပေါ်ခေါ်တင် တယ်"

ပြုံးပြုံးလေး ပုံပြောသလို ပြောပြနေသူကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်ရတော့သည်။

"ရပ်ကွက်ကိုတော့ သူ့အစ်ကိုအိမ်လာနေတာလို့ပြော တယ်၊ အဲဒီလူက ဟိုကလေးနှစ်ယောက်ရဲ့အဖေ"

"ဟုတ်ပါတော့မလားကွယ်၊ တကယ့်အစ်ကိုဖြစ်ရင် ဖြစ်နေမှာ"

"ရပ်ကွက်ပဲ ဦးဇုန်ရဲ့၊ လူမျိုးက တစ်ရာ့တစ်ပါး၊ ဦးစပ်စု ဒေါ်စပ်စုတွေကလည်း အများကြီး၊ သေချာ အောင်ချောင်းတဲ့လူကလဲ ရှိသေး၊ အဲဒီလူ အိမ်ပေါ် ရောက်လာတော့ ပထမယောကျ်ားက နည်းနည်း အသံထွက်တယ်၊ သူတို့ ကြိတ်ကြိတ်ပြီး ရန်ဖြစ် တာလဲ ချောင်းနားထောင်တဲ့သူက ထောင်ပြီးပြီ ...

"ပထမယောကျ်ားက နောက်ယောကျ်ားကို ပြော တယ်တဲ့၊ ခင်ဗျားအရှက်မရှိဘူးလားတဲ့၊ ရပ်ကွက်က သိလို့ ခဲနဲ့ပေါက်ရင် ခင်ဗျားထက် ... ကျွန်တော့် မိန်းမက ပိုအရှက်ကွဲမယ်တဲ့ ...

"အဲဒါ နောက်လူကပြောတယ်တဲ့၊ မင်းမိန်းမဆိုရင် အရှက်ကွဲမလား၊ ငါ့မိန်းမမို့ ကွဲမှာ၊ ငါ့မိန်းမအရှက် ကွဲတယ်ဆိုလဲ မင်းနဲ့မဆိုင်ဘူးတဲ့၊ ပထမလူက ခင် ဗျားနဲ့ကျွန်တော်နဲ့ပြောတယ်၊ နောက်လူက မင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ပြောတယ်၊ ပထမလူက နှင်ချတယ်၊ မိန်းမက ဘာပြောသလဲဆိုတော့ ...

"ရှင်နဲ့ကျုပ် မင်္ဂလာဆောင်လို့ ရှင့်အစ်မဝယ်ပေးခဲ့တဲ့အိမ် ... ကျုပ်လဲ တစ်ဝက်ဆိုင်တယ်၊ ကျုပ်ရှိတဲ့နေရာမှာ ကျုပ်ယောကျ်ားရှိမယ်တဲ့၊ မနေနိုင်ရင် ရှင်ဆင်းခဲ့"

"တော်တော့ကွာ ... နားထောင်ရတာ ဒေါသထွက်လာပြီ"

"ဆင်းတယ် ဦးဇုန်ရဲ့၊ ပထမယောကျ်ားက နေစရာလဲမရှိတော့ ... သူတို့ဝိုင်းက ... လေးဆယ်ခြောက်ဆယ်မှာ အိမ်လေးက ဘေးကပ်ပြီး ခပ်သေးသေး ဆောက်ထားတော့ မြေပိုကျန်တယ်၊ အဲဒီမြေပိုလေးမှာ တဲထိုးပြီးဆင်းနေတယ်၊ မူလအိမ်ပေါ်မှကျန်ခဲ့တဲ့မိန်းမက စားစရာမရှိရင် တဲကလေးထဲလာပြီး ... ဆီဆန် ခပ်ယူသွားတာပဲတဲ့ ..."

"နောက်ယောကျ်ားက အလုပ်မရှိဘူး၊ ပထမယောကျ်ားလည်း ရှိစုမဲ့စုလေးနဲ့ မိန်းမရော၊ ယောကျ်ားရော၊ ကလေးတွေပါ ပေးကမ်းထောက်ပံ့နေလေရဲ့၊ မထူးဆန်းဘူးလား"

"နားရှိလို့သာ ကြားရတယ်၊ ယုံချင်စရာမရှိဘူး၊ ဒါပေမယ့် ... တစ်ခါတစ်ခါမှာ တကယ့်ဖြစ်ရပ်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက်ပိုပြီး ဆန်း



ကျယ်နေတတ်ပါတယ်၊ ဒါဟာ ... ဝဋ်တစ်မျိုးပေါ့၊ ဟုတ်တယ် ... ဝဋ်ပဲဖြစ်မယ်၊ မကဲ့ရဲ့ကောင်းဘူး"

"အဲဒီ ပထမယောကျ်ားနေရာမှာ ဦးဇုန်ဆိုရင် ဘယ်လိုလုပ်မလဲ"

"ပထမအကြိမ် ကိုယ်ဝန်ရှိလာကထဲက မြေတစ်ဝိုင်းလုံးပေးခဲ့ပြီး အိမ်ပေါ်က ဆင်းမှာပေါ့"

"ဟင် ... ဦးဇုန်က သည်းညည်းလဲမခံဘူး"

"ဒါ ... သည်းခံစရာကိစ္စလား"

"ချစ်ရင် သည်းခံရမှာပေါ့"

"ခု ... မင်းက ချစ်ပြီပြောမလို့လား"

"ဘာလို့ပြောရမှာလဲ"

သက်ပုံ မျက်စောင်းထိုးလိုက်သည်။ ပစ္စုန်က တဟားဟားရယ်၏။ သူ့ဘက်မှာ အခြေအနေတိုးတက်လာတာကို သိသည်။ ဒီကောင်မလေး ရင်ထဲမှာလည်း ချစ်နေမှာပါ။ မချစ်ရဲတာရယ်၊ ရှက်တာရယ်၊ ချက်ချင်းကြီးလက်ခံလိုက်ဖို့မကောင်းလို့ မိန်းကလေးပီပီ နည်းနည်းပါးပါးတော့လည်း မူချင်ဦးမှာပေါ့ ... ဟု တွေးမိသည်မို့ ရင်ထဲ တော်တော်ပေါ့ပါးလန်းဆန်းသွားရသည်။ ကြည်နူးပျော်ရွှင်စိတ်လည်းဖြစ်ထွန်းသည်။ ကိုယ်ဟာ မြတ်နိုးဖူးသောကောင်မလေးရဲ့အချစ်ကို ပိုင်ဆိုင်ဖို့ လက်တကမ်းအလိုမှာလေ။

"ဦးဇုန်"

www.burmeseclassic.com

www.burmeseclassic.com



"ပြော"

ပဇ္ဈုန် ဖြိုးနေလိုက်ပုံများ၊ နှုတ်ခမ်းက ကားပြန့်ကျယ်လွန်းလို့ ဒီနှုတ်ခမ်းကိုပဲကြည့်၍ လက်ညှိုးထိုးရယ်ဖွယ်ဖြစ်တော့သည်။

"ကျွန်တော်က ဦးဇုန်ကို စာချုပ်တစ်ခုပြမယ်"

"ဘာစာချုပ်လဲ"

"အလွှတ်၊ ပြောင်၊ ဘာမှရေးမထားရသေးဘူး၊ အဲဒီပေါ်မှာ ဦးဇုန် လက်မှတ်ထိုးမလား"

"ဘာအတွက်ထိုးရမှာလဲ"

"ဦးဇုန်က ကျွန်တော့်အတွက်ဆိုရင် စွန့်လွှတ်လှူနိုင်တယ်လို့ စောစောကပြောခဲ့ကြပါ်လေ"

"ပြောခဲ့သားပဲ"

"အဲဒါဆိုရင် စာချုပ်မှာ လက်မှတ်ထိုးပေါ့"

"တို့တစ်သက်မှာ ဘယ်တော့မှမလုပ်တဲ့အလုပ်ဟာ အဲဒါပဲ၊ စာချုပ်မပြောနဲ့ ရိုးရိုးစာရွက်ပြောင်ပေါ်မှာတောင် မထိုးဘူး၊ တို့က စီးပွားရေးသမားဆိုတော့ စာချုပ်လက်မှတ်ထိုးရတာတွေ ခဏခဏရှိတယ်၊ အဲဒါတွေ ... သေသေချာချာဖတ်တယ်၊ နားမလည်ရင် ပြန်မေးတယ်၊ ရှင်းရှင်းသဘောပေါက်ပြီး ကျေနပ်လက်ခံနိုင်မှ တို့ လက်မှတ်ထိုးတယ် ...

"ဒါဟာ လုပ်နည်းလုပ်ဟန် အမှန်လဲဖြစ်တယ်၊ ဒီလိုပဲလုပ်ရမယ်၊ သက်ပုံပြောသလို စာချုပ်ပြောင်ပေါ်မှာ လက်မှတ်ထိုးဖို့ဆိုရင် ဘယ်တော့မှ ... ဘယ်သူသွေးဆောင်လို့မှ မလုပ်မဲ့အလုပ်ပဲ၊ တို့ကိုပြန်ပေးဆွဲထားပြီး ညှင်းပန်းနှိပ်စက်ပြီး ဖွတ်ထိုးခိုင်းရင်တော့ တစ်မျိုးပေါ့ ...

"ဒါပေမယ့် ... တို့အခုထိုးပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြချင်လို့၊ တို့အတွက် ဘယ်အရာမှ မင်းလောက်အရေးမကြီးဘူး၊ ဘာတွေဘယ်လောက် ဆုံးရှုံးသွားပစေ၊ မင်းရဲ့အချစ်နဲ့ မလဲနိုင်ဘူး၊ မင်းတစ်ယောက်ထဲနဲ့ တစ်ကမ္ဘာလုံးနဲ့ယှဉ်ရင် တို့ မင်းကိုပဲရွေးတယ်၊ အဲဒီလောက်ထိချစ်တယ် သက်ပုံ၊ ဒါပေမယ့် ... စာချုပ်ပြောင်ပေါ်မှာ မင်း ဘာတွေရေးမယ်ဆိုတာ ပြောပြမလား"

"ဟင့်အင်း ... မပြောပြဘူး"

"ဘယ်မလဲစာချုပ် ... ပေး"

ကောင်မလေးရယ် ... မင်းဉာဏ်ကလေးတစ်ထွာတစ်မိုက်နဲ့ စိတ်လာစမ်းနေတာလား။ တို့ကို အချစ်ခမ်းတော့မယ် စိတ်ကူးရင်လည်း ဒီထက်လူကြီးဆန်ဆန်မင်းစီစဉ်ပါတော့လား။ ပဇ္ဈုန်မျက်နှာ ဖြိုးနေသည်။ သက်ပုံက ... ကလေးလိုလို အရူးလိုလိုလုပ်ပြီး အချစ်စမ်းချင်သေးသည်။ သူ မယုံကြည်ပုံလေးကိုက ချစ်စရာ။ ဘာလို့ လက်မှတ်မထိုးနိုင်စရာရှိလဲကွာ။ ရှိပစ္စည်းအားလုံး သက်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို လွှဲပါတယ်လို့ ရေးတော့ရော ... မပေးရက်စရာရှိလို့ လား။ နှမြောစရာမှမဟုတ်။ ကိုယ့်ပိုင်ဆိုင်မှုတွေဟာ မင်း လောက် တန်ဖိုးမရှိပါဘူး ကောင်မလေးရဲ့။

"ကျွန်တော်က စာချုပ်ထဲမှာ ... ဦးဇုန်ထံမှ ငွေ ဆယ်သိန်း အကြွေးရစရာရှိသည်လို့ ရေးချင်ရေးမှာ"

"ရေး"

"ဦးဇုန် လူသတ်ခဲ့ပါသည်လို့ ရေးချင်ရေးမှာ"

"ရေး"

"ဦးဇုန်မှာ တရားဝင် ဇနီးကြီးရှိပါသည်လို့ ရေးချင် ရေးမှာ"

"ရေး ... ရေးကွာ၊ ရေးချင်တာရေး၊ အဲဒါတွေထဲ က ကြိုက်တာရေး၊ လက်ထပ်ထိမ်းမြားပြီးစီးခြင်းလို့ ရေးချင်လည်းရေး၊ သတို့သားက ပဇွန်သက်တင် သတို့သမီးနှာမည်ကို သက်ပုံနှင်းလို့ရေး"

ပဇွန် ရယ်နေလိုက်သည်။ ကောင်မလေးကို အနားပြန်ခေါ်မိတာ မှန်လိုက်လေ၊ ချစ်စဖွယ်မလေးနော် တကယ့်ကို တွတ်တီးတွတ်တာနှင့် ချစ်စဖွယ်ဖြစ်နေရတော့ တာပဲ။

သက်ပုံက တစ်ဆယ်တန်စာချုပ်လေးကို ထုတ် လိုက်၏။ ပဇွန် ပြုံး၍ကြည့်နေသည်။ စာချုပ်စာရွက်ခေါင်း ထိပ်နားမှာ ခေါင်းစဉ်တစ်ခုရေးသည်။

"လက်ထပ်ထိမ်းမြားပြီးစီးခြင်း"



ပဇွန် အော်ရယ်လိုက်၏။

"စာချုပ်လေးက နုပ်မနေဘူးလား"

ဒီချစ်စဖွယ်မလေး။ ကိုယ့်ကို မယုံကြည်ရှာ ဘူးကိုး။ ကိုယ်ဟာ ချစ်ရုံချစ်တတ်ပြီး လက်မထပ်ပဲ ရှောင် လွှဲသွားမှာကို စိုးကြောက်နေသည်ထင်ပါရဲ့။ ဒီလိုထင်တာ ကိုက ရိုက်ပစ်ချင်စရာ မုန်းချင်ဖွယ်။ တစ်နည်းအားဖြင့် တော့လည်း သူ့သိမ်ငယ်စိတ်လေးကြောင့် ချီတဲတုပ်နှောင် ပုံလေးက ကရုဏာသက်ဖွယ်။ သူမကလေး ... တကယ် ပဲ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခိုင်းပြီးမှ အချစ်ကို လက်ခံတော့မှာထင်ပါရဲ့။

"အစိန်ကြီးမှမဟုတ်တာ"

"ဘာလဲ အစိန်ကြီး"

"အစိန်ဆိုတာ ကကယ်တမ်း ... အစစ်ကြီး"

"အော် ... ဟား ဟား"

ပဇွန် တော်တော့ကိုပျော်သွားရသည်။ ထိုင် နေရာမှ ထ,လာခဲ့၏။ သက်ပုံ စားပွဲဘေးမှာ လာရပ်သည်။

"မော့ပါအုံး"

မေးစေ့ကို လက်ညှိုးတစ်ချောင်းနှင့် ဆွဲပင့်ကာ မျက်ဝန်းချင်းဆုံခိုင်းတော့ သက်ပုံ မျက်လွှာနှစ်ခုကို ပိတ် ချလိုက်သည်။

"ဟ ... ဘာလို့ငိုတာလဲကွာ"

ပါးပြင်ပေါ်သို့ မျက်ရည်ချောင်းနှစ်ခု ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ကျ၏။ ပဇ္ဇုန် ဘာလုပ်ရမှန်းမသိ ကြောင်သွားပြီးမှ သ
ပြင်းချနိုင်၏။ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါထုတ်က
မျက်ရည်ကြောင်းကို သုတ်ပေးလိုက်သည်။

"မိန်းမတွေများ ဘာလုပ်လုပ် ... မျက်ရည်က
အရင်ကျတယ်၊ တိတ်ကွာ ... ပိုင်ပိုင်ချော့ခွင့်လ
မရသေးတော့ ... ဒီကောင်က ဘာရိုတ်အုပ်ထား
တယ်"

သက်ပုံ ဆံပင်တွေထဲ လက်ငါးချောင်းထိုးသွင်း
၍ ဆွဲဖွပေးလိုက်၏။ သက်ပုံက မျက်ရည်စက်လက်နှင့်
မျက်စောင်းထိုးသည်။

"ရေးလေ ... သတို့သားနဲ့ သတို့သမီးနာမည်"

"နောက်မှရေးမယ်၊ ဒါမှ ကျွန်တော်ရေးချင်သလိုရေး
လို့ရမှာ"

"ကြိုက်သလိုရေး၊ ပြီးရင် ကိုယ့်ကိုပြမှာလား"

"ပြမှာ"

"အဲဒီအခါကျရင် ဒီစာချုပ်ကိုင်ပြီး မဏ္ဍပ်တိုင်တက်
ပြလိုက်ရလိမ့်မယ်၊ ညွှန်ခံဖို့ကို နောက်မှစီစဉ်၊ စာ
ချုပ်ကိုင်ပြီး တစ်ခါထဲခိုးမှာ"

"ရှိုးပေါ့"

"အေးပါ ... တကယ်မလုပ်ဘူးထင်ပြီး၊ ပြောထား၊
သိမယ်"

"သတို့သမီးနာမည်ကို ဖာတာမာဘီဘီလို့ ရေးလိုက်



ရင်ရော"

"ကြိုက်တာရေး ... ဒီနှစ် မယ်စကြဝဠာရသွားတာ
ဘယ်နိုင်ငံကလဲ၊ သူ့နာမည်ရေးပေးပါလား၊ နှစ်ကျပ်
ပေးမယ်"

ပဇ္ဇုန်က သက်ပုံစားပွဲဘေးမှာရပ်နေတော့ အ
ဆါစီးမှုရကာ အခွင့်သာတိုင်း သက်ပုံ ဆံပင်တွေကိုချည်း
နှိပ်စက်တော့သည်။ သက်ပုံ အံကလေးကြိတ်၍ သည်းခံ
ရှာသည်။ ပျော့ပျောင်းအိစက်သော ဆံရှည်ဖားလျားတို့က မွ
တုန်လည်း ပုံပျက်သည်မှ မရှိနိုင်တာ၊ သူ ထင်တိုင်းကျဲ
ပါစေတော့လေ။

"လက်မှတ်ထိုးလေ"

"ဘယ်နားလဲ"

"ဒီနား"

"ထိုးပြီကွာ ... ဟင်း... ...က်ထပ်ထိမ်းမြားပြီး
စီးခြင်းကွ၊ သတို့သားတော့ လက်မှတ်ထိုးပြီနော်၊
သတ္တိရှိတဲ့သတို့သမီး လက်မှတ်ထိုးပေတော့၊ တစ်ချီ
ထဲထမ်းပြီး မေမေ့ဆီခေါ်သွားမယ်၊ မေမေရေ ...
ချွေးမခေါ်လာပြီလို့ အော်မယ်"

ပဇ္ဇုန် တကယ်ပဲ လက်မှတ်ထိုးသည်။ လက်
မှတ်အောက်မှာ ပဇ္ဇုန်သက်တင်ဆိုသောနာမည် အပြည့်အစုံ
ကိုရေးသည်။ နိုင်ငံသားလက်မှတ်နံပတ်ကိုရေးသည်။

"အိုကေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



သက်ပုံ ခေါင်းညိတ်ပြလိုက်သည်။ ပန္နန်
အရမ်းပျော်နေ၏။ ချစ်ရမှာကြောက်လို့ အပျော်ချစ်နှင့်
ပစ်ခံခဲ့ရမှာကြောက်လို့ စီစဉ်ပုံလေး ... ကလေးကလ
နိုင်နေတာကိုပဲ တစ်ရစ်တိုး၍ ချစ်ရပြန်၏။ ဒီလို တချ
ပေါက်စလေးလုပ်မိမှတော့ လက်ထပ်ဖို့ကိစ္စကို ကြာကြ
မဆိုင်းတော့မှဖြစ်မည်။ ကိုယ်ကလဲ မြန်ချင်သူပါ။ နီးချင်
လှပြီ။ ဘယ်လိုခွဲနိုင်တော့မှာလဲ ချစ်စဖွယ်လေးရယ်။

"ချစ်လား"

ကိုယ်ကို ကိုင်းငုံ့ကာ ခေါင်းချင်းတိုက်၍
လိုက်၏။ သူ့ခေါင်းက ငုံ့ထားတာမို့ သူ့မျက်နှာကိုမမြင်
ပေမယ့် သူ့ခေါင်းလေးတစ်ချက် နိမ့်ကျသွားခြင်းဟာ ခေါင်း
ညိတ်တာပဲမဟုတ်လား။ မညိတ်မှာစိုးလို့တောင် ကိုယ့်
စေ့က သူမ ဦးခေါင်းခွံကို ဖိချပေးလိုက်သည်။ ဒါဟာ
အဖြေပဲမဟုတ်လား။

"မင်္ဂလာနေ့ဆိုတာ အကျွေးအမွေးလေးနဲ့ စိုပြည်မှာ
ပေါ့၊ အပြင်ထွက်ပြီး တစ်ခုခုစားရအောင်"

"အလုပ်တွေ ... "

"တစ်နေ့တလေပဲ"

"တစ်နေ့တလေတွေကလဲ များနေပြီ"

ပန္နန်က စားပွဲပေါ်မှာရှိနေသော သက်ပုံရဲ့
စလင်းဘက်လေးကို ကောက်ယူပေးလိုက်၏။ သက်ပုံက
မှန်မကြည့်ပဲ ခေါင်းဖြီးသည်။ အချိုးကျလို့ပါပဲ။ ခေါင်းဖြီး



ပြီးမှ စလင်းဘက်ကိုယူ၏။ သက်ပုံလုပ်သမျှ ပန္နန်က ချို
လွန်းသောအပြုံး၊ ပါးစပ်ပြကြီးဖြင့် ငေးကြည့်နေ၏။

"လက်ဖျားလေးကိုဆွဲပြီး ချိုင်းကြားညှပ်သွားရင်
ကောင်းမလား"

"ဘာလို့ကောင်းရမှာလဲ"

"လက်ထပ်ပြီးစီးခြင်း ... ဆို"

"ဘယ်မှာပြီးစီးသေးလို့လဲ"

မျက်စောင်းအကြိမ်ကြိမ်က အချစ်မြားအစင်း
စင်းအဖြစ်သို့ ပြောင်းလဲ၍ ပန္နန်နှလုံးသားသို့ချည်း စူးစိုက်
၏။

လက်ဖျားကို ဆွဲဖြစ်အောင် လာဆွဲသည်မို့
ဆောင့်ရုန်းဖြစ်အောင် ရုန်းလိုက်ရပါသေးသည်။ ပန္နန်၏
ရယ်သံကြီးက အကျယ်ကြီးထွက်လာသည်။ ပန္နန်သက်တင်
ပျော်နေလိုက်ပုံများလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ချစ်သူရည်းစားတို့ထံမှာ အချစ်သည်သာ မင်းမှု၏။

နှစ်ယောက်ထဲနေချင်သည်။ နှစ်ယောက်ထဲစားချင်သည်။ နှစ်ယောက်ထဲ သွားလာလည်ပတ်ချင်သည်။ လောကကြီးသည် သာယာမှုတွေဖုံးလျက် ... အရာခပ်သိမ်းချိုမြိန်လှ၏။ ပန်းကလေးများ အားလုံးပိုလှ၍ ပိုမွှေးကုန်သည်။ ငှက်မြည်သံလေးများနှင့် စမ်းရေစီးသံလေးများ ပိုချိုကုန်သည်။ စားကောင်းသောက်ဖွယ်တွေ ပို၍ အရသာရှိလာသည်။ မျက်စိရှေ့ မြင်မြင်ကရာလူသားအားလုံးတောင် ရုပ်ရည်တွေ ချောမောလှပကုန်ကြ၏။ အဲသည်ခံစားမှုမျိုးဖြစ်ထွန်းခြင်းဟာ အချစ်စစ်တည်း။

အချစ်ရှိသူတိုင်းသည် ကိုယ့်ဂုဏ်သိက္ခာနှင့်





အသက်အရွယ်ပိုင်းကိုလည်း ယာယီမေ့လျော့သည်။ ဆယ်ကျော်သက်ကျောင်းသား ချစ်သူစုံတွဲကလေးတွေသာ လက်ချင်းချိတ်၍ လျှောက်လည်ချင်တာမဟုတ်ပါ။ ဘွဲ့ရပြီး အလုပ်ထဲအကိုင်ထဲ ရောက်နေသည့် လူကြီးသူမတွေလည်း ချစ်သူနှင့် လက်ချင်းတွဲ၍ နေပူထဲ လမ်းလျှောက်ချင်သည်ပင်။ "ပန္နက်" ဆေးတိုက်ကြီးတစ်ခုလုံးကို ဦးစီးလုပ်ကိုင်နေသော လူကြီးမင်း သူဌေးဦးပန္နက်သက်တင်သည်လည်းပဲ တိရိစ္ဆာန်ရုံထဲမှာ နေပူထဲမှာ ချစ်သူလက်ကိုဆွဲ၍ လမ်းလျှောက်နေ၏။ ကိုယ့်ချစ်သူကို ကိုယ်ချစ်လွန်းစိတ်ကြောင့် သေတောင်သေသွားနိုင်သည်ထိ ခံစားရလည်း ယောကျ်ားတို့ထုံးစံမှာ အလိုက်သိ အောက်သေကြေပေးဖို့ကျတော့ မေ့လျော့၏။

သက်ပုံ ... မီအောင်လှမ်းနိုင်ပါ့မလား တွေးပေးဖို့ မေ့လျော့စွာ ... သက်ပုံလက်ကိုတော့ မလွှတ်တမ်းမြဲမြဲဆုပ်လျက် ... စိတ်ပျော်တိုင်း အားကုန်လှမ်းနေသောခြေလှမ်းကျဲကြီးတွေကို လျှော့ပေးဖို့ သတိတရမရှိချေ။ သက်ပုံမှာ အပြေးတစ်ပိုင်းနှင့် လိုက်ရရှာသည်။ ဒီလို အမောတကောဖြစ်နေရတာ သက်ပုံကလည်း ပျော်ပါသည်။ ချစ်သူဆွဲခေါ်ရာနောက်သို့ ဒရွတ်ဆွဲ၍ ပါရသလိုဖြစ်ရတာသည်ပင် အတိုင်းမသိ ပျော်စရာကောင်းတော့၏။

"မောပြီ ဦးဇုန်ရယ်၊ အနောက်က ကျားလိုက်လို့ ဒီလောက်ပြေးနေတာလား"

ဟောဟဲသံလေးနှင့်ပြောရင်း တခိခိရယ်မိတာ

www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း အချစ်ဇောပါပေ။

"ဒါဖြင့် ... အနေးလျှောက်"

ဖြေးမယ့်ဖြေးတော့လည်း မရွေ့တော့။ သူ့အရပ်ခြောက်ပေကြီးက ငါးပေသုံးလက်မလေးကို ငုံ့ငုံ့ကြည့်ရ၏။ ဒါတောင် သက်ပုံက သုံးလက်မအမြင့် ဒေါက်ဖိနပ်ကိုစီးထားသေးလို့ ငါးပေခြောက်လက်မဖြစ်သွားပြီး အနိမ့်အမြင့်အကွာက ခြောက်လက်မလောက်ပဲ ကျန်တော့လို့သာ။

"ဟော ... မရွေ့တော့ဘူး"

"ဖြေးဖြေးဆို"

ပဖျှန် ရယ်လိုက်သည်။

"အူကလည်း မြူးလိုက်တာ"

"အူတင်ဘယ်ကမလဲ၊ အစာအိမ်ကလဲ မြူးနေတယ်"

"ပေါက်တတ်ကရ ... အစာအိမ်မြူးစရာလား"

"ဗိုက်ဆာပြီ"

"ကျွန်တော်နဲ့ သွားနေရတာတောင် ဒီဗိုက်က ဆာတာပဲလား"

"အချစ်ကအချစ်၊ ဗိုက်ကဗိုက်၊ ဆာတယ်ကွ"

"အချစ်တွေနဲ့ပြည့်နေလို့ ဗိုက်တောင်မဆာဘူးဆိုတဲ့ အဆင့်ကို မရောက်နိုင်ဘူးလား"

"အဲဒါ ပေါတောတောစကား"

"မုန်းစရာကောင်းလိုက်တာ"

"နေနိုင်ပါတယ်ကွ၊ ကိုယ်ဆာတာမဟုတ်ပါဘူး၊ သက်



ပုံကို ဝယ်ကျွေးချင်လို့"

"ဆိုင်မှမရှိပဲ"

"ဟိုမှာလေ ဆင်ကြီးတွေ စားဖို့ရောင်းတဲ့ ကြံချောင်းတွေစားမလား၊ ကျန်ကျောင်းပဲရှိတယ်၊ ဝမ်ချောင်မာပဲနဲ့၊ ကျန်းလုံကျောက်ဟူတွေ မရနိုင်ဘူး"

"ဘာတွေပြောနေတာလဲ၊ ကိုယ့်အရွယ်လဲ သတိရဦး သူဌေးမင်းရဲ့"

"လောလောဆယ်မှာ ကိုယ့်ကိုကိုယ် ဆယ့်ငါးနှစ်သားလောက်ထင်နေတယ်၊ အချစ်ဟာ လူကိုပေါစေ၏တဲ့"

သက်ပုံ ရယ်ရပြန်ပါသည်။

"ပျော်တယ်နော်" ... ခေါင်းငုံ့ပြီး ထောက်ခံချက်တောင်းနေပြန်သည်မို့ သက်ပုံ ခေါင်းညိတ်ပြရသည်။

"ကလေးမဟုတ် သူငယ်မဟုတ် ... တိရိစ္ဆာန်ရုံ လာရတယ်လို့ ဦးဇုန်ရယ်"

"သွားစရာနေရာတွေ အကုန်လျှောက်သွားချင်တယ်၊ ကလေးမှ တိရိစ္ဆာန်ရုံလာရတာမဟုတ်ပါဘူးကွာ၊ လာတဲ့အထဲမှာ ကလေးက နည်းပါတယ်၊ လူကြီးတွေပဲများနေတာ"

"ဟုတ်ပါရဲ့နော်"

"အပျော်ကြီး ကမ်းကုန်ဆိုတာ ဒါပဲနော်၊ သက်ပုံမ"

"ပြောတတ်လိုက်တာ၊ အီကိုနဲ့ကျွေးငင်းပြီးလို့ပဲ၊ မြန်

www.burmeseclassic.com

www.burmeseclassic.com



မာစာနဲ့မျှားပြီးရင် ဘယ်လိုနေမယ်မသိဘူး"

"သူ့ဘာသာ စကားတတ်သွားတာကွ၊ အချစ်ဟာ တော်တော်ဆန်းကြယ်တယ်နော်၊ ရင်ထဲကို အချစ် ရောက်လာတာနဲ့ လူဟာ ပေါတောတောလဲဖြစ်သွား တယ်၊ မတတ်သေးတာတွေလဲ တတ်လာတယ်၊ ပြီး တော့ ... ကိုယ့်ချစ်သူအတွက်ဆိုပြီး ကြိုးစားချင် စိတ်၊ ဇွဲမာန်တွေလည်း တိုးတက်လာတယ်၊ အချစ် ဆိုတာ တော်တောင်ကောင်းတဲ့အရာကွ၊ အသုံးဝင် တယ်၊ လူတိုင်းမှာ အချစ်ရှိနေမှ တိုးတက်မှာ"

"ဘာတွေလျှောက်ပြောနေတာလဲ၊ သူများကြားရင် ရယ်စရာကြီး"

"အချစ်နဲ့ရှုးသွပ်ကြတယ်ဆိုတာကို ယုံသွားပြီ"

"အဲဒီလို ရူးသွပ်ဖို့အတွက် အသက်အပိုင်းအခြားလဲ သလား ဦးဇုန်၊ ဥပမာ ... ဆယ့်ငါးနှစ်၊ နှစ်ဆယ် ငါးနှစ်တွေ အချစ်မှာ ရူးသွပ်ခွင့်ရှိတယ်၊ သုံးဆယ် ငါးဆိုရင် ဆင်ခြင်စိတ်တစ်ပိုင်းနဲ့ တစ်ဝက်တစ်ပြက် ပဲ ရူးသွပ်တော့ ... လေးဆယ့်ငါးဆိုရင် အချစ် ရဲ့ရူးသွပ်ခြင်းနဲ့ လုံးဝမဆိုင်တော့ဘူး၊ အဲဒီလို သတ် မှတ်ချက်ရှိမလား"

"မရှိနိုင်ဘူးထင်တယ်၊ ကိုယ်တော့ အခုလဲရူးသွပ် နေတယ်၊ ရှစ်ဆယ်ကျော်ထိလဲ မင်းအပေါ် ရူးသွပ် နေမှာပဲ ... ဟဲ ဟဲ"



ပြောပြီး ရှက်ကိုးရှက်ကန်း ထ,ရယ်နေပြန် ၏။

"ဒါဆိုလဲ ကိုယ်ချင်းစာကြည့်ပေါ့ ဦးဇုန်ရယ်"

"ဘာကိုစာရမှာလဲ"

"ဦးဇုန်မေမေ"

"ဟာ ... မျက်နှာဘူစရာကိစ္စကြီးက ပါလာပြန်ပြီ ကွာ၊ ဒါကို မပြောပဲမနေနိုင်ဘူးလား"

"ကျွန်တော်က ကိုယ် တော်စပ်ရမယ့်ယောက်ျားမလောင်း ကိုချစ်လို့ပါ၊ မမြင်ဖူးသေးပဲနဲ့ ရှေ့နေလိုက်ပေးနေ တာ"

"မေမေ့ဘက်ခြမ်းကို တွေးပေး နားလည်ပေးနိုင်တယ် ပဲထား၊ ဟိုဘက်ခြမ်းကိုတော့ နားလည်မပေးနိုင်ဘူး သက်ပုံရဲ့၊ သူ့နေရာမှာ ကိုယ်ဆိုရင် လက်ထပ်ခွင့် မတောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ်က ယောကျ်ား၊ ပိုက်ဆံပေါပေါသုံးလိုမှုတစ် ခုအတွက်နဲ့ အချစ်ကို အလွဲသုံးစားမလုပ်ဘူး"

"ဘာကယ်ချစ်နေတယ်ရယ်လို့ရော ဦးဇုန် တွေးမပေး နိုင်ဘူးလား"

"ချစ်နေရင်လဲ ရှောင်ရမှာပဲ၊ ယောကျ်ားမာနထားရ မယ်၊ မေမေက ဆင်းရဲနေလို့ စောင့်ရှောက်ရှာဖွေ ကျွေးမွေးမှာမျိုးဆိုရင် တစ်မျိုးပေါ့၊ မေမေ့ကို လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်လိုက်ခြင်းအားဖြင့် မေမေ့ကို ဖေးမစောင့်ရှောက်ရာမရောက်ပါဘူး၊ မေမေ့ကိုပဲ မှီခိုလိုက်ရမှာ ...

"မိန်းမက မှီခိုတာ သဘာဝကျတယ်၊ လူကြားလို့လဲကောင်းတယ်၊ ယောကျ်ားက မှီခိုတာကျတော့ သဘာဝမကျဘူး၊ လူကြားလို့လဲမကောင်းဘူး၊ မှီခိုသူယောကျ်ားလဲ ရှက်ရတယ်၊ အမှီခိုခံမိန်းမသားလဲ ရှက်ရတယ်"

"မဟုတ်သေးပါဘူး ဦးဇုန်ရယ်"

"ကိုယ့်မှာတော့ ယောကျ်ားမာနအပြည့်ရှိတယ်၊ ပိုက်ဆံလိုချင်ရင် မားပြထွက်တိုက်ပစ်လိုက်ချင်သေးတယ်၊ မိန်းမတစ်ယောက်နဲ့ လက်ထပ်ဖို့မကြိုးစားဘူး"

"ဟင် ... ဦးဇုန် ဒေါသတွေထွက်လာပြီ"

"ကိုယ်တို့ရဲ့ အရမ်းပျော်နေတဲ့ ကာလလေးကို မဖျက်ဆီးနဲ့ ချစ်စဖွယ်မရယ်၊ ဒီအချိန်မှာ ဒေါသမထွက်ချင်ဘူး"

ပဖွန့်လေသံကို ချက်ချင်း လျှော့ရှာပါသည်။ သို့ပေမယ့် နာကျင်ရသူက သက်ပုံပါ။ ဦးဇုန်ရဲ့အတွေးအခေါ်တွေ ကာ တစ်ဖက်စောင်းနင်းကို ဖြစ်နေတော့တာပါပဲရှော။

"သတ့်ပုံကိုတင်ပြီး ဟိုင်းဝေးကားမောင်းချင်တယ်"

"ဘယ်ထိလဲ"

"မိုးကုပ်စက်ဝိုင်းထိလို့ပြောရင် ကဗျာဆန်ရာရောက်မလား"



"မရောက်ပါဘူး၊ ကဗျာမှမဆန်ပဲ၊ ဦးဇုန်အဘိုးကြီးဖြစ်တာကိုပဲ ထင်ရှားစေမှာ၊ ခုခေတ် လူငယ်လူရွယ်တွေ ဦးဇုန်လို ဘယ်သူမှမချွဲဘူး"

"ဟုတ်လို့လား"

"တချို့စုံတွဲတွေဆို အတန်းတူ၊ အသက်တူ၊ နင် .. ငါနဲ့တောင်ပြောတယ်၊ သူငယ်ချင်းလိုပဲ၊ ရိုသေလေးစားမှုလဲနည်းတယ်၊ မေမေတို့ခေတ်တုန်းကဆိုရင် ... ဖေဖေ့နားမှာရှိနေတဲ့ ပစ္စည်းတစ်ခုကို ...

"အဲဒါလေး ... ကမ်းလိုက်စမ်းပါတောင် ပြောတာမဟုတ်ဘူး၊ ကိုယ့်ဘာသာ ထ,ယူတယ်၊ ယောကျ်ားကို မခိုင်းရဘူး၊ ငရဲကြီးတယ်၊ မိန်းမကချည်း ဝေယျာဝစ္စမှန်သမျှလုပ်ရတယ်၊ ယောကျ်ားက ခိုင်းသမျှလုပ်ပေးရတယ် ...

"ခုခေတ်တော့ ... ဒါမျိုးလဲမရှိတော့ပါဘူး"

"တို့ကျရင် ခိုင်းသာခိုင်းပါ၊ လုပ်ပေးချင်တယ်"

"အခုပြောတဲ့စကားပါ"

"လက်တွေ့ခိုင်းကြည့်လေ၊ ခိုင်းလေ ... ခိုင်း"

"ဟင် ... ဘာခိုင်းရမလဲ စဉ်းစားလို့မရသေးပါဘူး"

"ချစ်စဖွယ်မ ... တို့တွေ လက်ထပ်ရင် ... သတို့ပုံဘက်က အသိပေးဖို့ လူကြီးသူမ ဘယ်သူရှိလဲ"

"သွေးခပ်ဝေးဝေး သုံးလေးဝမ်းကွဲတဲ့ အဒေါ်တွေ ဦးလေးတွေပဲရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးပလား"

"မပြောရသေးဘူး"

"ကိုယ်လဲ မမေ့ကိုပြောထော့မလို့ဟာ သက်ပုံက မပြောနဲ့ဦးဆိုလို့၊ သက်ပုံ ဘာလို့တားမှန်း နား လည်ဘူးကွာ"

"အော် ... ဦးဇုန်မမေရဲ့ အိမ်ထောင်ရေးကိစ္စ သားအမိပြဿနာတက်ပြီး မပြေမလည်ဖြစ်နေတုန်း ဦးဇုန်က မိန်းမယူမယ်ထ,ပြောရင် ဘယ်ကောင်း လဲ"

"ဘာလို့မကောင်းရမှာလဲ"

"သားအမိ အပြိုင်လိုဖြစ်မှာပေါ့"

"မမေ့ကို ကိုယ်က ခွင့်မပြုပါဘူး"

"ဦးဇုန် ဘယ်တရားမလဲ"

"တစ်မျိုးစီပဲကွ"

"အဲဒါကြောင့် မပြောပါနဲ့ဦးတားတာ"

"ဒါဆို ... မမေ့ကိစ္စ အကောင်အထည်ဖော်ပြီး လား၊ အဲဒါဆို လုံးဝမဖြစ်နိုင်ဘူး၊ ကိုယ်က မမေ့ ကို လုံးဝခွင့်ပြုမှာမဟုတ်တာ"

"သွေးအေးအောင်စောင့်ပါဦးလို့ပြောတာပါ"

"ကြာတယ်ကွာ၊ လက်ထပ်ချင်ပြီ၊ နီးချင်ပြီ၊ ခု ... အရမ်းဝေးတာပဲ"

သက်ပုံ ယဲ့ယဲ့လေးရယ်၏။



"ဟော့ကောင် ... ပျော်လား"

သက်ပုံ ဟက်ဟက်ပက်ပက်ကလေးရယ်သည်။ ပဇွန်လည်း လိုက်အော်ရယ်၏။ ချစ်သူကို ခေါ်ပုံက ... "ဟော့ကောင်" တဲ့လေ။

"ဟော့ကောင် ... ဝိတိုရိယအငူထိ ကားမောင်းချ သွားမယ်လိုက်မလား"

"ဘယ့်နှယ် လူကို ... ဟော့ကောင် ... ဟော့ကောင် နဲ့ ... မိန်းကလေးရှင့်"

"အဲဒီမိန်းကလေးက ကျွန်တော် ... ကျွန်တော်နဲ့ ပြောတာကို၊ ဟော့ကောင်ပေါ့၊ ချစ်စဖွယ်မ၊ သက်ပုံမ"

သူချစ်တိုင်း နာမည်မျိုးစုံတပ်၍ ခေါ်နေတော့ တာပါပဲ။ အချစ်ဆိုတာ ကြည်နူးချိန်ကာလမှာတော့ အနိုင်း မဲ့ပျော်ရတာဖြစ်၏။ ကြေကွဲကြစို့ဆိုသည့်အခါကျတော့လည်း နာကျင်နာကြည်းမဆုံး ရှိတော့မည်။

❀❀❀

မော်ဘီမှ ခြံကလေးကို ငွေချေသောနေ့ဖြစ်၏။

ပဇွန်နှင့်သက်ပုံတို့ နှစ်ယောက်ထဲလာခဲ့ကြ သည်။ တစ်ဖက်မှ ဦးကွန်းက ငွေလက်ခံရရှိကြောင်း လက် မှတ်ထိုးပေးသည်။ စာရွက်စာတမ်း စာချုပ်တွေကို ရှေ့နေ က ကြည့်ရှုစစ်ဆေးပြီး အဆင်သင့်လုပ်ပေးပြီးဖြစ်၏။ ရှေ့

www.burmeseclassic.com

www.burmeseclassic.com



နေက အဲသည်နေမှာ မအားသည်မို့ ... လိုက်မလာနိုင်ပြီ
ပါ။ တရားဝင်ခိုင်လုံပြီးသည့်နောက် ... ပဒ္ဓုန်တို့ကလည်း
လှုပ်ပါလာတာ မကြိုက်ပါ။ ဒီခြံကလေးမှာ ကိုယ့်ဘာသာ
နှစ်ယောက်ထဲ အေးဆေးနားနေ စားသောက်ချင်သေးသည်။
စားစရာသောက်စရာတွေလည်း ကားပေါ်တင်လာခဲ့သည်။
နှစ်ယောက်တည်း ပျော်ပွဲစားပေါက်စလေးကို ခြံထဲမှာ
ကောက်ရိုးဖျာကလေးခင်း၍ ကျင်းပဖြစ်လေ၏။

"ကိုယ်တို့ လက်ထပ်ပြီးရင် ခြံကလေးကို တစ်ပတ်
တစ်ခါလာမယ်နော်၊ အရမ်းပျော်စရာကောင်းတာပဲ"

သက်ပုံက ခေါင်းညိတ်သည်။ စားသောက်
ပြီးစီးသမျှတွေကို ကောက်သိမ်းပြီး ကားပေါ်သွားတင်၏။

"မပြန်သေးပါဘူး၊ ဘာလို့ပစ္စည်းသိမ်းနေတာလဲ"

"အော် ... ပြန်ချင်တော့ အဆင်သင့်ဖြစ်တာပေါ့၊
ပြန်မယ်ဆိုမှ ကောက်သိမ်းနေရတာ ခရီးဖင့်တယ်၊
ပြန်တော့ ဖျာလေးတစ်ချပ်ခေါက်ရုံကျန်တော့ ကောင်း
တာပေါ့"

"ဒီကောင်မလေးက မိန်းကလေးပီသတယ်၊ အိမ်ရှင်
မကောင်းတစ်ယောက်ဖြစ်နိုင်တယ်"

သက်ပုံက ပြုံးပြုံးလေး နေနေ၏။ သိမ်းစရာ
တွေအားလုံးကုန်သွားမှ ဖျာကလေးအစပ်မှာ လာထိုင်၏။
ပဒ္ဓုန်က ဖျာရဲ့ ဟိုဘက်အစပ်မှာထိုင်ပြီး ငေးကြည့်နေ၏။

"အဲဒီလို မနီးမဝေး မလှမ်းမကမ်းကနေ ကြည့်နေ



ရတာ သိပ်ကောင်းတာပဲ၊ တစ်ခါတလေ ကိုယ်
ကြည့်နေတာမသိဘဲ သက်ပုံ ကိုယ့်ဘာသာလုပ်ချင်တာ
လေးတွေ လုပ်နေတုန်း ခိုးကြည့်နေရတာလည်း ကြည့်
လို့ကောင်းတယ်"

"ဦးဇုန်"

"ဗျ"

ပြုံး၍ထူးသော ပဒ္ဓုန်ရှေ့သို့ သက်ပုံက စာ
အိတ်တစ်အိတ်ချပေးလိုက်သည်။

"ဘာတုံး"

"ဦးဇုန်ကို ပေးတာပါ၊ ဖွင့်ကြည့်လေ"

"ပဟေဠိတွေ လုပ်နေပြန်ပြီ"

ပဒ္ဓုန် လှမ်းကြည့်လိုက်တော့ စာအိတ်ပေါ်မှာ
"မြစိမ်းရည်ကုမ္ပဏီ" ဆိုသော စာတန်းကိုတွေ့၏။

"အဲဒါ ... ဘာလဲ"

မေမေက ငွေပေးငွေယူ၊ စာရွက်စာတမ်းဘာညာ
ထည့်ဖို့ ရုံးစာအိတ်ရှည်ကြီးများကို ကုမ္ပဏီတံဆိပ်ရိုက်၍
အပြာဖြူရောထူနှင့် စပယ်ရှယ်လုပ်ထားပါသည်။ မေမေ့
အိတ်တစ်ခုဟာ သက်ပုံဆီ ဘယ်လိုရောက်နေသလဲ။ ပဒ္ဓုန်
အိတ်ကို ထိပ်မှဖွင့်၍ အထဲမှ စာရွက်ကိုဆွဲထုတ်ကြည့်လိုက်
သည်။ ချက်လက်မှတ်တစ်စောင် ...

"သိန်းသုံးဆယ်" ... တဲ့။

သိန်းသုံးဆယ်ဆိုသောပမာဏကို ဂဏန်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရေးထားသည်။ စာဖြင့်လည်း ရေးထားသည်။ မေမေ ကိုယ်တိုင် လက်မှတ်ထိုးပေးထား၍ လာရောက်ထုတ်ယူထား သုံးစွဲနိုင်သော ချက်လက်မှတ်တစ်စောင်။ မေမေက ဘယ်သူ ကို ဘာအကြောင်းကြောင့် ... ဒါမှမဟုတ် ... သက်ပုံ ကို ဘာအကြောင်းကြောင့် သိန်းသုံးဆယ်ပေးတာလဲ ... သက်ပုံ ... ပစ္စုန်နှင့်လက်မထပ်ပဲ ရှောင်ပေးဖို့ခဲ့သော ငွေ တွေလား၊ သိန်းသုံးဆယ်ဆိုသော ငွေပမာဏဟာ သက်ပုံ နှင့်ပစ္စုန် ချစ်သူနှစ်ဦးကို ကွဲကွာစေဖို့ လုံလောက်သော ငွေပမာဏတဲ့လား။ ဒီသိန်းသုံးဆယ်ကိုယူပြီး ချစ်သူကို စွန့်လွှတ်ရမှာတဲ့လား။

"မေမေက သက်ပုံကို ပေးတာလား"

"ဟုတ်ပါတယ်"

"ဘာအတွက်လဲ၊ အပေးအယူလား၊ ကိုယ်ကမပြော ရခင် မေမေသိသွားပြီထင်တယ်၊ မေမေ ဒီလိုလုပ် ဖို့မကောင်းဘူးကွာ၊ ကိုယ်တို့နှစ်ယောက်က ဒီသိန်း သုံးဆယ်နဲ့ ကွဲရမယ်တဲ့လား၊ ကိုယ်တို့အချစ်က သိန်း သုံးဆယ်တန်အချစ်လား"

ပစ္စုန်မျက်နှာကြီး နီရဲကာ ဒေါကြီးမောကြီး ဖြစ်တော့သည်။

"မဟုတ်ဘူး ဦးဇုန် ... မှားနေပြီ"

"ဒါဖြင့်ဘာလဲ ... ရှင်းရှင်းပြောကွာ၊ အသည်း ယားလာပြီ"



"ဦးဇုန်က ချမ်းသာတဲ့သူကိုချစ်ရင် ငွေမက်လို့ ငွေ ချူချင်လို့ချစ်တာလို့ ထင်တယ်မဟုတ်လား"

"အဲဒီတော့ သက်ပုံ ... မေမေ့ကိုဘာသွားပြောလဲ"

"ဖြတ်ဖြတ်မေးမနေပါနဲ့၊ ကျွန်မ မပြောတတ်တော့ ဘူး၊ သိချင်ရင် အစအဆုံးနားထောင်ပါ"

"ဘာ"

ကျွန်မဆိုသော အသုံးအနှုန်းကို သတိထား လိုက်မိသည်။

"ပိုက်ဆံလိုချင်ရင် ဦးပစ္စုန်သက်တင်ရဲ့အမေဆီကရ အောင် ယူနိုင်တဲ့နည်းရှိပါတယ်၊ လူတစ်ယောက်လုံး ကို လက်ထပ်ခွင့်တောင်းစရာမလိုပါဘူးဆိုတာ သိ စေချင်လို့ ... ဒါပေမယ့် ... ကျွန်မက ရအောင် လုပ်နိုင်ကြောင်းသာကြား၊ ကကယ်ယူမှာမဟုတ်လို့ ပြန်ပေးတာ"

"မင်းကို ငွေချူချင်တယ်လို့ တစ်ခွန်းပြောဖူးသလား"

"ဖေဖေ့ကိုပြောတယ်လေ"

"မင်းအဖေ"

"ဟုတ်တယ်"

"သေပြီဆို"

"ဦးတိုးမြိုင်ဆိုတာ ကျွန်မ အဖေလေ"

"အဲဒီ ဦးတိုးမြိုင်ပဲ သေပြီဆို"

"ဦးတိုးမြိုင်တွေအများကြီးရှိမယ့်ထဲက ... ဒေါ်မြ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းရည်ကို လက်ထပ်ချင်တဲ့ ဦးတိုးမြိုင်ဟာ ကျွန်မ အဖေပါ၊ ကျွန်မနာမည်က သက်ပုံနှင်းဖြစ်သလို ... မြိုင်မြိုင်ခင်လေးလို့လည်း ခေါ်ပါတယ်"

"အော်"

ပဖွေ့န် ဘာကိုမှန်းတော့မသိ ... ပာစ်ခုခုကို သဘောပေါက်သွားရသလို ခံစားမိ၏။ စိတ်စောဆန္ဒတွေ ပြေလျော့ကာ ကိုယ်ရောစိတ်ပါ နွမ်းဖတ်ခွေခေါက်သွား တော့သည်။

"ကျွန်မနဲ့ ကျွန်မအဖေသာ ငွေမက်ရင် ဒေါ်မြစိမ်း ရည်ဆီက ရအောင်ယူတတ်ပါတယ်၊ အမေကိုရော သားကိုပါ လက်ထပ်စရာမလိုပါဘူး၊ လက်ထပ်ချင် တယ်ဆိုရင် လူကိုတကယ်ချစ်လို့ပဲဖြစ်ရမယ်ဆိုတာ ဦးပဖွေ့န်သက်တင်ဆိုတဲ့ သူဌေးမင်း သဘောပေါက် စေဖို့"

"အော် ... ဟင်း ... ဟင်း"

ပဖွေ့န် ခနိုးခနဲ့ရယ်လိုက်သည်။ လက်စသတ် တော့ ဒီလိုကိုးဟု နာကြည်းစွာ နားလည်လိုက်ရသည်။

"မင်း ... မေမေ့ကို ဘယ်လိုပြောပြီးတောင်းခဲ့လဲ"

"ဦးပဖွေ့န်သက်တင်က ကျွန်မရဲ့ အိမ်ဖော်မလေးနဲ့ လက်ထပ်ထားတယ်လေ"

"ဘာ ... ဘယ်တုန်းက"

"လက်ထပ်ထိမ်းမြားပြီးစီးခြင်းစာချုပ်မှာ လက်မှတ် ထိုးခဲ့တယ်လေ"

"မင်း ... ကောက်ကျစ်သလောက် စဉ်းလဲပြီး အောက်တန်းကျလှချီလား"

ဒီလောက်ဆိုတော့ သဘောပေါက်ပါပြီ။ လက် ထပ်ပြီးစီးခြင်း ... ခေါင်းစဉ်တပ်ပြီး စာချုပ်ပြောင်မှာ လက်မှတ်ထိုးနိုင်းခဲ့တာ၊ ကိုယ့်မှာတော့ နွားလောက်နီးနီး မိုက်လုံးကြီးပြီးထိုးခဲ့သည်။ ကိုယ့်ကိုကိုယ် အထင်ကြီးစွာ ကိုယ်နှင့် သူမနှင့် လက်ထပ်စာချုပ်လို့ထင်ပြီး ပျော်ခဲ့ရတာ ဘယ်သူမှမသိဘူးဆိုလျှင်တောင် ကိုယ့်ဘာသာသိသည်မို့ ... ရှက်ဖွယ်လိလိပါတကား။

"ဒေါ်မြစိမ်းရည်ရဲ့ တစ်ဦးတည်းသောသား၊ ဦးပဖွေ့န် သက်တင်ဟာ သူများအိမ်မှာ ထမင်းချက် အဝတ် လျှော်တဲ့ကောင်မလေးနဲ့ မိုက်မဲစွာ လက်ထပ်ထား ကြောင်းသိရတဲ့အခါမှာ ... ဘယ်လိုအမေမျိုးက လိုက်မကယ်ဆယ်ပဲ နေနိုင်ပါ့မလဲ ...

"အဲဒီလက်ထပ်စာချုပ်ကို ကျွန်မက သိန်းသုံးဆယ်နဲ့ ရောင်းခဲ့ပါတယ်"

"တောက်"

ပဖွေ့န် မေးရိုး ကြီးများတင်းလာ၏။

"ပိုက်ဆံချူချင်ရင် သိန်းသုံးဆယ်ဆိုတဲ့ငွေကို ပက် ခနဲ့ရှာနိုင်ပါတယ်"

"ဟုတ်တယ် ... ပက်ခနဲ့ပဲ ... မင်းရဲ့အကြံက





www.burmeseclassic.com

www.burmeseclassic.com



ပက်စက်တော့ ပက်ခနဲပဲ"

"ဒါပေမယ့် ... ကျွန်မတို့သားအဖ ငွေမလိုပါဘူး ဆိုတာ သိစေချင်လို့ အခုပြန်ပေးတာပါ၊ ဖေဖေက ရှင့်အမေကို ငယ်ချစ်ဦးမို့ သံယောဇဉ်ဖွဲ့လန်းခြင်းများ စွာနဲ့ လက်ထပ်ချင်တာပဲဖြစ်တယ်ဆိုတာ ရှင်သိစေ ချင်လို့"

"အရူးမပဲ" ဟု တွေးမိ၏။

သက်ပုံဆိုတဲ့ကောင်မလေးလုပ်ပုံဟာ အရူး အလုပ်မို့ ... ဒီကောင်မလေး ရူးများနေသလား တွေးမိသည်။ သူ့အချစ်ကို ပေါပေါပဲပဲသဘောထားသည်။ စာချုပ်ပြောင်ပေါ် လက်မှတ်ကလေးတစ်ခု ရနိုင်ဖို့ ... လူစိမ်းယောကျ်ား တစ်ယောက်နဲ့ ရည်းစားကြီးများ တော်ပစ်လိုက်သည်အထိ မိုက်လုံးကြီးရသတဲ့လား။

"မင်းကွာ ... ညဏ်ကလေးတစ်ထွာတစ်မိုက်နဲ့၊ မင်း ဒီလက်မှတ်ကိုယူပြီး ဒီလိုငွေညှစ် ... ပိုက်ဆံပြန် ပေး ... ကလေးကစားသလို ရူးကြောင်မူးကြောင် လုပ်ဖို့အတွက်နဲ့ မင်းရဲ့အချစ်ကို စတေးရသလား မိုက်လုံးကြီးလှချီလား၊ ငါက ယောကျ်ားကောင်း မဟုတ်ပဲ ကိုယ်ကျင့်တရားမထိန်းရင် ... မင်းဘာ ဘာဖြစ်သွားမယ်ထင်လဲ"

"ဘာမှဖြစ်မသွားဘူး၊ ကိုယ့်ကိုကိုယ်ထိန်းနိုင်တယ်"

"ထိန်းနိုင်တဲ့သူကလား၊ ဒီမှော်ဘီထိလိုက်လာတာ



"လိုက်လာတော့ ဘာဖြစ်လဲ"

"ငါသာ လူကောင်းမဟုတ်ရင် မင်းဘဝ ပျက်ပြီ"

"အသက်ကိုအဲသေခံမယ်"

"ဟ ... သေတယ်ဆိုတာ သေချင်တိုင်းသေလို့ ရမယ်မှတ်လို့လား၊ သေချင်တာလွယ်တယ်ထင်နေ လား၊ မသေပဲ ဘဝပျက်သွားတော့ မင်း ဘယ်လို လုပ်မလဲ"

"ကိုယ့်ကိုကိုယ် သတ်သေမယ်"

"အဲဒီတော့ ... မင်းအဖေရဲ့ စစ်မှန်လှချီရဲ့ဆိုတဲ့ မေတ္တာတရားကြီးကို ထင်ရှားမြင့်မြတ်သွားစေရော လား"

"ရှင် စကားကိုကပ်မပြောနဲ့"

"တော်တော်ဉာဏ်နည်းတဲ့မိန်းမ၊ မင်းကိုယ်မင်းတော့ ဟုတ်လှပြီပေါ့လေ"

"ရှင် ... လူတစ်ဖက်သားကို နှိမ့်ချမဆက်ဆံပါ နဲ့၊ ရှင့်မှာ ဒီစိတ်ထားတွေရှိနေလို့လည်း ကျွန်မ အဖေကို ရှင်အထင်သေးတာ၊ ရှင်ဟာ တစ်ကိုယ် ကောင်းသမား၊ အတ္တတုံးကြီး"

"အတ္တတုံးကြီးနဲ့အတူ လူသူကင်းဝေးတဲ့ဆီကို လိုက် လာတဲ့မင်းလောက် ညံ့ဖျင်းတဲ့မိန်းမမျိုး လောကမှာ ရှိသေးလား"

"ကျွန်မ ဘယ်လောက်ဖျင်းဖျင်း၊ ရှင့်ထက်တော့

www.burmeseclassic.com

www.burmeseclassic.com



တော်တယ်၊ ရှင်သာ စိတ်ပုပ်"

"မင်းကို ငါ ကျကျနနကြီး အထင်သေးလိုက်ပါပြီ၊ ကိုယ်ဖြစ်ချင်တာတစ်ခု ဖြစ်ထွန်းနိုင်ဖို့အတွက် ... ယောကျ်ားတစ်ယောက်ကို ဟန်ဆောင်ရည်းစားတော်တဲ့မိန်းမ၊ အဲဒီလိုလုပ်ဖို့ မသင့်တော်ပါလားလို့ မစဉ်းစားနိုင်တဲ့ဦးနှောက်၊ ကိုယ့်ကိုကိုယ် အန္တရာယ်ကြားထဲထိုးချတဲ့ မင်းလိုမိန်းမမျိုးကို ကြောက်လဲကြောက်တယ်၊ အထင်သေးတယ်၊ ရွံရှာတယ်၊ စက်ဆုပ်တယ်၊ မင်းလိုချင်လို့တောင်းထားတဲ့ ချက်လက်မှတ်ကို ပြန်မပေးပါနဲ့၊ ယူလိုက်ပါ"

"ရှင် ဒီလောက်စော်ကားဖို့မလိုဘူး"

သက်ပုံက လက်ထဲလာထိုးထည့်နေသော ချက်လက်မှတ်ကို ပုတ်ချခဲ့သည်။ ချာခနဲလှည့်ထွက်ခဲ့သည်။ မျက်ရည်လမ်းမှ လျှောက်ခဲ့၏။

"တက် ... ကုန်းကြောင်းလျှောက်ရမယ့်လမ်းက ချောင်ကျပြီး လူပြတ်လို့ ဘယ်လိုအမျိုးကောင်းသမီးမှ မလျှောက်ဘူး"

ပဖူနှင့် ကားမောင်း၍ပါလာသည်။

"မတက်ဘူး ... ဖြစ်ချင်ရာဖြစ်"

ပဖူနှင့် ထပ်မပြောတော့ပါ။ ကားကို ဘီးလိမ့်ရုံရွေ့၍ သက်ပုံနောက်မှပါလာခဲ့သည်။ တကယ်တမ်းကျတော့ ဒီမိန်းမကို ဖြစ်ချင်ရာဖြစ်၊ ပစ်မထားနိုင်ခဲ့ပါ။ ကားလမ်း



ကြီးပေါ်သို့ရောက်အောင် လေးဆယ့်ငါးမိနစ်တိတိ လျှောက်ရသည်။ ဒီခရီးမှာ မပျင်းမရိ၊ ပဖူနှင့် စောင့်ရှောက်လိုက်ပါလာခဲ့၏။ ကားလမ်းမကြီးပေါ်သို့ရောက်သည်နှင့် သက်ပုံယူကျုံးမရဖြစ်ရတော့သည်။ ဒေါသမောဟနှင့် ဝုန်းဒိုင်းကျဲထွက်အလာမှာ ... ပိုက်ဆံအိတ်က မသိမ်းရသေးသောဖျာပေါ်မှာ ကျန်ရစ်ခဲ့ပြီ။ လိုင်းကားစီး၍ပြန်ရန် လမ်းစရိတ်မရှိပြီ။ ပိုက်ဆံအိတ်ပြန်ယူပြီး ဒီလမ်းမကြီးဆီထိ ပြန်လာဦးမည်ဆိုလျှင် လေးဆယ့်ငါးမိနစ် နှစ်ခါပြန်၊ တစ်နာရီခွဲတိတိ ထပ်ကြာမည်။

ဒီလောက်ခရီးဝေးဝေး မလျှောက်ဖူးသည်မို့ ခြေထောက်တွေလည်း တင်းတောင့်ကုန်ပြီ။ ထပ်လျှောက်နိုင်ဖို့မလွယ်ပါ။ ဘာလုပ်ရမည်နည်း။ လှည့်ကြည့်တော့ .. နောက်နား မလှမ်းမကမ်းမှာ ပဖူနှင့်၏ကားကိုတွေ့သည်။ ကားဆီသို့လာခဲ့၏။ နောက်ခန်းတံခါးကို ဆွဲဖွင့်တက်ထိုင်သည်။ တစ်ခွန်းမျှမပြောပေမယ့် ပဖူနှင့်က သဘောပေါက်စွာမောင်းထွက်သည်။ အလာတုန်းက ရှေ့ခန်းမှာ နှစ်ယောက်တူတူ ပျော်ခဲ့ရသလောက် အပြန်ခရီးမှာ နာကျင်ရပါ၏။ သက်ပုံ မျက်ရည်စက်လက်ကျနေသည်။ ပဖူနှင့်က နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းလှမ်းကြည့်ပေမယ့် ..၊ စကား တစ်ခွန်းမျှမပြောပါ။ သူ့မဟာ ဦးတိုးမြင့်ရဲ့သမီး၊ မြ ခင်လေးဆိုထားမှတော့ သူ့အိမ်လိပ်စာကို သိ

မရောက်ဖူးပေမယ့် .. ဘ

www.burmeseclassic.com



အရင်ကတည်းက မှုဟ်မိနေသော အိမ်လိပ်စာအတိုင်းမော
လာခဲ့သည်။ တိုက်ရှေ့မှာ ကားကိုရပ်၏။ သက်ပုံ ဆင်း
သည်။ ပစ္စုန် ကားမောင်းထွက်ခဲ့သည်။ ဝေးကြပြီ။

❀❀ ❀❀

"သူပြောပြလို့ ... သူဟာ မြိုင်မြိုင်ခင်လေးလို့ မေ
သိရတယ်၊ ဒီ့အရင်က တစ်ခါမှ မမြင်ဖူးဘူး"

ဒေါ်မြစိမ်းရည်က မျက်နှာကိုလွှဲထားသည်
သားက "သဘောမတူပါဘူး" ဟုပြောပြီးကတည်းက
တိုးမြိုင်နှင့်လက်ထပ်ဖို့ကိစ္စကို ရပ်ဆိုင်းခဲ့ပါသည်။

"သူဟာ မေမေ့ကို မေတ္တာစစ်နဲ့ချစ်ရှာတာပါ"

ဟု ဘယ်လိုမျက်နှာထားမျိုးနဲ့ အယူခံဝင်
မှာလဲ။

"မေမေတို့ချစ်ခြင်းကို မခွဲပါနဲ့သားရယ်"

လို့ ... ပြောစကောင်းသည်တဲ့လား။ သား
သာ ဒီပြဿနာမျိုးကြုံခဲ့လျှင်တော့ ... သားတို့ချစ်ခြင်း
မခွဲပါနဲ့ မေမေရယ် ... ဟု ပြောစကောင်း၏။ ခုတော့
မိဘနှင့်သားသမီး။ အဖြစ်ချင်းတူသည့်တိုင် ... သားသမီး
အနေနှင့် ပြောလို့ရသောစကားများ၊ မိဘဖြစ်တော့ ပြော
မရနိုင်ပါ။ ဒီလိုပဲလေ၊ မိဘဖြစ်နေလို့ သားသမီးကို စိတ်
ဆိုးဒေါသထွက်ပြီး အမွေပြတ်စွန့်လွှတ်လို့ရသည်။ သား



သမီးကျတော့ မိဘကို အမွေပြတ်စွန့်လွှတ်လို့မရ။ နောက်
အိမ်ထောင်ပြုရေးကိစ္စမှာ ကိုယ်တိုင်ကလည်း ငယ်ချစ်ဦး
အပေါ် သံယောဇဉ်မကုန်လို့ ... ငယ်ချစ်ကိုလည်း သနား
လို့ သားထံမှာ ဖွင့်ဟခွင့်တောင်းခဲ့ပေမယ့် ... မိခင်တစ်
ယောက်အနေနှင့် အလွန်အမင်းရှက်ရွံ့ခံစားခဲ့ရပါသည်။ သား
က ခွင့်မပြုနိုင်ပါ ... တဲ့။ ဒေါ်မြစိမ်းရည် ရှက်လွန်းစိတ်
ဖြင့် ဆွံ့အလို့တောင်သွားခဲ့ရသည်။ ဒီကိစ္စကို နောက်ထပ်
တစ်ကြိမ်မျှ မဆွေးနွေးဖြစ်တော့ပါ။

"သူက ... သားဟာ သူ့အိမ်ကကောင်မလေးနဲ့
မေတ္တာသက်ဝင်ပါတယ်တဲ့၊ နှစ်ဦးသဘောတူ လက်
ထပ်ကြတယ်တဲ့၊ ဒါကို မေမေသိရင် ကြည်ဖြူနိုင်
မယ်မထင်ဘူးတဲ့၊ အဲဒီအတွက် လက်ထပ်စာချုပ် ပြန်
လိုချင်ရင် သိန်းသုံးဆယ်ပေးပါ ... လို့ တောင်း
တာပဲ ...

"မေမေက တစ်ခွန်းမှ မငြင်းဆိုလိုက်ဘူး၊ သူ့စာ
ချုပ်ဟာ တရားဝင်ဖို့ မခိုင်မာလှဘူးဆိုတာ မေမေ
သိသားပဲ၊ ဒီစာချုပ်ပြပြီး တရားစွဲရင်တောင် လော
လောဆယ် ခဏတာဖြုတ် ဖြေရှင်းအလုပ်ရှုပ်ရမှာပေ
မယ့် ... သားဘက်က နိုင်မယ်ဆိုတာလည်း မေမေ
သိတယ်၊ ငြင်းမယ်ဆိုရင် ငြင်းလို့ဖြစ်ပါတယ် ...
"ဒါပေမယ့် ... မေမေစဉ်းစားတယ်၊ စာတွေက
သားလက်ရေးမဟုတ်ပေမယ့် ... လက်မှတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



သားလက်မှတ်အစစ်၊ သား ဘာအခိပ္ပါယ်နဲ့ ဒီလောက် ပေါ်ကြောင်ကြောင်နိုင်တဲ့အလုပ်ကို လုပ်ပါလိမ့်လို့ မေမေတွေးတယ် …

"သားဟာ တကယ်ပဲ … မြိုင်မြိုင်ခင်လေး ဒီမိတ စိန်ရှိဆိုတဲ့ကောင်မလေးကို မြတ်နိုးခဲ့လေသလား … ဟုတ်ပြီထား … မေမေ ကြည်ဖြူနိုင်မလား တွေးတယ်၊ မကြည်ဖြူနိုင်ဘူး၊ သားက သားကိစ္စကို ကြည်ဖြူရင် မေမေ့အတွက် အခွင့်အရေးပေးမယ်လို့ အရေးဆိုလာရင်တောင် … မေမေ့အခွင့်အရေးကို ဆုံးရှုံးခံမယ် …

"ပညာမရှိ အသိဉာဏ်မကြွယ်၊ ဆင်းရဲတာဖယ်ထား သားရဲ့အဖော်ဖြစ်ဖို့ အဆင့်မမီတဲ့ မိန်းကလေးကို သားနားမှာ တစ်ဘဝလုံး မေမေထားမပေးနိုင်ဘူး၊ မေမေ ဖြစ်တဲ့နည်းနဲ့ ကာကွယ်ပေးရမယ်၊ ဒါဟာ မိဘတစ်ယောက် လုပ်ပေးရမယ့်တာဝန်လို့လည်း မေမေ ယူဆတယ် …

"အဲဒီလိုဆိုရင် ဒီကလေးမကို ငွေပေးပြီး ဖယ်ရှား ခြင်းဟာ … လိုအပ်သောလုပ်ဆောင်ချက်ဖြစ်တယ်၊ နောက်တစ်ချက် … မြိုင်မြိုင်ခင်လေးဟာ ဘာလို့ ဒီလိုလာလုပ်သလဲ၊ သူ့မှာ ရည်ရွယ်ချက်ရှိရမယ်၊ အဲဒီ ရည်ရွယ်ချက်ဟာ ဘာဖြစ်နိုင်မလဲ …

"သူ … တကယ်ပဲ ငွေညစ်ချင်လို့ဆိုရင်လဲ … မေမေ ပေးလိုက်ချင်တယ်၊ ဒီကိစ္စ … သူ့အမေ သိရင် ဘယ်လိုအရေးယူမလဲဆိုတာကို သိချင်လို့ ပေးမှာ၊ သိချင်တာလေးတစ်ခုအတွက်နဲ့ သိန်းသုံး ဆယ်ဆိုတော့ အရင်းအနှီးများလွန်းတာ မှန်တယ်၊ ဒါပေမယ့် … မဆုံးနိုင်ဘူးထင်လို့လည်း ပေးဖို့ ဆုံးဖြတ်ခဲ့တယ် …

"မျှော်လင့်တဲ့အတိုင်း ပြန်တော့ရပါရဲ့၊ သူ့အမေဆီ က တစ်ဆင့်မဟုတ်ပဲ၊ သားဆီက တစ်ဆင့်ဖြစ်တဲ့ အတွက် မေမေ နည်းနည်းပါးပါး မျက်စိလည်တယ်၊ ဒီလောက်ပါပဲသားရယ်"

ဒေါ်မြစိမ်းရည်၏စကားသံတို့က ညင်သာ ပျော့ ပျောင်းနေ၏။ ဒေါ်သကင်းနေသည်။ အားငယ်ရှက်ရွံ့မှုတွေ ထင်ရှားပေါ်လွင်၏။ အစကတည်းက … မေမေ … ကိုတိုးမြိုင်နဲ့လက်ထပ်ဖို့ စိတ်ကူးမိတယ်သားရယ် … ဆို တဲ့ဝါကျတိုလေးကို မပြောမိခဲ့ရင်အကောင်းသားဟု နာရီ နှင့်အမျှ နောင်တရနေမိသည်။ သားက သဘောတူခဲ့လျှင် တောင် ရှက်မျက်နှာပူကြီးနှင့် … ဒီကိစ္စကို အကောင်အ ထည်ဖော်ရမှာ၊ ခုတော့ … သဘောမတူပါဘူးဆိုလိုက်သည့် နို … ဒီမျက်နှာကို လည်တိုင်ချေမှဖြတ်၍ အမှိုက်ပုံးထဲ တောင် စွန့်ပစ်ချင်စိတ်ဖြစ်ရသည်။

ကိုယ်ကမိခင်။ မိခင်ဆိုတာ သားသမီးတွေ အပေါ်မှာ ဖခင်လိုအခွင့်အရေးမရဘူးဆိုတာ ကြိုတင်သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ထားရမည်လေ။ ကိုယ်ညှဲ့ခဲ့လို့ ရှက်သွေးမွှန်နေရတော့ သားအမိချင်းတောင် မျက်နှာချင်းမဆိုင်ဖြစ်တာကြာရပြီ။

"တစ်ခုမေးပါရစေ မေမေ ... ဒီစာချုပ်ပြပြီး ရှေ့ လာတောင်းတဲ့သူဟာ မြိုင်မြိုင်ခင်လေးမဟုတ်ပဲ ... တခြားတစ်မိန်းတစ်ယောက်ဆိုရင်ရော မေမေပေးမှာပဲ လား"

"ပေးရမှာပဲပေါ့ သားရယ်၊ သားကိုယ်တိုင် လက် မှတ်ထိုးထားတဲ့လက်ထပ်စာချုပ်ကို ပြန်ဝယ်သိမ်းဖို့ အတွက် သိန်းသုံးဆယ်ဆိုတဲ့ငွေကို မေမေ နှမြော မနေနိုင်ဘူးလေ၊ သားလက်ထပ်ထားတဲ့ မိန်းကလေး ဟာ သားအတွက် ဘဝဖော်ဖြစ်ပေးဖို့မှ မသင့်ဘဲ မေမေ့ တားရမယ်"

"ကျွန်တော် လက်မှတ်ထိုးထားတဲ့မိန်းကလေးက အ ရမယ်၊ လူသိများတဲ့ရာထူးကြီးတို့၊ သူဌေးသမီးတို့ ဖြစ်နေတယ်ဆိုရင်ရော"

"မေမေ စိတ်နေစိတ်ထားနဲ့ အကျင့်စာရိတ္တကို စ စမ်းဖို့ အချိန်နည်းနည်းတောင်းမယ်၊ စိတ်ကြိုက် သတင်းကိုရရင် ဒီစာချုပ် မဝယ်ပါဘူး၊ သားကို မင်္ဂလာဆောင်ပေးလိုက်မှာပေါ့၊ စိတ်ကြိုက်သတင်း ကိုမရရင်တော့ ဝယ်ရမှာပါပဲ၊ မေမေ့ကို လျှော့မတွက် ပါနဲ့သားရယ် ...

"မေမေ ... သားကို ပုံပြင်ထိန်းကျောင်းခြင်းနဲ့ မေမေ



အိမ်ထောင်ပြုချင်တဲ့ကိစ္စကို တခြားစီထားပါတယ်၊ ကိုယ်ဖြစ်ချင်တာဖြစ်ရဖို့ ... သားဖြစ်ချင်တဲ့ဟာကို ကောင်းကောင်း ... မကောင်းကောင်း ဖြစ်ပေး လိုက်မယ်ဆိုတဲ့စိတ်မျိုး မေမေ့မှာမရှိဘူး ...

"မေမေ့ကိုတားလို့ သားကိုလည်း တားကိုတားရမယ် ဆိုတဲ့စိတ်မျိုးလည်း မရှိဘူး၊ မေမေ့မှာ သားနဲ့ပတ် သက်လာရင် မိခင်စိတ်ပဲ ပြည့်ဝစွာရှိနေပါတယ်"

"ခွင့်လွှတ်ပါမေမေ"

ပဒ္ဒုန် ... ဒေါ်မြစိမ်းရည်နားသို့ တိုးကပ် သွားလိုက်သည်။ မေမေ့ခါးကိုဖက်၏။ မေမေ့ရင်ခွင်ထဲ ခေါင်း ထိုးသွင်းသည်။ တစ်ဦးတည်းသောသားမို့ ... ဒီအမေနှင့် ဒီသားက တခြားသားအမိတွေထက် ရင်းနှီးချွဲတာမှ ပိုပါ၏။ မေမေ့ပါးကို သားက တရွှတ်ရွှတ်နမ်းပြီးတိုင်း ရှက်နေတတ် ပေမယ့် ... မေမေကတော့ သားရဲ့ပါးသားတွေ နှာခေါင်း ပေါက်ထဲ လုံးဝင်အောင် ရှိုက်သွင်းမွှေးကြူလိုက်ရတာကို ဘယ်တုန်းကမျှ မရှက်ခဲ့ပါ။ ကမ်းကုန်ပီတိဖြင့် ကျေနပ်ရ သည်ချည်း။ သားအမိကြားမှာ ပြဿနာတစ်ခု ထစ်ငေါ့ခဲ့ ပြီမို့ ... ခုလို ... ချစ်သားကြီးကို ရင်ခွင်ထဲမပွေ့ရတာ တောင်ကြာပါပြီ။

"သား ... "

ဒေါ်မြစိမ်းရည်က ရှိုက်သံနှင့်ခေါ်၏။ သား ဆံပင်တွေထဲ မျက်ရည်ပေါက်တို့ကျကုန်သည်မို့ မျက်နှာလွှဲ၍

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရသေးသည်။

"လောကမှာ ... တစ်စိမ်းယောကျ်ားနဲ့ တစ်စိမ်းမိန်း
တွေချစ်တယ်ဆိုပြီး သံယောဇဉ်ဖြစ်ကြပါတယ်၊ ဘဝ
ခရီးမှာ အဖော်အဖြစ်နဲ့ တူတူခရီးသွားကြတယ်၊ ကိုယ့်
မိသားစုထဲကနေ ကိုယ်စီခွဲထွက်လာခဲ့ပြီး သူနဲ့ကိုယ်
နဲ့နှစ်ယောက် ... ကမ္ဘာသစ်ကိုတည်ထောင်တယ်

"ဒါဟာ လောကရဲ့ဖြစ်ရိုးဖြစ်စဉ်သဘာဝပါပဲ၊ ဒါပေ
မယ့် ... လူသားတစ်ယောက်၊ ဥပမာ ... မေမေ
ပဲဆိုပါတော့၊ မြစိမ်းရည်ဆိုတဲ့လူသားအပေါ်မှာ အ
ချစ်နိုင်ဆုံး၊ အနစ်နာခံဆုံး၊ အကောင်းနိုင်ဆုံးလူသား
ဟာ မြစိမ်းရည်ရဲ့ ချစ်သူမဟုတ်ဘူး၊ မြစိမ်းရည်ရဲ့
ခင်ပွန်းမဟုတ်ဘူး၊ မြစိမ်းရည်ရဲ့ အဖေနဲ့အမေသာ
လျှင်ဖြစ်တယ်သားရယ် ...

"အဲဒီ မြစိမ်းရည်က ပုံအောပြီး သွန်ချချစ်ရတဲ့လူ
သားကျတော့ မြစိမ်းရည်ရဲ့သားသမီးဖြစ်တယ်၊ အဲဒီ
လိုပဲ ဖြူစင်ဆုံးအချစ်အနှစ်တွေဟာ မျိုးဆက်အလိုက်
စီးမျောလာခဲ့တဲ့ တစိမ်းနဲ့ဝင်ဖောက်ပြီး မေတ္တာရှိ
ကြတယ်ဆိုတာက ဘဝခရီးမှာ အဖော်သဟဲပြုကြ
တာပါသားရယ် ...

"မိဘနဲ့သားသမီးအချစ်ကို မှီတဲ့အချစ်မျိုး ဘယ်မှာ
ရှိနိုင်မှာလဲ သားရယ်"

ဝါကျတွေကို သားရယ် ... သားရယ်နှင့်



ဆုံးတိုင်း မျက်ရည်စက်စက်ကျလေ၏။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ မေမေ"

မေမေ့ခါးကို ပိုကျစ်အောင်ဖက်ပစ်လိုက်သည်။

မေမေဟာ ဒီအသက်အရွယ်ထိ ခါးတုတ်ဗိုက်ပူကြီးမဖြစ်သေး
ပဲ အရွယ်ရှိသေးတာကို ငြင်းလို့မရနိုင်ပါ။ မေမေဟာ သူ့
အရွယ်နှင့်သူ လှပနေဆဲ ကျက်သရေနှင့်တင့်တယ်နေဆဲပါ။
ပညာရှိစကားကိုဆိုပြီး သားကိုဆုံးမတတ်လွန်းတဲ့မေမေ၊ မေမေ့
မှာ အသိဉာဏ်ပါးကျဲပြီး ဆင်ကန်းတောတိုးလုပ်ချင်စိတ်မျိုး
ဘယ်ရှိနိုင်ပါ့မလဲ။ မေမေက ပြောခဲ့ပြီပဲ။

မေမေ့ကို လျှော့မတွက်ပါနဲ့တဲ့။

သားကိုသာ အချစ်ဆုံး ... တဲ့လေ။

"ကျွန်တော် ... ဒီစာရွက်ပေါ်မှာ ဘာကြောင့်လက်
မှတ်ထိုးခဲ့တယ်ဆိုတာ မေမေ မမေးတော့ဘူးလား"

"သားကိုယ်တိုင်ပြောလာမယ့်အချိန်ကို မေမေက စောင့်
လိုက်တာပါ"

"ကျွန်တော်ဟာ အလွန်တရာပဲ အသိဉာဏ်နည်းပါ
တယ် မေမေ၊ ရူးရူးမိုက်မိုက်နဲ့ မျက်ကန်းတစ္ဆေ
မကြောက်သမားလည်း ဖြစ်ခဲ့ရပါပြီ၊ ကျွန်တော် ...
စာချုပ်ပြောင်ပေါ်မှာ လက်မှတ်ထိုးချလိုက်တာ"

"အို ... ဖြစ်မှဖြစ်ရလေသားရယ်"

"စိန်ရီဆိုတဲ့မိန်းမကို ကျွန်တော် မသိဘူး"

"ဒါဖြင့် ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိတာ သက်ပုံနှင်း ... လို့ နာမည်ပြောင်းထားတဲ့အမျိုးသမီး၊ မြိုင်မြိုင်ခင်လေးပါ ... မေမေ"

"အော်"

"ဦးတိုးမြိုင်သမီးမှန်း ကျွန်တော် မသိပါဘူး"

"အင်း ... "

"မေမေအံ့ဩတယ်ဆိုရင် ဒီထက်ပိုပြီး အံ့ဩလိုက်ပါတော့၊ ကျွန်တော် ... သူ့ကိုလက်ထပ်ချင်တဲ့ထိ ချစ်မိပါတယ် မေမေ"

"အော် ... သားရယ်"

"သူက ... သူ့အဖေကို ငွေမက်တယ်လို့ ကျွန်တော် ကစွပ်စွဲလို့၊ သူ ... ငွေမက်ရင် ရအောင်ယူလို့ရတဲ့ နည်းရှိပါတယ်တဲ့၊ ယူတတ်ပါတယ်တဲ့၊ အဲဒီလို ကလိန်ကကျစ်နဲ့ ကျွန်တော့်လက်မှတ်ကို ရအောင်ယူပြီး မေမေ့ဆီမှာ စာချုပ်ရောင်းတာပါ၊ ငွေမက်ရင် ဒီနည်းနဲ့ယူပါမယ်တဲ့၊ ခု ... မမက်လို့ မယူပါဘူးဆိုပြီး မေမေ့ ချက်လက်မှတ်ကို ပြန်ပေးသွားတာပါ"

"ဒီတော့ ... သားတို့ချင်းက ... "

"ပြီးခဲ့ပြီပေါ့ မေမေ၊ သူက အစကတည်းက မေတ္တာရှိတာမှမဟုတ်ပဲ၊ ဒီလိုလိစယ်ချင်လို့ အနီးကပ်ပေါင်းဖို့ ရည်းစားထားတာပဲ၊ မိုက်လုံးကြီးတဲ့ကောင်မလေး



ကျွန်တော် ခံမြင်းတာရော ... အသည်းလည်းနာတယ်၊ စိတ်လည်းဆိုးတယ်၊ ဘာတစ်ခုမှ အကောင်းမကျန်ပါဘူး မေမေရယ်၊ ပြီးတော့လဲ ပြီးသွားပါပြီ၊ ရှိပါစေတော့"

"ဖြစ်မှဖြစ်ရလေသားရယ်၊ သူ့အဖေသိရင် စိတ်လည်းဆိုးမယ်၊ ဒါမျိုးလုပ်ရသလားလို့ ဒေါသထွက်ပြီး ရိုက်ချင်တောင်ရိုက်မယ်၊ ရှက်လည်းရှက်မှာပဲ"

"ပြောမနေပါနဲ့တော့ မေမေ"

"အေးလေ ... လူငယ်တွေဟာ တစ်ခါတစ်ခါမှာ သိပ်မိုက်ရူးရဲဆန်တာပဲ"

"ကိုယ့်ကိုကိုယ်ပဲ ယူကျုံးမရဖြစ်မိပါတယ်၊ ကိုယ့်ကို အသုံးချရုံ လာကစားတဲ့မိန်းမကျမှ သွားကြိုက်မိတာ ကျွန်တော်ညံ့ဖျင်းလွန်းလို့ပါ မေမေရယ်"

"စိတ်ကိုလျှော့လိုက်ပါ သားရယ်၊ ဒါပေမယ့် ... ကောင်မလေးကြည့်ရတာ စိတ်ခိုင်မယ့်ပုံမရပါဘူး၊ သားအပေါ်မှာ ညွှတ်ပျောင်းမယ့်ပုံပါပဲ၊ မေမေနဲ့လာတွေ့ပြီး ပြောတုန်းကလည်း မျက်နှာ ခပ်ပျက်ပျက်ပါ၊ မျက်ရည်တောင် ဝဲတဲဝဲတဲနဲ့၊ မေမေက ... အင်း ... ငွေလည်းညှစ်သေး၊ သူကပဲ ကြောင်နေသေးလို့ ထင်မိသား၊ သူ့တစ်ကိုယ်ထဲမှာကို စိတ်က ဒွိဟထင်ပါရဲ့"

"ကျွန်တော်စိတ်ချမ်းသာအောင် မျှော်လင့်ချက်မပေး

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့မေမေ၊ ပိုခံစားရပါတယ်၊ ကျွန်တော် ကြောက်လည်းတော်တော်ကြောက်သွားပါပြီ၊ မဖြစ်နိုင်တော့ပါဘူး"

ဒေါ်မြစိမ်းရည်က ပန္နက်ကျောကို သပ်ပေးနေသည်။ ဒီကောင်မလေးနှင့် ဘယ်မှာများ သွားတွေ့ကြပါလိမ့်ဟု တွေးမိသည်။ ဒီကိစ္စ သူ့အဖေ ဦးတိုးမြိုင် လုံးလုံးမသိမှာတော့ သေချာသည်။ သိလျှင် ရှက်ရှာမှာလေ။

အော် ... ဖြစ်မှဖြစ်ရလေ။

ဒိုဒို

# အခန်း(၉)

"နှုတ်ထွက်စာ" သည် ပန္နက်၏ စားပွဲပေါ်မှာ တိတ်ဆိတ်စွာ ကြေကွဲနေ၏။

"မသက်ပုံနှင်းက ပေးသွားပါတယ် ကိုလေး၊ အဲဒီမှာ"

ဖိုးချွေလာပေးလို့ ဆွဲယူကြည့်လိုက်သည်။ ဖတ်လိုက်သည်။ လက်ရေးနှင့်မဟုတ်ပါ။ ကွန်ပျူတာနှင့်စီထားသည်။ သူ့အိမ်မှာ ကွန်ပျူတာရှိသည် ထင်ပါရဲ့။ ကွန်ပျူတာရှိသည်ဆိုတော့ လေအေးစက်လည်း တပ်ထားနိုင်လောက်သည်။ သက်ပုံတို့ရဲ့ လူနေမှုအဆင့်အတန်းဟာ အမြင့်မားကြီးမဟုတ်တောင် အနိမ့်ကျစားကြီးထဲက မဟုတ်နိုင်ဘူးပေါ့လေ။ သူဌေးပဂေးကြီးတွေလို မချမ်းသာပေမယ့် ဆင်းတောင့်ဆင်းရဲထဲကလည်း မဖြစ်နိုင်ဘူးပေါ့။ ဦးတိုးမြိုင်ဆိုသာသူဟာ မြစိမ်းရည်ကူမှုကြီမှာ မန်နေဂျာမဖြစ်ရလည်း



www.burmeseclassic.com

www.burmeseclassic.com



တခြားစီးပွားရေးကုမ္ပဏီတွေမှာ ရာထူးကောင်းကောင်းရနိုင်မည့်အရည်အချင်းမျိုးနှင့်လူ ဖြစ်နိုင်ပါသည်။

သမီးကလည်း တောက်မယ့်မီးခဲ၊ အရှိန်နှင့်ရဲရဲဆိုသလို လုပ်တတ်ကိုင်တတ်၊ ပြောတတ်ဆိုတတ်၊ လူကြီးသူမနှင့် ရုံးပြင်ကန္တားမှာ ဝင်တတ်ထွက်တတ်က ရှိပါဘိခြင်း။ သမီးဖြစ်သူဟာလည်း သူ့တစ်ဝမ်းတစ်ခါးတော့ သူရှာစားနိုင်မည့်သူ။ သူတို့သားအဖနှစ်ယောက်ဟာ ဆင်းတောင့်ဆင်းရဲ ချို့ချို့တဲ့တဲ့လည်းမဟုတ်။ ဦးတိုးမြင့် မှန်တက်လျှင်, ကားလေး ကိုယ်တိုင်မောင်းလာတာတွေ့သေးသည်။ ဘယ်တုန်းကတည်းက ဝယ်ထားမှန်းမသိသော ပတ်ပလစ်ကာပစ်ကပ်အဝါပုပ်ရောင်လေး၊ နံပတ်က "၃" ဆိုတော့ သစ်တော့မသစ်ပြီလေ။ ဒီလောက်အဆင့်မှာရှိနေသောယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ဆီမှာ ချူစားလိုစိတ်နှင့် တကူးတကကြိုးစားပါ့မလားဆိုတာကို ခုမှပဲခေါင်းထဲ ... အတွေးရေးရေးဝင်၏။

"ဝေးကြပြီ" ခံစားချက်က ရင်ကိုနှင့်စေသည်။

ဒီက ရှေ့လျှောက်မှာ မျက်နှာလေးစူတူမှုနှင့် ချစ်ဖွယ်ကောင်မလေးနှင့်ဝေးပြီ၊ သူဖျော်ပေးသော ကော်ဖီလေးများလည်း သောက်ရတော့မှာမဟုတ်၊ စီးကရက်ကို နှုတ်ခမ်းမှာခဲလိုက်ရုံနှင့် ဓစ်ပိမီးခြစ်ကလေး ရောက်လာတာမျိုးလည်း မရှိနိုင်တော့၊ လုပ်ငန်းတစ်ခုခု ထစ်ငေါ့လို့ သူ့ကိုလှည့်မေးလိုက်တိုင်း အဖြေကလေးတစ်ခု လျှောခနဲရလိုက်





တာမျိုးလည်း မဖြစ်နိုင်တော့။ ဒီမျက်နှာလေးနှင့် အမောပြေရသည့်အခွင့်အရေးလည်း ဆုံးရှုံးခဲ့ပြီ။ ရင်မှာနင့်နေအောင်လွမ်းပါသည်။ လွမ်းမောဆွတ်ကြင်ရသည်နှင့်အမျှ နာကြည်းစိတ်နှင့် အရှက်သည်းရသေးသည်။ မလောက်လေးမလောက်စားကောင်မလေးတစ်ယောက်ရဲ့ ဉာဏ်ကလေး တစ်ထွာတစ်မိုက်ကြားထဲမှာ ကိုယ်ဟာ အရှုံးကြီးလုံးလုံးဖြစ်ခဲ့ရတာလေ။

"ဖိုးဆွေ"

"ဗျ ... ကိုလေး"

"ဒီစာ ကိုယ်တိုင်လာပေးသွားတာလား"

"ဟုတ်ကဲ့ ... ကျွန်တော် အောက်ထပ်ဆင်းတုန်း၊ သူ ... ညှိကြိုကနေစောင့်ပေးတာ"။

အော် ... အပေါ်ထပ်တောင် တက်မလာတော့ဘူးပေါ့။

"ရှင်ဆရာသမားကိုပေးလိုက်ပါတဲ့၊ ဘာစာလဲ ကိုလေး၊ မသက်ပုံမျက်နှာလည်း မကောင်းဘူး၊ ငိုထားသလိုပဲ၊ ညှိကြိုက မသစ်ကတောင် မေးနေသေးတယ်၊ သက်ပုံ နေမကောင်းဘူးလားတဲ့ ...

"မသက်ပုံက ခပ်တင်းတင်းလှည့်ကြည့်ပြီး၊ ကောင်းပါတယ်၊ တစ်ညလုံးငိုထားလို့ မျက်နှာတွေဖောင်းအစ်နေတာလို့ပြောတယ်၊ ဘာဖြစ်တယ်မသိဘူး"

သူ ... တမင် ခပ်ပြောင်ပြောင်ပြောပစ်ခဲ့တာဖြစ်မည်။ "မျက်နှာငို"က မပြောပဲ သက်သေထင်ရှားလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့ မျက်နှာပြောင်တိုက်၍ပြောခြင်းဖြစ်မည်။

"ဘာစာလဲ ကိုလေး၊ ကိုလေးတို့ ရန်ဖြစ်ကြလား"

"မင်းရဲ့မသက်ပုံက အလုပ်ထွက်ပြီ"

"ဟောဗျ ... ကိုလေးကို စိတ်ကောက်တာထင်တယ်"

"စိတ်ကောက်တာမဟုတ်ဘူး၊ စိတ်နာကြတာ"

"ကိုလေးကလဲ နာတာပဲလား"

"ငါက ပိုတောင်နာသေးတယ်"

"မသက်ပုံ သနားပါတယ်"

"ငါ့ကျတော့ရော မသနားဘူးလား"

"ကိုလေးက ခု ... မိန်းမကောက်ယူလဲရတာပဲ"

"မင်းမသက်ပုံကရော ... ခု ယောကျ်ားကော

ယူလို့မရဘူးလား"

"ဘယ်ရပါ့မလဲ ကိုလေးရယ် ... ကိုယ့်ကို ဘယ

သူရည်းစားစကားလာပြောပါ့မလဲလို့ စောင့်ရဦးမယ

မျှော်ရဦးမယ်၊ လာပြောတဲ့ထဲက တစ်ယောက်မှအ

မပါရင် ... ထပ်စောင့်ရဦးမယ်၊ သင့်တော်တာလေ

ပါလာတော့မှ လက်မလွှတ်အောင် ကြိုးရှည်ရှည်

လှန်၊ ချက်ချင်းကြီး ခေါင်းညိတ်လို့လဲမဖြစ် ...

"မိန်းမတို့ မာယာနဲ့ မူလကျီသွန်နီကလေးပေး၊ အ

ချိန်ကလေးနည်းနည်းယူပြီးတော့မှ ခေါင်းညိတ်၊ အ

ဒီတော့မှ ရည်းစားရရှိသေးမယ်၊ မိန်းမဆိုတာ ရည်း

စားတစ်ယောက်ရဖို့တောင် အဆင့်တွေအများကြီးေ



ရတာ ကိုလေးရဲ့ ...

"လက်ထပ်ကြမယ်ဆိုရင်လဲ သားရှင်ကြည်ဖြူပါမှ မင်္ဂလာရှိတဲ့သတို့သမီးဖြစ်တယ်တဲ့၊ သားရှင် လိုလို လားလားမရှိရင် မိန်းကလေးခမျာ မျက်နှာငယ်ရပြန် ရော၊ ယောကျ်ားတစ်ယောက်ကို လွယ်လွယ်ကောက် ယူလို့ ဘယ်ရပါ့မလဲ ကိုလေးရယ်၊ ယောကျ်ားတွေ သာ ကျေးနိုင်ဖို့ပဲလိုတယ် ...

"ခုကောက်ယူ ခုရတယ်၊ မိန်းမကျတော့ ကျေးနိုင် တိုင်းလည်း ယောကျ်ားကောင်းမရပါဘူး"

"မင်းပြောကာမှပဲ မိန်းမတွေကို သနားရမလိုဖြစ်နေ ပြီ"

"သနားရမယ် ကိုလေးရဲ့ ... သူတို့မိန်းမတွေ အ ရမ်းသနားဖို့ကောင်းပါတယ်၊ ကျွန်တော်တောင် သနား နေတာ၊ အသနားမခံဘူး ဘာဘူးညာဘူးနဲ့ ... မူလ ကျီသွန်နီလုပ်နေလို့ ဆက်သနားပေးနေရတယ်"

"ဘယ်သူ့ကိုများ မင်းကသွားသနားနေရတာလဲ"

"မန်နေဗျာ ဒေါက်တာမမနဲ့ပါလာတဲ့ကောင်မလေး ပေါ့ ကိုလေးရ၊ ချစ်စရာလေး၊ ပါးလေးကို ဖောင်း နေတာပဲ"

ခါတိုင်းဆိုလျှင်တော့ ပျှုန် ခွက်ထိုးခေါ်လန် ရယ်မောပစ်မိမည်ထင်သည်။ ခုတော့ ပြုံးချင်စိတ်ပင်မရှိ။ ဆေးရုံအုပ်ကြီးခန့်ထားသော ဆရာဦးကျော်လှ၏လက်အောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆရာဝန်ပဲ ... ခေါက်တာမမတစ်ယောက်ရှိသေးသည်။ ဆေးကုရတာထက် ဆေးရုံလည်ပတ်ရေးယန္တရားမှာ တာဝန်ယူရတာများသည်မို့ ... မန်နေဂျာမမပဲ အခေါ်များကြသည်။ သူက ဆေးရုံသို့လာလျှင် ဌာမင်းချိုင့်ကို တခမ်းတနားသယ်သည်။ သူ့ဆွဲခြင်းက အကြီးကြီး။ ထမင်းဘူး၊ ဟင်းချိုင့် အသီးအနှံ၊ မုန့်၊ အချဉ်ထုပ်နှင့်လက်ဖက်ကစလို့ နေ့တိုင်းသယ်၏။ ဒါတောင် ဆေးရုံမှာ သောက်ရေသန့်ဘုံဘိုင်တွေရှိနေလို့၊ ရေနွေးကြိုနိုင်ခွင့် အဆင်ပြေနေလို့၊ ကော်ဖီမစ်က်အထုပ်တွေ သူ့စားပွဲထဲမှာ ဝယ်ထည့်ထားပြီးသားမို့လို့။ ဒါတွေမှ ရှိမနေလျှင် သောက်ရေဘူး၊ ကော်ဖီဘူးနှင့်ရေနွေးကြမ်းဘူးထိ သယ်မည့်သူဖြစ်၏။ သူမက ရေအေးလည်းသောက်သည်။ ရေနွေးကြမ်းလည်းသောက်သောသူဖြစ်သည်။ သူ့ထမင်းဘူး ခြင်းတောင်းအကြီးကြီးကို သူ့ရုံးခန်းဆီ သူကိုယ်တိုင် ဆွဲ,မတင်ပါ။ ကားပေါ်မှာ ကောင်မလေးတစ်ယောက် အမြဲပါသည်။ ဆွဲခြင်းဆွဲရသည်ကထားတော့။ မန်နေဂျာမမ၏ ပိုက်ဆံအိတ် စလင်းဘက်ကိုလည်း လွယ်ရသေးသည်။ မန်နေဂျာမမက တစ်ရှူးပေပါအလှစားလေးကိုလက်ကမှာ ဖွဖွကိုင်၍ ရှေ့မှလျှောက်သည်။ တစ်ခါတစ်ရံမှာ တစ်ရှူးကလေးတောင် လွှတ်လွှတ်ကျသေး၏။ ဒါကို ကောင်မလေးက နမြောတကြီးနှင့်ကောက်သေး၏။

"အို ... လွှင့်ပစ်လိုက် ... လွှင့်ပစ်လိုက်"

အခန်းထောင့်မှ အမှိုက်ပုံးကို လက်ညှိုးထိုး



သည်မို့ ... ကောင်မလေးက အမှိုက်ပုံးထဲ ပြေးထည့်ပြီးနောက်မှ ပြန်လိုက်ရ၏။ ရုံးခန်းထဲမှာ နေရာချခဲ့ပြီးမှ ပြန်ဆင်းပြီး အိမ်ပြန်ရသည်။ ကားက ဆေးရုံမှာစောင့်မနေပါ။ ညနေမှ လာကြိုမည်။ အဲဒီ မန်နေဂျာမမ အဲဒီလို စတိုင်ထုတ်တာကိုလည်း ဖိုးဆွေပဲ နားညည်းလောက်အောင် လာပြောပြောနေလို့ ကြားထားရတာပါ။ ခုတော့ ... ဒီကောင်က နောက်တော်ပါ ပါးဖောင်းဖောင်းမလေးကို သနားသတဲ့။ ဒါ ... သူချစ်တာပဲပေါ့။ သူတို့နှစ်ယောက်ကြားမှာ အချစ်ဖြစ်ထွန်းကြသည်လား။ အချစ်ချင်းညီကြသည်လား။ ကိုယ်တို့ကျတော့ ကံဆိုးပြီလေ။ ကိုယ်ကသာချစ်ရလျက် သူကချစ်ဟန်ဆောင်ခြင်းသာမို့ အချစ်ခြင်းက ဘယ်လိုညီနိုင်မှာလဲ။

ဒီလိုဆိုလျှင် ...

တွေးရတာလည်း ရှက်ပါသည်။ ရှက်သည့်ကြားကပဲ တွေးဖြစ်၏။ မေမေနှင့်ဦးတိုးမြိုင်တို့ဟာလည်း အချစ်ချင်းညီကြသူတွေပဲပေါ့။

"ကိုလေး ... ဖုန်း"

အတွေးပူတွေဆန့်ဆဲ၊ ဖုန်းသံမြည်တော့ ဖိုးဆွေကောက်ကိုင်သည်။ ခါတိုင်းဆို ချစ်စဖွယ်မလေးက ကောက်ကိုင်ပြီး တော်ရုံကိစ္စ ... သူ့သဘောနှင့်သူ ပြီးစီးအောင်-ဆောင်ရွက်သွားတတ်တာကို လျှပ်တစ်ပြက် သတိရရင်း ... ရင်ထဲမှာ ပူခနဲခံစားလိုက်ရသည်။ လွမ်းသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ... ဒါပဲ။

"ဘယ်သူလဲကွာ"

ဘယ်သူနှင့်မျှ စကားမပြောချင်။ ဘာအလုပ်မှမလုပ်ချင်။ ဖြစ်နိုင်လျှင် ... အင်းယားစောင်းမှာ ရေထဲခြေနှစ်ချောင်းနှစ်၍ သွားထိုင်နေချင်သည်။ အဲဒီလို စိတ်မိတာ စိတ်ကူးယဉ်ခြင်းလား၊ ကဗျာဆန်တာလားတော့မသိ။ ခါတိုင်းလုပ်ဖြစ်မှာမဟုတ်သော အလုပ်တွေကို လုပ်ချင်နေတာတော့ အမှန်ပါ။

"ဦးတိုးမြင့်"

ရင်ထဲ ဒိန်းခနဲခုန်၏။ ဦးတိုးမြင့် ... ပဗျွန်ဆီဖုန်းဆက်တာ အဆန်းမှမဟုတ်ပဲ။ ဆက်စပ်နေသောလုပ်ငန်းတွေက ရှိနေ၏။ ဆက်စပ်ရုံတင်မကပါဘူးလေ။ လုပ်ငန်းကြီးတစ်ခု၊ အဖွဲ့အစည်းကြီးလည်း တစ်ခုတည်း၊ အစန်းအပိုင်းကြီးလည်း တစ်ခုတည်းဆိုသလိုဖြစ်နေသော ... လုပ်ငန်းကိုင်ငန်းမှစလို့ ငွေရေးကြေးရေးပါ ... ဦးတိုးမြင့်နှင့်ပဗျွန်က မကြာခဏ စကားပြောရသည်။ သက်ပုံတိုအလုပ်ခန့်ပြီး အနားခေါ်ထားခဲ့တာဟာ ... စင်စစ် ... ဦးတိုးမြင့်နှင့် စကားသိပ်မပြောချင်တာက စခဲ့သည်။

"အဲဒီလိုပြောလိုက်စမ်းပါကွာ"

ကိုယ်ဖြစ်ချင်ပြောချင်တာကို တတွတ်တွတ်သင်ပြပြီး သက်ပုံကို ဆက်နိုင်းတိုင်း သက်ပုံ ငြင်းခဲ့တာကိုခုမှ သဘောပေါက်သလိုရှိ၏။ ဦးတိုးမြင့်နှင့်စကားပြော

www.burmeseclassic.com



ဖြစ်တိုင်း ရှက်ရသည်သာ ... မျက်နှာကြီးပူရဲပြီး ထူထူအမ်းအမ်းနှင့် အနေရခက်သည်သည်။ ဦးတိုးမြင့်ဆီက ဖုန်းလာမှုနှင့် ရင်ထဲဝုန်းခနဲဆောင့်ခုန်စရာတော့မရှိ။ သို့ပေမယ့် ခုန်ခဲ့ပြီ။ အမှန်ကိုဝန်ခံရလျှင် ပဗျွန် ... ဤကမ္ဘာပေါ်မှာ လောလောဆယ်အားဖြင့် စကားမပြောချင်ဆုံးပုဂ္ဂိုလ်ဟာ ... ဦးတိုးမြင့်ပဲဖြစ်သည်။ မေမေ့ကိစ္စကြောင့် မျက်နှာပူရစဉ်က ရင်မခုန်ခဲ့ချေ။ ခုတော့ ရင်ခုန်ဝေဒနာတစ်ခုကလည်း တိုးပြီ။ သို့ပေမယ့် ... စကားပြောခွက်ကို ယူလိုက်ရပါသည်။ တိုးပွားလာသော ရင်ခုန်ဝေဒနာကြောင့်ပင် မပြောမဖြစ်ပြောရပါဦးမည်။

"ပဗျွန်သွက်တင် ပြောနေပါတယ်"

"ကိုပဗျွန် ... အန်ကယ် ကိုယ်ရေးကိုယ်တာစကားပြောချင်ပါတယ်"

"ဟုတ်ကဲ့ ရပါတယ် ... ပြောပါ"

"ကိုပဗျွန်ဆီမှာ အန်ကယ့်သမီး အလုပ်လုပ်နေတာအန်ကယ်မသိခဲ့ဘူး ကိုပဗျွန်"

ဟုတ်နိုင်ပါ့မလား ... ဟု သံသယဝင်၏။ ဖုန်းဆက်နိုင်းလည်းမရ၊ သူတို့ချင်းလည်း တစ်ခါမျှမဆုံဆိုတာမျိုးတော့ ရှိသည်။

"သူ လျှောက်လွှာတင်တာတွေ့ပါတယ်၊ အဲဒီလျှောက်လွှာကို ဖယ်ထုတ်ပစ်လိုက်ဖို့တောင် စိတ်ကူးမိပါသေးတယ်၊ ဒါပေမယ့် ... ဒါဟာ လုပ်ငန်းသဘော

www.burmeseclassic.com

www.burmeseclassic.com



အရဆိုရင် လုပ်စရာမလိုဘူး၊ လုပ်ငန်းရဲ့သဘောတရားကို ချိုးဖျက်ရာရောက်တယ်လို့ ယူဆလို့ ... သမီးလျှောက်လွှာကို အန်ကယ်လ် ဖယ်မပစ်ခဲ့ဘူး ...
"အဲဒီနေ့က အန်ကယ်လ် ကူညီစစ်ဆေးခွင့်ရခဲ့ရင်၊ ဒီလျှောက်လွှာဟာ မြိုင်လေးလျှောက်လွှာဖြစ်တယ်၊ အလုပ်ခန့်ဖို့ စိစစ်ရွေးချယ်တဲ့ထဲက ဖယ်ပေးပါလို့ ပြောဖို့ပါ ...
"အင်တာဗျူးထဲမပါပဲ အလိုအလျောက်လည်း အပယ်ခံရနိုင်တာပဲ၊ အရွေးမခံရလည်းပြီးရောလို့ အန်ကယ်လ် နေခဲ့မိတယ်၊ အိမ်ကျတော့ မြိုင်လေးကို အန်ကယ်လ် မေးပါတယ်၊ မြိုင်လေးက သူ့အလုပ်မရဘူးတဲ့၊ သူ အလုပ်ရတဲ့ကုမ္ပဏီတစ်ခုကို ပြောတယ် ...
"အဲဒီကုမ္ပဏီက သူ့သူငယ်ချင်းရဲ့အဖေ၊ အန်ကယ်လ်နဲ့လည်း နည်းနည်းပါးပါးတော့ မြင်ဖူးရုံရှိပေမယ့် မခင်ဘူး၊ အဲဒီကုမ္ပဏီက တခြားလည်း သိပ်များများစားစားလုပ်တာမဟုတ်ပါဘူး၊ ဘန်ကောက်ကို ရေခွပို့တာ တစ်မျိုးပဲလုပ်တာ ...
"အလုပ်သမားလည်း စုစုပေါင်းမှ တစ်ယောက်ထဲ၊ အဲဒါ မြိုင်လေးသူငယ်ချင်း၊ သူ့အဖေကို ကူလုပ်နေတာ၊ မြိုင်လေးကိုပါ ခန့်တယ်ဆိုတော့ အန်ကယ်လ် ယုံမိတယ် ကိုပစ္စုန်"

ဦးတိုးမြိုင်က ဖြည်းဖြည်းမှန်မှန်ပြောနေသည်။



အရပ်အနားမရှိပဲ ဆက်တိုက်ပြော၏။ ပစ္စုန်ကလည်း ဖြတ်မမေးပါ။ သူပြောသလောက်ကို နားထောင်ရင်း သူ့စကားတွေမှာ ဖြစ်နိုင်ချေ၊ မှန်ကန်ချက်ရာနှုန်း ဘယ်လောက်ထိ ပါဝင်သလဲဆိုတာကိုပါ တစ်ဆက်တည်း စဉ်းစားမိတော့သည်။

"အန်ကယ်လ်တို့သားအဖက ... တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြပေမယ့် ... တွေ့ချိန်အရမ်းနည်းပါတယ်၊ သူလည်း သူ့အလုပ်ကိစ္စတွေ ... သင်တန်းတွေနဲ့သူ၊ အန်ကယ်လ်လည်း ကိုပစ္စုန်တို့ကုမ္ပဏီမှာ အလုပ်များပါတယ်"

လောလောဆယ်မှာ ပစ္စုန်ကို အလုပ်ရှင်သူဌေးဟု ပြောလည်းရသည်။ အလုပ်ရှင်သူဌေးမ၏သား၊ သူဌေးလေးဟုပြောလည်းရသည်။ ထိုပုဂ္ဂိုလ်လေးသည် နောင်တစ်ချိန်မှာ ကိုယ့်သမက်ဖြစ်နိုင်ဖို့လမ်းကတော့ ဝေးကွာခဲ့ပြီ။ သို့ပေမယ့် ... ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ ဆိုသလို အခြေအနေပေးလျှင် ကိုယ့်ဇနီးဘက်မှပါလာသော သားနေရာသို့ ရောက်ချင်ရောက်နိုင်သည်။ ထိုသူကို "မောင်ပစ္စုန်" ခေါ်ဖို့ ဦးတိုးမြိုင် ဝန်လေးရတာကိုက သိမ်ငယ်စိတ်စားမှုပဲဖြစ်တော့သည်။

"မြိုင်လေးဟာ ငယ်ငယ်ကတည်းက စကားကို လိမ်ညာမပြောတတ်ခဲ့ဘူး"

ခုအရွယ်ကျမှ အကြီးအကျယ်ညာလိုက်တဲ့ အ

www.burmeseclassic.com

www.burmeseclassic.com



ညာကြီးကတော့ အညာကြီးကမ်းကုန်ပါပဲခင်ဗျ ဟု ပြောချင်၏။

"ကိုပဈှန်ရဲ့ဆေးရုံမှာ သူ ... အင်တာဗျူးတောင် အခေါ်မခံရဘူး၊ လျှောက်လွှာနဲ့တင် အပယ်ခံရတယ် ဆိုတာကို အန်ကယ်လ်ယုံလိုက်မိတယ်၊ သူလုပ်နေတာ တကယ်ပဲ မသိခဲ့ဘူး"

"အခု ... ဘယ်လိုသိသွားခဲ့ရသလဲ အန်ကယ်လ်၊ သူပြောလား"

ဦးတိုးမြိုင်ကို ဟိုယခင်တည်းက ... "အန်ကယ်လ်" ခေါ်ခဲ့ပါသည်။ မေမေ့ မြစိမ်းရည်ကုမ္ပဏီလုပ်ငန်းတွေထဲသို့ရောက်လာကတည်းက အလုပ်ကြိုးစားပြီး အားကိုးရသော အထွေထွေမန်နေဂျာကြီးအဖြစ်လည်း ရင်းနှီးခဲ့ပါသည်။

"မေမေ ... အိမ်ထောင်ပြုဖို့ သား ကြည်ဖြူရင် ခွင့်ပြုပေးစေချင်ပါတယ်" ... တဲ့။

မေမေ့ တောင်းတောင်းပန်ပန်ဝါကျလေး တစ်ကြောင်းဟာ အသံလေးတိုးတိမ် နုနွဲ့သလောက် ငယ်ထိပ်ပေါ် သံတုံးကြီးပြုတ်ကျသလို ဒုန်းခနဲ ခံစားလိုက်ရစဉ်ကတောင် "ဦးတိုးမြိုင်" ... ဟု မထင်မှတ်မိခဲ့သေးပါ။

"မေမေတို့ဟာ ငယ်ငယ်ကထဲက တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိခဲ့ကြပေမယ့် အကြောင်းကြောင်းတွေကြောင့် ကိုယ်စီ အိမ်ထောင်ကျခဲ့ကြရတယ်"



မေမေက ငယ်ဇာတ်ကို ကြေကွဲစရာကောင်းအောင် ပြောပြပြီးမှ အဲဒီပုဂ္ဂိုလ် "ဦးတိုးမြိုင်" ဟုပြောပါသည်။ "ဟယ်" ခနဲ ခံစားမှုက ရင်ကိုအရှိန်ပြင်းစွာမှန်၏။ ဦးတိုးမြိုင်ဟာ ချမ်းချမ်းသာသာထဲကမဟုတ်မှန်း ကြိုသိထားမိလို့ပါ။ ပဈှန်ရဲ့ စိတ်ထင်က ... မေမေ ထပ်မံပြုမည်ဆိုသော ဒုတိယအိမ်ထောင်သည် ဖေဖေ့ထက် တစ်နည်းမဟုတ်တစ်နည်း၊ တစ်ခုမဟုတ်တစ်ခု၊ တစ်ခုခုတော့ "သာ" လိမ့်မည်ဟု။ ခုတော့ ... ဦးတိုးမြိုင်သည် ဖေဖေ့ထက် ဘယ်အရာမှမသာခဲ့ပါ။ ရုပ်ရည်ကစလို့ဟု ပြောရမည်။ ဖေဖေက ဖြူဖြူဖွေးဖွေးကြီးမို့ မျက်ခုန်းမျက်လုံး နှာတံလှစေဦး၊ အသားညိုသော ဦးတိုးမြိုင်ဟာ ဖေဖေ့အသရေကို မမီနိုင်ပြီ။

"ဒါကြောင့် ... အလုပ်ကို ဒီလောက်ကြိုးစားလုပ်ပြနေတာကို"

ဤအတွေးက ရင်ထဲမှာ ရုတ်တရက်မင်းမူသည်။ မကြည်ဖြူနိုင်ခြင်းဖြင့် နှစ်လိုခြင်းကင်းခဲ့ရသည်။ ဒီအသက်အရွယ်ဟာ အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ အရွယ်လွန်ပြီဟု မဆိုနိုင်ဘူးဆိုလျှင်တောင် အရွယ်ရှိသေးသည်ဟုလည်း ပီပီပြင်ပြင်မဆိုသာပါ။ ပဈှန်၏ဆန္ဒအတိုင်း ပြောရပါလျှင် ...

"အရွယ်ကုန်ပါပြီ၊ အရွယ်မရှိတော့ပါဘူး" ဟူ၍။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ဟစ်မ်းယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲသို့ ဘယ်လိုထည့်လိုက်နိုင်မှာလဲ။ မထည့်ရက်၊ မထည့်ချင်။ နမြောသည်။ ရှက်သည်။ မျက်နှာပူသည်။ မကြံအပ်မစည်ရာဟု မေမေ့ကို အပြစ်တင်လိုသည်။ ထိုထိုသော ခံစားမှုများကို အခြေခံပြီးသည့်အခါမှာ ကိုယ်နှင့်စာလျှင် ခပ်နွမ်းနွမ်းပါးပါးထဲကဖြစ်နေသော ဦးတိုးမြိုင်ဟာ မေမေ့ပစ္စည်းတွေကို မက်မောလို့ပဲဟူ၍ တပ်အပ်စွဲမိတော့သည်။ အပြစ်မြင်သည်။

"ကျွန်တော် သဘောမတူဘူးမေမေ"

တစ်ထိုင်ထဲ ပယ်ချပစ်ခဲ့ပါ၏။

အပြစ်များက ဆန်းကျယ်သည်။ သက်ပုံဟာ ကလိန်ကကျစ်ဉာဏ်နှင့် ကိုယ့်ဆေးရုံမှာလာလုပ်သည်ပဲထား၊ ကိုယ်ကချစ်မိမသွားလျှင် ခုလိုခံစားရဖို့မရှိပါ။ အညာခံရသူအဖြစ် ရှက်စိတ်နာစရာလည်း အကြောင်းမရှိတော့၊ ချစ်မိသော ကိုယ်သာ လွန်မင်းသူတည်း။

"ကျွန်တော့်ဆီမှာအလုပ်ဝင်တာ အရှက်ခွဲပြီးမှ အလုပ်ထွက်သွားတာတွေ သူက အန်ကယ်လ့်ကို ပြန်ပြောလား"

လေသံက နည်းနည်းပါးပါး မာရေကျောရေများဖြစ်သွားသလား ... ချက်ချင်းတွေးဖြစ်သည်။ ဦးတိုးမြိုင်ကို ဟိုအရင်တုန်းကလို "အန်ကယ်လ်မန်နေဂျာကြီး" ခေါ်ပြီး တရင်းတနှီးပြောဆိုဆက်ဆံလိုစိတ်ကင်းခဲ့မိတာ ကိုယ်များသလား။



"ပြောတယ် ... ပြောပါတယ် ကိုပစ္စုန်၊ အစကအဆုံးပေါ့၊ ပြောပြီးဆိုတော့လည်း ဘာတစ်ခုမှချန်မထားခဲ့ပါဘူး"

ဦးတိုးမြိုင်၏ ဝါကျနှင့် လေယူလေသိမ်းတို့က သိမ်မွေ့ညက်ညောစွာ၏။ ယဉ်ကျေးပျူငှာရှိ၏။ ပစ္စုန်သည်သာလျှင် မာရေကြောရေဖြစ်လိုက်၊ ပြန်ထိန်းရနှင့် မပြေမပြစ်ဖြစ်တော့သည်။

"ကိုပစ္စုန့်အမေဆီက သိန်းသုံးဆယ်သွားတောင်းတဲ့ကိစ္စကိုလည်း ချန်မထားခဲ့ပါဘူး"

ပစ္စုန် အားနာလိုက်ရ၏။

ကိုယ့်အမေကို "ချစ်သည်" ဆိုတုန်းက ယတိပြတ် ငြင်းဆိုခဲ့တာကို ... ဦးတိုးမြိုင် မသိမဟုတ်၊ သိမှာသေချာသည်။ သူ့သမီးကျတော့ ကိုယ်ကချစ်ပြန်သတဲ့။ ကိုယ်ဟာ တကိုယ်ကောင်းတစ်ဘို့သမားတော့ဖြစ်ပါပြီ။

"မြိုင်လေးက စိတ်လိုက်မာန်ပါတွေရှိတယ်၊ အဲဒီအခါမှာ မှားတတ်တယ်၊ မြိုင်လေးလုပ်ခဲ့သမျှ အပြုအမူတွေအားလုံးဟာ ရိုးသားမှုမရှိတဲ့အတွက် အန်ကယ်လ် တောင်းပန်တာပါ"

ပစ္စုန်က ပို၍ အားနာသွားရပြန်၏။

"လူငယ်ဆိုတော့ သူများတကာ မလုပ်တဲ့အလုပ်မျိုးတစ်ခုကို ကိုယ်ကလုပ်ပြလိုက်နိုင်ရင် ... ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုယ် ဟီးရိုးထင်တဲ့သဘောပါပဲ"

သက်ပုံ ... မင်း ကိုယ့်ကိုချစ်တယ်ဆိုတာ ဟီးရိုးလုပ်ခဲ့ရဲ့ သက်သက်ပဲပေါ့။

"ကိုပဈွန် ခွင့်လွှတ်နားလည်ပေးဖို့ အန်ကယ်လ် တောင်းပန်တာပါပဲ၊ မြင်လေးက မိုက်တယ်"

မိုက်တယ် ... ဆိုတာ၊ ဘယ်အမိုက်အမဲကို ဆိုလိုပါသလဲ။ ပဈွန်ကိုချစ်တဲ့အတွက် အမိုက်အမဲဖြစ်ရပ် လို့ဆိုချင်တာလား။

"ကျွန်တော် ဘာလုပ်ပေးရမလဲ အန်ကယ်လ်"

ဘာကြောင့်မှန်းမသိ ... အကြောင်းရင်းကို နိုင်လုံစွာ မပြောနိုင်သေမယ့် ... ပဈွန် တော်တော်အားနာ ပါးနာ ဖြစ်နေရသည်။

"ဘာမှလုပ်ပေးဖို့မလိုပါဘူး၊ ဝတ္တုလိုလို ရုပ်ရှင်လို လို စိတ်ကူးယဉ်တိုင်း လျှောက်လုပ်သွားတဲ့အမှားကို တောင်းပန်တာပါပဲ၊ ဒါကို အန်ကယ်လ်မသိလိုက် လို့ မတားမိလိုက်ဘူး၊ သိတဲ့အခါမှာ သိရက်နဲ့ ငြိမ် နေရင် ... အန်ကယ်လ် လူကြီးတစ်ယောက်အနေ နဲ့ ဘယ်ကောင်းမလဲ၊ ဒီလောက်ပါပဲ"

"သူ ... အလုပ်ထွက်သွားပြီ အန်ကယ်လ်"

"သိပါတယ်"

"ပြန်လုပ်ဖို့ဆန္ဒရှိမလားမသိဘူး၊ ဒီလိုလေ ... သူ လုပ်ချင်တာလည်း လုပ်ပြီးသွားပြီလေ၊ နောက်ပိုင်း



စိတ်သစ်လူသစ်နဲ့ အလုပ်ပြန်ဝင်ချင်စိတ်ရှိရင် ကျွန်တော် လက်ခံချင်ပါတယ်"

"မလုပ်ရတော့ဘူးပြောတာပဲ၊ သူ ... သိပ်ငိုလိုနေမကောင်းသေးဘူး"

"ဘာဖြစ်တာလဲခင်ဗျ ... သူ ခုတလောခေါင်းမူး တက်တက်တယ်နော်"

"အရေးတော့မကြီးလှပါဘူး၊ မိုင်းရမ်းစ်အဝင်ဖုံက်ရှင် Virus Infection ပါပဲ၊ နားထဲရောက်သွားတော့ Balancing နည်းနည်းအောက်တယ်၊ မျက်စိမှိတ် လိုက်ရင် ပြုတ်ကျသွားတတ်တာမျိုးပေါ့၊ ခေါင်းမူး မူးနေတယ်၊ ဆေးသောက်ပြီးနားလိုက်ရင် ကောင်း သွားမှာပါ" ...

"အန်ကယ်လ်" ခေါ်လိုက်ပြီးမှ ပြောသင့်မပြောသင့် ချင့်ချိန် ရတော့သည်။

"ဟိုလေ ... ကျွန်တော် ... ဒီလိုပါ၊ သူ့နေမ ကောင်းတာကို ကျွန်တော် သွားကြည့်ခွင့်ရှိလား ခင်ဗျာ" ...

တစ်ချိန်လုံး မာကြောနေခဲ့ရှင့် မပြုံးခဲ့ သော ... ခါကျမှ တွေ့ရ ... ခရီးတော့လည်း ... ပြုံးလွန်း လို့ ... မျက်လုံးတွေ ... ငြိမ်ပြုံးပြုမဖြစ် ရှိရ ပြန်၏။

www.burmeseclassic.com



"မိတ်ဆွေတွေပဲ ကိုပစ္စုန်"
"ကျေးဇူးတင်လိုက်တာ အန်ကယ်လ်"
"အန်ကယ်လ် နောက်ဆုံးတစ်ခုပြောချင်တာကတော့ အန်ကယ်လ် ဒီကုမ္ပဏီကို မဝင်ခင်မှာ အန်ကယ်လ်ဟာ ရုံးဝန်ထမ်းတစ်ဦးလုပ်ခဲ့သူပဲ၊ ရာထူးအဆင့်အနေနဲ့လည်း အထိုက်အလျောက်တော့ ကြီးတယ်ဆိုပါတော့ ...
"အန်ကယ်လ် ရုံးကားရပါတယ်၊ ရုံးကထုတ်ပေးတဲ့ ခေတ်ဆီလက်မှတ်တွေ၊ တစ်လအတွင်း စီးလို့မကုန်ရင် ပြန်အပ်ပါတယ်၊ မတရားအခွင့်အရေး ဘာတစ်ခုမှမယူခဲ့ပါဘူး၊ အဲဒီအတွက် အန်ကယ်လ်ဟာ မဆင်းရဲလှပေမယ့် မချမ်းသာဘူး ...
"စီးပွားမဖြစ်ဘူးပေါ့၊ ဒါပေမယ့် ... အန်ကယ်လ် နေရစားရတာ သိပ်စိတ်ဖြောင့်တယ်၊ လိပ်ပြာသန့်တယ်၊ လူမချမ်းသာပေမယ့် စိတ်ချမ်းသာတယ် ကိုပစ္စုန်၊ မြိုင်လေး အခုလုပ်သလို ကလီကမာလီစယ်မှုပေါ့လေ၊ အဲဒါမျိုးလည်း အန်ကယ်လ် တစ်သက်လုံး တစ်ခါမှမလုပ်ဖူးဘူး ...
"အဲဒါ ကိုပစ္စုန်ကိုပြောတာပါ၊ အဲဒီတစ်သက်လုံးရဲ့ခံယူချက်စိတ်ဓာတ်ကြောင့် ကိုပစ္စုန်ကို အန်ကယ်လ် တောင်းပန်တာပါ၊ မြိုင်လေး ထင်ရာတွေလျှောက်လုပ်တာ တော်တော်ရှက်စရာကောင်းပါတယ်"



"ကျွန်တော် ခွင့်လွှတ်လိုက်ပါပြီ အန်ကယ်လ်၊ ဘယ်လိုမှသဘောမထားပါနဲ့တော့၊ လေတိုက်လို့ သစ်ရွက်လှုပ်သလိုပဲ သဘောထားလိုက်ကြပါစို့"
"ကျေးဇူးတင်ပါတယ် ကိုပစ္စုန်"
"ကျွန်တော်ကလည်း အန်ကယ်လ့်ကို ကျေးဇူးတင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ တစ်ခါမှမရှိခဲ့ဘူးတဲ့ ကိုယ့်ကိုကိုယ်နှိမ့်ချခြင်းကို အန်ကယ်လ်က ကျွန်တော့်ကို တစ်ထိုင်တည်း သင်ပေးလိုက်လို့ပါပဲ၊ ဒါပဲနော် ... အန်ကယ်လ်"
"ကောင်းပါပြီ"

တယ်လီဖုန်းကို ပြန်ချလိုက်သည့်အခါမှာ ပစ္စုန်ထဲမှာ ကြည်နူးမှုတစ်ခု ဖြစ်ထွန်းစံစားရသည်။ ဦးတိုးနှင့် ... ဟိုယခင်က စကားပြောဖူးပါသည်။ အဲသည်းက မေမေ့အလုပ်သမားတစ်ယောက်အဖြစ် တရင်းတဆိုပေမယ့် .. အလုပ်ရှင်သူဌေးမကြီး၏ သားတစ်ယောက်နှင့် မောက်မောက်မာမာ မရှိသည့်တိုင် ကိုယ့်ကိုကိုယ်ချဆက်ဆံတာမျိုး မရှိခဲ့ပါ။ ဘယ်သူ့အပေါ်မှာမှလည်းလုပ်ခဲ့ဘူးပါ။ မေမေသည် စီးပွားရေးသမားကောင်းတစ်ယောက်ဖြစ်သည်။ လူပေါင်းသူပေါင်းဆန့်သည်။ စကားပြေပြစ်သည်ဆိုပြား ... မေမေကိုယ်တိုင်လည်း ကိုယ့်ကိုယ် နှိမ့်ချဆက်ဆံတာမျိုး လုပ်လေ့မရှိပါ။ ကိုယ့်စတိုင်နှင့်ကိုယ် ခပ်တည်တည်လေးနေမြဲ။

www.burmeseclassic.com

မေမေသည်သာ မည်သူ့နှင့်မဆို နှိမ့်ချ
ဆံတတ်သည်။

"မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးမှာ"

မေမေဆုံးမစရာရှိသောစကားများတွင် "အ
ဝနာစဗာလနံ" ကာ စခဲ့၏။ လူမိုက်ကို မပေါင်းရဘူး
ပညာရှိလူလိမ္မာကို မှီဝဲဆည်းကပ်ရမယ်တဲ့။

"ပညာရှိလူလိမ္မာကို ရှာမိတဲ့ကာ မှီဝဲဆည်း
ကပ်ဖို့ပြောလိုက်၊ ပညာရှိကရှောင်ပြေး၊ စိန်ပြေးတာမ်းက
သလိုနေမှာပဲနော် မေမေ" ဆိုတော့ … မေမေက ပ
နားသယ်မှ ဆံပင်လေးတစ်စုကို ဆွဲ၍ဆုံးမ၏။

"အား … မေမေ … နာတယ်"

"နာအောင်လုပ်တာပဲ" … တဲ့။

"ဂါရဝေါစ၊ နိဝါတောစ၊ သန္တုဋ္ဌိစ"
ဆိုတာကိုလည်း မေမေ အဓိပ္ပာယ်ဖွင့်ကြားခဲ့ပါသည်
ရှိသေထိုက်သူကို ရိုသေရမည်။ ကိုယ့်ကိုကိုယ် နှိမ့်ချရမည်
ရောင့်ရဲတင်းတိမ်နိုင်ရမည်တဲ့။ မေမေကျတော့တစ်မျိုး

"တင်းတိမ်ရောင့်ရဲခြင်းဟာ စိတ်ချမ်းသာ
မှန်တယ်၊ မှန်သလည်းရှိတယ်၊ ဒါပေမယ့်
တိုးတက်မှုအတွက်ကျတော့ အတော်အကျ
ကြီးမားချမ်းသာတိုးတက်ချင်တဲ့သူတွေမှာ
ဆိုတာ၊ အမြဲတမ်းအတာတစ်ခုထိတော့ရှိရမယ် တင်း
ရောင့်ရဲနေခြင်းဟာ ကြီးစားမှုကို လျော့နည်း



တယ်" … တဲ့။

ပဓာန်ဟာ မေမေ့သားဖြစ်ခဲ့၏။ မာနကြီးသင့်
သလောက်ကြီးသည်။ လောဘထားသင့်သလောက်ထားသည်။
ကိုယ့်ကိုကိုယ်လည်း လူတော်အဖြစ် ယုံကြည်ခံယူ၏။ ကြိုး
သည်းကြိုးစားသည်။ တစ်ဖက်သားထံမှာ နှိမ့်ချအောက်ကျို
စိတ်ကူး … ဘယ်တုန်းကမှ မရှိခဲ့ပါ။ မရှိဆို … ချစ်
သူကိုတောင်မှ ဒူးထောက်ပြီး အချစ်တောင်းဖို့မရည်ရွယ်ခဲ့
ပါ။ ဒူးထောက်မှရမည်ဆိုလျှင် အပယ်ရကိုတောင် ကြံကြံခံဖို့
စိတ်ကူးရှိခဲ့၏။

ခုတော့ … ဦးတိုးမြင့်ဆိုသောသူက နှိမ့်ချ
ခြင်းဖြင့် ယဉ်ကျေးမှုကို လက်တွေ့သင်ပြသွားခဲ့ပြီ။ ဒါကို
အတုယူလိုက်ရမည်လား၊ ဦးတိုးမြင့်မှာ လျှို့ဝှက်ဆန္ဒတွေရှိ
နေလို့ … ဒါတွေအတွက် အလိမ္မာသုံးသွားတာရော မဖြစ်
နိုင်ဘူးလား။ ကိုယ်ဆိုလျှင်တော့ … နှိမ့်ချရမည်ဆိုလျှင်
အလိမ္မာတောင် သုံးဖြစ်မှာမဟုတ်သည်မို့ ဦးတိုးမြင့်ကို မျိုး
တော့ချီးကျူးရမည်သာတည်း။

***

www.burmeseclassic.com

## အခန်း(၁၀)

စာမလာ သတင်းမကြားရသည်မှာ ... ပြ
ပြီဖြစ်ပါ၍ အောက်မေ့တာသ ... သတိရနေသူပါ။

ဖိုးဆွေက သီချင်းတစ်ပုဒ်ကို ဆွေးဆွေး
မြေ့ ဆိုနေ၏။

"ရွာကသူငယ်ချင်းဆီက စာမလာဘူး၊ စာရေး
လဲ မပြန်ဘူး ကိုလေးရယ်"

ဟု လာညည်းနေ၏။

"ယောကျ်ားများရသွားပြီလားလည်း မသိပါဘူး"

သူငယ်ချင်း ... ယောကျ်ားရမှာစိုးနေသ
ဆိုတော့ ... မိန်းကလေးပေါ့။ ရိုးရိုးသူငယ်ချင်းဆို
ပွေမ်းလောက်အောင် ပူဆွေးနေရမှာလား။ ဖိုးဆွေ ...
ကသာ ဘာမှမဟုတ်တာ၊ ရည်းစားက ရွာမှာတစ်ယော



မန်နေဂျာမမ ဆရာဝန်နောက်တော်ပါ ... ပါးဖောင်းဖောင်း မလေးကတစ်ယောက်။ အော် ... သူတို့များတော့လည်း နှစ်ယောက်ထဲက တစ်ယောက်လျှော့တာကိုတောင် သေလု မျောပါးဖြစ်နေသေး။ ဒီကောင်က အသဲကြီးတစ်ခုလုံး ပွဲကြွေ နေတာကွ ... ဟု အော်ချင်၏။ ကိုယ့်အခန်းထဲ ကိုယ် နေရင်းပေမယ့် ... အခန်းတံခါးနှင့် ပြတင်းပေါက်တွေ ဖွင့်ထားသည်မို့ အပြင်ကအသံတွေဝင်နေ၏။ ဖိုးဆွေ ဘယ် နေရာကဆိုနေသည်မသိ၊ ကြေကွဲသံအက်အက်ကြီးကတော့ အခန်းထဲထိ ဝင်လာသည်။

စာမလာ ... သတင်းမကြားရသည်မှာ ...

သူ့အသံဝါကြီးဖြင့် အော်ပြန်၏။ ပဈွန် ပြ တင်းပေါက်တွေ ထ,ပိတ်သည်။ အခန်းတံခါးကိုလည်း ပိတ် လိုက်သည်။ တံခါးတွေ ဒီလောက်လုံအောင်ပိတ်လိုက်လျှင် ဆယ်လူလာက တစ်ခါတစ်ခါ အသံတိုးနေတတ်သည်မို့ ... အိပ်ခန်းထဲမှာ လိုင်းခွဲထားသော တယ်လီဖုန်းဆီ အကြည့် ကလွှင့်ခနဲရောက်သည်။ စိတ်ကပြေးသွားနှင့်ပြီဖြစ်လေ၏။ သက်ပုံ ... ကိုယ့်ဆီဖုန်းဆက်ဆက်နေတာပဲ။ အဲဒီတုန်းက တော့ သက်ပုံမှန်းမသိခဲ့။ အသံကို အစ်တစ်တစ် စူးရှရှ ဖြစ်အောင်လုပ်ပြောခဲ့၏။ ထင်လည်းမထင်မိသည်မို့ သေချာ မစေ့ငုမိတာလည်းပါမည်။ သူမက ... ဦးတိုးမြင့်သမီးဟု တော့ အဲဒီတုန်းက ဝန်ခံခဲ့သည်ပဲ။ ပဈွန် ... တယ်လီ ဖုန်းကို ကောက်မ,လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သားက . တကယ်မြတ်နိုးရှာပုံရတယ်၊ သားကိုသနား တာပါပဲ၊ မြိုင်လေးကိုလဲ အပြစ်မတင်ပါဘူး"

ဒီအခါ မေမေက ဦးတိုးမြိုင်နှင့်စကားပြော နေသည်ပဲ။ အဲဒါတွေပြောကြပါလိမ့် မှာ ဆက်နား ထောင်ချင်ပေမယ့် ... လူ့ယဉ်ကျေးမှုအရ စကားပြောခွက် ကို ချလိုက်ရသည်။ ကိုယ်တကယ်ချစ်လိုက်မိတာ မေမေ တောင်ရိပ်မိပြီဆိုတော့ အချစ်ခံရသူ ကြာယက်ရှင်က မခံစားတတ်တော့ဘူးတဲ့လား။ သူ ခံစားနိုင်မှာပါ။ သူ မသိ ပဲနေပါ့မလား။ ဒီလောက် ... ရင်ခွင်ကြီး မြန်းမြန်းကွဲ အောင် ချစ်ခဲ့ရတာ။ သူ ... ရက်စက်ချင်လို့ ရက်စက် နိုင်ရဲ့ တမင်တကာ ကြိုတင်စီစဉ်ကျူးနှင့် ရက်စက်ပိုင်းဖြတ် သွားခဲ့တာပဲ။ ကိုယ့်အချစ်ကို နားမလည်လို့တော့ မဖြစ်နိုင် ပါ။ ကိုယ်ဆိုသောကောင် ခပ်ရိုင်းရိုင်းနှင့် သောက်ရူး ဟုပဲ ကိုယ့်ကိုကိုယ် အဲမစ်လိုက်ချင်စရာအကောင့်ကဲ ... ကိုယ့်အသည်းကို လာခွဲမည့်မိန်းမကိုမှ တစ်သက်မှာ တစ် ခါတော့ ချစ်မိသွားရသတဲ့။ အေးလိုက်စမ်း ... အသည်း ကွဲတာယ်ဆိုတာ စပ်ဖျင်းဖျင်းလေးလားသိချင်လို့ . မိန်းမရိုင်း ကိုမှ တစ်ဘဝလုံးမှ ချစ်လိုက်မိတာလား။ သက်ပုံနှင့် ... နေတာ ဒီအချစ်တွေကို မင်းဆီ ။ အဲဒါပုံပြီး နှင်းမိတော့ကွာ၊ နားလည်ပြီလား ...

"ဦးခုန်တို့ သိမ်ကျောင်းခဲ့တာပဲနော်" တဲ့။

သူမ အဲဒီစကားကို ပြောခဲ့တာ ပြော၏။ ကိုယ်



ကိုကိုယ်လည်း ကံကောင်းလှသားထင်ထားခဲ့တော့ ... သူ့ စကားကို သဘောကျစွာရယ်နေပေးလိုက်၏။ ဒါမျိုး စကား ပြောလာတော့ ... ဘာရယ်မဟုတ် ပြန်မေးဖြစ်၏။ မေးလိုက်ခြင်းမှာ သူ့စကားကို ကိုယ်က ပြန်ထောက်ပေး တာမျိုး အပြန်အလှန်ပြောစကားအဖြစ် ပြန်မေးပေးလိုက် ခြင်းသာဖြစ်လျက် မေးပြီးတော့မှ သူ့ရင်ထဲမှ ခံစားချက် ကို သိခဲ့ရသည်။ အဲဒီတုန်းကတော့လည်း သူ့နားစရာအ ကောင်းသွားလေ၏။

"ဘာဖြစ်လို့ ကံကောင်းတယ်လို့ ခဏခဏပြောနေ တာလဲ"

"ကံကိုကို ကောင်းနေတာပဲ ဦးခုန်ရဲ့ ကံကောင်းခြင်း နဲ့ယှဉ်ကွဲပြီး မွေးဖွားလာခဲ့တယ် လို-တ-ရ ဆို တဲ့ ဦးခုန့်မှ အစစ်လေလကိုညှိုးသွန်ရာ ရေဖြစ်တယ်၊ မိန်းမတစ်ယောက်ဆီက အချစ်ကိုတောင် မပင်မပန်း သက်တောင့်သက်သာရနိုင်ခဲ့တယ်"

"ဘာတွေလို့လဲ"

"မိန်းမအသားတစ်မှာ ချစ်ပါတယ်အပြေအမှတ်ချိန်ထဲ ကိုယ့်သက်ကျ အသက်စီးရှိတာ အသာကျဲ့သားတွေက ချစ်တယ်၊ ချစ်ပါရစေလို့ တောင်းဆိုလာတဲ့အခါလေး တစ်ချက်ပဲ မိန်းမသားက ရွေးဆိုင်ပြီး အသာကိုကို အချိန်ဆွဲပြီးယူလို့ရတယ်"

"ချစ်သူတို့ဘဝမှာ မိန်းမသားတောင်ကိုယ်ကျွေကိုယ်

www.burmeseclassic.com



ထိန်းနိုင်မှ၊ တန်ဖိုးမဆုံးအောင်နေနိုင်မှ ... မင်္ဂလာ ဆောင်တဲ့အခါမှာ တစ်သက်တာမင်္ဂလာကို ဆင်နွှဲ ခွင့်ရတာတ်ပါတယ်၊ မိန်းမသားက တန်ဖိုးမဲ့သွားပြီ ဆိုရင် ... ကိုယ့်ဣန္ဒြေကိုယ် မထိန်းခဲ့လို့ ကိုယ့်ဘဝ လေး ပျက်စီးခဲ့ပြီဆိုရင် ...

"မင်္ဂလာဆောင်လေးတစ်ခု ဖြစ်မြောက်အောင် အောင့် ကျိတ်ပြီး ... ကြောင်းပန်ယူကြရတာပါ၊ အဲဒီအခါမှာ သတို့ သားကိုယ်တိုင်ကပဲဖြစ်ဖြစ်၊ သားရှင်ကပဲဖြစ်ဖြစ် ... မာရေကြောရေလုပ်လဲ သတို့သမီးခမျာ မျက်နှာငယ် ရတာပါပဲ ...

"ဒီတော့ ... မိန်းမသားဘဝမှာ ကိုယ့်ဘက်က အ သာစီးရတာဆိုလို့ တစ်ချိန်ကလေးပဲရှိတယ်၊ ချစ်ခွင့် တောင်းခံရတဲ့အချိန်၊ အဲဒါကို ပြောင်းပြန်ပြောမယ် ဆိုရင် ဘယ်လောက်ပဲ ပြီးပြည့်စုံနေတဲ့ လိုတရမင်း သားဖြစ်ပစေ ...

"သူတကယ်ချစ်တဲ့သူကို ချစ်ခွင့်ရချင်တဲ့အခါမှာတော့ ဒူးထောက်တောင်းပန်ရတော့တာပဲ၊ အောက်ကျို့အသ နားခံရတော့တာပဲပေါ့ ဦးဇုန်ရဲ့၊ အဲဒါကြောင့် ... ယောကျ်ားတစ်ယောက်ဟာ အရာရာပြည့်စုံလို့ ဘယ် တုန်းကမှ အောက်ကျို့အညံ့ခံခဲ့ရတာမျိုးမရှိဘူးတဲ့ မာ နမင်းသားဆိုရင်တောင် ...

"ချစ်သူဆီကအချစ်ကိုရဖို့အတွက်တော့ တစ်သက်တာ



ကြိမ် အညံ့ခံရတာပဲ၊ အဲဒီ အောက်ကျို့ဒူးထောက် ရတာမျိုးလည်း ဦးဇုန် မလုပ်ခဲ့ရဘူး၊ ဦးဇုန်ချစ်ပါ တယ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့အချစ်ကို ဦးဇုန် ... လွယ်လွယ်ကူကူရခဲ့တယ် ...

"ဒီတော့ ဦးဇုန်လောက်ကံကောင်းတဲ့ယောကျ်ားမျိုး တလောကလုံးမှာ ဦးဇုန်တစ်ယောက်ပဲရှိမယ်လို့ထင် တယ်"

"ကိုယ်က လွယ်လွယ်ကူကူမရခဲ့ပါဘူးကွာ၊ မရမှာ စိုးလွန်းလို့ ရင်ထဲမှာပူနေတာ"

"ကျွန်တော့်ဘာသာ ခေါင်းညိတ်ခွင့်တောင်မပေးပဲ ကျွန်တော့်ခေါင်းကို ဦးဇုန်က ဖိချပြီး ညိတ်ခိုင်းခဲ့ တာ"

"ချစ်စဖွယ်လေး ... ဒါကို မင်းက စိတ်နာနေတာ လား"

"စိတ်နာတာတော့ ဘယ်ဟုတ်ပါ့မလဲ ... လဝိုင်း နှစ်ဝိုင်းလေးချီပြီး မှုမထားနိုင်တဲ့ ကိုယ့်ဖွဲ့ညွှံ့ခွဲပျော့ ကိုပဲ အပြစ်တင်ပါတယ်၊ တစ်သက်မှာတစ်ခါ အ သာစီးလေးမရဘူးလိုက်တာကို အမြဲကို ကြေကွဲတမ်း တနေမိတယ်၊ တကယ်တော့ ... ကျွန်တော်က ဦး ဇုန်ကို သိပ်ချစ်နေမိတော့ အသာစီးယူဖို့မေ့သွားတာ"

"ကြေပါပြီကွာ၊ ဒီအပြောလေးကြောင့်ပဲ ကိုယ်တစ် သက်လုံး အနိမ့်စီးမှာနေတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အော် . . . အဲဒီတုန်းက ချစ်စွန်းလေးတွေဟာ မှုတော့လည်း ရွှမ်းစွတ်ဖွယ်စကားလေးတွေဖြစ်ရပါပေါ့လား။ တကယ်တော့ မင်းညာခဲ့တာပဲ သက်ပုံရေ။ မင်းက ကိုယ့်ကိုသိပ်ချစ်လို့ အသာစီးယူဖို့ မေ့လျော့ခဲ့တာမှမဟုတ်တာပဲ။ ဂုဏ်မာနအရှုံးခွဲပြီး ကိုယ့်မာနကို အပိုင်းပိုင်းခုတ်ထစ်ဖို့အတွက် ရလာတဲ့အခွင့်အရေးကို မင်း မလွှတ်တမ်းဖမ်းဆုပ်လိုက်ခြင်းသာလျှင်ဖြစ်တယ် . . . ခုတော့ ကိုယ်နားလည်ပြီ သက်ပုံ။ မင်းဟာ [illegible] လိုမိန်းမပဲ။"

"တီ . . . တီ"

အိမ်တွင်းသာလျှင် ပြောလို့ရဖို့ တစ်ခန်းနှင့်တစ်ခန်းဆက်ထားသော စကားပြောခွက်ကလေးမှ အသံ မြည်လာသည်မို့ . . . ပစ္စုန် ကောက်ကိုင်လိုက်သည်။

"မေမေလား"

"အေး . . . သား၊ မေမေ အပြင်နဲ့ဖုန်းပြောလို့ ပြီးသွားပြီ၊ သားပြောလို့ရပြီလို့ လှမ်းပြောတာပါ"

"ကျွန်တော် ကြားကြားချင်း ပြန်ချလိုက်ပါတယ် မေမေ"

"အင်းပါ သားရယ်၊ ဦးတိုးမြင့်က သားကို တောင်းပန်ခိုင်းပါပြီတဲ့၊ မေမေ့ကို ထပ်တောင်းပန်တာပါ၊ မေမေ့ကို ခုတလော ဆိုက်ထဲမရောက်လို့ မတွေ့တာနဲ့ ဖုန်းလှမ်းဆက်တာ"

"မေမေ" နေကောင်းရဲ့လား"



"ပရက်ရှာနည်းနည်းများနေတယ် သားရယ်၊ ခါတိုင်းဆိုရင် အေးဆေးသောက်ရင် ချက်ချင်းလိုကျတာ၊ ခုမှာလော တစ်ရာခြောက်ဆယ် တစ်ရာက မကျဘူး"

"ပုံမှန်ဆေးရော မေမေ နေ့တိုင်းသောက်တယ်မဟုတ်လား"

"အက်တီနိုလော်လေ . . . မနက်အစောစားပြီးတာနဲ့ သောက်ရမှာ မေ့တဲ့နေ့တွေရှိလို့ မမှန်ဘူးဖြစ်နေတယ်"

"ဂရုစိုက်မှပေါ့ မေမေရယ်၊ မေမေသောက်တာ နီဖီတဖင်းမဟုတ်ဘူးလား"

"နီဖီတာဖင်းသောက်လာတာ မျက်နှာတွေနည်းနည်း အမ်းချင်တယ် သားရဲ့၊ အဲဒါနည်းနည်းမှချင်လာတယ်။ မျက်နှာကြီးက အနီရောင်သန်းပြီး ထူပူပူနဲ့ ဖြစ်လာလို့ ဆရာဝန်က အက်တီနိုလော် ပြောင်းပေးထားတာ"

"အော်"

ဒါတွေ . . . ကိုယ်မသိခဲ့ဘူးလေ။ မေမေ ဆရာဝန်ကို ဘယ်တုန်းက ဘယ်သူနဲ့သွားပြလိုက်သလဲ။ မေမေမှာ သွေးတိုးရောဂါရှိတာ ကိုယ်အသိ။ ခါတိုင်းလည်း ခြေးခြားရောဂါလည်းကွဲကွဲ ပြမလာဘူး၊ ဆိုလျှင်တော့ တစ်လ ကို တစ်ခါတော့ ဆရာဝန်နဲ့သွားပြရသည်။ မေမေရှိတုန်းက မေမေလိုက်ပို့ခဲ့ဖူး။ အခုမေမေမရှိတော့ . . . နှစ်ခါသုံးခါ ဆို

www.burmeseclassic.com

www.burmeseclassic.com



သလို လစဉ်ပို့ခဲ့ဖူးသည်။ နောက်တော့ ... မေ့နေ၏။

"မေမေ ... ဆရာဝန်ဆီ ဘယ်နေ့သွားရမလဲ"

ဆိုတာ ကြိုတင်သိစိတ်နှင့် မမေးဖြစ်ခဲ့။

"သားရေ ... မေမေနဲ့ ဆေးခန်းလိုက်ဦးမလား"

မေမေက မေးမှပြောမှ သိရသည်ချည်းပါ။

"လိုက်ဆိုရင်တော့ လိုက်ခဲ့မယ်မေမေ၊ ကျွန်တော် ကွန်ပျူတာတော့ရှိနေတယ်"

ကျောင်းပိတ်ရက်မှာ အင်္ဂလိပ်စကားပြောတို့ ကွန်ပျူတာတို့ လျှောက်တက်နေသည့်သင်တန်းတွေနှင့် အချိန်ပြည့်နေတာလည်း အမှန်ပါ။

"မေမေတစ်ယောက်ထဲ အဖော်လိုရင်တော့ သင်တန်း ဖျက်လိုက်မယ်လေ"

သင်တန်းတွေဆိုတာက ကျောင်းလို တစ်နှစ်ပြီးတစ်နှစ် ရက်ရှည်လများတက်ရတာမဟုတ်။ အချိန်တိုတိုအတွင်းမှာ ဦးနှောက်ထဲ ရိုက်သွင်းသလိုမျိုးမို့ သင်တန်းတိုင်းဟာ တစ်ရက်ပျက်လျှင် တစ်ရက်ဆိုသလို သိသိသာသာ ထိခိုက်၏။ တော်ရုံနှင့် မပျက်ချင်။ မဖျက်နိုင်ခဲ့။ မေမေ့ကို ကြည့်လိုက်သည့်အခါတိုင်းမှာ မေမေသည် မိတ်ကပ်ပါးပါး၊ ဆံပင်စုစည်းခပ်တိုတိုနှင့် တစ်ခါမှ လူမမာရုပ်ပေါက်မနေခဲ့ပါ။ ကြော့ရှင်းသပ်ရပ်စွာ အရွယ်နှင့်လျော်ညီစွာ လှပနေမြဲဖြစ်၏။ မေမေ့ကို ရောဂါသည်ဟု တစ်ခါမျှ မထင်မိခဲ့ပါ။ သောကောင်ပေါင်းလဲဝေဒနာခံစားနေရခြင်းလည်း မရှိ



သည်မို့ ... မေမေ ဆရာဝန်ဆီသွားဖို့ကိစ္စကို "တော်ရုံ" ရင်းထဲမှာပဲ ထားမိ၏။

"ရတယ်လေ သားရယ် ... သင်တန်းမဖျက်နဲ့၊ မေမေတစ်ယောက်ထဲပဲ သွားလိုက်မယ်"

"တစ်ယောက်ထဲ ဖြစ်ရဲ့လားဟင်"

"ရတယ် ... ရုံးကမိမိကို ခေါ်သွားလိုက်မယ်"

မိမိဆိုသော မေမေ့စာရေးမလေးဟာ အတွင်း ရေးမှူးမလေးမဟုတ်ပေမယ့် ... မေမေ့လက်ရုံးကလေး ဖြစ်သည်။ အားကိုးရသည်။ အဖော်လုပ်လို့ရသည်။ သို့ပေ ယ့် ... သူမမှာလည်း သူ့မိသားစုနှင့်သူမို့ အခါခပ်သိမ်း တော့လည်း မေမေ့ကို အဖော်လုပ်မပေးနိုင်ခဲ့ပါ။ မေမေက အရေးမကြီးဘူးဆိုလျှင် ... ပန္နက်က အရေးမကြီးသလို နေခဲ့သည်။ ကိစ္စမရှိဘူးဆိုလျှင်လည်း ကိစ္စမရှိသလိုပဲနေခဲ့ သည်။ ခုတော့ တွေးရပြီ။

မေမေ့မှာ အဖော်လိုပါလိမ့်မည်။ ဆေးခန်းသွား ဖို့၊ ရုံဖန်ရံခါ ဘုရားသွားဖို့၊ စီးပွားရေးကိစ္စတွေမှာ ကိုယ် တိုင် ဦးမဆောင်တော့ပဲ၊ ဦးဆောင်သူတစ်ယောက်၏နောက် ပါးမှာ မှီနဲ့လိုက်ဖို့၊ အဖော်ဆိုတာ ရှိလျှင်ကောင်းတာပဲမဟုတ် လား။ သမီးဆိုလျှင်တော့ အောက်သက်ကြေအတွေးနှင့်ပြင် တတ် ကြည့်တတ်စီစဉ်တတ် ဖြစ်ကောင်းဖြစ်မည်။ မိန်းမ သားချင်း အတွေးညီစွာ အပြန်အလှန် အဖော်သဟဲဖြစ်နိုင် ကောင်းသည်။ သားဆိုတာမျိုးက အလိုက်သိတတ်တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ချေ။ "ရတယ်" ဆို ရလိုက်၏။

"နေပစေ" ... ဆို နေလိုက်၏။

... မမေ သွေးနည်းနည်းတိုးနေသည်တဲ့။ အဲဒါကို သတိလည်းမထားမိပါလား။ ပြောမှသိသည်။ မပြောလျှင်မသိ။ ဂရုစိုက်မေးဖို့လည်း သတိတရမရှိ။ ကိုယ့်ဒါတွေကို မြင်လိုက်ရမည်လား။ ဘယ်လောက် အချိုးကျအောင် မွမ်းမံပြင်နိုင်မှာလဲ။ မွမ်းမံပြင်ပြီးပဲထား၊ အချိုးတကျဖြစ်နိုင်ပါ့မလား။ အော် ... မမေ။ သားဆိုတဲ့အမျိုးဟာ အမေကိုချစ်ရှာတဲ့ ချစ်တတ်ပြီး အမေ့အတွက်ဆိုသော ဦးစားပေးအတွေးနဲ့ အလိုက်သိတတ်သူမျိုးမဟုတ်ချေတကား။

"ကျွန်တော်လာခဲ့ရမလား မမေ၊ မမေ့ကို ဘာလုပ်ပေးရမလဲ၊ ဆေးသောက်ပြီးပလား"

"ရတယ်သား ... မမေ ဒိုင်ယာဇီပင် သောက်ထားတယ်၊ အိပ်လိုက်တော့မယ်"

"မူးနေလား ... မမေ"

"မမူးတော့ဘူးသား၊ တစ်ရာ့ခြောက်ဆယ် တစ်ရာမှာ မှန်ပဲ နေနိုင်နေတာကို ဆရာဝန်က မကြိုက်တာ၊ မူးရမယ်တဲ့၊ မမေ စိန်ရှိုင်ရည်မြင့်သလိုဖြစ်နေတာကို မကြိုက်နေ့ တစ်ရာ့လေးဆယ်လောက်နဲ့ နေနိုင်အောင်လုပ်ပေးမယ်လို့ပြောတယ်"

"မမေ ... ဘယ်တော့ ဆေးခန်းသွားရဦးမလဲ"

"မနက်ဖြန်"



"အဖော်ရှိလား မမေ"

ဦးတိုးမြင့် လိုက်မှာလားဟု လျှပ်တစ်ပြက် အတွေးဝင်၍ မေးမိခြင်းပါ။

"အရင်တုန်းကတော့ ဦးတိုးမြင့် လိုက်ပါတယ်၊ သားက ခွင့်မပြုနိုင်ဘူးဆိုတဲ့အချိန်ကစပြီး မမေ သူ့ကို အလုပ်ကိစ္စကလွဲလို့ ကိုယ်ရေးကိုယ်တာမှာ လုံးဝအဖော်မပြုတော့ပါဘူး သားရယ်"

သားပါးစပ်ဟရုံနှင့် အမေက အူဘယ်နှစ်ခွေဆိုတာ မြင်လိုက်ပြီးပါပြီ။ ဦးတိုးမြင့်နှင့် တတွဲတွဲမနေတော့ပါဘူးဟု ပြောချင်ရာ၏။ အမေနှင့်သား ... အနေအထားချင်းက ပြောင်းပြန်လိုဖြစ်ပြီး အမေက သားစိတ်ကြိုက်ဖြစ်အောင် ကြိုးစားနေရသလိုဖြစ်နေ၏။ တကယ်လို့ ... ပစ္စုပ္ပန်က မမေ့မကြည်ဖြူသူနှင့်လက်ထပ်ဖို့ဖြစ်ခဲ့သော် ... ပစ္စုပ္ပန်ဟာ ... ခု မမေနေသလို ကိုယ်ရေးကိုယ်တာမှ ကင်းဖြတ်ပစ်လိုက်နိုင်ပါ့မလား၊ ခုလိုပဲ မမေ့ဆီမှာ မျက်နှာငယ်နှင့် တင်ပြအစီရင်ခံနေရမှာလား။ အော် ... မမေ။ သနားမိပါတယ် မမေရယ်။

"မိမိကလည်း သူ့ကလေးနေမကောင်းလို့ ခွင့်ယူထားတယ်၊ မမေတစ်ယောက်ထဲပဲ သွားလိုက်ပါ့မယ်"

"ကျွန်တော်လိုက်ခဲ့ပါမယ်"

"မမေက လူတွဲနဲ့မှလျှောက်နိုင်တာမှမဟုတ်တာ၊ မူးမော်လည်းမနေဘူး၊ ခေါင်းထဲက နည်းနည်းပူပြီး

www.burmeseclassic.com

www.burmeseclassic.com



မရှင်လန်းရုံလောက်ပဲရှိတာ၊ ရပါတယ် သားရဲ့၊ သား
ရဲ့ဆေးရုံကို ပစ်ထားခဲ့ရဦးမယ်"

ဒေါ်မြစိမ်းရည်ပြခဲ့သော သမားတော်ကြီးကား
ဒေါ်မြစိမ်းရည်ရဲ့ "ပဒ္မာန်" ဆေးရုံကြီးကိုဖွင့်ပြီးသည့်အခါ
မှာ အချိန်မပေးနိုင်တော့၍ လာမထိုင်ပေးနိုင်တော့ပါ။ ဒေါ်
မြစိမ်းရည်ကလည်း ပြလက်စ ဆရာဝန်နှင့်ပဲ ဆက်ပြနေ
ခဲ့၏။

"ကိုယ့်ဆေးရုံမှာလည်း သမားတော်ကြီးတွေရှိလျက်
နဲ့ တခြားဆေးခန်းမှာသွားပြနေတာ ကိုယ့်ဆေးရုံ
ကိုယ် အယုံအကြည်မရှိသလိုပဲ၊ မဖြစ်သေးပါဘူး
ဆရာဝန်ကြီးကိုရင်လည်း အချိန်အတင်းတောင်းမှ
မေမေရင်လည်း ဆရာဝန်ပြောင်းပြီး ကိုယ့်ဆေးရုံ
ကိုယ်ပြမှဖြစ်တော့မယ်"

ဟု မေမေ ပြောပြောနေခဲ့၏။ မေမေ့ဆရာဝန်
ကြီးခများလည်း မေမေ့ကို ခင်မင်ရင်းနှီးနေပြီမို့ ... မေမေ့
ဆေးရုံမှာ လာထိုင်ပေးချင်ရှာပါ၏။

"အချိန်ရအောင်လုပ်ပြီး လာထိုင်ပေးနိုင်ဖို့ ကြိုးစား
နေပါတယ်" ... ဟု ပြောရှာ၏။

မနက်ဖြန်မှာ မေမေ ... ရွှေဘုံသာလမ်းက
ဆေးခန်းတစ်ခုမှာ သွားပြရမည်။

"ကျွန်တော်လိုက်ခဲ့ပါမယ် မေမေ"

"ဒါဆိုလဲ မေမေ ပျော်တာပေါ့ သားရယ်၊ မေမေ



အိပ်တော့မယ်၊ ဒိုင်ယာဇီပင်သောက်ထားပြီး ငိုက်လာ
တုန်း မအိပ်လိုက်ရင် မျက်စိကြောင်သွားတော့ ပို
ဆိုးမယ်"

"ဟုတ်ကဲ့မေမေ ... ဂွဒ်နိုက်"

ဒေါ်မြစိမ်းရည်ကလည်း "ဂွဒ်နိုက်" ဟုဆို
ကာ တယ်လီဖုန်းချသွားခဲ့သည်။ တစ်အိမ်ထဲမှာနေသော သား
အမိအရင်းဖြစ်ပါလျက် တစ်ယောက်နှင့်တစ်ယောက် မျက်
နှာချင်းဆိုင်ချိန်မရ၊ သူ့အလုပ်နှင့်သူ ကိုယ့်အလုပ်နှင့်ကိုယ်
မို့ ထမင်းစားချိန်မဆုံ၊ ကြုံသည့်အရပ်မှာစားသည့်အခါစား၊
အိမ်မှာဆာ သူက,စားနှင့်၊ မျက်နှာချင်းဆိုင်ပြီး စကား
ပြောခွင့်တောင် မရပဲ ဖုန်းဆက်ပြီးပြောနေကြသည်ဆိုသော
အဖြစ်က မြန်မာသားအမိမဆန်ပြီ။ အနောက်ယဉ်ကျေးမှု
ထဲရောက်သွားရလျှင် မြန်မာ့ချစ်စဖွယ် ရင်းနှီးမှုလေး ခန်း
ခြောက်ရမည်။ တို့သားအမိရဲ့ နေရထိုင်ရပုံ၊ နေကြထိုင်ကြ
ပုံဟာ မဟုတ်သေးပါဘူး၊ မမှန်သေးပါဘူးဟု တွေးဖြစ်၏။
အရင်တုန်းက ဒီလောက်ကင်းကင်းစိမ်းစိမ်းကြီးမဟုတ်လှပါ။
မေမေက လက်ထပ်ခွင့်တောင်းရှာ၏။ ပဒ္မာန်က ကန့်ကွက်
၏။ အဲသည်နောက်ပိုင်း ... မေမေ အရှက်ကြီးရှက်ပုံရ
သည်။ ပဒ္မာန်လည်း ရှက်မျက်နှာပူကြီးကြောင့် မေမေ့ကို
ရှောင်သည်။ ပဒ္မာန်ရှောင်မှန်းသိလို့ မေမေက အလိုက်သိစွာ
ပြန်ရှောင်ပေးပုံရသည်။ သူရှောင်ကိုယ်ရှောင်နှင့်ဆိုတော့ ...
သားအမိချင်း ဘယ်လိုမျက်နှာချင်းဆိုင်ဖြစ်တော့မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကြီးတော့ မကောင်းသေးပါဘူးလေ။

ဧဧဧဧ

ဦးတိုးမြင့်၏တယ်လီဖုန်းနံပတ်က အောက်ထပ်ညှိခန်းမှာထားသော တယ်လီဖုန်းနားက စာအုပ်ထဲမှာရှိ၏။ ပဖွန့် တကူးတကဆင်းရှာသည်။ ကိုယ့်အခန်းထဲကိုယ်ပြန်ဝင်သည်။ ဖိုးဆွေရဲ့သီချင်းသံဝါဝါကြီးက တစ်ချက်တစ်ချက်ကြားရတုန်းရှိနေ၏။ ခြံထဲမှာ အသည်းကွဲနေပုံရသည်။ အတွေးတွေက ရှာပြန်ပြီး အသည်းကွဲနေလျှင် ရန်ကုန်က ပါးဖောင်းဖောင်းလေးကို စိတ်မဝင်စားပါနှင့်တော့လား။ ဒီမှာတော့ တစ်သက်တစ်ချစ် တစ်ခုတည်းသော အသည်းလေးဟာ လွမ်းစိတ်နာကြည်းစိတ်တွေမှာ ဒေါသတွေပါ ဖိနှိပ်ပြီး စိစိညက်ညက်ကြေနေလေရဲ့ ဖိုးဆွေရေဟု အော်ပြောလိုက်ချင်ပါ၏။ အခန်းထဲပြန်အရောက်မှာ ဂဏန်းခြောက်လုံးကို လှည့်ဖြစ်သည်။ လက်မှနာရီကိုကြည့်တော့ ညဆယ်နာရီနှင့် မိနစ်ငါးဆယ်။ ဆယ့်တစ်နာရီတောင်ထိုးတော့မည်။ အိပ်များအိပ်ပြီလား။

မေမေနှင့်လည်း စကားပြောလိုက်သေးတော့ နောက်ကျသွားရ၏။ သို့သော်လည်း ... ဒီည ဖုန်းမဆက်ရလျှင် အိပ်လို့မပျော်နိုင်တော့ဘူးလေ။ ရင်ထဲမှာ နာနေတာကို မာနနှင့်တော့ တင်းခံထားတာပါပဲ။ ရမှမရတာ။ ကိုယ့်



အသည်းမှာ ကိုယ်ပဲသိပါသည်။

"အမိန့်ရှိပါရှင်"

ထူးသံလေးက ယဉ်ကျေးရှာ၏။

"မြင့်လေး"

"ရှင်"

လန့်ဖျတ်ထူးပုံကြောင့် ကိုယ့်အသံကို သူမှတ်မိသွားတာ သေချာပြီ။

"လွမ်းလို့ပါ မြင့်လေးရယ်၊ ကိုယ်ဘယ်လိုမှ မနေနိုင်ဘူး"

ခံစားချက်အမှန်ကို ဝန်ခံလိုက်သည်။ သူမဟာ ကိုယ့်ကို ဂလုံစားချေရုံ အရှက်ခွဲရုံ ဟန်ဆောင်ခဲ့သည်ပဲထား၊ ကိုယ့်ဘက်ကအချစ်က သူ့ကိုကြိုးစားပမ်းစား စိတ်ဆိုးဒေါသထွက်ထားသည့်ကြားက လွမ်းစိတ်ကို မထိုးဖောက်နိုင်ခဲ့ပါ။

"ကိုယ် ... မြင့်လေးကိုချစ်ခဲ့တာ တော်ရုံတန်ရုံနဲ့ လမ်းခွဲနိုင်မယ်ထင်လို့လား၊ မြင့်လေး ကိုယ့်အပေါ်မှာ ဂလုံစားချေဖို့ ဟန်ဆောင်ခဲ့လည်း ကိုယ်ကျေနပ်တယ်၊ အဲဒီဟန်ဆောင်စိတ်ကလေးနဲ့ပဲ ဆက်ပြီးဟန်ဆောင်နေပေးမယ်ဆိုလည်း ကိုယ်ကျေနပ်တယ်၊ မြင့်လေးဘက်က ဘာမှမရချင်နေပစေ၊ ကိုယ်ချစ်နေချင်တယ် မြင့်လေးရယ်၊ ချစ်ခွင့်ရနေချင်တယ်၊ မြင့်လေးမျက်နှာကို နေ့တိုင်း ကြည့်မြင်နိုင်ခွင့်မရရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မဖြစ်ဘူး"

ပြောရင်း အသံနည်းနည်း တုန်၏။ ငိုချင်လောက်အောင် စိတ်ဆင်းရဲနေမှုကို တောင့်ခံထားတာ၊ ဘာမှမဖြစ်ပါဘူးလို့ ကိုယ့်ကိုကိုယ် ညာထားခဲ့တာ မနေနိုင်လွန်းလို့ ကိုယ့်အညာကိုယ်စွန့်သည့်အခါ တကယ်ပဲ ထိုင်ငိုချင်စိတ်ဖြစ်သည်။ ယောကျ်ားဆိုသောမာနဖြင့်သာ တင်းခံမထားရလျှင် ကိုယ်ငိုမိပါပြီ။ ခုတော့ ... အချစ်အတွက်နှင့်မျက်ရည်ကျသူတွေကို "လူညံ့" ဆိုပြီး ဟားတိုက်ရယ်မောခဲ့ဖူးတာ ဝင့်လည်မှာစိုးစိတ်နှင့်၊ လူညံ့မဖြစ်အောင် ကြိတ်မှိတ်နေရသည်။

"မြိုင်လေး ဘယ်သူဘယ်ဝါသားသမီးပဲဖြစ်ဖြစ် ... ကိုယ်ချစ်တယ်၊ ချစ်ခွင့်ရချင်တယ်၊ ကိုယ်မခွဲနိုင်ဘူး၊ အချစ်ဆိုတာ ဘယ်လောက်စွမ်းအားကြီးသလဲဆိုတာ ကိုယ်သိပြီ၊ ကိုယ် ... မြိုင်လေးကို သိပ်ချစ်တယ်၊ မရက်စက်လိုက်ပါနဲ့ မြိုင်လေးရယ်"

သက်ပုံ မျက်ရည်ပေါက်ပေါက်ကျပါပြီ။

မာနမင်းသားဟာ အဆုံးစွန်သောအောက်ကျို့မှုဖြင့် အသနားခံနေ၏။ ဒီလိုစကားမျိုး သူ့ဆီကကြားရလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားခဲ့ပါ။ ကိုယ့်လုပ်ရပ်ကို သူ စိတ်ဆိုးမည်။ စိတ်နာမည်။ ပြီးတော့ ... နည်းနည်းပါးပါးတော့ လွမ်းနိုင်သေးပေမယ့် သူ ဘယ်တော့မှ စတင်ဆက်သွယ်လာမှာမဟုတ်၊ လမ်းမှာဆုံလျှင်တောင် သူက ဦး



ဆောင်ရှောင်လိမ့်မည်ဟု ထင်ခဲ့၏။ သက်ပုံမှာတော့ ရင်ကွဲပက်လက်ပါ။

"ကျွန်တော်မှားသွားပြီ ဦးဇုန်ရယ်" ဟု ပြေးမပြောမိအောင် မနည်းကြီးကို ကြိတ်မှိတ်နေခဲ့ရတာပါ။ အဲဒီနေ့ညနေ ... သူ့ကို သိန်းသုံးဆယ်တန်ချက်လက်မှတ်ပြန်ပေးအပြီး၊ အိမ်ရောက်တော့ လူးလိမ့်ငို၊ မှားတယ် ... မှားတယ်နှင့် တစ်ယောက်တည်း အကျယ်ကြီးအော်၊ တကယ်တမ်းကွဲကြပြီဆိုမှ မခွဲနိုင်လိုက်တာမျှားနှယ် ဦးဇုန်ရယ်။

"ဦးဇုန် ခွင့်လွှတ်ပါ၊ ကျွန်တော်မှားတာ၊ ကျွန်တော်မိုက်တာ၊ ကျွန်တော့်ကိုရိုက်ပါ ... ရိုက်၊ ရိုက်"

ဟု ဒူးထောက်၍ ပြစ်ဒဏ်တောင်းမှ ဦးဇုန်ကျေနပ်မည်ဆိုလျှင် ဒူးထောက်ပါမည် ဦးဇုန်၊ ဒီမျက်ရည်သက်သေတွေဟာ အချစ်အတွက် မလုံလောက်သေးဘူးဆိုရင် ... ကျွန်တော် တစ်သက်လုံးငိုသွားတော့မယ် ဦးဇုန်ရယ်၊ တစ်သက်လုံး ခွင့်မလွှတ်ဘူးဆိုရင်တောင် ကျွန်တော်သေတဲ့နေ့မှာတော့ ခွင့်လွှတ်ပါ၊ အသုဘလိုက်ပို့ပါ။ ပန်းစည်းလေးတစ်စည်းပို့ပေးပါ။ ကျွန်တော် အသေဖြောင့်ပါရစေ ဦးဇုန်ရယ်။

တိုက်ခန်းနှစ်လွှာလုံးမှာ တစ်ယောက်ထဲ၊ ငိုလည်းငို၊ ပြောလည်းပြော၊ အော်လည်းအော်၊ အိပ်ရာပေါ်လူးလိမ့်လိုက်၊ အိမ်ရှေ့ဧည့်ခန်း ထွက်ထိုင်လိုက်၊ မီးဖိုထဲဝင်ပြီး အိုးတွေခွက်တွေ နေရာရွှေ့၊ ရေချိုးဘိုင်တွေဖွင့်ချ။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲလိုက်တာ ဦးဇုန်ရယ်၊ အရူးလိုပါပဲ။ ဒီအရူးတွေးက ခေါင်းထဲကို ဘယ်သူထည့်လို့ ဝင်ခဲ့တာလဲ။ အရူးအလုပ်ကိုလုပ်ပြီးမှ ဒီအမှားကို ဦးဇုန်လို မာနမင်းသားက ဘယ်ခွင့်လွှတ်တော့မှာလဲ။ ဦးဇုန် မုန်းသွားပြီ၊ ဦးဇုန် ကျွန်တော့်ကို စိတ်နာသွားပြီမှလား ဦးဇုန်၊ ကျွန်တော်မှားပြီ ဦးဇုန်ရဲ့။

ဆောက်တည်ရာမရတိုင်း ဝုန်းဒိုင်းကြဲထားတာတွေကို ဈေးသွားနေတဲ့အတူနေ အိမ်ဖော်မလေးပြန်လာမှ ရှင်းလင်းရသည်။

"မမ ... ဘာဖြစ်လဲ"

"ရူးတာ၊ ရူးနေတယ်၊ ငါ့နားမကပ်နဲ့"

ခပ်ကြမ်းကြမ်းငေါက်လိုက်တော့ ကောင်မလေးတကယ်ပဲ ထွက်ပြေးတာကို ခြောက်ကပ်စွာအော်ရယ်ပေးလိုက်သေးသည်။ ဖေဖေပြန်လာတဲ့ထိ မျက်ရည်စက်လက်နဲ့ ထမင်းမစားဟင်းမစား စောင့်ခဲ့သည်။

"ဖေဖေ"

ဖေဖေပြန်ရောက်ရောက်ချင်း ရှိုက်ကြီးတငင်နဲ့ပြေးဖက်တဲ့ သမီးအတွက် ဖေဖေ့ခမျာ ကိုယ့်သမီးဘဝပျက်ပလားလို့တောင် ထင်လိုက်ရှာသေးတာ။

"မြိုင်လေး ... ဘာဖြစ်လဲ"

ပခုံးနှစ်ဖက်ကို ဆွဲခါဆောင့်မေးပုံက ကြမ်းတမ်းပေမယ့် ... မြိုင်လေးလုပ်ခဲ့ပုံက ပိုပြီးကြမ်းတမ်းမိုက်ရိုင်းခဲ့ပါတယ် ဖေဖေ။



"သမီး ဘာမှမဖြစ်ပါဘူး၊ သူများကိုသာ သမီးက စော်ကားခဲ့တာ၊ မိုက်ရိုင်းခဲ့တာ"

ဒီဝါကျကို အရင်ပြောမှ ဖေဖေ နည်းနည်းစိတ်အေးသွားပုံနှင့် သက်ပြင်းမောကျခဲ့သည်။

"သမီး .... ပဈွန်ဆေးရုံမှာ အလုပ်လုပ်ခဲ့တာပါ ဖေဖေ"

ဖေဖေ့ အံ့သြဒေါသမျက်ဝန်းကို ရင်မဆိုင်ရဲလို့ ဖေဖေ့ခြေရင်းကြမ်းပြင်ပေါ်မှာထိုင်ပြီး ဖေဖေ့ ဒူးခေါင်းပေါ် မျက်နှာမှောက်ချ၊ ဖြစ်ကြောင်းရယ်မှကုန်စင်ကို ရှိုက်သံတွေနှင့် ဗလုံးဗထွေးပြော၊ ဒီလောက်ငိုနေမှ သမီးရင်ထဲကအချစ်ကို ငယ်ရာကကြီးလာတဲ့ဖေဖေလည်း ရိပ်မိသိရှိသွားလောက်ပါပြီ။

"ကိုယ်လုပ်ချင်တာလုပ်ခဲ့ပြီးမှ ဘာလို့ ဒီလောက်ငိုနေတာလဲ၊ ပြီးပြီလေ"

ဖေဖေက မယုံကြည်နိုင်လောက်အောင် တည်ငြိမ်စွာပြောလွန်းလို့အမော တစ်ချက်ကြည့်ဖြစ်၏။ အော်လူကြီးနှင့်လူငယ်ဆိုတာ ... ဒါ ,... ကွာတာပဲထင်ပါရဲ့။ လူကြီးတွေမှာတော့ အတွေ့အကြုံက ရင့်ကျက်၊ အသက်က စကားပြော၊ ရင်ထဲရှိလည်း မျိုသိပ်နိုင်၊ သင့်မသင့် တော်မတော်ဆိုသော နှိုင်းချိန်မှုကို အခါခပ်သိမ်း ဆင်ခြင်လုပ်ကိုင်နိုင်ကြသူတွေ ထင်ပါရဲ့။

"သမီးမှားပါတယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"မှားတော့မှားတယ်၊ ဒါပေမယ့် ... ပြီးသွားပြီ၊ ငိုနေလို့ ပြန်မှန်မှာမှမဟုတ်ပဲ၊ နေကောင်းဖို့ပဲအရေးကြီးတယ်၊ ဖေဖေတို့သားအဖနှစ်ယောက် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်မနေကြဖို့ပဲ အရေးကြီးတယ်၊ ဖေဖေ့ကို နမူနာယူပြီး ကိုယ့်စိတ်ကိုယ်ထိန်းပေါ့ သမီးရယ်၊ ဒါမှ ... လူလို့ခေါ်တယ်"

ဖေဖေ့ဝါကျက သိပ်မရှည်လှပေမယ့် သက်ပုံကို တရားကျစေဖို့ လုံလောက်ခဲ့ပါသည်။

"သားသမီးတွေလက်ထပ်ခွင့်တောင်းတဲ့အခါမှာ မိဘတွေက နှမြောကြတယ်၊ လောကသဘာဝမို့ နှမြောမြောနဲ့ ခွင့်ပြုကြရတာပဲ၊ ဒီလိုပဲ ... မိဘအလှည့်ကျတော့လည်း တူတူပေါ့၊ မြိုင်လေးက နှမြောမြောနဲ့ ကြည်ဖြူခဲ့ရမှန်း ဖေဖေသိပါတယ် ...

"ကိုပဖွားနှုန်ကကျတော့ မိန်းကလေးရှင်လေ မြိုင်လေးရဲ့၊ မာဇရေကြောရေရှိနိုင်တဲ့ အမြင့်စီးမှာရှိနေတာကို ဖေဖေတို့မြိုင်လေးတို့က နားလည်ခွင့်လွှတ်ပေးရမှာပေါ့"

ဖေဖေက သမီးခေါင်းကိုပွတ်၍ ချော့မော့သည်။

"တိတ်တော့ ... မငိုနဲ့၊ မြိုင်လေးက ခေါင်းကိုက်တတ်ပါဘိသနဲ့၊ ကိုယ်လုပ်ချင်တာလုပ်လိုက်ပြီးပြီ၊ ကျေနပ်လေ၊ ဘာငိုစရာရှိလဲ၊ ဖေဖေကလဲ ဆူမှမဆူတာ"



"သမီးကို အပြစ်ပေးပါဖေဖေ"

"ဘာအတွက်လဲ မြိုင်လေးရဲ့"

"ဖေဖေတို့ရဲ့ ထစ်ငေါ့နေတဲ့ခရီးမှာ ဆူးတွေထပ်ချလိုက်မိပြီ"

"အော် ... ရပါတယ်၊ ကိုပဖွားနှုန်က ခွင့်မပြုဘူးပြောခဲ့တာကို ဖေဖေနားလည်ပေးနိုင်သလို ... မြိုင်လေးရဲ့လုပ်ရပ်ကိုလဲ မြစိမ်းရည်က နားလည်မှာပါပဲ၊ ဖေဖေတို့က လူကြီးတွေလေ မြိုင်လေးရဲ့၊ သဘောထားကြီးကြပါတယ်"

သမီးပခုံးကိုတွန်းကာ ခပ်ပြုံးပြုံးလုပ်၍ ပြောရှာ၏။ စောစောက လျှပ်တစ်ပြက်တွေ့လိုက်ရသော အုံ့သြဒေါသမျက်ဝန်းလည်းမရှိပြီ။

"ဖေဖေ သမီးကို ခွင့်လွှတ်လားဟင်"

"ခွင့်လွှတ်ပါတယ်၊ တစ်ခုတော့ ဖေဖေလုပ်မယ်၊ ကိုပဖွားနှုန်ကိုရော ... မြစိမ်းရည်ကိုပါ ဖေဖေတောင်းပန်မယ်၊ မြိုင်လေးရဲ့လုပ်ရပ်က နည်းနည်းစါးပါး မယဉ်ကျေးဘူးပေါ့ကွယ်၊ အဲဒါကိုပါ"

"ဖေဖေက သူ့ကို ဘာဖြစ်လို့ ကိုပဖွားနှုန်ခေါ်ရတာလဲ၊ မောင်ပဖွားနှုန်ပေါ့"

"အလုပ်ထဲမှာကျတော့ လူတကာက "ဆရာ"ခေါ်ကြတယ်၊ အစ်ကိုခေါ်ကြတယ်၊ ဖေဖေက ကိုပဖွားနှုန်ခေါ်တာ မဆိုးပါဘူး၊ ကိုယ့်တူကိုယ့်သားလည်း နာ

www.burmeseclassic.com

www.burmeseclassic.com



မည်မှာ "ကို" တပ်ပြီး ခေါ်လေ့ရှိပါတယ်"

"ဟို ... ဒေါ်မြစိမ်းရည်ကိုကျတော့ ..."

"ဟိုငယ်ငယ် ... ဖေဖေတို့သူငယ်ချင်းဘဝကထဲက သူ့ကို မြစိမ်းလို့ပဲ ခေါ်ခဲ့တယ်၊ ဖေဖေတို့က ငယ်ငယ်လေးကထဲက သူငယ်ချင်းတွေ"

အော် ... သံယောဇဉ်ဘယ်လောက်ကြီးကြမလဲဆိုတာ သက်ပုံကတော့ ခံစားလိုက်ပါပြီ။ သူဆိုသော မာနမင်းသားက ခံစားရကောင်းမှန်းမှ သိရဲ့လား။ အဲသည်ညက ဖေဖေ့ကြောင့် သက်ပုံ အငိုတိတ်ခဲ့ရသည်။ ဖေဖေက သူ့ဘာသာ တစ်ယောက်တည်း ထမင်းစားသည်။ အိမ်ဖော်မိန်းကလေးကို ...

"နင့်မမလေးကို ကော်ဖီတစ်ကရားနဲ့ ပူတင်းပေါင်မုန့်တစ်ထုပ် အခန်းထဲထည့်ပေးလိုက်" တဲ့။

အလွန် အေးဆေးသိမ်မွေ့စွာ ဖြေရှင်းသွားခဲ့သည်။ သက်ပုံက ကိတ်မုန့်အကောင်းစားတွေထက် ပူတင်းပေါင်မုန့်ကိုမှ မက်မောနှစ်သက်တတ်၏။ ထမင်းစား ... ဟုပြောလျှင် မစားမှသေချာသည်မို့ ဖေဖေ ဖြေရှင်းပုံက ညက်ညော၏။ သက်ပုံ အချိန်သိပ်ကြာကြာမပေါက်ကွဲရပဲ အနယ်ထိုင်သွားခဲ့သည်။ အိပ်ရာထဲမှာခွေ၏။ မျက်ရည်လေးစို့ကာဝဲကာရှိသည်။ ရင်ထဲမှ ဆွေးမြေ့နေသည်။ ခဏကြာတော့ ဗိုက်နည်းနည်းဆာ၏။ ကော်ဖီသောက်ရင်း ဘာကိုမှန်းမသိ ဝမ်းနည်းကာ မျက်ရည်ကျဖြစ်သေးသည်။ ပြီး



တော့ အိပ်ရာပေါ်ပြန်လှဲ ... မျက်နှာကြက်မှာ သူ့ကိုမြင သည်။ လွမ်းမောသွားရသည်။ ဝေးကြရပြီဆိုသည့်အဖြစ်က ရင်ကိုပြင်းထန်စွာ နှိပ်စက်၏။ မငိုဖြစ်တော့ပဲ မချိတင်ဂ ပည်။ သူ့ကိုချစ်ပါသည်။ သိပ်ကိုချစ်ခဲ့မိပါပြီ။ စွာ မသိချင်ယောင်ဆောင်ခဲ့၏။ ရိုင်းစိုင်းသာလုပ်ရပ်ဂ, အကောင်အထည်ဖော်ခဲ့၏။

မှားသည်။

နာကျင်ကြေကွဲခြင်းများစွာဖြင့် ... ခေါင်းမထူနိုင်အောင်မူးသည်။ အိပ်ရာထဲမှာလဲသည်။ ဖေဖေက မသိကျိုးကျင်ဖြင့် ပုံမှန်ဆက်ဆံ၏။ ခုတော့ ... သူ၊ မာနမင်းသား၊ သူ့မာနကို ခဝါချလာပြီကောလေ။

"အသံတိတ်လှချီလား မြိုင်လေး"

ခါတိုင်း ... သက်ပုံခေါ်ခဲ့ပါလျှက် ... မြိုင်လေး တတွတ်တွတ်ခေါ်ခြင်းဟာ ဘာအဓိပ္ပါယ်လဲ။

"စဉ်းစားနေတာလားဟင်၊ ကိုယ်တို့ ပြန်ခေါ်ကြရအောင်၊ ပြီးခဲ့တာတွေအားလုံး မေ့လိုက်မယ်"

သူ့အသံက ညွှတ်နူးနေသည်။ ကလေးပေါက်စချော့သလို ... ည်းရှ၏။

"ကိုယ်တို့နှစ်ယောက် ... ခုမှစပြီးတွေ့ဖူးမြင်ဖူးကြမယ်၊ ပြီးခဲ့တဲ့စ- ျက်နှာတွေဟာ ကိုယ်တို့နဲ့မဆိုင်တော့ဘူးလေ"

သူပြောတာ ဘာအဓိပ္ပါယ်လဲ ... ဟု တွေး

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

"ကျွန်တော်ကလဲ ပြန်ခေါ်ချင်နေပါပြီ ဦးဖုန်ရယ်"

ဟု ပြေးပြောချင်လိုက်တာ။ သို့ပေမယ့် … ပြီးခဲ့တဲ့စာမျက်နှာတွေကို ပြည်ဖုံးကားချတဲ့အထဲမှာ ဖေဖေနှင့်ဒေါ်မြစိမ်းရည်တို့ကိစ္စလည်း ရောနှောပါဝင်ပြီး ပြယ်သွားစေလား။ ကိုယ့်အဖေကို သူ့အမေနှင့် သဘောမတူနိုင်ပါဘူးဆိုသော လူတစ်ယောက်ကို ကိုယ်က ချစ်ပြနေရမယ်တဲ့လား။ ▬

ဘာပဲဖြစ်ဖြစ် … သူဟာ တစ်ကိုယ်ကောင်းဆန်ဆဲပါပဲလေ။ သူ့ဘက်က အမြင့်စီးကိုတော့ လျှော့ချမယ့်ပုံမရ၊ အချစ်ကိုတော့ ယုံလိုက်မိပါရဲ့၊ ကိုယ့်အချစ်တွေကိုလည်း ပုံလိုက်မိပါရဲ့၊ ဒါပေမယ့် … မြိုင်မြိုင်ခင်လေးဆိုတာ ဦးတိုးမြင့်ရဲ့သမီးပဲ ဦးဖုန်ရယ်။

"စကားပြောပါအုံး မြိုင်လေးရယ်၊ မြိုင်လေးရဲ့အသံကိုကြားချင်တယ်"

"မေ့လိုက်ကြတာပေါ့ရှင်"

ဒီဝါကျတစ်ကြောင်းက ဘာအဓိပ္ပါယ်ကိုဆောင်မှန်းမသိပဲ ယောင်ရမ်းထွက်သွားမိခြင်းပဲဖြစ်သည်။ သူက ကိုယ့်စကားသံကိုကြားချင်သည်ဆိုရုံနှင့် ကိုယ်ဟာ ဝါကျတစ်ကြောင်းကို ပြောဖြစ်အောင်ပြောလိုက်သူ ဖြစ်နေသေးသည်။ သူဟာ ကိုယ့်ကို အဲသည်လောက် ပိုင်စိုးလွှမ်းမိုးပါလေ၏။



"မေ့လိုက်ကြမယ်နော် … ပြီးခဲ့တာတွေမေ့လိုက်ပြီ၊ ဝမ်းသာလိုက်တာ မြိုင်လေးရယ်၊ ကိုယ်တို့ချစ်သူတွေပြန်ဖြစ်ပြီ၊ ပြေးလာချင်လိုက်တာ မြိုင်လေးရယ်၊ ကိုယ်ခုလာခဲ့ရမလား၊ မြိုင်လေးကို ပေးစရာလည်းရှိသေးတယ်၊ မြိုင်လေးရဲ့ပိုက်ဆံအိတ်လေ၊ ခြံစောင့်က နောက်တစ်နေ့မှာ ကိုယ့်ဆီလာပို့ထားတာ၊ လာပို့မယ်နော် မြိုင်လေး၊ ကိုယ်လာခဲ့မယ်"

"မှားနေပြီ ဦးပဒ္မုန်"

"ဟင် … မြိုင်လေး၊ ပြန်ပြင်ခေါ်ပါဦး"

"ကျွန်မရဲ့အလုပ်ရှင်သူဌေးဖြစ်ခဲ့ဘူးသူကို ကျွန်မ … ဦးပဒ္မုန်လို့ပဲခေါ်ပါမယ်"

"မြိုင်လေးက မေ့လိုက်ကြမယ်ဆို"

"ဟုတ်ပါတယ်၊ ကျွန်မ မြိုင်မြိုင်ခင်လေးဟာ ပဒ္မုန်ဆေးရုံမှာ စတင်အလုပ်ဝင်တဲ့နေ့ကစပြီး ဒီနေ့ထိကြားကာလအတိုင်းအတာကို ကျွန်မ မေ့လိုက်ပါပြီ"

"ဘာကိုဆိုလိုတာလဲ မြိုင်လေးရယ်"

"ကျွန်မတို့သားအဖဟာ စည်းစိမ်ခံစားလိုမှုတစ်ခုတည်းနဲ့ အိမ်ထောင်ဖက်မရွေးချယ်ကြပါဘူးဆိုတာ ဦးပဒ္မုန်သက်တင်သိစေချင်တာပါပဲ"

ပြောရင်းက မျက်ရည်ကျလာသည်။ ဒီလူကို အသည်းနှစ်အောင် ချစ်ပါသည်။ ချစ်လွန်းလို့လည်း နည်းနည်းကလေးမှ မဝေးလိုပါ။ သူ့အမိန့် သူ့လောင်းရိပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုကျနာခံပြီး စားလို့လည်း ချစ်ခွင့်ရချင်ပါသည်။ သို့ပေမယ့် ... သူ နားလည်အောင် ဘယ်လိုပြောရမလဲ၊ မြိုင်မြိုင့်ခင်လေးဟာ ဦးတိုးမြိုင်သမီးပါ ... လို့ တစ်ခွန်း ပြောရုံနဲ့ သူနားမလည်နိုင်ဘူးတဲ့လား။

"မြိုင်လေး ကိုယ့်ကိုခွင့်မလွှတ်နိုင်သေးတာပဲ"

"ခွင့်လွှတ်ရအောင် ဦးပစ္စုန်သက်တင်မှာ ဘာအပြစ်မှမရှိခဲ့တာ"

"မြိုင်လေးရယ် ... ကိုယ်က မေမေ့အကြောင်းပြောရရင် မျက်နှာပူတယ်၊ ရှက်လည်းရှက်တယ်၊ မေမေ့ကို မြိုင်လေးဖေဖေနဲ့သဘောမတူဘူးပြောခဲ့တဲ့စကားအတွက် မြိုင်လေး ခုထိနာကြည်းနေတုန်းပဲလား"

သူ့မျက်နှာကြီး ရဲတွတ်နေမှာ မြေးမြင်လိုက်တော့လည်း သနားမိသေး၏။ သူ ရှက်တယ်၊ မျက်နှာပူတယ်ဆိုတာတော့ ဟုတ်မှာပေါ့။ ဒါပေမယ့် ... ကိုယ်ရှက်တာတစ်ခုထဲကြောင့် တစ်ဖက်သားကို ငွေမက်သူအဖြစ် စွဲချက်တင်စရာလား။ သူတို့လောက်မချမ်းသာတဲ့အတွက် လူထက်ပစ္စည်းမက်တာပါဟု တစ်ထစ်ချ စွပ်စွဲစရာလား။ ကိုယ့်ကိုကျတော့ သူဒီလို မစွပ်ငဲ့ဘာ့ဘူးတဲ့လား.

"ကျွန်မလိုလူဟာ ဦးပစ္စုန်နဲ့စာရင် သိပ်ကိုဆင်းရဲနွမ်းပါးနေပါတယ်၊ ကျွန်မကို ရှင်ချစ်တယ်လို့မပြောသင့်ဘူး၊ ကျွန်မက ချစ်ပါတယ်ပြန်ပြောခဲ့ရင် ရှင့်ဘက်က နစ်နာတော့မယ်၊ ကျွန်မက လူမက်



တာမဟုတ်ပဲ ပစ္စည်းမက်တာဖြစ်နေနိုင်တယ်လို့ ရှင်မစဉ်းစားမိဘူးလား"

ပြောရင်းက ရင်ထဲနာလှပါသည်။ ဖေဖေ့ ထိထားသည့်မို့ မခံချင်စိတ်ကို ဘယ်လိုမှ ဖျောက်ဖျက်မရသလို၊ သူ့ကို ငြင်းပယ်နေရသည့်အတွက်လည်း အသည်းကြေနေပါသည်။ မေမေ့ကိုလည်း သတိရ၏။ မေမေ့ခများ ဒီပြဿနာကို တမလွန်ကများ ကြားခွင့်ရှိလို့ ကြားခဲ့လျှင် ဘယ်လိုခံစားရရှာမလဲ။ မေမေရေ ... ဖေဖေက ချစ်သူတွေ့နေပြီဟုလည်း တိုင်တည်ချင်၏။ သက်ပုံဟာ ဖေဖေ့ကို မနမြော်လို့ ... မေမေ့ကို မေ့နိုင်လို့ ကြည်ဖြူခဲ့တာမှ မဟုတ်ပဲ။

"မြိုင်လေး ... မြိုင်လေးကို ကိုယ်ချစ်ရမဲ့အချစ်က ပေးဆပ်ခြင်းသက်သက်ပဲဆိုတာ ကိုယ့်ကိုကိုယ် ဝန်ခံလိုက်ရပြီ၊ မြိုင်လေး ကိုယ့်ကို လုံးဝမချစ်ဘူးဆိုလဲ ကိုယ်က ချစ်ခွင့်ရရင် ကျေနပ်ပြီ"

"ဦးပစ္စုန် ... ရှင်ကြားချင်မှာမဟုတ်တဲ့စကားတွေကို ကျွန်မပြောဖို့ရှိနေတယ် ပြောရမလား"

"မြိုင်လေး ... ကိုယ် မြိုင်လေးလို့ တဖွဖွခေါ်ပြနေပြီပဲ၊ နားမလည်သေးဘူးလား၊ ပြောစရာရှိသေးလား"

ဘာအဓိပ္ပါယ်လဲ ... သူ ဖေဖေ့ကို သူ့မေမေနဲ့ သဘောတူလိုက်ပြီလို့ ဆိုလိုတာလား။ ပြောစရာစကား

www.burmeseclassic.com

www.burmeseclassic.com



တွေက ရင်ထဲမှာအပြည့်ရှိနေသည်။ ပြောချင်သည်။ ရန်တွေ့ချင်သည်။ ဒါတွေအားလုံးကို သူ့ခွင့်လွှတ်ကြည်ဖြူမယ်ဆိုရင်တော့ ပြောရမှ ရင်ထဲရှင်းလင်းပေါ့ပါးတော့မှာပေါ့ ဦးဇုန်ရယ်။

"ဦးပဇွန် ... ကျွန်မ နေမကောင်းလို့နားပါရစေတော့"

စကားပြောခွက်ကိုချလိုက်၏။ မျက်ရည်တွေက ကျရပြန်ပါပြီ။ ခေါင်းထဲက တစစ်စစ်ကိုက်၏။ တကယ်ဆို ... ဖေဖေနှင့်ဒေါ်မြစိမ်းရည်ကို့ရဲ့ အိမ်ထောင်သစ်တည်ထောင်ရေးကို သူက သက်ပုံလိုပဲ နားလည်ကြည်ဖြူပေးခဲ့။ သူနှင့်သက်ပုံတို့က အဖေပါနှင့်အမေပါ။ တစ်အိမ်ထဲမှာ မောင်နှမရင်းခြွေတွေလို နေခွင့်ရ။ ဒီကမှ တစ်ရစ်တိုးလို့ ချစ်သူတွေဖြစ်၊ မိဘတွေကလည်းကြည်ဖြူ၊ အဲသည်လိုဖြောင့်ဖြူးချောမွေ့တဲ့ လေ့ခါးထစ်တွေကို တက်လှမ်းခွင့်ရှိနေပါလျက်၊ သူ ဘာဖြစ်လို့ မဖန်တီးခဲ့ရတာလဲ။

ရင်ထဲမှာ တစ်စစီပဲ့ကြွေကျနေရပါပြီ ဦးဇုန်ရယ်။

## အခန်း(၁၁)

ဒေါ်မြစိမ်းရည် ပြသလေ့ရှိသော ဆရာဝန်သမားတော်ကြီးက "ပဇွန်ဆေးရုံ" မှာ အချိန်တစ်ခု ဖြစ်အောင်လုပ်ပေးလိုက်နိုင်၏။ ဒေါ်မြစိမ်းရည်က ကိုယ့်ဆေးရုံမှာပဲ ကိုယ်ပြသခွင့်ရသွားသည်မို့ တော်တော်လေး အဆင်ပြေသည်။ ဒေါ်မြစိမ်းရည် ... သူ့အလုပ်တွေကို ပစ်ထားရသည်။ အလုပ်ခွင်ရှိရာသို့ လုံးဝမသွားနိုင်ခဲ့။ သို့ပေမယ့် ဦးတိုးမြိုင်က လုံးဝမျက်နှာလွှဲရသူမို့ ... အလုပ်မပျက်ခဲ့ပါ။ ဦးတိုးမြိုင်က အလုပ်ကိစ္စတွေကို ညနေတိုင်းမှာ ဖုန်းဆက်သတင်းပို့ပေးသည်။

ပဇွန်သည်သာ ကိုယ့်ဆေးရုံလုပ်ငန်းတစ်ခုထဲမှာ အသုံးမဝင်ဖြစ်နေရသည်။ လူက အလုပ်ထဲမှာရှိနေပေမယ့် စိတ်ကမရှိ။ အလုပ်ဆိုတာကလည်း လူ့အသက်တွေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်ရင်းရသည့်အလုပ်အကိုင်မို့ သူကိုယ်တိုင်လုပ်မှ ပြီးမည်ဆိုလျှင် တော်တော်ဒုက္ခရောက်ရမည့်အဖြစ်ပါ။ ခုတော့ ... ဆရာဝန်ကြီးတွေက ဆေးကု၊ ဆရာမတွေက ပြုစု၊ ဆေးရုံအုပ်ကြီးနှင့် မန်နေဂျာဒေါက်တာမမတို့က စီမံခန့်ခွဲနေကြလို့သာ တော်တော့သည်။ ကိုယ့်အလုပ်ခန်းထဲရောက်တိုင်း သက်ပုံဆိုသော ကောင်မလေးကို လွမ်းလှပါသည်။

"ကိုလေးကလည်း ခက်စရာမရှိ ခက်နေတယ်"

ကိုယ့်မှာ အဖော်ဆိုလို့ ဖိုးဆွေတစ်ယောက်ပဲရှိတော့ ဖိုးဆွေကို မပြောချင်ပါပဲပြောဖြစ်တော့သည်။ ဖိုးဆွေကတော့ လူပျော်ဖြစ်နေပြီ။ သူ့ရွာမှ ကောင်မလေးဆီက စာရပြီမို့ပျော်နေ၏။

"အန်တီကြားရင်တော့ ခေါင်းခေါက်တော့မှာပဲ၊ နှစ်ခုတွဲမင်္ဂလာဆောင်လိုက်လဲ ပြီးတာပဲ"

ဦးတိုးမြင့်နှင့်ဒေါ်မြစိမ်းရည်တို့ ... ဟိုးရှေးရှေးယခင်က ချစ်သူတွေဖြစ်ခဲ့ကြဘူးတာ၊ လူကြီးသဘောတူသူတွေနှင့် ကိုယ်စီအိမ်ထောင်ကျသွားခဲ့တာ၊ ခုမှ ... တစ်ယောက်က မုဆိုးဖို၊ တစ်ယောက်က တစ်ခုလပ်အဖြစ်နှင့် ပြန်ဆုံကြတာ ... ဆိုသော ငယ်ကြောင်းတွေကို သိသည့် သူ၏သမီးတစ်ယောက်က အလုပ်ထဲသို့ရောက်လာသည်မို့ ဒီကိစ္စ ပျံ့သင့်သလောက် ပျံ့သည်။ ဦးတိုးမြင့်လက်ထပ်ခွင့်တောင်းတာ၊ ပန္နန် သဘောမတူတာတွေလည်း ဘယ်ကဘယ်လို သတင်းပျံ့သည်မသိ ပျံ့နေသည်မို့ အိမ်



သားဖြစ်နေသော ဖိုးဆွေသည်ပင် အလုပ်ထဲမှ ပြန်ကြားရပြီးသိရသည်။ ခုတော့လည်း ဖိုးဆွေဟာ ပန္နန်ရဲ့ ရင်ဖွင့်တိုင်ပင်ရာ ဖြစ်ခဲ့ရပြီ။

"လူတွေကလည်း ပြောနေကြတယ်ကိုလေးရဲ့"

"ဘာတွေပြောနေလဲ"

"စိတ်မဆိုးနဲ့နော်"

"ပြောစမ်းပါ"

ပြောစမ်းပါ ... သာဆို နားရွက်တွေက ရဲတက်သွားရသည်။

"ဦးတိုးမြင့်နဲ့ဒေါ်မြစိမ်းရည်နဲ့ လက်ထပ်တော့မှာတဲ့၊ ကိုလေးက သဘောမတူလို့ ဆိုင်းထားတာတဲ့၊ ဒါကိုပဲ တစ်နေ့တစ်နေ့ သတင်းလုပ်ပြီးပြောနေတာပဲ"

"သူတို့မှာ ပြောစရာအကြောင်းအရာ ရှားကြတယ် ထင်ပါရဲ့၊ လူတွေကိုက မကောင်းတာ"

"ဒါပေမယ့် ... တစ်ခုတော်သေးတာက မသက်ပုံနှင်းဟာ ဦးတိုးမြင့်သမီးမှန်းမသိကြဘူး"

"အဲဒီအတွက် မင်းပါးစပ်ပိတ်ထား"

"ရေတောင် ငုံထားသေးတယ်"

"ကောင်းတယ်"

"ကိုလေးက ခုထိလဲ သဘောမတူသေးဘူးလား"

"အဲဒါ ... မင်းအပူလား"

"ရှက်စရာမဟုတ်တာကို ရှက်နေပြန်ပြီဗျာ၊ နှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တွဲမင်္ဂလာဆောင်လိုက်၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်"

"အဲဒီစကားပုံနဲ့မဆိုင်ပါဘူးကွာ"

"ကိုလေးက မသက်ပုံနှင်းကို မတောင်းပန်ဘူးလား"

"နေမလားကွ"

"ဘာတဲ့လဲ ဟိုက ..."

"သူဟာ ဦးတိုးမြိုင်သမီးပါတဲ့"

"အဲဒါ ဘာအစိပ္ပါယ်လဲ"

"ငါလဲမသိဘူး"

"ထင်ရတာတော့ ဦးတိုးမြိုင်ကို လက်ခံမှ သူ့ကိုရမယ်၊ ဒီလိုလား"

"ဟုတ်ချင်ဟုတ်မှာပေါ့"

"ဒါဖြင့် လက်ခံလိုက်လေ"

"လက်ခံပါတော့လို့ ငါ့ကို ဘယ်သူကလာပြောလို့လဲကွာ"

"ပြောထားပြီးသားကြီးမဟုတ်လား"

"ဟိုတုန်းကပြောခဲ့ပြီးပြီ၊ ငါက ငြင်းခဲ့ပြီးပြီ၊ ဘယ်သူမှ လာထပ်မပြောပဲနဲ့၊ ငါကထပြီး ... သဘောတူပြီ သဘောတူပြီ အော်ရမှာလား"

"အန်တီကလည်း ထပ်မပြောဘူးလား"

"ဟင့်အင်း"

"ခက်တာပဲ"



"မြိုင်လေးကို လိုချင်လို့ သူ့အဖေကိုပါ သဘောတူလိုက်တယ်ဆိုတာလဲ မကောင်းပါဘူးကွာ"

"မြိုင်လေးဆိုပဲ ... အဟဲ"

"ခွေးကောင်"

"ကိုလေးက ... အခု တူပြီလား"

"အဲဒါ မင်းအပူမပါဘူးလို့ပြောထားတယ်"

"ကျွန်တော့်ကိုပြောဖို့တောင် ဒီလိုရက်နေရင် ... ဟိုကာယကံရှင်တွေဆို ... ကိုလေး ဘယ်ပြောဖြစ်တော့မှာလဲ၊ စာရေးပါလား ကိုလေးရ"

"အဲဒါပေါ့ ... အရှုးဆယ်ခွန်းပြောရင် တစ်ခွန်းမှန်တယ်ဆိုတာ"

ပဒ္မုန်က တော်တော်ဝမ်းသာသွားပုံနှင့် မျက်နှာတစ်ခုလုံး လန်းသွားရသည်။ ဒီမျက်နှာက ညှိုးနွမ်းစုတ်ပြတ်နေခဲ့တာကြာပြီ။ သန့်လွန်းလို့ ပဒ္မုန်သက်တင်တို့များ ဘယ်အချိန်ကြည့်ကြည့် ရေချိုးပြီးစလားထင်ရသည်ဆိုသော ပြောစမှတ်ကွယ်နေတာ ကြာခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



မြင့်လေး။

မျက်နှာပူရင် ရေးလေးနဲ့ဖြန်းလိုက်၊ ကိုယ် စာကို ချွဲချွဲပျစ်ပျစ်ရေးဟောမလို့ မြင့်လေးရဲ့။

ပထမဆုံးပြောချင်တာက သိပ်ချစ်တာပဲ၊ သိပ် လွမ်းတာပဲဆိုတဲ့အကြောင်း။

မြင့်လေးဆိုတဲ့စကားလုံးရဲ့ရှေ့မှာ အချစ်တို့ အသက်တို့ အသည်းတို့ထည့်ရေးရင်ကောင်းမလား စဉ်းစားသေးတယ်၊ အဲဒါတွေ ခေတ်မမီတော့ဘူးလို့ ဖိုးဆွေကပြောတယ်၊ ခုခေတ်ကောင်လေးတွေ ဘယ်လိုရေးကြသလဲဆိုတော့ ဘယ်လိုမှမရေးကြတော့ဘူးတဲ့။ ခုခေတ်က စာရေးတဲ့ခေတ်မဟုတ်ဘူး၊ လူချင်းတွေ့ရင်ပြောတယ်၊ ဖုန်းဆက်တယ်၊ စာတတန် ပေတတန် ဆိုတာ အဘိုးကြီးတွေလုပ်တာတဲ့။

ကိုယ်လည်း အဖိုးကြီးပဲပေါ့။ ခေတ်မှမမီတော့တာ၊ အလုပ်ထဲရောက်ချိန်ကစပြီး လူကြီးစာရင်းဝင်တော့ ကောင်မလေးတွေကြွေအောင် ဘယ်လိုချွေရမှန်းမသိတော့ဘူး၊ ဒါပေမယ့် ချွဲချွဲပျစ်ပျစ်လေးလည်းပြောချင်တယ်။ အရမ်းလွမ်းတယ် မြင့်လေးရယ်။ မြင့်လေးနဲ့မခွဲနိုင်ဘူးကွာ၊ ဝေးဝေးကွာ မနေနိုင်ပါဘူး။ ချစ်သူတွေဘဝကို ပြန်ရောက်ကြမယ်။ ပြီးရင် ချက်ချင်းလက်ထပ်မယ်။ လူငယ်စုံတွဲကို ဦးစားပေးပါလို့ မြင့်လေးရဲ့ဖေဖေကို တောင်း



ပန်ပြီး လူကြီးတွေက နှောင်နှစ်လောက်ပေါ့နော်။

မြင့်လေးကို မြင့်လေးလို့ခေါ်လိုက်ကတည်းက မရိပ်မိသေးဘူးလား ချစ်စဖွယ်မလေးရယ်။ အန်ကယ်လ်ဦးတိုးမြင့်ကို လက်ခံလိုက်လို့သာ သူ့အဖေက သူ့သမီးကို ခေါ်တဲ့စကားလုံးအတိုင်း ခေါ်လိုက်တာပေါ့။ အန်ကယ်လ့်ကို ကိုယ်သဘောတူပါပြီဆိုတာဟာ မြင့်လေးနဲ့လက်ထပ်ချင်ကာမှ ချက်စိမှိတ်ပြီး သဘောတူပစ်လိုက်တာမဟုတ်ပါဘူး၊ မေမေတစ်ယောက်တည်း အထီးကျန်ဆန်နေတဲ့ဘဝကို ကိုယ်ကိုယ်တိုင် အထီးကျန်ခံစားရမှ ကိုယ်ချင်းစာနိုင်ခဲ့တယ်၊ ကိုယ်ဟာ သားတစ်ယောက်ဆိုတော့ မေမေ့အတွက် အဖော်ဘယ်လိုမှမဖြစ်နိုင်ခဲ့ဘူးဆိုတာ သဘောပေါက်လာတယ်။ ကိုယ့်မှာ လိုအပ်ချက်တွေ အများကြီးရှိတာသိလာတယ်။ အဲဒီအတွက် မေမေ့မှာ အဖော်လိုတယ်ဆိုတာကို ကိုယ် ပထမဆုံးလက်ခံလာမိတာပါ။ ဒီလို လက်ခံနိုင်စိတ်ဖြစ်ဖို့အတွက်လည်း ကိုယ့်ဖေဖေက ကိုယ့်ကိုအများကြီးနားချခဲ့တာလည်းပါတယ်။

ဖေဖေက မြန်မာစိတ်သိပ်မရှိတော့ဘူး၊ အနောက်တိုင်း ယဉ်ကျေးမှုထဲ စိမ့်ဝင်ပြီဆိုတော့ မေမေ နောက်ထပ်အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ အတွက် ကိုယ်က တန့်ကွက်ချင်တာကို မှားတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းပြောပါတယ်၊ နောက်တစ်ချက်ရှိသေးတယ်၊ မြိုင်လေးရဲ့မေမေကို ကိုယ်နားလည်လာလို့ပဲ။ ကိုယ့်မှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ ကိုယ့်ကိုကိုယ်နှိမ့်ချခြင်း၊ မောက်မာမှု မာန်မာနမရှိခြင်းလို့ပြောရမလား ... အဲဒါကို တစ်ထိုင်ထဲနဲ့သင်ပေး သွားသလို ကိုယ့်ကို အလင်းရောင်ပေးခဲ့တယ်။ တကယ်တော့ ကိုယ်ဟာ မင်းစွပ်စွဲသလို တစ်ကိုယ်ကောင်းဆန်ပါတယ်၊ အတ္တများပါတယ်၊ မင်းမေမေရဲ့မာန်မာနမရှိခြင်းနဲ့ နှိမ့်ချတတ်ခြင်းကို ကိုယ့်သဘောကျ လေးစားသွားရာကနေ အန်ကယ်လ်ဦးတိုးမြိုင်ကို ကိုယ် ပုဂ္ဂိုလ်ခင်မင်ပါတယ်။

ပုဂ္ဂိုလ်ခင်ပြီးတဲ့နောက်မှာ တရားမင်ပါတယ် မြိုင်လေးရယ်။ ဒါကြောင့် မြိုင်လေးရဲ့ချစ်ခွင့်ရလို့မှုကြောင့် အန်ကယ်လ့်အပေါ်မှာ ကိုယ်ကြည်ဖြူသွားရတာချည်းမဟုတ်ပဲ၊ အန်ကယ်လ့်ကို အန်ကယ်လ့်အနေနဲ့ တစ်ကဏ္ဍလေးစားခင်မင်သွားရခြင်းဖြစ်တယ်ဆိုတာကို မင်းနားလည်ပြီးရင် ကိုယ့်ကိုခွင့်လွှတ်ပေးပါ။ "မင်း" လို့သုံးတဲ့အတွက်လည်း ခုထိအသာစီးကနေချင်တုန်းလို့ မထင်မှတ်ပါနဲ့။ မင်းကိုမင်းလို့ သုံးစွဲလိုက်ရတာ ကိုယ့်ရင်ထဲမှာ အရမ်းရင်းနှီးပြီး ပိုင်စိုးပိုင်နင်းရှိသလို ကျေနပ်အားရလွန်းလို့ နှစ်မြို့က်စွာသုံးစွဲမိခြင်းပဲဖြစ်တယ်။ မြိုင်လေးရယ် ...



တချွဲတနွဲ့ပြောချင်ပေမယ့် ပြောလည်းမပြောတတ်ဘူး။ ကိုယ့်စကားတွေ ချွဲရဲ့လား။ ပျစ်ရဲ့လား။ မိန်းကလေးတွေက အချော့ကြိုက်တယ်ဆို။

မြိုင်လေးက ကိုယ့်ကို လုံးဝမချစ်မနှစ်သက်ပဲ ဂလဲ့စားချေရုံသက်သက် ခင်မင်ခဲ့တာဆိုရင်လည်း ကိုယ် အသစ်တစ်ဖန်ချစ်ရေးဆိုပါရစေ။ ဒေါ်မြိုင်မြိုင်ခင်လေးခင်ဗျား ... ခင်ဗျားကို ကျွန်တော်အရမ်းချစ်နေပါသောကြောင့် ပြန်လည်၍ မေတ္တာထားပေးပါရန် တောင်းဆိုအပ်ပါကြောင်း။

ကိုယ့်ကိုမကျေနပ်လို့ ချစ်လျက်နဲ့မုန်းခဲ့တာဆိုရင်လည်း အမုန်းလေးတွေ ပျောက်ပေးပါခင်ဗျား။ လူကြီးနှစ်ယောက်ရဲ့ပြဿနာက ကိုယ်ဖျက်လိုဖျက်ဆီးလုပ်လို့ ဖျက်သိမ်းပြီးဖြစ်သွားရင်လည်း မြိုင်လေးရဲ့မေမေကို တောင်းရမ်းခြင်းကိစ္စ ပြန်စပါလို့ မြိုင်လေးက ပြောလိုက်ပါ။ မပြောချင်ရင်လည်း ဒီစာကိုပဲ ပြလိုက်ပေါ့။ မကောင်းဘူးလား။ ကိုယ့်မေမေကလည်း မြိုင်လေးမေမေဆီမှာ ပြန်လည်တောင်းရမ်းရမှာပဲ။ သမီးပေးပါလို့။ ရှက်တော့လည်းရှက်သား။ ရှက်လည်းရှက်မနေတော့ပါဘူး။ မျက်နှာလည်းမှုပါရဲ့။ အေးလည်းအေးသွားပါပြီ။

အန်ကယ်လ်နဲ့ မေမေတို့ဟာ မျက်နှာချင်းဆိုင်ပြီး အပြန်အလှန်တောင်းရမ်းကြရမှာပါပဲ။

www.burmeseclassic.com



အနှိကယ်လ်က သူ့ကိုယ်သူအတွက်၊ မေမေက သားအတွက်။ ကိုယ့်စာဟာ ပေါတောတောဖြစ်နေလား။ လူတွေဟာ အချစ်မှာ ရူးသွပ်ကြတယ်ဆိုတာ လက်တွေ့မို့ ကိုယ်နားလည်လိုက်ပါပြီ။ ကိုယ်တို့မိသားစုလေးဦးရဲ့ တောက်ပတဲ့အနာဂတ်ဟာ မြိုင်လေးရဲ့အပြုံးတစ်ပွင့်ပေါ်မှာ တည်နေလေရဲ့။ ညကျရင် ကိုယ်ဖုန်းဆက်မယ်။ ဆယ့်တစ်နာရီတိတိ ဖုန်းနားမှာစောင့်ပါ။

မြိုင်လေး မစောင့်ရင်၊ ဖုန်းမြည်လို့ အနှိကယ်လ်လာကိုင်ရင် ... ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မမြင်ရပဲ မျက်နှာတွေပူကုန်ကြရလိမ့်မယ်။ ကိုယ်က ဆက်ဖြစ်အောင်ဆက်မှာ။ မြိုင်လေးရဲ့ဖေဖေကိုပြောထား။ မိဘတွေနဲ့ သားသမီးတွေမှာ ဘယ်တွေက အရင်လဲဆိုတာ မဲနှိုက်မလား၊ ကျားဘိုဆွဲမလား၊ သားသမီးတွေက လူကြီးတွေရဲ့ အဆုံးအဖြတ်ကို ခံယူရမှာလား၊ လူကြီးတွေက သားသမီးပြောစကား နားထောင်မှာလားဆိုတာ ... ။

လွမ်းလှပြီ မြိုင်လေးရယ် စိတ်ဆိုးပြေပါတော့။ ကိုယ်မနေတတ်ဘူး။ မြိုင်လေးမရှိတဲ့ ကိုယ့်ဘဝဟာ ခြောက်သွေ့လွန်းတယ်။ ကိုယ့်ကို ရေချိုးပြီးစလို အမြဲလတ်ဆတ်နေတယ်လို့ မြိုင်လေးပြောခဲ့ဖူးတာ၊ အခု ... လာကြည့်ပါအုံး၊ လူတစ်ကိုယ်လုံး နွမ်းခြောက်စုတ်ပြတ်ပြီး၊ ဘယ်အပူပိုင်းဒုံက



ကျောက်ဖြစ်ရုပ်ကြွင်းလဲ မေးရမလိုဖြစ်နေပြီ။ သွားတယ် မြိုင်လေးရဲ့။ အမြဲတမ်းကံကောင်းခဲ့တယ်တဲ့။ ချစ်သူကိုတောင် ဒူးမထောက်ပဲရနိုင်ခဲ့တယ်လို့ မြိုင်လေးပြောခဲ့ဖူးတဲ့ ကိုယ့်ကို ဆက်လက်ကံကောင်းခွင့်ပေးပါဦး၊ ဒါပေမယ့် ... ကိုယ်ဒူးထောက်နေပါတယ် မြိုင်လေးရယ်။

မိန်းကလေးတစ်ယောက်ဆီကအချစ်ကို ဒူးထောက်ပြီး တောင်းခံနေပါတယ်။ မြိုင်လေး ... မင်းကိုချစ်ရလွန်းတဲ့အချစ်တွေထဲမှာ ကိုယ့်ရဲ့အတ္တနဲ့မာနတွေ ပျက်လွင့်ပျက်စီးကျဆုံးကုန်ကြပါပြီ။ ကိုယ်နားလည်ပြီ မြိုင်လေးရယ်။ အချစ်ဟာ လူသားတွေကို ပြုပြင်ပြောင်းလဲသွားအောင် ဖန်ဆင်းနိုင်တယ်။ အချစ်မှာ ဂုဏ်သတ္တိတွေ အများကြီးရှိတယ်ဆိုပေမယ့် ... ပေါ်လွင်တဲ့သတ္တိကတော့ အချစ်ပဲဖြစ်တယ်၊ ကိုယ်ပြောတာ နားလည်လား။ နားမလည်ရင်လည်း ကိုယ့်ကိုချစ်လိုက်တော့။ နားလည်ရင်လည်း ကိုယ့်ကိုချစ်လိုက်တော့။ ခုချိန်ကစပြီး ညဆယ့်တစ်နာရီထိုးမယ့်အချိန်ကို ကိုယ်ထိုင်စောင့်နေပြီ။ အရမ်းချစ်တယ် ... မြိုင်လေးရဲ့။

ကို[illegible] [illegible]ည်တယ်နော်။ ဒီအရေးအသားနဲ့ဆိုရင် စာရေးဆရာလုပ်လို့ရပြီလား။ စာအောက်မှာ လက်မှတ်မထိုးလိုက်ဘူး၊ မြိုင်လေးနဲ့တူတူကျမှ

www.burmeseclassic.com

www.burmeseclassic.com



မြိုင်လေးခေါ်တဲ့နာမည်ကိုပဲ လက်မှတ်ထိုးတော့မယ်။ ခုတော့ ဒါပဲ ... ဆယ့်တစ်နာရီ။

ကိုယ့်စာ ကိုယ်ဖတ်ပြီး တော့်တော်သဘောကျသွားရသည်။ သူမကလေးဟာ ကိုယ့်ကိုချစ်ရှာတာ သိသားပဲ။ အားလုံးအိုကေဆို ... စိတ်ဆိုးပြေမှာပါ။ စာကို စာအိတ်ထဲထည့်ပြီးတာနှင့် ဖိုးဆွေကို ခေါ်လိုက်သည်။

"စာအိတ်ပေါ်က လိပ်စာအတိုင်းသွားပေး၊ သက်ပုံတွေ့ရင်လည်းပေး၊ ဦးတိုးမြိုင်တွေ့ရင်လဲပေး ဦးတိုးမြိုင်တော့ ရှိမယ်မထင်ပါဘူး ဒီအချိန်၊ အိမ်ကကောင်မလေးထွက်ယူရင် မပေးနဲ့၊ ဘယ်သူမှမရှိရင် ပြန်မလာခဲ့နဲ့၊ တစ်ယောက်ယောက်ပြန်လာတဲ့ထိ တံခါးဝမှာ ထိုင်စောင့်၊ တွေ့မှပေး၊ မလွဲစေနဲ့၊ လွဲရင်"

"ကျွန်တော်မျိုး သေသင့်ပါတယ်၊ အပြစ်ပေးပါ"

ဖိုးဆွေက ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။ ပြည်သူ့တရားရင်ကြီး ဇာတ်လမ်းတွဲကိုကြည့်နေကျမို့ သူလုပ်ပြတာ ရယ်စရာဖြစ်သွားရ၏။ ပဇွန် ရယ်မောလိုက်သည်။

"ရယ်တယ်"

"ဘာဖြစ်လဲရယ်တာ"

"အော် ... ကိုလေး ရယ်တတ်သေးသားပဲ၊ မတွေ့ရတာကြာလို့ မရယ်တတ်တော့ဘူးမှတ်လို့"

"လျှာရှည်မှုနဲ့ တကယ်သေသင့်နေပြီ"



"သေသင့်တာကတော့ မပြောနဲ့ကိုလေးရေ ... ဟိုနေ့က ကျွန်တော် ခွင့်တစ်ရက်ယူပါရောလား ... ရွာက ဦးလေးရောက်လို့ဆိုတာ"

"အင်း"

"ဦး မြို့ထဲက သရက်တောကျောင်းတိုက်မှာ တဲ့တယ်၊ သူ့ဆရာတုန်းကြီးရှိတယ်လေ၊ အဲဒီကို ကျွန်တော်က သွားခေါ်ရတယ်၊ ဦးလေးက ရွာကလူကြုံပါးလိုက်တဲ့စာကို သွားပေးရမယ်တဲ့၊ အဲဒါ ကျွန်တော်က လိုက်ပို့ရတယ်လေ၊ သရက်တောကျောင်းတိုက်က ထွက်ပြီး ... ကျွန်တော်တို့တူဝရီး ကားတက်စီးကြရော ...

"လက်မှတ်ရောင်းက လက်မှတ်ဝယ်မယ် ... ဆိုတော့ ကျွန်တော်က ဦးလေး ဘယ်သွားမှာလဲလို့ လှည့်မေးတယ်"

"မင်းကလဲ စောစောစီး မေးမထားဘူး"

"ညံ့ပါတယ်၊ အဲဒါကြောင့် သေသင့်တယ်ပြောတာပေါ့၊ ဦးလေးစာသွားပေးရမယ့်သူက ဟံသာဝတီမှာ အဝေးပြေးဂိတ်မှာ၊ စာအိတ်ပေါ်ကလိပ်စာက အဝေးပြေးဂိတ်တော့ရေးထားပါတယ်၊ ဦးလေးက အဲဒီကို မရောက်ဖူးဘူး၊ ဒါပေမယ့် ... ဒီလိပ်စာက ဘယ်မှာလဲ ဘာညာ ... ရွာမှာမေးခဲ့တယ်ထင်ပါရဲ့၊ ရွာကလူကလည်း ဟိုတုန်းက ထင်ရှားတဲ့နာမည်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာနေမှာပေါ့ ...

"စပယ်ယာက ထပ်မေးတယ် ... ဘယ်သွားမှာလဲတဲ့၊ ဦးလေးက ကြံတောသချိုင်းတဲ့"

ပဇ္ဈုန် ရယ်ပါလေတော့သည်။

"ဒီလောက်နဲ့ဘယ်ကမလဲ ကိုလေးရဲ့၊ စပယ်ယာကလဲ ပျော်တတ်တယ်ထင်ပါရဲ့ ... ရယ်ပြီးတော့ ... ကြံတောသချိုင်းသွားချင်ရင် ဘာဖြစ်လို့ကားပေါ်တက်လာလဲ အဘရယ်တဲ့၊ ကားအောက်ထိုးဝင်ရောပေါ့တဲ့၊ မှတ်ကရော"

ဖိုးဆွေ ခွက်ထိုးခွက်လန်ရယ်၏။ ပဇ္ဈုန်လည်း ရောရယ်လိုက်သည်။ ရယ်မောခြင်းဟာ ကောင်းသောနိမိတ်ပဲလေ။ အချစ်မှာ လူတွေရှုးသွပ်ကြတယ်ဆိုတာ အမှန်ပါပဲ။ ဘယ်တုန်းကမှ အတိတ်တွေ နိမိတ်တွေ မယုံကြည်ခဲ့ဘူးသူ လက်တွေ့သမား ပဇ္ဈုန်သက်တင်တောင်မှ ရယ်မောခြင်းကို ကောင်းသောနိမိတ်အဖြစ် အတိတ်ကောက်တတ်ခဲ့ပြီလေ။

# အခန်း(၁၂)

ညဆယ့်တစ်နာရီချိန်းမိတာ မှားပြီထင်ပါရဲ့။ ခုတော့ ... စောင့်လိုက်ရတာ။ ဒီနေ့ညမှာမှ ပြည်သူ့တရားရှင်စာတတ်လမ်းတွဲက ရှိနေသည်။ ဦးတိုးမြိုင်၏သမီး မြိုင်မြိုင်ခင်လေးအဖြစ်ကို အသိခံပြီး ပဇ္ဈုန်ဆီ ဖုန်းဆက်ရန်တွေ့စဉ်က ... တစ်ညမှာ ...

"ခင်ဗျားမို့ အိပ်ပျက်နေပျက်၊ ညဆယ့်တစ်နာရီ ထထပြီး ရန်တွေ့ရတယ်လို့" ဟု ပဇ္ဈုန်ပြောဖူး၏။

"ကျွန်မအဖေက ပြည်သူ့တရားရှင်ကြီးသိပ်ကြိုက်တာ၊ အဲဒါကြည့်နေလို့ ဖေဖေအိပ်တဲ့ထိစောင့်နေရတာ၊ ကျွန်မ ဒီလိုဆက်နေတာ ဖေဖေမသိဘူး"

ဟု မြိုင်မြိုင်ခင်လေးက ပြန်ပြောခဲ့ဖူးသည်။ ဒါကို တယုတယပြန်မှတ်မိလိုက်ခြင်းဟာ မြိုင်လေးနှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်လာလျှင် အသေးစိတ်ပြင်ဆင်ချင်လို့ပဲဖြစ်၏။ ဦးတိုးမြိုင်က ပြည်သူ့တရားရှင်ကြိုက်သည်။ အမြဲကြည့်သည်။ ပြည်သူ့တရားရှင်က ဆယ်နာရီခွဲပြီးမှပြီးသည်။ ပြီးတာနှင့် အိပ်ရာဝင်သည်ဆိုပေမယ့် စိတ်ချလက်ချဖြစ်ရအောင် ဆယ့်တစ်နာရီကို ချိန်းရ၏။ တကယ်တမ်းစောင့်ရပြီဆိုတော့ တစ်မိနစ် တစ်မိနစ်ဆိုသော စက္ကန့်ခြောက်ဆယ်သည် ကြာလှချည်ရဲ့။ တစ်နာရီမှာ စက္ကန့်ပေါင်းသုံးထောင့်ခြောက်ရာ။ တစ်–နှစ်–သုံး–လေး လိုက်ဆိုရင်း သုံးထောင့်ခြောက်ရာ ရောက်အောင် တော်တော်စောင့်ရသည်။ အဲသည် သုံးထောင်ခြောက်ရာတွေ တစ်ကြိမ်လည်းမက နှစ်ကြိမ်လည်းမက။

ညနေ ထမင်းစားပြီးကတည်းက ထိုင်စောင့်ခဲ့တာ။ စတင်စောင့်ချိန် ညခုနစ်နာရီ။ ခုနစ်နာရီမှစကာ သုံးထောင့်ခြောက်ရာ၊ သုံးထောင့်ခြောက်ရာတွေ လေးခါတိတိဖြစ်မှ ကိုယ်စောင့်နေသည့်အချိန်သို့ရောက်မည်။ လူသိနတ်ကြားစောင့်တာတော့မဟုတ်ပါ။ ညစာထမင်းကို ဒီနေ့ မေမေနှင့်တူတူစားသည်။ မေမေ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးသည်။ ရယ်ရွှန်းပတ်ရွှန်းတွေပြောနေတော့ မေမေကစောင် ...

"သား ... ဒီနေ့ပျော်နေပါလား" ဟု ပြောသေး၏။

မပျော်မရွှင်ဖြစ်နေတာကြာပြီဖြစ်သော သားကို ရွှင်ရွှင်လန်းလန်းတွေ့ရတော့ မေမေစိတ်ချမ်းသာရှာ၏။ အ





မေနှင့်သားတို့ရင်ထဲမှာ ကိုယ်စီအရေးကြီးလျက် အပြန်အလှန်သိလိုနေကြသောကိစ္စကို မဆွေးနွေးပဲ ဟန်ဆောင်နေကြ၏။ သားပျော်ပုံထောက်တော့ ပျော်လောက်လို့ပဲဟု ... မေမေက တွေးပုံရသည်။ စင်စစ် ... သားဖြစ်သူက ကိုယ့်ကိုကိုယ် အထင်ကြီးစွာ ယုံကြည်စွာ ပျော်နေခဲ့တာလေ။

ကိုယ့်စာကိုယ်ယုံသည်။ မြိုင်လေး ရဲ့အချစ်ကို ယုံသည်။ ကိုယ်တို့နှစ်ဦးအပေါ်အဝင် မိသားစုလေးယောက်ရဲ့ အနာဂတ်ဟာ ရွှန်းသစ်တောက်ပနေခဲ့ပြီဟု ယုံသည်။ ယုံခြင်းပေါင်းများစွာဖြင့် ပျော်ရပါ၏။

"ကျွန်တော် ... ဒီည စောစောအိပ်ရာဝင်တော့မယ်၊ မေမေ့ကို ဘာလုပ်ပေးရဦးမလဲ"

"မရှိပါဘူး သားရယ်၊ မေမေလဲ လုပ်စရာအလုပ်နှစ်ခုရှိနေတယ်၊ မီးပွှာနံထားတဲ့ ဂုဏ်တော်တစ်ထောင်စိပ်ဖို့ရယ်၊ မဂ္ဂဇင်းနှစ်အုပ် ဝယ်လာတာဖတ်ဖို့ရယ် ရှိနေတယ်၊ မေမေလဲ စောစောအိပ်ရာဝင်မယ်"

ဒေါ်မြစိမ်းရည်က ဘုရားခန်းထဲမှာနေတတ်ကျင့်လည်းရလာပြီ။ စိပ်ပုတီးကိုင်ခဲ့ပြီဆိုပေမယ့် လူ့စဉ်ထုတ်မဂ္ဂဇင်းတွေလည်းဖတ်တုန်း၊ အင်္ဂလိပ်ကား မြန်မာကားဗီဒီယိုခွေတွေလည်း ကြည့်တုန်းဖြစ်၏။ တစ်ခါတစ်ရံကျတော့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့ကို ဟိုဖွင့်လိုက်ဒီဖွင့်လိုက်နှင့် တစ်လှည့်စီဖွင့်ကာ အစမှအဆုံးထိုင်ကြည့်တတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာအစီအစဉ်ကို အကြိုက်ဆုံးလဲ" ဟု မေးလျှင် ... "ကြော်ငြာ" ဟု မဆိုင်းမတွဖြေ၏။

ကုသိုလ်ရေးဖက် စိတ်နွယ်ခဲ့ပြီပေမယ့် စိတ်ပျို့နသစ်တုန်းရှိဆဲပါ။ သားဖြစ်သူက ဘာလုပ်ပေးရဦးမလဲ မေးဖော်ရလာတာကို အမေက ကြည်နူးမဆုံးဖြစ်နေသည်။ စင်စစ် ... ဒီလိုမေးတတ်လာခဲ့တာ တစ်ပတ်နှစ်ပတ်ထက် မကျော်သေးပါ။ မေမေ ဆေးခန်းကို အဖော်မပါပဲ အခေါက်ခေါက်သွားခဲ့စဉ်က သတိမပြုမိပဲ၊ သတိပြုမိလိုက်သော နောက်ဆုံးအခေါက်မှစလို့ မေမေ့အထီးကျန်ခံစားမှုမှာ ဖြည့်စွက်ပေးမပေးဖို့ စိတ်ကူးရခဲ့တာပါ။

"ဂွဒ်နိုက်" ... ဆိုလျက် အခန်းထဲသို့ဝင်ခဲ့သည်။ ခုတော့ ... သုံးထောင့်ခြောက်ရာတွေကို လေးကြိမ်ပြည့်အောင် မျှော်ရပြီ။

"ကူးကူ"

ချိုးကူသံလေးက ရင်ထဲ ဒိန်းခနဲဝင်ဆောင့်၏။ တကယ်ဆို ... ချိုးကူသံလေးက သာပါဘိ၊ နားဝင်ချိုပါဘိ။ သို့ပေမယ့် လန့်ဖျတ်စိတ်ဖြင့် ရင်ခုန်ရသည်။ ကူးကူ၊ ကူးကူလေးတွေဆုံးသည်နှင့် ဆယ့်တစ်နာရီထိုးပြီလေ။ ချိုးငှက်ကလေးက တစ်နာရီတစ်ခါ၊ နာရီအိမ်လေးထဲက ထွက်ကူရှာတာကို ရင်ဖိုလှုပ်ရှားနေသူအတွက် အထိတ်တလန့်ဖြစ်ရတော့သည်။ တယ်လီဖုန်းကိုမသည်။ ဂဏန်းခြောက်လုံးလှည့်၏။ တူ ... ဟူ၍ သံရှည်ဆွဲခေါ်သံက ရင်ခုန်



နှုန်းကို မြှင့်ပြန်သည်။ မောလျလျခံစားလာရသည်။ တော်တော်နှင့် လာကိုင်သူ မရှိ။ ပြဿနာ။ ဦးတိုးမြိုင် အိပ်ရာထဲမှ ထွက်လာကိုင်လျှင် မဟာဒုက္ခ။ လာကိုင်ပါတော့လား မြိုင်လေးရယ်။

"အမိန့်ရှိပါရှင်"

"မြိုင်လေး"

"မဟုတ်ပါဘူးရှင် ... မမလေး အိပ်နေပါပြီ"

"ဘာ"

"မမလေးက ဒီနေ့ တော်တော်နေမကောင်းလို့ စောစောစီးစီးပဲ အိပ်ဆေးသောက်ပြီး အိပ်ရာဝင်သွားပါတယ်"

"အိပ်ဆေး ... သူ့သဘောနဲ့သူသောက်တာလား"

"မဟုတ်ပါဘူး၊ ဦးဦးနဲ့ ညနေက ဆေးခန်းသွားပြပါတယ်၊ ဆရာဝန်ညွှန်ကြားလို့သောက်တာပါ"

"ဦးဦးဆိုတာ ဦးတိုးမြိုင်လား"

"ဟုတ်ကဲ့"

"မြိုင်လေးက ဘာဖြစ်လို့လဲဟင်၊ သိပ်ဆိုးလား၊ ဖျားတာလား"

"ခေါင်းကိုက်တာပါပဲ၊ ခေါင်းကြီးက မူးနေတယ်အုံခဲပြီး ခေါင်းမထူချင်ဘူးတဲ့၊ မျက်စိကလဲ ကြည့်လို့မကောင်းဘူးတဲ့၊ အဲဒါကြောင့် တီဗီတောင်မကြည့်တော့ပဲ အိပ်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အော် ... မြိုင်လေးရယ်။ ဖြစ်မှဖြစ်ရလေ။ သနားလိုက်တာ။

"အော် ... နေ့လယ်က ဖိုးဆွေလာသလား"

"ဟုတ်ကဲ့ ကိုဖိုးဆွေလို့ပြောပါတယ်၊ ဦးပန္နက်သက်တင်က စာပေးခိုင်းလိုက်လို့တဲ့"

"အေး ... ပန္နက်သက်တင်ဆိုတာ တို့ပဲ၊ တို့ပေးခိုင်းလိုက်တာ၊ မြိုင်လေးရလား၊ ဖတ်လား"

"ဟုတ်ကဲ့ ... ဖတ်ပါတယ်"

"ဘာပြောသေးလဲ"

"ကျွန်မကို ဘာမှမပြောပါဘူး"

"စာဖတ်ပြီးတော့ သူပျော်သွားလား"

"ကျွန်မ မသိပါဘူးရှင်"

"ငိုသေးလား"

"အဲဒါလဲ မသိပါဘူး"

"ခေါင်းက တော်တော်ကိုက်တာလား"

"ဟုတ်ကဲ့ ... အန်လဲအန်ပါတယ်၊ ခေါင်းကြီးကို ဖြတ်ပြီး လွှင့်ပစ်လိုက်ချင်တယ်လို့ ပြောပါတယ် "

ဘုရား ... ဘုရား ... ။ မလုပ်လိုက်ပါနဲ့ မြိုင်လေးရယ်။ ခေါင်းကြီးတစ်လုံးလုံးကိုဖြတ်ပြီး လွှင့်ပစ်လိုက်မှဖြင့် မျက်နှာလှလှလေးပါ ပါသွားမှာပေါ့။ လှတစ်မျက်နှာလေးကို စွဲလမ်းနေရသူပါဗျာ။ ချမ်းသာပေးပါ။ ချစ်စရာမျက်နှာလေးမရှိပဲနေပါဦးမယ်ကွာ။



"ဘယ်ဆေးခန်းသွားတာလဲ"

"မြို့ထဲလို့ပြောပါတယ်"

ကြည့်စမ်း။ ကောင်မလေး။ မြို့ထဲဆိုတော့ ရွှေဘုံသာလမ်းဖြစ်ဖို့များသည်။ ဗဟိုစည်တို့၊ အောင်ဇေတို့၊ သျှင်ပါကူတို့၊ ပါရဂူတို့လည်း ဖြစ်တော့ဖြစ်နိုင်သည်။ တော်ဝင်လည်းဖြစ်နိုင်သည်။ ဆာကူရာတို့၊ ယူအိပ်ချ်စီတို့၊ ပြီးတော့ ကိုယ့်ဆေးရုံ ပန္နက်တို့တော့ မဖြစ်နိုင်။ ဒါတွေက ဒီဘက်ပိုင်းမှာ အထူးသဖြင့် ပန္နက်ဆေးရုံဆိုလျှင် သူဌေးဆေးရုံသက်သက်လိုဖြစ်နေသည်။ ဘတ်စကားစီးလို့ ကားလိုင်းမပေါက်ချေ။ ကိုယ်ပိုင်ကားနှင့်လာမှပဲ။ ကိုယ်ပိုင်ကားမရှိလျှင် တက္ကစီနှင့်လာပေတော့။ ဆေးရုံတည်နေရာက ရွှေတောင်ကုန်းမှာ။ ဆိတ်ငြိမ်ပါဘိ။ ဆေးရုံတက်ကုသသူတွေလည်းရှိတော့ တကယ့်ကို ဆိတ်ငြိမ်ရပ်ကွက်၏ ကျယ်ဝန်းလှစွာသော မြေထဲမှာ ဧရာမဆေးရုံကြီးကို ခြောက်ထပ်တိတိဆောက်ထားတာဖြစ်သည်။

တကယ်ဆို ...ကိုယ့်ဆေးရုံ လာပြပါတော့လား။

"ဘယ်ဆရာဝန်ပြလဲ သိလား"

"မသိပါဘူးရှင့်"

"အန်ကယ်လ်ဦးတိုးမြိုင် လိုက်ပြတယ်ဟုတ်လား"

"ဟုတ်ကဲ့"

"အန်ကယ်လ်အိပ်သွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်းထဲဝင်သွားပါပြီ"

တကယ်တန်းဆို ... တံခါးသွားခေါက်ကြည့်ပါဦး ... ဟုပြောချင်၏။

"အိပ်နေရင်လဲနှိုးပေး" ဟု ပြောချင်၏။ မြိုင်လေး နေမကောင်းရှာဘူးဆိုသည့်ကိစ္စကို စက္ကန့်မဆိုင်းသိချင်သည်။ မေးကြည့်ချင်လိုက်တာ။ မြိုင်လေးရယ် ... နေကောင်းပါစေ။ ဘာရောဂါမို့ ... ဒီလောက်ခေါင်းကိုက်နေရတာလဲကွာ။

"စိုးရိမ်ရတယ်လို့ပြောလား"

"ကျွန်မကိုတော့ မပြောပါဘူး"

"ဒါဖြင့် ... ညည်းကိုဘာပြောလဲ၊ ညည်းဘာသိလဲ"

"ဘာမှမပြောပါဘူး၊ ဘာမှမသိပါဘူး"

"အေး ... အေး၊ ပြီးရော"

စကားပြောခွက်ကိုချပြီး တွေ့ချစဉ်းစားနေမိ၏။ ဆယ့်တစ်နာရီတော့ကျော်ပြီ။ ခင်မင်သောဆရာဝန်တော့ အိပ်ကုန်လောက်ပြီ။ ဒီအချိန်မှာ ဘယ်ဆရာဝန် အိပ်ရာကနိုးနေမလဲ။ အော် ... ငါ့နယ်။ ညံ့ပါဘိ။ ဆေးရုံတစ်ရုံလုံးပိုင်ရှင်ဖြစ်ပါလျက်ကယ်နှင့်။ ဆေးရုံဆိုတာ ရှိသမျှလူတွေအကုန်လုံး မီးပိတ်ပြီး သိုးနေအောင်အိပ်နေကြတဲ့ဒေသမှ မဟုတ်တာ။ တာဝန်ကျ ညဆရာဝန်ဟာ တုံးလုံးလှဲခွင့်မရှိ၊ ငုတ်တုတ်ထိုင်ခြင်းနှင့် လမ်းလျှောက်ခြင်းပဲ ပြုလုပ်နေရမည် ... ဆိုသော တင်းကြပ်စည်းကမ်းကို ဆေးရုံအုပ်ကြီးလုပ်သည့် ဒေါက်တာဦးကျော်လှဦးကိုယ်တိုင် ထုတ်ထားတာမဟုတ်ဘူးလား။

ဦးကျော်လှဦးဆိုသော ဆရာဝန်ကြီးက ... M.B.B.S. ဘွဲ့ တစ်ခုတည်းပေမယ့် ... သမ္မာရင့်လှပြီ။ သက်ဆိုင်ရာအထူးကုပါရဂူတွေလို ဘွဲ့မများ၊ ပညာမမိသော်ငြား၊ လူက ဝီရိယကောင်းလှသည်။ အထပ်တိုင်းမှာ တာဝန်ကျ ညဆရာဝန်ထားတာ၊ ငုတ်တုတ်နှင့် လမ်းလျှောက်ရှိမရှိပါ့မလား၊ ဘယ်သူ တုံးလုံးလှဲနေသလဲဆိုတာကို ညရေးညတာ ရှောင်တခင် စစ်ဆေးတတ်၏။ သူ့တာဝန်က မနက်ရှစ်နာရီမှ ညနေခြောက်နာရီဟု သတ်မှတ်လစာပေးထားပေမယ့် ... ညသန်းခေါင်ကျော်တို့ ဝေလီဝေလင်းတို့မှာလည်း သူက ဆေးရုံပေါ်သို့တက်လာတတ်၏။ သူ့အတွက် တစ်ထပ်တိုက်ပုလေးတစ်လုံး ခြံထဲမှာဆောက်ထားပေးရကျိုးနပ်ပါဘိ။

ပဖွူန် ... ဂျူတီခန်းသို့ ဖုန်းလှည့်လေ၏။

"ဟယ်လို ... ပဖွူန်ဆေးရုံကပါ"

"ဒီမှာ ... ကိုယ်၊ ပဖွူန်ပါ၊ ပထမထပ်ကလား၊ တာဝန်ကျဆရာဝန် ဘယ်သူရှိလဲကွာ၊ ခဏစကားပြောချင်တယ်"

"ဟုတ်ကဲ့ ... ခဏကိုင်ထားပါ"

ခဏဆိုမှ တကယ့်ခဏကလေးပဲစောင့်ရသည်။

"ဟယ်လို ... ဒေါက်တာမြင့်မောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပဈှုန်ပါ"

"မှတ်ကဲ့ ... ကိုပဈှုန် ဘယ်သူ့ဘာဖြစ်လို့လဲ"

ဆရာဝန်အားလုံးလိုလိုက ပဈှုန်ထက် အသက်ကြီးကြတာများသည်။ သူတို့အားလုံး ကိုပဈှုန်ပဲ ခေါ်ကြ၏။

"ဘယ်သူမှ ဘာမှမဖြစ်ပါဘူးဆရာ၊ သိချင်တာတစ်ခုရှိလို့ မေးပါရစေ၊ ရောဂါအကြောင်းပါ"

"အော် ... မေးပါ"

"လူနာတစ်ယောက် ဆရာရယ် ..., ခေါင်းကိုက်တယ်၊ ခေါင်းမူးတယ်၊ အုံခဲပြီး လေးနေတယ်၊ ခေါင်းမထူချင်ဘူး၊ အဲဒီခေါင်းကြီးကို လည်ပင်းကနေဖြတ်ပြီး လွှင့်ပစ်လိုက်ချင်တယ်၊ အဲဒါ ဘာရောဂါဖြစ်နိုင်လဲဆရာ၊ စိုးရိမ်ရလား"

"လည်ပင်းကိုဖြတ်ချင်နေပြီဆိုရင်တော့ ဆိုက်ကိုပဲ ကိုပဈှုန်၊ ရောဂါအနေနဲ့ အသက်အန္တရာယ်မရှိပေမယ့်၊ သူ့အသက် သူ့ရန်ရှာသွားနိုင်တာပေါ့"

"ဟာဗျာ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးပါပဲဆရာ၊ သိချင်ရုံသက်သက်ပါ၊ ဒါပဲနော်"

တယ်လီဖုန်းကိုချလိုက်သည်။ ဆေးရုံမှာ ခုတလော လူနာတွေများနေသည်။ လူနာနည်းလျှင် နှစ်ထပ်မှာမှ ညဆရာဝန်ကို တစ်ယောက်ထားသည်။ ခုခုပေါင်း



သုံးယောက်၊ ဒီနေ့တော့ နိုက်ဂျူတီဆင်းသော ဆရာဝန်ငါးယောက်တိတိရှိသည်။ တစ်ယောက်ပြီးတစ်ယောက်မေးတော့မည်။ တယ်လီဖုန်းကလေး အလုပ်ရှုပ်ပေတော့။

"ဘရိန်းကျူမာတွေဘာတွေ ဖြစ်နိုင်တာပေါ့ ကိုပဈှုန်၊ ရမ်းပြောလို့တော့ ဘယ်ရမလဲ၊ စစ်ဆေးကြည့်ရမှာပေါ့၊ အိပ်က်စ်ရေးတို့ စကင် (scan) တို့ ရိုက်ရမှာပေါ့၊ ကျူမာဆိုရင်တော့ ရောဂါကြီးတာပေါ့ဗျာ"တဲ့။

ဒုက္ခ။ ပြဿနာပါပဲ။ ကျူမာသာဆိုလျှင်တော့ ကိုယ့်ဆေးရုံလည်း ကိုယ်စိတ်မချ။ စင်္ကာပူ ပို့ရမလား။ မေမေ့ဆီ အကူအညီတောင်းပြီး အမေရိကားထိ ပို့ခွဲရမလား။

"အသက်ငယ်သေးလား၊ လေးဆယ်ကျော်ဆိုရင်တော့ သွေးတိုးလည်း ဖြစ်နိုင်တာပဲ၊ ပရက်ရှာလေးဘာလေး ယူမကြည့်ဘူးလား" တဲ့။

ကျူမာနှင့်စာလျှင် သွေးတိုးက တော်သေး။ ကျူမာမဖြစ်စေရအောင် သွေးတိုးဖြစ်ပါစေပဲ ဆုတောင်းရတော့မလိုလို။

"ဆယ်ကျော်သက်ဆိုရင်တော့ ရိုးရိုးခေါင်းကိုက်တာကို ပုံကြီးချဲ့တာလည်းဖြစ်နိုင်တာပေါ့ ကိုပဈှုန်ရဲ့၊ လူငယ်တွေဆိုတာ ခက်သား" တဲ့။

ဟုတ်ပါစေ။ သူ့အဖေကို့ စိတ်ကောက်တာဖြစ်ပါစေဟု ဆုတောင်းရပြန်၏။

"ဖျားသေးလား၊ ဟိုင်းဗီဘာဆိုလည်း ... မင်ဘရိန်း

www.burmeseclassic.com



Membrain တွေဘာတွေ ယောင်ပြီးခေါင်းကိုက်တတ်ပါတယ်၊ ဒါမှမဟုတ် ... ငှက်ဖျားတို့၊ တီဘီတို့ စစ်ကြည့်လည်းမမှားဘူး၊ အဲဒီကောင်တွေ ဦးနှောက်ထဲဝင်သွားရင်လဲ မခံမရပ်နိုင်အောင် ခေါင်းကိုက်တယ်" တဲ့။

မြတ်စွာဘုရား။ မဖြစ်ပါစေနဲ့။ မဖြစ်ပါစေနဲ့။ ဆရာဝန်လေးယောက်ရှိပြီ မေးကြည့်တာ။ တစ်ယောက်ပဲ သက်သက်သာသာဖြေသေးသည်။ ကျန်သုံးယောက်ဖြေပုံတွေကဖြင့် ကြောက်စရာတွေချည်း။ ညကြီးမင်းကြီး လှမ်းမေးတော့ ဆရာဝန်တွေခမျာလည်း လူနာမမြင်ရပဲ ပဇ္ဈုန်အပြောပေါ်မှာ ထင်မြင်ချက်ပေးရတာ ဖြစ်နေတော့သည်။ မေးပြီးသမျှက ယောကျ်ားဆရာဝန်တွေ။ ဒီညမှာ မွေးလုဆဲဆဲ အမလေးဘလေးအော်ပြီး ဆေးရုံတက်လာသော ဗိုက်တွေလည်းရှိသည်။ ခွဲမွေးမည်ဆိုလျှင် သူတို့စိတ်ကြိုက်အပ်နှံထားသော အိုဂျီ(သားဖွားမီးယပ်) ဆရာဝန်တွေက ခွဲမှာဖြစ်ပြီး၊ ရိုးရိုးမွေးလူနာတွေကျတော့ ဆေးရုံမှာရှိသော တာဝန်ကျဆရာဝန်ပဲ အိုဂျီထဲကတစ်ယောက်ထားပေးထားရတာရှိတယ်။ အိုဂျီမမကို မေးလျှင်တော့ ဘယ်လိုဖြေမည်မသိ။

"ခေါင်းကိုက်တယ် ဒေါက်တာရယ်၊ မူးတယ်၊ ခေါင်းမထူချင်ဘူး"

"အန်သေးလား"

"အန်တယ်တဲ့"



"ကိုပဇ္ဈုန်ရေ ... ရယ်စရာပြောလိုက်မယ်၊ အတည်စကားလို့မှတ်ယူရင်လည်းရတယ်၊ ဒီလူနာဟာ ရှင်ဇနီးလောင်းဆိုရင်တော့ အမြန်ဆုံးလက်ထပ်ပေတော့၊ လူဦးရေးတိုးပွားမယ့်လက္ခဏာမဟုတ်ပေဘူးလား"

"ဟာဗျာ"

ထုံးစံအတိုင်း မျက်နှာကြီးထူပူနီရဲကာ တယ်လီဖုန်းကိုချပစ်ရတော့သည်။ မချလိုက်မိမှာ တစ်ဖက်မှ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရသေးသည်။ ဒီအိုဂျီမမက အသက်ငါးဆယ်ကျော် အပျိုကြီးမို့ နောက်တတ်ပြောင်တတ်ပါဘိသနှင့်။ သို့ပေမယ့် မြိုင်လေးရယ်။ ချစ်ဇဖွယ်လေးရယ်။ ကိုယ့်သက်ပုံလေးရယ်။ မင်းသာ အဲဒီလိုဆိုရင် ဒီကောင်ရင်ကွဲသေရချည်ရဲ့ကွယ်။

ဆဆဆဆ

ပဇ္ဈုန်ရဲ့တစ်သက်တာမှာ တစ်ညလုံးမိုးလင်းသွားတာဆိုလို့ ဒုတိယမြောက်ညဖြစ်၏။ ပဇ္ဈုန် အအိပ်မက်ပါသည့်။ သည်ဆိုရာ၌ ကိုယ်က တမက်တမောအိပ်ပစ်လိုက်ခြင်းထက်၊ သူ့အလိုလိုအိပ်ပျော်သွားခြင်းသာဖြစ်သည်။ လူက လူငယ်" ကျန်းမာသည်။ ယောကျ်ားတစ်ဦး။ အစားစားနိုင်သလို အိပ်လို့လည်းပျော်၏။ ဘာနှင့်စားစား ခံတွင်းတွေ့ပြီး အိပ်မည်ဟုဆုံးဖြတ်ကာ မျက်ခွံနှစ်လွှာကို

www.burmeseclassic.com

www.burmeseclassic.com



နေ့ဖိ[illegible]ပိုက်ပြီးနောက် မိနစ်ပိုင်းအတွင်းမှာ အိပ်ပျော်ခြင်းသို့ရောက်လေ၏။ ကျောင်းသားဘဝ စာကျက်စဉ်ကပင်၊ 'လက်ဖက်ရည်တွေ ဘယ်လောက်သောက်သောက်၊ လက်ဖက်တွေ ဘယ်လောက်စားစား၊ ညဆယ့်နှစ်နာရီကကျော်လျှင် မနေနိုင်တော့ပါ။ မျက်တောင်းစင်း၍ အိပ်ပျော်ခဲ့သည်ချည်း။

ပထမဆုံးအကြိမ် မိုးအလင်းအိပ်မပျော်ခဲ့သောညက ဖေဖေ နိုင်ငံခြားသို့ အပြီးမထွက်ခွာမီ နောက်ဆုံးညဖြစ်၏။ ရည်မှန်းချက်ကြီးမားသော၊ ကိုယ့်ကိုကိုယ်ကောင်းဖို့အတွက်ဆိုလျှင် တိုင်းပြည်ဇွေ၊ လူမျိုးတွေကို ဖက်တွယ်နေဖို့ သံယောဇဉ်မတာင်းလှသော ဖေဖေက နိုင်ငံခြားမှ နိုင်ငံခြား။ ဖော်ဂွဒ်မှ ဖော်ဂွဒ်။ တစ်ပြားမှမလျှော့ သွားတော့မည်။ မလိုက်လိုသောဇနီးသည်ကျန်ခဲ့။ အမေနှင့်မခွဲနိုင်သည့်သားလည်း ကျန်ခဲ့။ မချစ်လို့တော့ ဘယ်ဟုတ်ပါ့မလဲတဲ့။

ဖေဖေနှင့်မေမေတို့က တရားဝင်ကွာရှင်းပြတ်စဲပြီးကြပြီ။ သို့ပေမယ့် ... ဖေဖေသည် ခင်မင်ရင်းနှီးသောသူငယ်ချင်းကြီး၊ မိတ်ဆွေကြီးအဖြစ်နှင့် မေမေ့အိမ်ပေါ်မှာ တည်းခိုနေဆဲဖြစ်၏။ စင်စစ် 'ဖေဖေ့အိမ်။ သို့ပေမယ့် ... မေမေ့နာမည်သို့ အပြီးတိုင်လွှဲပြောင်းပေးခဲ့ပြီမို့ မေမေ့အိမ်ဖြစ်နေပြီ။

"သား ... ဖေဖေနဲ့စကားတွေပြောရအောင်"

ဖေဖေ့အခန်းထဲမှာ စားစရာတွေက စုံနေ၏။ စားစရာစုံသလို သောက်စရာလည်းစုံသည်။ သို့ပေမယ့် ...



အဲသည်ညက ဖေဖေ အပြင်းစားမသောက်ခဲ့ပါ။ စုံလင်လှသော အမြည်းတွေကို နည်းနည်းချင်းသာ နှိက်၍ ဖြည်းဖြည်းဝါးကာ ဘီယာကို တစ်ငုံချင်း တစ်ငုံချင်းဆွဲသောက်သည်။ စကားတွေကိုသာ အများကြီးပြောခဲ့သည်။

"ဖေဖေငယ်ငယ်က သိပ်ဆိုးခဲ့တာ၊ ဆော့လည်းအရမ်းဆော့ခဲ့တယ်၊ ဖေဖေနဲ့စာတော့ သားက သိပ်လိမ္မာတာ" တဲ့။

ဖေဖေ့ကလေးဆိုးလုပ်ရပ်တွေက ရယ်စရာမကောင်းပေမယ့် သားအဖနှစ်ယောက် တဟဲဟဲ ရယ်ဖြစ်၏။

"ဖေဖေ ဆယ့်နှစ်နှစ်သားလောက်ကဆိုရင် သိပ်ဆော့တာ၊ သိပ်အိမ်လည်တာပဲ၊ ဒီရပ်ကွက်တွေက ခြံကျယ်ကြီးတွေမှလား။ ခုခေတ်တော့ တစ်ခြံနဲ့တစ်ခြံ သိပ်မရင်းနှီးကြဘူး၊ သုံးခြံလောက်ခြားသွားရင်တောင် ဘယ်သူဘယ်ဝါနေထိုင်မှန်း မသိတော့ဘူး ...

"ဟိုတုန်းကတော့ ဒီလိုမဟုတ်သေးဘူး သားရဲ့၊ ဟိုခြံဒီခြံမှာ လူငယ်ရွယ်တူတွေရှိရင် သူငယ်ချင်းဖြစ်ကြတယ်၊ ဆော့တဲ့အရွယ်တွေဆိုရင်လည်း ပေါင်းဆော့တယ်၊ ဂစ်တာတီးသီချင်းဆိုတဲ့အရွယ်ဆိုလည်း စုပေါင်းဆိုတီးပွဲတွေလုပ်တယ် ...

"ဖေဖေ့အိမ်မှာ သူငယ်ချင်းတွေက ဘယ်တော့မှမစုကြဘူး၊/ ဘွားဘွားက ပစိပစပ်နည်းနည်းများလို့၊ လူကြီးမှလား၊ အမြင်မတော်ရင် ခေါင်းခေါက်က

www.burmeseclassic.com

www.burmeseclassic.com



လည်းသန့်ပါဘိနဲ့၊ တစ်နေ့ပေါ့ ... ဖေဖေက လျှောက်ဆော့နေတာ ...

"ဖေဖေတို့ကလေးအုပ်စုက ဟိုခြံမှာပေါင်းဆော့လိုက်၊ ဒီခြံမှာ ပေါင်းဆော့လိုက်၊ ကလေးအုပ်ကြီးအုပ်စုလိုက် ဟိုခြံဒီခြံရွှေ့ကြပေမယ့် ဖေဖေ့ခြံထဲ ရောက်မလာတော့ ဖေဖေကတော့ တစ်နေ့ကုန်ပျောက်နေတာပေါ့ ...

"အိမ်မှာ ဘွားဘွားက မုန့်ကြာစေ့လုပ်စားတယ်၊ ဖေဖေလည်း သိပ်ကြိုက်တာ၊ မလုပ်ဖြစ်တာတောင်ကြာပြီ၊ ဈေးထဲကျတော့လည်း သန့်မှသန့်ပါ့မလားနဲ့ ဝယ်မစားဖြစ်ဘူး၊ ပြောရင်းဆိုရင်း စားတောင်စားချင်လာပြီ"

"စားမလား ဖေဖေ၊ ကျွန်တော်လုပ်ပေးမယ်"

"ဟား ... ဟား"

ဖေဖေကအော်ရယ်၏။ ပဇွန်ကတော့ မနက်ဖြန်ဆိုလျှင် တစ်သက်တာအပြီးတိုင်ခွဲရတော့မည်ဖြစ်သော ဖေဖေ၊ မြန်မာပြည်မှမခွာမီ ဖေဖေ မက်မောသော မြန်မာမုန့်ကလေးကို ကျွေးလိုက်ချင်သောစေတနာနှင့်ဖြစ်၏။

"မုန့်ကြာစေ့ဆိုတာ ခုထ,လုပ်လို ... မုန့်များမှတ်နေလားကွာ၊ သားရယ် ... မြန်မာမုန့်တွေနဲ့ မနီးစပ်လိုက်တာ၊ သားတောင် မုန့်ကြာစေ့ဆိုတာ ဘာမုန်းမသိပဲ ချေဒိုးနတ်တို့၊ ဟမ်ဘာဂါတို့ပဲ စား ... တော့ ဖေဖေ နိုင်ငံခြားသွားတာကို သားနားလည်နော်



ဘယ်လိုဆိုင်လဲ ... ဟု ပဇွန် တွေးကြည့်လိုက်မိသေးသည်။ သို့ပေမယ့် ... သဘောမပေါက်လှ။ တစ်နည်းနည်းတော့ ဆိုင်နိုင်၏။

"မုန့်ကြာစေ့စားဖို့အတွက်က ကောက်ညှင်းကို ဆန်ကြမ်းလေးနည်းနည်းရောပြီး ရေစိမ်ရတယ်၊ ကောက်ညှင်းချည်းဆိုရင် ပျော့လွန်းတယ်၊ ဆန်ကြမ်းများရင်လည်းမာတယ်၊ အဲဒီရေစိမ်ပြီးသားကောက်ညှင်းဆန်ကို မုန့်ကြိတ်ဆုံမှာ သွားကြိတ်ရတယ် ...

"ကြိတ်ပြီးရလာတဲ့အဖတ်တွေကို နယ်ရသေးတယ်၊ ပြီးရင် ရေနွေးအိုးတည်ထား၊ မုန့်ဖတ်တွေကို သေးသေး ... သေးသေးဖဲ့ယူ၊ လုံး၊ ဆူနေတဲ့ရေနွေးအိုးထဲ ပစ်ချ၊ ပလုံဆို မြုပ်သွားရော"

ပလုံဆိုမြုပ်တာကို ဖေဖေ ရယ်ပြန်၏။

"ကျက်ရင်ပေါ်လာတယ်၊ အဲဒါကို ဆယ်ယူထား၊ ရေအေးထဲစိမ်၊ အဲဒါ မုန့်ကြာစေ့ဖြစ်မယ့်ဟာလေးတွေ၊ တစ်ဖက်မှာ ထန်းလျက်ရေကြို၊ အပျစ်အကျဲ အနေတော်တော့ မုန့်ကြာစေ့အလုံးလေးတွေထည့်ကြို၊ စားကာနီးမှာ အုန်းသီးလေးခြစ်ပြီးဖြူး၊ အဲဒါ မုန့်ကြာစေ့ပေါ့ သားရဲ့"

ဖေဖေက မထွက်သောသွားရေတွေ သိမ်းပြီးရယ်ပြန်၏။ အဲသည်ညက ဖေဖေအရယ်များပါသည်။

"ဘွားဘွားလည်းကြိုက်တယ်၊ ဖေဖေကြိုက်မုန့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ မေမေက လျှောက်လည်နေတော့ ဘွား ဘွားက မေမေစားဖို့ချန်ထားတယ်၊ မေမေက မိုးချုပ်မှ အိမ်ပြန်လာတာ၊ မေမေလည်းတွေ့ရော၊ ဘွား ဘွားက ... သက်တင်လာအုံး၊ ဒီမှာ မုန့်ကြာစေ တွေတဲ့ ...

"မေမေလဲပျော်သွားတာပဲ၊ အိမ်မှာ မုန့်ကြာစေလုပ်ရင် မေမေက ထမင်းလွတ်ကြိတ်တဲ့ကောင်လေ၊ ဘွား ဘွားဆီ ဝမ်းသာအားရပြေးသွားတာပေါ့၊ မုန့်ကြာစေတွေကလည်း ကြွေအုပ်ကြီးနဲ့ တစ်လုံးအပြည့်ပဲ၊ "မေမေလည်း အနားရောက်ရော၊ ဘွားဘွားက,ပြတယ်၊ အဲဒါ နင့်ဖို့ချန်ထားတာ၊ မကျွေးတော့ဘူး ဆိုပြီး မြုန်းခနဲသွန်ချတော့တာပဲ သားရေ၊ ဟေး ... ဟေး"

မေမေ ရယ်ပြန်၏။

"ဘွားဘွားလုပ်ပုံ ဘယ်လောက်ရယ်ရလဲ၊ မေမေ အလည်လွန်လို့ ဒဏ်ခတ်တာ၊ မေမေလည်း စားချင်စိတ်နဲ့နမြောလွန်းလို့ ခုန်နေတာပဲ၊ ဘွားဘွားတို့များ အလည်လွန်တဲ့မြေးကို ရိုက်တော့မရိုက်ဘူး၊ ဒဏ်ခတ်ချင်တာနဲ့ မုန့်ကြာစေကို တကူးတကထ,လုပ်ရသေးတယ်၊ ပြီးတော့မှ ... ပြပြီးမှသွန်တာ၊ အဲဒီလောက် မေမေကလည်း အဆော့အလွန်မက်တယ်၊ သားလောက် ဘယ်လိုမှာမလဲ၊ သားက မေမေ့ထက်လိမ္မာပါတယ်"





ဒီဝါကျဆုံးတော့ မေမေ နည်းနည်းအသံတုန်သည်။ အဲသည်ညက ပရှုန် နည်းနည်းကလေးမှ အိပ်မငိုက်ခဲ့ပါ။ မျက်တောင်တွေစင်းကျပြီး ... မျက်ခွံပိတ်ကာ အိပ်ပျော်သွားတာတော်မြဲ မျက်စိတွေက ကြောင်နေသည်။ အိပ်ချင်စိတ်မရှိ။

"မေမေ အိပ်ချင်အိပ်လေ"

"နောက်နေ့ကျမှ လေယာဉ်ပျံပေါ်မှာ အိပ်တော့မယ်၊ ဒါတောင် ... ဘန်ကောက်ရောက်တဲ့ထိတော့ အိပ်လို့ရမှာမဟုတ်သေးဘူး၊ ဘန်ကောက်က အနီးလေးရယ်၊ ရွှတ်ဆိုရောက်သွားမှာ၊ လေးဆယ့်ငါးမိနစ်လောက်ပဲစီးရမယ်ထင်တယ် ...

"အဲဒီမှာ မေမေ ပစ္စည်းပြန်မထုတ်တော့ဘူး၊ ထိုင်းအဲဆေးက မေမေပြောင်းစီးမယ့်လေယာဉ်ပေါ် သူ့ဘာသာရွှေ့ပေးလိမ့်မယ်၊ မေမေက ဘန်ကောက်လေဆိပ်မှာ ခုနစ်နာရီလောက် ငုတ်တုတ်ထိုင်နေရမှာ၊ အဲဒီကျမှ ငုတ်တုတ်အိပ်တော့မယ်"

မေမေက နိုင်ငံခြားခရီးကို ကျွမ်းပါသည်။ ရန်ကုန်–ဘန်ကောက်၊ ရန်ကုန်–စင်ကာပူ၊ ရန်ကုန်–အမေရိကား၊ သွားချည်လာလှည့်တွေများသည်မို့ မေမေ့အတွက်တော့ ရိုးလှပြီ။

"ဟိုဘက်ကျတော့ အမေရိကားတိုက်ကြီးကိုပဲ၊ နာရီပေါင်းများစွာ ဆက်တိုက်စီးရတော့မှ အိပ်လို့လည်း

www.burmeseclassic.com



ရတယ်၊ သားအိပ်ချင်အိပ်လေ"

"ကျွန်တော်လည်း မအိပ်ချင်ဘူး ဖေဖေ"

တကယ့်ကို မျက်စိကြောင်ကာ မိုးသာလင်းသွားရော ... မျက်ခွံတွေ တစ်ခါမှ ပိမကျခဲ့ပါ။ အဲဒီညသည် ပဈှန်တစ်သက်တာမှာ မိုးအလင်းမအိပ်သော ပထမဆုံးညဖြစ်ခဲ့၏။ ဒီညသည် ဒုတိယည။ တတိယ၊ စတုတ္ထ၊ ပဥ္စမညမျိုးတွေ မလာပါစေနှင့်တော့ဟု ဆုတောင်းသည်။ အိပ်ပျက်ညဟူသည် ပျော်ရွှင်ဖွယ်များကို သယ်ဆောင်လာသော ကာလမှမဟုတ်ပဲ။

အာရုဏ်တက်သည်နှင့် တယ်လီဖုန်းဂဏန်းကွက်တွေကို လှည့်ဖို့စိတ်စောလှပြီ။ စောလွန်းသည်မို့ ... ဒီအချိန် ဖုန်းခေါ်ရန်မသင့်သေးလို့သာ အောင့်အည်းစောင့်ရသည်။ စိတ်လည်းပူလှပြီ။ ခုချိန်မှာ ချစ်စိတ်နှင့်ပူပန်စိတ်တို့ပဲရှိသည်။ သူနှင့်ကိုယ်နှင့်ကြားမှာ ဘာပြဿနာမှ မဖြစ်ခဲ့ဘူးသလို၊ ခလုတ်ကန်သင်းမှန်သမျှ ပျက်ပျယ်ခဲ့ပြီဟု ခံစားရသည်။ ဖုန်းဆက်ပြီးလျှင်တော့ မေမေ့အနီးကိုတောင်မစောင့်ပဲ တံခါးခေါက်၍ ပြောတော့မည်။ လူက ဂဏာမငြိမ်။ စိတ်စောလွန်းလှသည်။ ကလေးလေးလို ဆုတောင်းလိုက်ချင်ပါသည်။

မိုးမင်းကြီးရယ် လင်းပါတော့။
နေမင်းကြီးရယ် ထွက်ပါတော့။

****

## အခန်း(၁၃)

"အမလေး" ... ဟု လန့်အော်လိုက်မိသည်။

ပဈှန် သရဲကြောင်သူမဟုတ်ပါ။ ယောကျ်ားသားမို့ တော်ရုံနှင့်လည်းမလန့်တတ်ပါ။ သို့ပေမယ့် ... ခုရှတော့ သွေးပျက်နေသည်။ စိတ်ပူသောက၏ တစ်ညလုံးဖိစီးနှိပ်စက်ဒဏ်ကို ထိုင်မရ၊ အိပ်မရ၊ လမ်းလျှောက်မရ၊ စာဖတ်မရ၊ ဘုရားစာရွတ်လို့လည်း အဆီအငေါ်မတည့် ... လှိမ့်ပိမ့်ခံစားထားရသည်မို့ လူတကိုယ်လုံးလည်း အူကြောင်ကြားဖြစ်နေလား မပြောတတ်တော့ပါ။

"ဂရင်" ... ဆိုသော ဖုန်းမြည်သံကိုပင် လန့်ဖျတ်ကာ အမလေးတ,ရ၏။ ပဈှန် ဒီလောက် ချောက်

www.burmeseclassic.com



ချားနေသည်။ တယ်လီဖုန်းမြည်သံက ကံဆိုးတစ်ခုကို သတ္တုကြီးများမှတစ်ဆင့် သယ်ဆောင်လာခဲ့ပြီဟု စိတ်ထဲမှာ အခြေအမြစ် အစုအစံမနိုင်လှုပါပဲ၊ ထင်လိုက်၏။ ယုံလိုက်၏။ ထိတ်လန့်၏။ စိုးရွံ့သည်။ ချောက်ချားသည်။ ဝန်ခံရပါလျှင် သွေးပျက်နေပါပြီ။ တယ်လီဖုန်းကို မ,ယူလိုက်ဖို့ကြောက်နေ၏။ ခဏစိုက်ကြည့်ပြီးမှ မယူပဲမနေနိုင်စွာ ... ထိလိုက်ရုံနှင့် လက်ဖျားကျင်သွားမလား၊ ခါတ်ပဲလိုက်တော့မလိုလို တုန်လှုပ်စွာ မ,ယူလိုက်ရတော့သည်။

"ပစ္စုန်သက်တင်ပါ"

"ဦးစုန်"

"ဟာ ... "

ဟု ... နေစကြာဝဠာကနေ တိုးတိုးယဲ့ယဲ့လေးခေါ်လိုက်လည်း ဒီနားစည်ကိုလာပြီး ရိုက်ခတ်မြည်ကျူးမှာဖြစ်သော အလွန်မှတ်မိဖွယ် သံသာလေးပါတကား။

"မြိုင်လေး ... နေကောင်းလား"

ကျန်းမာရေးကိုပဲ အသည်းအသန် တစ်ညလုံး စိတ်ပူခဲ့ရတာပါ။ မြိုင်လေးဟာ ကိုယ့်ကိုခွင့်လွှတ်မှာလား၊ ခွင့်မလွှတ်ပဲ ဆက်လက်စိမ်းကားနေမှာလားဆိုတာ ရင်ထဲမှာ ပြဿနာကိုဖြစ်မလာခဲ့။ ခွင့်လွှတ်ပြီးသားဟု နိုင်မာယုံကြည်လိုက်တာဟာ စင်စစ် ... အချစ်၏ဂုဏ်သတ္တိတစ်မျိုးပဲဖြစ်သည်။ ကိုယ်ဒီလောက် ထုထည်ကြီးမားစွာ အကိုင်းအခက်မဲ့ အင်နှင့်အားနှင့်ချစ်နေမှ ... ပေးဆပ်မေး



ဆက်လိုခြင်းသက်သက်ဖြင့် အပြစ်ဟူသမျှ ဆိတ်သုဉ်းစွာ အလွန်အမင်းဖွဲ့လမ်းမက်မောနေမှ ... စီးပြုံးဖြန့်ခါးသာဆိုလျှင် ငံထားချင်တယ်ဆိုသော စကားရပ်ကို ကြားဖူးပေမယ့်၊ ချစ်သူကို သကြားလုံးလေးလို ငုံခဲထားချင်သည်ထိ မြတ်နိုးတွယ်တာခြင်းကြီးစွာ ချစ်လွန်းခြင်းမက ချစ်နေမှတော့၊ ဒီသက်ရောက်မှုတွေမှ တုံ့ပြန်မှုမရနိုင်တော့ဘူးတဲ့လား။

သက်ရောက်မှုတိုင်းမှာ တူညီသောတုံ့ပြန်မှုရှိသည်ဟု အဆိုရှိသည်မဟုတ်လား။ တူညီသောတုံ့ပြန်မှု မရရှိဘူးပဲထားပါ။ ကိုယ့်သက်ရောက်မှု၏ အပုံတစ်ရာပုံမှာ တစ်ပုံပဲ တုံ့ပြန်မှုရပါစေဦး၊ ကိုယ်ကျေနပ်တင်းတိမ်လွန်းရပါပြီ။ ကိုယ့်အလွန်အမင်းချစ်ခြင်းက သူ့ဆီမှ စဉ်းငယ်မျှသောချစ်ခြင်းကိုပဲ ပြန်လည်သယ်ဆောင်လာခဲ့စေဦး၊ ကိုယ့်တစ်ဘဝစာလုံးအတွက် လုံလောက်ပြည့်စုံသွားပါပြီ။ ကိုယ်သည် သူ့ထံမှရရှိမည့်အချစ်အပေါ် လောဘမကြီးပါ။ အတ္တကိုလည်း ရှေ့တန်းမတင်နိုင် မတင်ရက် ဘောင်ဖြစ်တော့ပါ။ ကိုယ်သည်သာလျှင် သူ့အတွက်။ ကိုယ်တို့ဟာ ချစ်သူတွေဘဝကို ပြန်လည်ရရှိခဲ့ပြီဆိုသော ယုံကြည်စိတ်က ကိုယ့်အချစ်ထုထည်၏ သိပ်သည်းဆကို ကိုယ့်ဘာသာ စိတ်ချလိုက်ခြင်းပဲဖြစ်သည်။

"ကိုယ် ညကဆက်တယ် မြိုင်လေးရဲ့"

"ကျွန်တော် ... ဆေးသောက်ပြီး အိပ်လိုက်ရတယ်၊

www.burmeseclassic.com



အိပ်ရေးဝလို့ အစုမနက်တော့ အစောကြီးနိုးနေတာ၊ ဦးစုန် နိုးမှနိုးပါဦးမလားလို့ စောင့်နေရတယ်"

"အမလေးဗျာ ... ဒီကောင်က တစ်ညလုံး တစ်ရေးမှမအိပ်ပဲ ငုတ်တုတ်ထိုင်လိုက် လမ်းလျှောက်လိုက်နဲ့ စောင့်နေခဲ့တာ"

"အိပ်ရေးပျက်တာပေါ့ ဦးစုန်ရယ်"

"ပျက်စမ်းပါစေ ... မြိုင်လေး၊ မြိုင်လေးရဲ့အသံက ပျော့လိုက်တာ၊ နေမကောင်းဘူးလား၊ ဆရာဝန်က ဘာတဲ့လဲ၊ ဘာဖြစ်လို့ ကိုယ့်ဆေးရုံမှာမပြတာလဲ၊ ကိုယ်အခုလာခဲ့ရင် ရမလား၊ ဘယ်နှစ်နာရီလဲ"

သူ့ကိုမေးရင်း ကိုယ့်ဘာသာပဲ နာရီကိုကြည့်ဖြစ်လိုက်သည်။ ခြောက်နာရီနှင့်သုံးမိနစ်။ သူ ... ဖုန်းခေါ်ချိန်သည် ခြောက်နာရီတိတိ။

"ညက ဖေဖေနဲ့သွားပြတယ်"

"အင်း ... ဆရာဝန်က ဘာတဲ့လဲ"

"ဦးစုန် ... ကျွန်တော် ဦးစုန်ကိုချစ်ပါတယ်"

"ပျော်လိုက်တာ မြိုင်လေးရယ်၊ ထပေါင်ခုန်လိုက်ချင်ပါရဲ့၊ ယုံလည်းယုံတယ်၊ ပြောပါအုံး၊ ဆရာဝန်က ဘာတဲ့လဲ"

"ဦးစုန်ချစ်တာကိုလည်း ယုံတယ်၊ ဒါပေမယ့် ... ကျွန်တော်တို့ကံဆိုးပြီ ဦးစုန်ရယ်"

"ဘာဖြစ်လို့လဲ ... မြန်မြန်ပြောစမ်းပါ မြိုင်လေး



ရဲ့၊ မြိုင်လေး ကံမဆိုးစေရဘူး၊ မြိုင်လေးအတွက် ကံကောင်းခြင်းတွေကို ဝယ်ယူရမယ်ဆိုရင် စည်းစိမ်ပြုတ်ရုံမကဘူး၊ ကိုယ်တိုင်ကျွန်ခံပြီးဝယ်မယ်"

"ကျွန်တော်လေ ..."

"အင်း ..."

"ခေါင်းထဲမှာ ကျူမာ"

"ဘာ ..."

"ဦးစုန် ... ကျွန်တော်ဟာ သက်တမ်းစေ့နေရမယ့်သူမဟုတ်ဘူး ဦးစုန်ရဲ့"

"မယုံဘူး၊ ဒါကို နည်းနည်းလေးမှ မယုံဘူး၊ ကိုယ်လက်မခံဘူး"

အကျယ်ကြီးအော်ပြောလိုက်သည်။

ညက ဆရာဝန်တွေကို လိုက်မေးမိသမျှတွေထဲက အဆိုးဝါးဆုံးရောဂါမှ လာဖြစ်နေရသတဲ့လား မြိုင်လေးရယ်။ ဖြစ်မှဖြစ်ရလေ။ မင်း ကံဆိုးလှချည်လား။ မင်းဆီကို အဲဒီကံဆိုးခြင်းတွေ ဘယ်သူပို့လွှတ်လိုက်သလဲ။ ကိုယ်ရင်ဆိုင်မယ်။ သဘာဝတရားကြီးက ပို့လွှတ်ပါတယ်ဆိုရင်တောင် ကိုယ်က အဲဒီသဘာဝတရားကြီးကို ဆန့်ကျင်တိုက်ဖျက်ပစ်လိုက်ချင်တယ် မြိုင်လေးရယ်။

ပစ္စုန်ဟာ ဆရာဝန်တစ်ယောက်သာမဟုတ်ပါ။ သို့ပေမယ့် ... ဆေးရုံပိုင်ရှင်လေး။ ဆေးပေးကုသမှုသမားတော်၊ ခွဲစိပ်သမားတော်မှစလို့ သမားတော်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ဆေးပညာပါရဂူများနှင့် နေ့စဉ်ထိတွေ့ နီးစပ်နေရသူဖြစ်သည်။ သူတို့နှင့်စကားပြောနေရသည်။ သူတို့ပြောစကားတွေ နားထောင်နေရသည်။ သူတို့ပြောပြသည့်ရောဂါပေါင်းစုံအတွက် ကုသမှုအထောက်အကူဆေးရုံသုံး စက်ပစ္စည်းတွေနှင့် ဆေးဝါးတွေကို ဝယ်ယူပံ့ပိုးနေရသူဖြစ်သည်။ ဆေးပညာဗဟုသုတကို မရချင်လို့မနေရ၊ ကြားနေရသည်။ မြင်နေရသည်။ တွေ့နေရသည်။ ရောဂါနာမည်တစ်ခုကို ကြားရုံမြင်ရုံ ဒီလူနာ ဘယ်လောက်ပဲ အသက်ရှင်နေနိုင်တော့မည် ဆိုတာတောင် ဆရာဝန်ကြီးတွေနီးပါး ထင်မြင်ချက်ပေးနိုင်သူဖြစ်ခဲ့ပြီ။

မြင့်ခိုင်လေးရယ် . . . ဘာရိုန်းကျူမာတဲ့လားကွယ်။

ဦးနောက်သည် လူ၏တစ်ကိုယ်လုံးကို ထိန်းချုပ်၏။ တွေးခြင်း၊ မြင်ခြင်း၊ ကြားခြင်း၊ အရသာသိခြင်း၊ အနံ့ရခြင်း၊ အထိအတွေ့ကို သိခြင်းဟူသမျှသည် ဦးနောက်နှင့် အာရုံကြောဆိုင်ရာကိစ္စချည်း။ ခန္ဓာဗေဒ Anatomy နှင့်ပတ်သက်သော ရုပ်ပုံပိုစတာကားချပ်ကြီးတွေ "ပန်းနုဆေးရုံ" မှာ နေရာအနှံ့ ချိတ်ဆွဲထားသည့်အနက်၊ ဦးနောက်သီးသန့်ကားချပ်ကြီးအချို့လည်း ပါ၏။ ဦးနောက်သည် အလွန်နူးညံ့သိမ်မွေ့ပါသည်။ သူ့အစွန်းနှင့်သူ အကန့်ကလေးများနှင့် ဖွဲ့စည်းထားကာ အလွန်သေးငယ်သော သွေးကြောမျှင်ကလေးများနှင့် ဖုံးအုပ်ထားသည်။ သူ့နေရာ သူ့အစွန်းနှင့်အနေအထားသော နေရာမှာ အကြိတ်အဖုတစ်ခုက နေရာယူပြီဆိုကတည်းက အစွန်းကလေးကြွပ်ရှာပြီ။

အကြိတ်အခဲက ကြီးထွားလာလေလေ၊ အကြိတ်ရှိရာ အစွန်းကလေးကြွပ်လေလေ၊ အလွန်သေးငယ်သော အကြောကလေးများကို တွန်းထိုးတိုက်ခိုက်ခြင်းများလေလေ၊ တစ်ခါတစ်ရံကျတော့ တွန်းထိုးတိုက်ခိုက်နေရာယူရုံမျှမက ဝန်ပိစေကာ ဖိနှိပ်ခြင်းမျိုးကိုလည်း ဖြစ်စေသေးသည်။ ထိုအခါမှာ . . . ခန္ဓာကိုယ်တစ်ခုလုံးကို ချုပ်ကိုင်ထားသော ဦးနောက်၏လုပ်ငန်းတို့ ပျက်စီးပြီ။ အာရုံကြောတို့ ချို့ယွင်းပြီ။ မျက်စိကွယ်ခြင်းမှစ၍ နှုတ်ဆွံ့၊ ခြေဆွံ့၊ လက်ဆွံ့၊ လူတန်းမစေ့ခြင်းမှအစပြုလျက် အသက်အန္တရာယ်ထိ တိုက်စားချေဖျက်သွားနိုင်သည့် ရောဂါဆိုးကြီးတည်း။

ဖြစ်မှဖြစ်ရလေ။

အဲဒီရောဂါဆိုးကြီးပဲဟဲ့ ကိုယ့်အချစ်ဆုံးနှလုံးသည်းအူကလေးကိုမှ ရွေးပြီး ဖိစီးနှိပ်စက်ရသတဲ့လား။

"ကျွန်တော်တို့ လက်မလျှော့ဘူး ဦးစုန်း"

"မြင့်လေး . . . ငိုနေလား၊ မငိုနဲ့နော်"

"ကျွန်တော် . . . မျက်စိတွေထောင်းတောင်းကိုက်နေပြီ ဦးစုန်ရဲ့၊ ကျွန်တော် . . . နောက်ထပ်ဘယ်လောက်ကြာကြာ လူ့ပြည်မှာနေရတော့မလဲ"

"ကိုယ်နဲ့တစ်သက်လုံး အကြာကြီးနေကြမယ်"

"ဒီလိုရောဂါဆိုးကြီးနဲ့ . . . ဦးစုန်ကို လိုက်မှုအောင်

www.burmeseclassic.com



ရက်ပါဘူး၊ မှုဆိုးဖိုဖြစ်မှာ သေချာနေပါလျက်နဲ့ မိန်းမတစ်ယောက်ကို ဘာလို့လက်ထပ်တော့မှာလဲ ဦးစုန်ရယ်၊ ဦးစုန် ဘာပဲပြောပြော … ကျွန်တော် ဦးစုန်ကိုလက်မထပ်ဘူး၊ လုံးဝငြင်းတယ်"

"မြိုင်လေး … ကိုယ်လာခဲ့မယ်၊ ရမလား၊ ချက်ချင်းလက်ထပ်မယ်၊ ပြီးတော့ အမေရိကားကို ကိုယ်တို့နှစ်ယောက်သွားမယ်၊ ဟိုမှာ ခွဲသင့်စိပ်သင့်ရင်ခွဲမယ်။ ဘာပဲဖြစ်ဖြစ် တူတူနေမယ်၊ ခုချိန်ကစပြီး တစ်စက္ကန့်လေးတောင် မခွဲတော့ဘူး၊ မြိုင်လေးရယ် ချက်ချင်းလက်ထပ်မယ်၊ ကိုယ် … မြိုင်လေးကို တစ်သက်လုံးပွေ့ထားတော့မယ်၊ ဒါပဲနော် … ကိုယ်လာခဲ့မယ်"

"ဦးစုန်"

ခေါ်သံသဲ့သဲ့လေးကို ကြားလိုက်သေးပေမယ့် တယ်လီဖုန်းကိုချဖြစ်အောင် ချပစ်လိုက်တော့သည်။ စကားဆက်နေခြင်းဖြင့် မြိုင်လေးဆီ အရောက်နောက်ကျမည်။ တွေ့ချင်လှပြီ မြိုင်လေးရယ်။ မင်း လှူပြည်မှာ နေခွင့်အချိန်သိပ်မရှိတော့ဘူးဆိုရင်တောင် လက်ကျန်အချိန်ကလေးဟာ ကိုယ့်ရင်ခွင်ထဲမှာပဲ ကုန်ဆုံးပါစေတော့။ သားပိုက်ကောင်လို ရင်မှာပဲလွယ်ရလွယ်ရ၊ ကလေးငယ်တစ်ယောက်လို ကျောမှာပိုးရပိုးရ၊ ရင်အုပ်မကွာ စောင့်ရှောက်တော့မယ် အချစ်လေးရယ်လို့ပြောရင် … ချွဲရာရောက်မလား ချစ်သည်းအူ။



ကိုယ် … ချွဲချွဲပျစ်ပျစ်လေးပဲ ပြောချင်ပါတယ်။"

✽✽✽

"မေမေ"

အခန်းချင်းဆက်ထားသည့်ဖုန်းကို အရင်လှည့်သည်။ မေမေ ကောက်ကိုင်သည်နှင့် မေမေဟုခေါ်လိုက်၏။ ချက်ချင်းပြန်ချကာ အခန်းထဲမှ ပြေးထွက်ခဲ့သည်။ မေမေက စိုးရိမ်မျက်နှာနှင့် တံခါးဖွင့်ကြိုနှင့်သည်။

"သား"

"မေမေ … မြိုင်လေး၊ ဘာရိန်းကျူမာတဲ့ မေမေ"

"မြတ်စွာဘုရား"

ခေါ်မြစိမ်းရည်က ရင်ကိုဖိလိုက်၏။

"တကယ်ဖြစ်တယ်ပဲထားဦး၊ ဒါကို ဘာဖြစ်လို့ ကာယကံရှင်သိစေရတာလဲ၊ မပြောပဲထားပါလား"

ဟုတ်ပါရဲ့။ ရက်စက်လိုက်ကြတာ။ ဆရာဝန်ကပဲ ရက်စက်စွာ တုတ်ထိုးအိုးပေါက်ပြောချလိုက်သလား၊ ဦးတိုးမြိုင်ကပဲ မိုက်မဲစွာ ပြန်သိစေခဲ့တာလား။ ဒီလောကမှ လူမှုရေးမကြေညက်ကြဘူးလား။ ညံ့လိုက်တဲ့လူတွေ။

"လိုက်သွားရအောင်ပါ မေမေ၊ ကျွန်တော် မြိုင်လေးကို ပိုင်ပိုင်ပြုစုချင်ပါတယ်၊ ချက်ချင်းလက်ထပ်ဖို့ ကူညီစီစဉ်ပေးပါ မေမေ၊ ခွဲရစိပ်ရမယ်ဆိုရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ... မေမေ့ဆီကိုပဲ သွားချင်ပါတယ်၊ ခွင့်ပြုပေးပါမေမေ"

"သားသဘောလေ ... သွားပါ၊ လိုက်သွားချင်သွားလေ၊ သားလာခဲ့ပါရစေဆိုတာ၊ မေမေ ... သူ့အမေဆီဖုန်းဆက်ပြီး ခွင့်တောင်းပေးပါ့မယ်"

ဟုတ်သားပေါ့။ ကိုယ်က ယောကျ်ားလေး။ မိန်းမသားတစ်ဦးဆီကို ချစ်သူအဖြစ် အတိအလင်းသွားမယ့်အခါမှာ သူ့အမေဆီမှာ မြန်မာ့ယဉ်ကျေးမှုအရ ခွင့်တောင်းရမယ်လေ။

"ဆက်ပါမေမေ၊ မေမေလဲ လိုက်ခဲ့ပါ၊ မြိုင်လေးမှာ မိန်းမသားချင်း ကူညီမှုဖြစ်မယ့်အကူအညီမျိုးလည်း လိုအပ်နိုင်ပါတယ်၊ သမီးရင်းလိုသဘောထားပြီး ကူညီပေးပါ မေမေ၊ ကျွန်တော် တောင်းပန်ပါတယ်"

"အာမကူညီနိုင်စရာရှိလဲ သားရယ်၊ မေမေကူညီပါ့မယ်၊ သမီးရင်းလိုလည်း သဘောထားပါ့မယ်၊ ဒါပေမယ့် ... မေမေ ... ဦးတိုးမြိုင်နဲ့ပြန်ဆုံကြပြီးကတည်းက သူ့အိမ်ကို တစ်ခါမှသွားမလည်ခဲ့ဘူး သားရယ်၊ ဒါဟာ မိန်းမသားတစ်ယောက် စောင့်စည်းအပ်တဲ့သိက္ခာတရားအဖြစ် မေမေ မှန်းခဲ့တယ်"

"ဟင် ... ဒါဖြင့် မေမေသွားလို့မရဘူးလား၊ ဘယ်လိုလုပ်ရမလဲ၊ အန်ကယ်လ်ကို ... မြိုင်လေးကို ဒီကိုခေါ်ခဲ့ပါလို့ ပြောရမလား၊ အန်ကယ်လ်လည်း



အိမ်ကို တစ်ခါမှမလာဘူးပေမယ့် လာပါစေ မေမေ၊ ကျွန်တော် နားလည်နိုင်ပါတယ်"

"သားကနားလည်နိုင်လို့ ဒီအိမ်ကိုလာဖို့ ခွင့်ပြုတယ်ဆိုရင်တောင် သူတစ်ယောက်ထဲသာလာတော့မပေါ့၊ သမီးကို ဘယ်လိုအမေက ခေါ်လာမှာလဲ သားရဲ့"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ၊ မြိုင်လေးကို ကျွန်တော် မျက်စိအောက်မှာပဲထားချင်တယ်၊ ကွယ်ရာမှာ စိတ်မချဘူး၊ သူ့အမေကလည်း အလုပ်ဆင်းမှာ၊ အိမ်မှာ အိမ်ဖော် အဒေါ်ကြီးအဒေါ်လေးနဲ့ နှစ်ယောက်ထဲနေကြလို့လည်း ဘယ်ဖြစ်မလဲ၊ ကျွန်တော့်ဆေးရုံမှာတင်ထားရင်ကောင်းမလားမသိဘူး၊ ခုတော့ ကျွန်တော် အရင်သွားလိုက်ချင်တယ်၊ မေမေက လက်ထပ်ဖို့တရားသူကြီးတွေဘာတွေ စီစဉ်ပြီးလိုက်ခဲ့မလား၊ ကျွန်တော် ... ပိုင်ပိုင်ပြုစုချင်တယ်မေမေ ...

"သူက လူမမာဖြစ်နေတော့ ကျွန်တော်ပဲသွားမှဖြစ်မှာ၊ မေမေက သားရှင်အဖြစ်နဲ့ အဲဒီအိမ်ပေါ်တက်ရမှာပဲ သင့်တော်တယ်မဟုတ်လား မေမေရဲ့၊ တခြားတစ်မျိုးသဘောနဲ့ဆိုရင်လည်း အန်ကယ်လ်က မေမေကို နားလည်မှာပါ၊ အထင်သေးမှာမဟုတ်ပါဘူး၊ မေမေက ကျွန်တော့်အတွက် ... မြိုင်လေးအတွက်သွားမှာပဲ ...

"အန်ကယ့်လ်ဆီလိုက်သွားတာမျိုး မဟုတ်တာ၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အဲဒီသဘောထားလိုက်ပေါ့၊ နောက်ကိစ္စကိုတော့ အန်ကယ်လ်က ထပ်လာပစေပေါ့၊ အဲဒီနောက်ကျတော့လည်း ဘယ်သူက ဘယ်သွားသွားသင့်တော်ပြီမဟုတ်လား မေမေ"

ဒေါ်မြစိမ်းရည် မျက်နှာနည်းနည်း ရဲလေ၏။ ပစ္စုန်ကတော့ မျက်နှာရဲဖို့ သတိမရ။ မျက်နှာကြီးထူအမ်းဖို့လည်း သတိမရ။ ဦးတိုးမြိုင်နှင့်မေမေ့ကိစ္စသည် သမရိုးကျဖြစ်ရိုးဖြစ်စဉ်ခွင့်ပြုပြီးသား လောကသဘာဝတရားကြီးလိုအလိုအလျောက်‚ လက်ခံပြီးသားဖြစ်သွားရတော့သည်။

"ကျွန်တော်တို့ အရင်လက်ထပ်မယ် မေမေ၊ ဒါမှ ဝိုင်ဝိုင်နိုင်နိုင် ပွေ့ပွေ့ပိုက်ပိုက် ပြုစုနိုင်မှာ၊ မေမေတို့က စောင့်ပေးနော်"

"ဟဲ့ ... သား"

"ကန်တော့ ... ကန်တော့ မေမေ၊ ကျွန်တော် ရင်ထဲမှာ သိပ်ပူနေလို့ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်ပါ မေမေ၊ သွားရအောင်ပါ၊ အခုသွားကြစို့၊ မေမေ မျက်နှာသစ်ပြီးပလားဟင်"

"ပြီးပါပြီ သားရဲ့၊ သားရော"

"မသစ်တော့ဘူး၊ တစ်ညလုံးလည်း အိပ်မှမအိပ်တာ၊ လမ်းထလျှောက်လိုက်၊ ထိုင်လိုက်နဲ့ပဲ၊ ဒါဆိုသွားစို့၊ မေမေပါလာတဲ့အတွက် ကျွန်တော့်အဖို့ သင့်တော်သွားသလို ကျွန်တော်ပါလာတဲ့အတွက်လည်း မေမေ့



အဖို့သင့်တော်တယ်မဟုတ်လား မေမေရယ်၊ ကျွန်တော်တို့သားအမိနှစ်ယောက် တူတူသွားတာပဲ၊ မသင့်တော်စရာမရှိဘူးမဟုတ်လား၊ ကျွန်တော် အရမ်းပူနေပြီ"

ပစ္စုန် ... မေမေ့လက်ကိုဆွဲလိုက်သည်။ ဒေါ်မြစိမ်းရည်ခမျာ နည်းနည်းပါးပါး ရှက်ကိုးရှက်ကန်းလည်းဖြစ်သည်။ မျက်နှာပူသလိုလိုလည်းရှိသည်။ သို့ပေမယ့် ... လူမမာဆီကို လူကောင်းကသွားရမှာပေါ့လေ။ အော် ... သား။ ချစ်တတ်ရှာတယ်။

✽✽✽

"ဟော့ဗျ ... မြစိမ်းရည်၊ ဟင် ... ကိုပစ္စုန်"

တံခါးကိုလာဖွင့်ပေးသူက ဦးတိုးမြိုင်ကိုယ်တိုင်ဖြစ်နေ၏။ တိုက်ခန်းမှို အိမ်ရှင်ရှိနေချိန်များဆိုလျှင် ဦးတိုးမြိုင်သော်လည်းကောင်း၊ သက်ပုံသော်လည်းကောင်း ကိုယ်တိုင်ဖွင့်မြဲဖြစ်၏။ နှစ်ယောက်လုံးအပြင်သွားလျှင်တော့ အိမ်ဖော်ကောင်မလေး စိန်ရီကို ဘယ်သူ့မှ တံခါးဖွင့်မပေးနဲ့ဟု မှာခဲ့သည်။ သော့ပေးထားခဲ့ပေမယ့် ...

"ကျွန်မမှာ သော့မရှိပါဘူး၊ ဦးဦးနဲ့မမက ကျွန်မကို

www.burmeseclassic.com



သော့ခတ်သွားပါတယ်လို့ပြော"

ဟု သင်ပေးထား၏။

"လာ ... လာကြ၊ ဘယ်ကလှည့်လာလဲ"

ဦးတိုးမြိုင်က ပျာနေအောင် ကြို၏။ ဒေါ်မြစိမ်းရည်က ဣန္ဒြေဆည်နိုင်ပေမယ့် ပန္နက်ကတော့ ကျိုးကန်းတောင်းမှောက်၊ မျက်သလဲဆန်ပြာ။

"အန်ကယ်လ် ... မြိုင်လေးနေမကောင်းလို့ ကျွန်တော်တို့သားအမိ လာကြည့်တာ၊ ဒီကို တမင်လာတာပါပဲ"

"အော် ... ဟုတ်တယ်၊ ညက ဆေးခန်းသွားရသေးတယ်၊ နိုးနေပြီ၊ ဒါပေမယ့် အခန်းထဲမှာ လှဲနေတယ်ခေါ်လိုက်မယ်"

"မြစိမ်းရည်တို့လာတာ စောနေတော့ အိမ်ရှင်တွေကို အနှောင့်အယှက်ဖြစ်မလားမသိဘူး"

ဒေါ်မြစိမ်းရည်မျာ အပျိုဖြန်းလေးလို သားရှေ့မှီ ရှက်ကိုးရှက်ကန်းဖြစ်ရှာ၏။

"မဖြစ်ဘူး၊ ကိုယ်တို့သားအဖက စောစောအိပ် စောစောထတတ်ကြတယ်၊ မနက်ငါးနာရီခွဲနဲ့ ခြောက်နာရီကြားမှာ ပုံမှန်နိုးတာ၊ ခေါ်လိုက်မယ်၊ ဟဲ့ ... စိန်ရီ၊ မြိုင်လေးကိုပြော၊ ဒီမှာ ဧည့်သည်တွေရောက်နေတယ်လို့"

"ဖြစ်ပါ့မလား အန်ကယ်လ်၊ အပြင်ထွက်နိုင်ရဲ့လား"





"ထွက်နိုင်ပါတယ်၊ စိန်ရီ ... ခေါ်လိုက်"

စိန်ရီ ... ဆိုမှ ကိုယ်လက်မှတ်ထိုး လက်ထပ်ခဲ့ဘူးတာကို သတိရပြီး ပန္နက် ပြုံးစေ့စေ့ဖြစ်သွားရသည်။ အသားမည်းမည်း မျက်နှာပြားပြားနှင့် ခါးတုတ်ဗိုက်ပူမလေးနဲ့ ကိုယ်ကလက်ထပ်စာချုပ်မှာ လက်မှတ်ထိုးဘူးသတဲ့။ ဒီကောင်မလေးဆီကနေ ကိုယ့်ကိုကိုယ် သိန်းသုံးဆယ်နဲ့ရွေးရဘူးသတဲ့၊ ကိုယ်က သိန်းသုံးဆယ်တန်လူသားကြီးကိုဖြစ်လို့။

ခဏပဲတွေးဖြစ်ပြီး မျက်ဝန်းတို့က တိုက်ခန်းအတွင်းဖက်သို့ကူးရာ စာခန်းဆီးလေးဆီသို့ပဲရောက်သည်။ မြိုင်လေးထွက်လာတော့မယ်။ မျက်စိမှမြင်သေးရဲ့လား။ စိန်ရီတွဲလာမှာပါပဲ။ ဘုရား။ ဘုရား။ ရင်ထဲက ဒိန်းဒိုင်းထ, ခုန်သည်မို့ ... မေမေ့ကိုလှည့်ကြည့်လိုက်သည်။ စေ့စေ့ကြည့်နိုင်မှ နည်းနည်းကလေးရှက်ရိပ်ပြေးတာကို သိသာပေမယ့် ... မေမေက ဘာမှမဖြစ်သလို ဣန္ဒြေဆည်နေနိုင်ပါ၏။ မေမေ့ရင်ထဲမှာလည်း ဝုန်းဒိုင်းကြဲနေမှာပါပဲ။ သားက နွှင့်ပြုခဲ့ပြီလေ။ ဘာပဲဖြစ်ဖြစ်၊ ချစ်သူဆိုတာ ချစ်ကြသူတွေပဲ၊ အချစ်မှာ အသက်အရွယ်အပိုင်းအခြားရယ်လို့မှ မရှိနိုင်ပဲ။

ကိုယ့်ကိုပဲကြည့်။

မြိုင်လေးကို ကိုယ်အသက် ကာစီထောင်ထိနေခဲ့ရသော် နှစ်ပေါင်းတစ်ထောင်တိတိ သည်းထန်စွာချစ်

www.burmeseclassic.com

www.burmeseclassic.com



သွားမှာပဲဖြစ်သည်။ အိုမင်းလို့က အချစ်မလျော့နိုင်။ တစ်နာရီထဲချစ်ခွင့်ရတော့မည်ဆိုလည်း အချစ်နိုင်ဆုံးအချစ်တွေ ပုံအောသွန်ချပြီး ချစ်ပေးလိုက်မှာဖြစ်၏။

"ယော"

ပဒ္မုန် ဣန္ဒြေမဆည်နိုင်ပါ။ ထ,ကြို၏။ မြိုင်လေးလက်ကို လှမ်းတွဲသည်။ "ဖြည်းဖြည်းလျှောက်" ဟု စိတ်ပူစွာပြောဖြစ်၏။ မြိုင်လေးက တစ်ယောက်ထိုင်ကုလားထိုင်ဆီ ဦးတည်သည်မို့ ထိုင်ပြီးသွားသည်ထိ ကူညီပေးမလိုက်ပြီးမှာ ကိုယ့်ကုလားထိုင်ကိုယ် ပြန်ထိုင်တာတောင် လူတစ်ကိုယ်လုံးက မြိုင်လေးဘက် ယိုင်ကျနေတော့သည်။

"သမီး နေကောင်းလား"

ဒေါ်မြစိမ်းရည်က မြိုင်လေး တစ်ဖက်ဘေးက ကုလားထိုင်သို့ ပြောင်းထိုင်ကာ မြိုင်လေးလက်ဖျားလေးတွေကို ဆုပ်ညှစ်အားပေး၍ မေး၏။

"ဟုတ်ကဲ့ ... ခေါင်းမူးရုံပါဗဲ"

"အန်ကယ်လ် ... ဘယ်ဆရာဝန်နဲ့ပြတာလဲမသိဘူး၊ ကိုယ့်ဆေးရုံမှာ ကိုယ်ပြရောပေါ့ အန်ကယ်လ်ကလဲ၊ စကင်တွေဘာတွေလည်း ရိုက်လို့ရတဲ့ဟာကို"

"ဘာရယ်မဟုတ်ပါဘူး ကိုပဒ္မုန် ... မြို့ထဲမှာပဲ ပြဖြစ်လိုက်တာ"

"ကျွန်တော် ... မြိုင်လေးကို အမေရိကားခေါ်သွားပါရစေ အန်ကယ်လ်၊ ခွဲရမယ်ဆိုရင် ဟိုမှာပဲခွဲမယ်၊



ပထမတော့ ကျွန်တော် ... နီးနီးနားနား စင်္ကာပူ လောက်သွားမလား စိတ်ကူးပါသေးတယ်၊ နောက်တော့ မထူးဘူးလေ၊ ဟိုမှာက လူခံရှိတော့ အနေအစားကစပြီး အဆင်ပြေမယ်"

ဦးတိုးမြိုင်က ဒေါ်မြစိမ်းရည်ထံ အကြည့်တစ်ချက်ရောက်သည်။ ပဒ္မုန်ကလည်း ကိုယ့်အမေကိုယ် လှည့်ကြည့်သည်။

"အဲဒီအတွက် မေမေကလဲပြောလေ၊ ကျွန်တော်ပြောခဲ့တာတွေ"

သားအမိချင်းက နည်းနည်းကွာလှမ်းနေပြီမို့ တံတောင်ဆစ်နှင့်တွက်လို့မရ။ မေးပဲထိုးပြလိုက်သည်။ ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။ ရော့မ စီးပွားရေးလုပ်ငန်းကြီးတွေကို တစ်ပြိုင်တည်း သုံးလေးခုလုပ်၊ အလုပ်သမားပေါင်းများစွာကိုအုပ်ချုပ်၊ မင်းပေါက်စိုးပေါက်နှုတ်သွက်သူ မေမေ့ကို ဘယ်သူ အာစေးလာထည့်ထားပြီလဲ။ မေမေ့ကို ထုံဆေးပဲထိုးပေးထားမိလေသလား။ ဒေါ်မြစိမ်းရည်ခမျာ ထူထူအမ်းအမ်းဖြစ်နေတော့ပြီလေ။

"နားနဲ့မနာ ဖဝါးနဲ့သာနာပါတော့၊ သွယ်ဝိုက်လဲ မပြောတတ်ဘူး"

ဒေါ်မြစိမ်းရည် နှုတ်ဆွံ့နေပြန်၏။

"သမီးရဲ့ကျန်းမာရေးအတွက် ပိုင်ပိုင်နိုင်နိုင် ဆေးကုနိုင်ဖို့ အမေရိကားတွေဘာတွေ ခေါ်သွားပြီး ဆေးဝါး

www.burmeseclassic.com

www.burmeseclassic.com



ကုသတော့လည်း လူသိနတ်ကြားတင့်တယ်အောင် သားက အမြန်ဆုံးလက်ထပ်လိုက်ချင်တယ်တဲ့ ဦးတိုးမြိုင်ရယ်"

ဦးတိုးမြိုင် မျက်လုံးပြူးလေ၏။

"သူတို့လူငယ်ချင်းလည်း မေတ္တာရှိကြပါတယ်"

သိတော့ သိပြီးသားကိစ္စပါပဲ။ သဘောမတူစရာလည်း မရှိပါ။ ပန်းမွှန် လူကောင်းလေးဆိုတာလည်း ကိုယ့်မျက်မြင်။ ပြီးတော့ ... ပြောရရင် သူတို့လူငယ်ချင်းတွေတင် မေတ္တာရှိနေကြသလား ... ကိုယ်တို့လူကြီးချင်းလည်း မေတ္တာရှိနေကြတာပဲမဟုတ်လား။ မနေ့ညနေက ဆေးခန်းမသွားမီ ... ဖိုးဆွေ လာပို့သွားသည့်စာကို သမီးက လာပြလို့လည်းဖတ်ပြီးပြီ။ အဖေနှင့်အမေကိုလည်း သဘောတူပြီးဆိုတာ သိရပြီ။ ဒီတော့ လက်ထပ်ချင်းထပ်၊ လူကြီးတွေကိစ္စ အရင်စီစဉ်တာက နည်းလမ်းကျ၏။ နောက်မှ လူငယ်ချင်းလည်း မေတ္တာရှိလို့၊ လူကြီးတွေကလည်း ကျေနပ်ကြည်ဖြူလို့ အဖေပါနှင့်အမေပါကို ဥမကွဲသိုက်မပျက်ဖြစ်အောင် ထိမ်းမြားလက်ထပ်ပေးသည်ဆိုခြင်းက လူသာခုခေါ် နတ်သာခုခေါ်၊ တင့်တောင့်တင့်တယ်ဖြစ်သည်။

လူငယ်ချင်းကို အရင် မင်္ဂလာဆောင်ပေးပြီး လူငယ်တွေကြောင့် လူကြီးတွေ ရင်းနှီးရပြီး ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်လိုက်ရသည်ဆိုတာမျိုးက လူကြီးတွေအဖို့ကျတော့ မျက်နှာပူ ရှက်စနိုးချင်ဖွယ်ကြီး။ ကိုယ့်ကိစ္စကိုယ်



အရင်ဆောင်ရွက်ချင်လို့ ကိုယ့်ဘက်ကိုယ်ယက်တာတော့ မဟုတ်။ ဆေးလူအနေနှင့်ပြောရလည်း လူကြီးတွေ အရင် စီစဉ်ပြီးမှ ကလေးတွေကိစ္စ နောက်ကလိုက်တာ ပိုအဆင် ပြေသည်။ လူကြီးချင်းမှ ကလေးတွေ နီးစပ်ကုန်တာ ရ ကြားလို့ကောင်းသည်။ ကလေးချင်းမှ လူကြီးတွေနီးစပ်ကု သည်ဆိုတာကျတော့ လူကြားလို့လဲမကောင်း။

ဘယ်လိုလဲ။

မြစိမ်းရည်ဆိုတဲ့ ကိုယ့်ငယ်ချစ်ကလည်း သ သားမှသား၊ အရာရာ သားသဘောချည်း။ သားက သဘော မတူနိုင်ပါဆိုတုန်းကလည်း ယတိပြတ် ဖြတ်ခဲ့သည်။ သားက သဘောတူပါပြီဆိုပြန်တော့လည်း ကလေးတွေကို အရင်တဲ့ သားဆိုသော ဂျစ်ကန်ကန် "ပန်းမွှန်သက်တင်" ကလည် ကိုယ့်သမီးကျတော့ ကြိုက်ပြီး ... သူ့အမေကိုတော့ ကိုပ နှင့်သဘောတူဖို့ အချိန်ကပ်ခွဲခဲ့သေးသည်။ မနေ့ကမှ သဘော တူပြီး၊ ဒီနေ့ ... ကလေးတွေကိစ္စ အရင်ပါဆိုပြီး သ အမိနစ်ယောက် လာပြောနေပြန်ပြီ။ ကိုယ့်ဘက်က အန ချည်းပါလား။

ဦးတိုးမြိုင် ရယ်ချင်စိတ်ဖြင့် ပြုံးစေ့စေ့ဖြစ်သွ ရတာကို မနည်းဟန်ဆောင်လိုက်ရ၏။ စိတ်ဆိုးတာသ မဟုတ်ပါ။ ပန်းမွှန်ရဲ့ ဖုတ်ပူမီးတိုက်အဖြစ်ကို လူချင်းသ ရင်းနှီးလျှင် လက်ညှိုးထိုး၍ ဟားချင်၏။ ဦးတိုးမြိုင်ဂ သဘောကောင်းသူမို့ ဒေါသနည်းပါသည်။ ဦးတိုးမြိုင်၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ပေါ်မှာ ဖြတ်ပြေးသော ရောင်စဉ်တန်းတွေကို ဒေါ်မြစိမ်းရည်ကတော့ ငှယ်ချစ်မှုရိပ်မိသည်။ အကြောင်းသိသည်။

"သားက မြန်ချင်ရတဲ့အကြောင်းက လောလော ... လောလောလုပ်ချင်တာတော့မဟုတ်ပါဘူး၊ သမီးရှင်ကျေနပ်တဲ့ထိ တင့်တောင့်တင့်တယ်ဖြစ်စေမှာပါ၊ သမီးလေးကျန်းမာရေးအတွက် ခွဲရစိပ်ရဖို့ အမေရိကားကို ခေါ်သွားချင်လို့ လက်ထပ်ဖို့ကိစ္စကို လောရတာပါ"

ဒေါ်မြစိမ်းရည်က ရှင်းပြလိုက်၏။

"သမီးကို ဘယ်သူက ခွဲရစိပ်ရမယ်ပြောလို့လဲ"

"မလိုအပ်ဘူးလား ... ခွဲဖို့၊ ဆရာဝန်က ... ဘယ်လိုပြောလိုက်လဲ"

"ဆေးပေးလိုက်တယ်၊ ကောင်းကောင်းအနားယူနိုင်းတယ်၊ ခွဲဖို့စိပ်ဖို့ မပြောပါဘူး"

"ဘာရောဂါလို့ပြောလိုက်သေးလဲ အန်ကယ်လ်"

"အန်ကယ်လ် တစ်ခါကရှင်းပြဖူးတယ်ထင်တယ်၊ ဗိုင်းရပ်စ်အင်ဖက်ရှင်လေ ကိုပန့်ရဲ့၊ ပိုးက နားထဲရောက်သွားတော့ မူးတယ်၊ ဘဲလင်စင်မရဘူး၊ မျက်စိမှိတ်ရင် ပြုတ်ကျတယ်၊ မူးလွန်းတော့လည်း အန်တယ်၊ ခေါင်းကြီးတစ်ခုလုံး အုံ့ခဲပြီး မထူချင်ဘူးပေါ့၊ ခေါင်းလေးလွန်းလို့ သမီးက လည်ပင်းကနေဖြတ်ပြီး လွှင့်ပစ်



လိုက်ချင်တယ်ကြီးပြောနေတာ၊

"ဆရာဝန်ကြီးက စတျူဘာရွှန်ပေးလိုက်တယ်၊ အဲဒီဆေးက အရမ်းကောင်းတယ်၊ တစ်လုံးဆို ... ဆိုသလောက် သောက်ပြီးတာနဲ့ သက်သာတာပဲ"

ရင်ထဲမှအလုံးကြီး ဝုန်းခနဲပြုတ်ကျ၏။

သက်ပုံကို လှမ်းကြည့်လိုက်သည်။ ဒေါ်သက်ပုံနှင်း။ လှကြီးမင်းမ။ မယ်မင်းကြီးမ။ လှကို ကြံဖန်နှိပ်စက်လိုက်ပုံက သူ့ကိုယ်သူများ ဘရိန်းကျူမာတဲ့လေ။ ပန့်ရှန်မျက်လုံးပြူးနှင့် လှည့်ကြည့်လိုက်သည်။ ဖြစ်နိုင်လျှင်တော့ လူရှေ့မရှောင် သူရှေ့မရှောင်၊ ခေါင်းကိုသာ ပိတ်ထုပစ်လိုက်ချင်တော့တာပါပဲ။

"ဖြစ်အုံးဟဲ့ ဘရိန်းကျူမာ"

ပြော့ပြောပြီး သုံးလေးချက်လောက် ထုပေးလိုက်မှ တဆယ်မူးပြီးလဲသွားလျှင် ကောက်မွေ့ကာ မီးကုပ်စက်ဝိုင်းထိပြေးသွားလိုက်တော့မည်။

"ဘရိန်းကျူမာဆို"

ဒေါ်မြစိမ်းရည်လည်း ဖြစ်ရပ်အားလုံးကို ခြုံငုံ၍ နားလည်လိုက်ပါသည်။ အဲ့ဒါကြောင့် ပြောင်ပြောင်ပဲမေးလိုက်သည်။ သက်ပုံက ပြုံးစစနှင့်ခေါင်းငုံ့နေ၏။

"ဘယ်သူပြောလဲ"

ဦးတိုးမြိုင်က ဒေါ်မြစိမ်းရည်ကို လှည့်မေးပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးက သားကိုပြောတာ၊ အဲဒါကြောင့် သားက ခွဲမယ်စိပ်မယ်၊ အမေရိကားသွားမယ်၊ ချက်ချင်းလက်ထပ်မယ်ဖြစ်နေတာ၊ သူ မုဆိုးမိုဖြစ်ရင်လည်း ဖြစ်ပစေတဲ့၊ ချက်ချင်းလက်ထပ်မယ်တဲ့"

ဦးတိုးမြိုင် ရှက်ကိုးရှက်ကန်းရယ်သည်။

"မြိုင်လေးက လူနောက်ပဲ"

အရှက်ပြေပြောပြီး ရယ်ပြန်သည်။ သက်ပုံက ခေါင်းငုံ့ထား၏။

"ဒါပေမယ့် ... စိတ်ပူပြီး ပြေးလာဖြစ်တော့လည်း စကားပြောဖြစ်သွားတာပေါ့၊ ဦးတိုးမြိုင်က ကြည်ဖြူမယ်မဟုတ်လား"

ဒေါ်မြစိမ်းရည်က သားအတွက်ကိုပဲ ဦးစားပေး ရွတ်တိုးပြောနေသည်။

"ပြောနေရမယ့်လူတွေလည်းမဟုတ်ပါဘူး၊ ကိုပဈွန်ဆိုတာလည်း တွေ့နေမြင်နေရတဲ့သူပဲ၊ ဒါပေမယ့် လောစရာလည်း မလိုဘူးလေ၊ ဖြည်းဖြည်းစီစဉ်ကြတာပေါ့"

ပဈွန် လည်တိုင်ဆတ်ခနဲမော့တက်၏။ ခုတစ်ဖန် အလှည့်ကျတာကတော့ ဦးတိုးမြိုင် အသာစီးပါပဲ ... ဟု ပြောရတော့မလိုဖြစ်နေပြီလေ။ စိန်ရီက "မုန့်ပွဲတွေပြင်ပြီးပါပြီ" ... ဟု ထွက်ပြောလို့ လှမ်းကြည့်ရင်း ပဈွန်စိတ်ထဲ ကျဉ်းကြပ်နေ၏။



"မြိုင် လေးစားချင်တယ်ဆိုလို့ စိန်ရီက စောစောထပြီး နန်းကြီးသုပ်ဝယ်ထားတာ၊ စားလိုက်ကြရအောင်၊ ကိုပဈွန်ရော မြစိမ်းရည်ပါ ကြွပါ"

ဦးတိုးမြိုင်က အရင်ဆုံး မတ်တတ်ထရပ်သည်။

"ဝယ်ထားတာလား အန်ကယ်လ်"

"ဟုတ်တယ်၊ ခါတိုင်းဆို မြိုင်လေးက ကိုယ်တိုင်လုပ်တယ်၊ ခုတော့ နေမကောင်းလို့မလုပ်နိုင်တာ၊ ခံတွင်းလေးတွေ့အောင်ဝယ်ပေးထားတာ၊ မြိုင်လေး ခေါင်းမူးသက်သာတယ်မှုလား"

သက်ပုံက ခေါင်းညိတ်ပြသည်။

"ညက တစ်ရေးနိုးသေးတယ် ဖေဖေ၊ တစ်ရေးနိုးကတည်းက သက်သာနေတာ"

"ဟုတ်တယ် ... အဲဒီဆေး သိပ်ကောင်းတယ်"

"အန်ကယ်တို့သားအဖနှစ်ယောက်စာ ဝယ်ထားတာ၊ ကျွန်တော်တို့ ဝိုင်းစားရင် ဘယ်လောက်တော့မလဲ"

ပဈွန်ကလည်း မတ်တပ်ထရပ်၏။

"လောက်ပါတယ် ကိုပဈွန်ရဲ့၊ မလောက်လဲ ဝေစားကြတာပေါ့"

"နှစ်ယောက်စာထဲဆိုတော့ အန်ကယ်လ်နဲ့မေမေတို့ပဲ ဝဝစားလိုက်ကြပါ၊ ကျွန်တော်တို့က လူငယ်တွေပဲ ဆိုင်သွားစားမယ်၊ ခွင့်ပြုပါဗျာ အန်ကယ်လ်၊ သွားရအောင်လေ ... မြိုင်လေး"

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထား။ မေမေက သားကိစ္စချည်း သီးသန့်မဟုတ်၊ သူကိုယ်တိုင်မှာလည်း မျက်နှာပူရှက်ရွံ့စရာနှင့်မို့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတာ၊ ပဏ္ဍုန်ဆိုသောယောကျ်ားသားကမှ ကိုယ်တိုင် မတက်ကြွလျှင် ပြဿနာကြီးက အီလည်လည်ဖြစ်နေတော့မည်။ ရှက်လည်းရှက်ပါရဲ့၊ ရှက်လည်းမရှက်ပါဘူး၊ ကိုယ့်အမေကို ခပ်ပြောင်ပြောင်ပဲ ထားခဲ့တော့မယ်။ လူကြီးလူကောင်းတွေလေ၊ ကိစ္စမရှိတန်ကောင်းပါဘူး၊ ကိုယ်ကတော့ သူ့သမီးကို ခေါ်ထုတ်သွားမှ နှစ်ယောက်ထဲတွေ့ခွင့်ရတော့မယ်မဟုတ်လား။

သက်ပုံက ဦးတိုးမြိုင်ကို လှမ်းကြည့်သည်။ မျက်ဝန်းတွေက ခွင့်တောင်းနေ၏။ မိဘချင်းတစ်စုံတွဲ၊ သားသမီးချင်းတစ်စုံတွဲ၊ နှစ်စုံတွဲကြီးဆိုတော့လည်း ကိုယ်စီကိုယ်င မျက်နှာပူစရာကြီးပါ။ ဦးတိုးမြိုင်မှာ ဖခင်မို့ သမီးကို ခေါ်သွားပါ ထည့်လိုက်ဖို့ခက်ပေမယ့် ဒီမှာလည်း သူ့အမေကျန်ခဲ့မှာဆိုတော့ မျက်နှာပူပူ ရှက်ရဲရဲနှင့်ပင် ခေါင်းညိတ်ရတော့သည်။

"သမီးစိတ်တိုင်းကျစားရအောင် ဆိုင်သွားစားချင်စားလေ"

သက်ပုံက လွင့်ခနဲပျော်သွားပုံနှင့် မျက်နှာလေးဝင်းလက်သွားသည်။

"ခဏ ... အဝတ်သွားလဲလိုက်ဦးမယ်"

"လုပ်မနေနဲ့၊ ဒီအတိုင်းလှတယ်"



ခပ်ပြတ်ပြတ်ပြောကာ ဆတ်ခနဲဆွဲထွက်ခဲ့တော့သည်။ ကိုယ့်အမေသာ မကျန်ခဲ့လျှင်တော့ ကိုယ့်အပြုအမူက နည်းနည်းပါးပါး ရိုင်းပျမည်။ ခုတော့ ... သည်လိုလုပ်မှပဲ ဂုဏ်သားလေးဦး ကိုယ်စီကိုယ်င မျက်နှာပူကြီးတွေသက်သာမည်။

"မေမေရေ ... နောက်ကျရင်မပူနဲ့နော်"

မေမေ့ကိုပဲ တိုင်တည်ခဲ့၏။ ခုချိန်မှာ မေမေ့ကိုတိုင်တည်ခြင်းဟာ ဦးတိုးမြိုင်ကို တိုင်တည်ခြင်းနှင့်တူတူပဲမဟုတ်လား။

ꩩꩩ

"စိုင်းထီးဆိုင်ရဲ့သီချင်းတစ်ပုဒ်ကို ဆိုချင်လိုက်တာ"

"သွား ... စက်ဘီးစီးနေတာလဲမဟုတ်ပဲနဲ့၊ သူဖြင့်ကားမောင်းနေပြီး"

"ပျော်လား"

"မ[illegible]ါဘူး"

"ပျော်စေရမယ်"

"ဘယ်သွားမလို့လဲ၊ မုန့်ဆိုင်က ဈေးထဲမှာ"

"မုန့်များ ... စားဖူးလွန်းလို့"

"ဗိုက်ဆာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အချစ်နဲ့မပြည့်ဘူးလား"

"ဘာလို့ပြည့်ရမှာလဲ၊ အစာအိမ်ဆိုတာ အစာထည့်မှပြည့်မှာပေါ့"

"နည်းနည်းလေးအောင့်လိုက်နော်၊ မော်ဘီထိသွားမလို့"

"ဝေးလိုက်တာ"

"ကိုယ်တို့ရဲ့ ဘူမိနက်သန်လေး"

သက်ပိုံ တခိခိရယ်လိုက်သည်။ ရယ်စရာတော့မရှိ။ မည်သည့်ဟာသပြက်လုံးကိုမှလည်း မပြောဖြစ်ကြပေမယ့် ပဒ္မုန်ကလည်း တဟက်ဟက်ရယ်နေသည်။ သက်ပုံက တခစ်ခစ်ရယ်သည်။ ရယ်သံလေးတွေက လွင့်စင်၍နေ၏။

"ဦးစုန် ကားယူလာတော့ မေမေ ဘာနဲ့ပြန်မလဲ"

သက်ပုံက မေမေဟုခေါ်လိုက်တာ ပဒ္မုန် သတိထားမိ၍ရယ်ပြန်၏။

"မေမေ့ကားနဲ့ပြန်မှာပေါ့"

အားကျမခံပြန်ခေါ်ပြလိုက်၏။

"ကားစုတ်ကြီး"

"စီးပစေ"

ဘာမှမဟုတ်ပဲ ရယ်စရာလည်းမကောင်းပဲ ရယ်ကြပြန်သည်။ ကားက မြို့ပြင်သို့ရောက်ခဲ့ပြီ။

"မပြန်ပဲ တစ်ခါထဲခိုးရင်ကောင်းမလား"



"ဘယ်ကောင်းမလဲ ဦးစုန်ရဲ့၊ ကျွန်တော့်ကို တန်ဖိုးမထားရာရောက်မှာပေါ့"

"ကိုယ်တော့ ဖေဖေနဲ့ ကျားဘိုဆွဲရလိမ့်မယ်ထင်တယ်"

"ဘာအတွက်လဲ"

"ဘယ်သူအရင်လဲလို့"

"လုပ်မနေနဲ့၊ ဖေဖေတို့မေမေတို့အရင်"

"ကိုယ်တို့အရင်"

"အမေရိကားက ဖေဖေက ဘာပြောဦးမလဲမသိဘူးနော်"

"နိုင်ငံခြားသားစိတ်ဝင်နေပါပြီ မြိုင်လေးရဲ့၊ သားက မေမေ့ကို အဖော်လုပ်ပေးနိုင်တာမဟုတ်ဘူး၊ မင်းအမေမှာ အဖော်လိုတယ်တဲ့၊ လာလည်တော့မှာ ... အမေရိကန်အမေလည်းပါလာမယ်၊ ဒါတွေထားလိုက်စမ်းပါကွ၊ ကိုယ့်ကိစ္စကိုယ်ပြော"

"ဘာပြောရမှာလဲ"

"ကိုယ့်ကိုသိပ်ချစ်လား"

"အင်း…"

"ကိုယ်ချစ်တာရော ယုံလား"

"အင်းပေါ့"

ကားက လမ်းသွယ်လေးထဲသို့ ချိုးကွေ့ခဲ့ပါပြီ။ မကြာမီမှာ ခြံကလေးထဲသို့ ရောက်တော့မည်။ လက်

www.burmeseclassic.com

www.burmeseclassic.com



သမားတွေက သစ်လုံးအိမ်ကလေးကို စဆောက်နေပြီမို့ အဲဒီမှာ တစ်နေ့တစ်ခေါက် လာကြီးကြပ်ဖို့လည်းရှိနေ၏။ ခြံထဲမှာနားရင်း ကြီးကြပ်ရင်း၊ စားရင်းသောက်ရင်း၊ အနာဂတ်လေးတွေလည်း ရှန်းသံစ်တောက်ပြောင်လာဦးမှာဖြစ်လေသတည်း။

စာချစ်သူတိုင်းကိုချစ်တဲ့

**နေနွယ်ခင်မြင့်**

BURMESE CLASSIC

www.burmeseclassic.com